http://www.cherrythitsar.org



# ချစ်ဦးညို

# တမရိသို့ ထူးထူးခြား

http://www.cherrythitsar.org

စာအုပ်အမှတ် ( ၁၆၄ )

Quality Publishing House
အမှတ် ၁၅၃၊ ၅(က) လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၇၀၆၄၁၄၊ ၇၂၁၀၆၇၊ ၂၈၂၆၀၄။

http://www.cherrythitsar.org

## ဒို့တာဝန်အရေးသုံးပါး

| | | |
|---|---|---|
| * | ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| * | တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| * | အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံ များအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောင်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://www.cherrythitsar.org

ချစ်ဦးညို

# စာမရှိသို့
# ထူးထူးခြား

http://www.cherrythitsar.org

စာမူခွင့်ပြုချက်အမှတ် – ၁၃၇၁ / ၂၀၀၃ (၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၁၂၈၁ / ၂၀၀၃ (၁၁)

❖

**ပုံနှိပ်ခြင်း**

ဒုတိယ – (၂၀၀၄၊ ဇန်နဝါရီလ)
အုပ်ရေ – (၅၀၀)

❖

မျက်နှာဖုံး – ကိုဆန်း
ကွန်ပျူတာစာစီ – *Quality*
အတွင်းဖလင် – *Quality*

❖

**ပုံနှိပ်သူ**

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

**ထုတ်ဝေသူ**

ဦးမြင့်ထွန်း၊ ယာယီ (၇၁၆)
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

တန်ဖိုး – ၆၀၀ ကျပ်

http://www.cherrythitsar.org

## ခင်းဖြန့်နံ့သာ ပန်းမွေ့ရာ

သမုဒ္ဒရာအောက်မှနေ၍ ရေမျက်နှာပြင်ပေါ်သို့ တက်လာခဲ့ပြီ။ အလိမ်းလိမ်း စို့ရွှဲသော ရေသီးရေပေါက်တို့ကို ကိုယ်ဆန့်၍ ခါထုတ်ပစ်လိုက်သည်။ စိမ်းဖန့်ဖန့် အကြေးမျှင်တို့သည် ရှည်မျောချောမွေ့ ကိုယ်လုံးထက်မှ လှိုင်းသို့နှယ် အလွန်အလိပ်များ ထ, သွားကြသည်။

မောပန်း နွမ်းနယ်ခြင်း။ အို ... မဟုတ်သေး။

မောပန်းနွမ်းနယ်ခြင်းဆိုသည်က ခန္ဓာကိုယ်နှင့် သက်ဆိုင်သော ဝေဒနာ။ သည့်မျှလောက်ကိုဖြင့် သမုဒ္ဒရာ ကမ်းစပ်သောင်ပြင်ပြန့်ကျယ်တစ်လျှောက်၌ တိုက်ခတ်သော လတ်ဆတ်သန့်စင်လေ ရှုရှိုက်လိုက်ရုံသာ။ ဆားငန်နံ့သင်းသော လေကို အားပါးတရ ရှုရှိုက်လိုက်ရလျှင် မောပန်းနွမ်းနယ်ခြင်းတို့ ပျောက်ကင်းသက်သာသွားနိုင်သည်။

ယခု ခံစားနေရသည်က ခန္ဓာကိုယ်၏ မောပန်းနွမ်းနယ်ခြင်း မဟုတ်။ ရင်ထဲက မောပန်းမှု၊ နှလုံးသည်းပွတ်၏ နွမ်းနယ်မှု။

ပြီးတော့ လှပတင့်တယ် ပျိုမျစ်နုနယ်သော အသွေးအသားတို့၏ မွတ်သိပ်မှု။

စိမ်းညို့ပြာမှောင် သမုဒ္ဒရာ ရေပြင်ကို ငုံ့ကြည့်မိပြန်သည်။

ဤရေပြင်၏ အောက်၊ နက်လှစွာသော တစ်နေရာတွင် သူတို့သည် ချမ်းသာသုခ စည်းစိမ်အဝဝတို့ဖြင့် ပျော်ရွှင်ခံစား နေရစ်ခဲ့ကြပေပြီ။ သူတို့၏

http://www.cherrythitsar.org



ပျော်ရွှင်မှုသည် မိမိအား ကြေကွဲမှုအဖြစ် ရိုက်ခတ်သည်။ သူတို့အားလုံး၏ ပျော်ရွှင်မှု အလယ်တွင် မိမိသည် အထီးကျန်ဘဝဖြင့် ပူလောင်ပြင်းပြဝေဒနာတို့ကို သာ တစ်ရံမလပ် ခံစားနေရသည်။

သူတို့မှာတော့ ချစ်သောလင်၊ ချစ်ခင်ပွန်းတွေနှင့်။

လင်ယောကျ်ား သေဆုံးခဲ့လေသော မိမိအဖို့မူ မုဆိုးမအဖြစ်ကို ခါးသီး ပူပြင်းစွာ လက်ခံလိုက်ရချေသည်။ ထိုအခါ သမုဒ္ဒရာအောက်မှ ဘုံဗိမာန်သည် မိမိအတွက် ငရဲပြည် ဖြစ်သွားခဲ့သည်။ အေးမြလတ်ဆတ်သော ရေအထုအောက် ဗိမာန်အတွင်းဝယ်၊ ဖော်မဲ့တစ်ကိုယ်ဘဝဖြင့် ပူပြင်းလောင်ကျွမ်းနေခဲ့ရသည်။

အထီးကျန်ဘဝ၏ လောင်ကျွမ်းမှုကို မခံနိုင်တော့သည့် အဆုံးဝယ် သမုဒ္ဒရာအောက် ဘုံဗိမာန်ကို စွန့်ခွာခဲ့တော့သည်။ နေရာဌာနကိုသာမက အတိတ်ကာလကိုပါ စွန့်ပယ်ပစ်ခဲ့သည်။ ဘုံဗိမာန်၊ အတိတ်ကာလ၊ အထီးကျန် ဘဝ၊ ပြီးတော့ မျိုးတူနွယ်ဖွားနဂါး အပေါင်းတို့ နေရစ်ခဲ့တော့။

*

သမုဒ္ဒရာ ကမ်းခြေသောင်စပ်၊ ရေမသွေ့တသွေ့ ခင်းပြန့်ထက်မှာ ခြေ ရာတွေ တွေ့လိုက်ရသည်။ ရေနူးသောင်၊ သဲတို့က ခြေရာတွေကို အမိအရ ဖမ်း ဆုပ်ထားနိုင်ကြဆဲ။ လှိုင်းတို့က ခြေရာတွေကို မဖျက်ကြသေး။

အချိုင့်အခွက်နည်းသော ခြေရာတွေ ဖြစ်သည်။ ပြည့်ဖြိုးသော ဖဝါးတို့မှ ကျန်ရစ်ခဲ့ခြင်း ဖြစ်သည်ဟု အတတ်သိလိုက်သည်။ ပြီးတော့ ခြေရာတွေ က ဗျက်ကျယ်သည်။ ခြေမ၊ ခြေချောင်းရာတွေမှာ စူးစူးထင်ထင် ရှိသည်။ ခြေ လှမ်းကြဲသည်။ ကြွားရရွား ခြေလှမ်းများ ဖြစ်ရမည်။

မဆိုစလောက် ရင်ထဲမှာ လှိုင်းတွန့် ထ,သွားသည်။

သောင်ကမ်းတွင် ပြုံးမိလေသလား မသိ။

အလိုလို နိုးကြားတတ်သော အာရုံဖြင့် ဤခြေရာ ပိုင်ရှင်သည် ပုရိသ ယောကျ်ားတစ်ယောက်ပဲဟု သိလိုက်သောကြောင့်ပင်။

ခြေရာများအတိုင်း ထက်ကြပ်လိုက်ခဲ့သည်။ သဲသောင်ပြင်မှသည် ကျောက်ဆောင်ကမူများ အကြိုအကြား။ ထိုမှသည် အမြင့်ပိုင်းကုန်းစပ်။ ထိုမှ သည် ပုန်းညက်ပင်တော။ ထိုမှသည် အတွင်းပိုင်း ခင်တန်းတော။

ယောကျ်ားတစ်ယောက်၏ခြေရာဟု အတတ်သိပြီးနောက် ထိုခြေရာ အတိုင်း လိုက်ရခြင်းကပင် ရင်ဖိုစွာ တစ်မျိုးဖြစ်နေရသည်။ ခရီးအဆုံးတွင် ဘယ် သူ့ကိုများ တွေ့ရမှာပါလိမ့်။ ခရီးအဆုံးတွင် ခြေရာရှင်သည် ဘယ်သို့များ နေမှာ ပါလိမ့်။ ခရီးအဆုံးတွင် ခြေရာရှင်သည် ...။

http://www.cherrythitsar.org



ကဗွီးပင်တောအုပ်တို့အကြား၊ မှိုင်းညို့သစ်ရိပ်တို့အောက်၊ ပန်းခြုံများ ဝန်းရစ်နေသော ကွက်လပ်ကွင်းပြင်ငယ်၏ အလယ်တွင် သေးငယ်လှပသော ကျောင်းသခ်မ်းတစ်ခုကို တွေ့လိုက်ရပေပြီ။

ကျောင်းသခ်မ်းဝန်းကျင် မြေပြင်သည် ညီညာပြန့်ပြူးနေသည်။ ကဲလားပြတင်းကို ချထားသည်။

မျက်နှာစာတွင် ခြေဆေးခုံနှင့် ရေအိုးရှိသည်။ ခနော်နီခနော်နဲ့ ဝရန်တာလက်တန်းပေါ်တွင် သစ်ခေါက်ဆိုးအဝတ်တစ်ထည် ဖြန့်လွှားထားသည်။ ခြေရာရှင်သည် ဤကျောင်းသခ်မ်းတွင် နေထိုင်သူ ဖြစ်ရမည်မှာ သေချာသွားသည်။ ယခု ပိုင်ရှင်မရှိ။ အို ... ကျောင်းသခ်မ်း သစ်ခေါက်ဆိုးဆိုတော့ သူ ... သူဟာ ရသေ့တစ်ပါးပေါ့။

ပျော်ရွှင်နေခဲ့သော စိတ်အစဉ်ဝယ် တစ်ချက် ညို့သွားသည်။

ရသေ့တစ်ပါး ဒါဆိုရင် တရားဘာဝနာနဲ့ ပျော်မွေ့ ...

သမုဒ္ဒရာကမ်းခြေဘက်မှ လှိုင်းပုတ်သံ တရုန်းရုန်းက သဲ့သဲ့လွင့်လာသည်။ ပုန်းညက်တောဆီမှ သစ်ရွက်သံ တရှဲရှဲ ကြားရပြန်သည်။

စိတ်မာန်တင်းလျက် ကျောင်းသခ်မ်းရှိရာသို့ တရွေ့ရွေ့ ချဉ်းကပ်ခဲ့သည်။ ပိုင်ရှင်ရှိမနေကြောင်း သေချာသွားသည်။ ပိုင်ရှင်သည် သစ်သီးဝလံ အလို့ငှာ တောထဲသို့ သွားနေပေလိမ့်မည်။

စေ့ထားသော ကဲလားကို အသာဟလျက် အထဲသို့ လှမ်းကြည့်လိုက်သည်။ ဝါးကွပ်ပျစ်၊ သစ်သားခေါင်းအုံး၊ ပရိက္ခရာအချို့၊ ရေအိုးနှင့် ရေမှုတ် ဤမျှသာ ဖြစ်သည်။ သေချာသွားပြီ။ ဤသခ်မ်းတွင် တစ်ယောက်တည်းသာ ရှိသည်။ သို့သော် သူသည် ရသေ့အိုလော၊ ရသေ့ပျိုလော၊ အဆင်းအင်္ဂါဆိုးသူလော၊ တင့်တယ်သူလော ...။

အထီးကျန်ဝေဒနာက ရန်းကြွလာသည်။

သိလိုသော စိတ်ဆန္ဒကို တားဆီးဖို့ မကြိုးစားတော့။

ဆုံးဖြတ်လိုက်သည်။ သူဟာ သဒ္ဓါပဗ္ဗဇိတလား၊ သဒ္ဓါတည်းဟူသော အကြောင်းကြောင့် ရသေ့ဝတ်သူလား၊ ဒါမှမဟုတ် အခြားအကြောင်းကြောင့်လား သိအောင် စုံစမ်းတော့မည်။ စုံစမ်းဖို့က မခက်၊ ဣတ္ထိယတို့၏ ပကတိသော ဉာဏ်က နိုးကြားလာသည်။

ကြမ်းခက်သော ဝါးကွပ်ပျစ်၊ သစ်သား ခေါင်းအုံးတို့ဖြင့်သာ ပြီးအပ်သည့် အိပ်ရာကို မွေ့လျော်ဖွယ် စက်ရာတစ်ခုဖြစ်အောင် ဖန်တီးလိုက်မည်။ အမွှေးနံ့သာ၊ ညက်ညောစွာသော အတွေ့၊ လှပသော အဆင်းတို့ဖြင့် အတိပြီးစေမည်။ အကယ်၍ ရသေ့သည် သဒ္ဓါပဗ္ဗဇိတဖြစ်ငြားအံ့၊ ကာမဂုဏ်တို့မှ လွတ်ကင်း

http://www.cherrythitsar.org



အပ်ပြီးသူ ဖြစ်အံ့၊ မိမိဖန်တီးသော စက်ရာကို လျစ်လျူရှုလိမ့်မည်။ ရှောင်ရှားလိမ့်မည်။

အကယ်၍မိမိဖန်တီးအပ်သော စက်ရာ၌မွေ့ပါမူ သူသည် သဒ္ဒါပဗ္ဗဇိတ မဟုတ်၊ ကာမဂုဏ်တို့မှ ရုန်းမထွက်နိုင်သေးသူ။ သို့ဆိုလျှင် အထီးကျန်မှုဆိုးမ မိမိဘဝသည်လည်း ...

သမုဒ္ဒရာသို့ ပြန်ဆင်းရမည်။ သမုဒ္ဒရာအောက် ဘုံဗိမာန်သို့ ပြန်မည်။ နဂါးပြည်မှ နတ်တို့၏ ပန်းမာန် အမွှေးအကြိုင်တို့ကို ယူဆောင်ပြီး ပြန်လာမည်။ ပြီးတော့ ဤအိပ်ရာထက်မှာ ပန်းတို့ကို ဖြန့်ခင်း၊ နံ့သာတို့ ကြဲပက်။

သခ်မ်းပိုင်ရှင် ပြန်မရောက်မီ ဤအမှုအားလုံးတို့ကို ပြီးစီးအောင် လုပ်ရမည်။ သမုဒ္ဒရာအောက် ဘုံဗိမာန်သို့ အမြန်ပြန် ...။

*

စင်စစ်မူ ရသေ့အဝတ်ဝတ်ထားသောကြောင့်သာ သူ့ကို ရသေ့ ဟု ခေါ်ရခြင်း ဖြစ်သည်။ အလုံးအရပ်၊ အသားအရေ၊ သွင်ပြင်လက္ခဏာများအားလုံး ပင် သူသည် တောမှီပျော်မွေ့ ရသေ့တစ်ပါးနှင့် မတူလှ။ သူ့အရွယ် ငယ်နုနေ သေးသလို သူ့အသွင်ကြည်လင်ဆဲ ရှိသေးသည်။ သစ်ခေါက်ဆိုးအဝတ် အောက်မှ သူ့အသားစိုင်များမှာ စိုပြည်ဝင်းဝါလျက်ရှိသည်။ ဒေါက်ချာအောက်မှ သူ့မျက်နှာမှာလည်း ယောက်ျားပျိုတစ်ဦး၏ တက်ကြွခြင်းများဖြင့် အရောင်အဝါ တောက်ပလျက်ရှိသည်။

အခြားတစ်ပါး၌ တွေ့ရတတ်သော တောပျော်ရသေ့ကြီးများကဲ့သို့ ပွရောင်းသော မုတ်ဆိတ်ကျင်စွယ်၊ အလိမ်းလိမ်း ရှုပ်ထွေးသော ဆံကျစ်၊ လျော့ ရဲသော လက်ပြင်၊ တုန်ချည့်နေးကွေးသော အမူအရာမျိုး သူ့မှာ လုံးဝ မရှိ။

ရသေ့ပျိုသည် ထမ်းပိုးတစ်ဖက်တစ်ချက်တွင် ချိတ်ဆွဲလာသော သစ် သီးများကို ဖြုတ်ကာ စင်ပေါ်သို့ တင်လိုက်ပြီးမှ ထမ်းပိုးကို ကျောင်းသခ်မ်း နံရံတွင် ထောင်သည်။ ထို့နောက် ခြေဆေးပျဉ်ခုံတွင် ခြေဆေးလျက် ကျောင်း သခ်မ်းထဲသို့ ဝင်ရန် ဝါးလှေကားပေါ်သို့ လှမ်းတက်လိုက်သည်။

ထိုတစ်ဒင်္ဂမှာပင် သူသည် ထူးခြားသော ပန်းရနံ့များနှင့်တကွ အသွင် ပြောင်းနေသော သူ၏စက်ရာကို အာရုံခံစား တွေ့မြင်လိုက်ရခြင်း ဖြစ်လေသည်။

ပန်းနံ့များက ထူးကဲစွာ ကြိုင်လှိုင် သင်းပျံ့နေသည်။ စက်ရာတစ်ဝိုက် တွင်လည်း အသွေးအရောင်စုံပန်းတို့ ကြဲဖြန့်လျက်ရှိသည်။ မာကျောသော သစ်သားခေါင်းအုံး တစ်ဝိုက်မှာ ရွှေရောင်ဝင်းသော ပန်းများက အစုလိုက် အပုံ လိုက်ရှိနေကြသည်။ ပြီးတော့ ကွပ်ပျစ်တစ်လျှောက်တွင် နုညက်သင်းပျံ့သော အမှုန့်များက စုံ့စုံ့ပုံ့ပုံ့ ခင်းဖြန့်လျက်သား။

http://www.cherrythitsar.org



ထိုအမှုန့်များကို သူ့လက်ချောင်းများဖြင့် ထိတို့ကြည့်လိုက်သည်။ နုညက်လွန်းသော အတွေ့ကိုရလိုက်သည်။ နံ့သာမှုန့်များဖြစ်ကြောင်း သူသိသည်။

ချိုအီစူးရဲ ရနံ့များအလယ်တွင် သူသည် အိပ်မက်မက်သလို ဖြစ်သွားသည်။ ပန်းပွင့်များက သူ့ကို ပွေ့ဖက်လာသည်ဟု ခံစားရသည်။ ထို့နောက် အလိုအလျောက်ပင် သူသည် ပန်းမွေ့ရာပေါ်သို့ ပစ်လှဲချမိသွားသည်။ မျက်လုံးအစုံက အလိုလို မှေးဆင်းသွားသည်။ ဂန္ဓအာရုံ၊ ဖောဋ္ဌဗ္ဗအာရုံတွင် ရသေ့ပျို နစ်မြုပ်သွားသည်။ ဤပန်းနံ့သာ အမွှေးအကြိုင်များ မည်သို့မည်ပုံ သူ့ကျောင်းသင်္ခမ်းထဲ ရောက်နေကြောင်းကိုပင် သူ စဉ်းစားဖို့ သတိမရ။

ခဏအကြာမှာပင် ရသေ့ပျိုသည် ပန်းမွေ့ရာထက်တွင် နှစ်ခြိုက်စွာ အိပ်မောကျသွားသည်။

ထို့ကြောင့် ကျောင်းသင်္ခမ်း ကဲလား အကြားမှ တိတ်တဆိတ် ကြည့်နေသော မျက်လုံးအစုံကိုလည်း သူ သတိမထားမိတော့ချေ။

တိတ်တဆိတ်ကြည့်နေသူသည် ကဲလားမှ မျက်နှာကို အသာအယာခွာလျက် နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်လေသည်။

*

တတိယနေ့ ဖြစ်သည်။

ကျောင်းသင်္ခမ်း ကဲလားကို ပိတ်ပြီး ရသေ့ပျိုသည် တောထဲသို့ ဝင်ခဲ့သည်။ သို့သော် ပို၍နက်သော တောဆီသို့ သူမဝင်ဘဲ လာလမ်းအတိုင်း ပြန်လှည့်ခဲ့သည်။ ထို့နောက် ကျောင်းသင်္ခမ်းကို မြင်နေရသည့် တောချုံခင်တန်းစပ်တွင် အသာအယာ ဝပ်နေသည်။

ပန်းမွေ့ရာထက်တွင် ပထမတစ်နေ့ သူနှစ်ခြိုက်စွာ အိပ်မောကျသည်။ ဒုတိယနေ့ နံနက်တွင် သစ်သီးရှာရန် သူထွက်ခဲ့သည်။ ညနေပြန်ရောက်သောအခါ ပန်းမွေ့ရာ အသစ်တစ်ခုကို တွေ့ရပြန်သည်။ ယမန်နေ့ညက သူအိပ်ခဲ့သော စက်ရာမဟုတ်တော့။ နွမ်းနေသော ပန်းခင်းနေရာတွင် လတ်ဆတ်သင်းပျံ့ဆဲပန်းများကို တွေ့ရသည်။ တစ်ယောက်ယောက်သည် ပန်းအဟောင်းတို့ကို ပန်းအသစ်ဖြင့် အစားထိုးလဲလှယ်ပေးခဲ့ပြီး သူ့အိပ်ရာကို ပန်းသစ်တို့ဖြင့် ပြင်ဆင်ပေးခဲ့ပြန်ပြီ။

ထို့နောက် ယနေ့ တတိယနေ့တွင် သူသည် သင်္ခမ်းမှ ထွက်ခွာ ဟန်ဆောင်ကာ တိတ်တဆိတ် ပြန်လှည့်ခဲ့ပြီး ပန်းကြဲသူကို စောင့်ကြည့်ခြင်းဖြစ်သည်။ ဒုတိယနေ့တွင် လာခဲ့သူသည် တတိယနေ့တွင်လည်း ဆက်လာရမည်။

http://www.cherrythitsar.org



ရသေ့ပျိုသည် ချုံနွယ်ဘေး ကျောက်တုံးနောက်၌ နေရာယူရင်း ကျောင်းသခ်မ်းကို မမှိတ်သော မျက်လုံးများဖြင့် ကြည့်နေသည်။

*

ကျောင်းသခ်မ်းပိုင်ရှင်သည် ရသေ့ဖြစ်သော်ငြား သဒ္ဓါပဗ္ဗဇိတ မဟုတ်။ ဂန္ဓအာရုံ၊ ဖောဋ္ဌဗ္ဗအာရုံတို့၌ ခံမင်မွေ့လျော်တတ်သူဖြစ်ကြောင်း သိရပြီးသည့် နောက်တွင် ပို၍သေချာစေရန် ဒုတိယအကြိမ် ဒုတိယနေ့ပန်းကြဲသော စက်ရာကို ဖန်တီးပေးခဲ့သည်။ ထိုဒုတိယအကြိမ် စမ်းသပ်မှုလည်း အောင်မြင်ခဲ့ပြန်သည်။ ပို၍ သေချာသွားသည်။ ချောမောတင့်တယ်သော ရသေ့ပျိုသည် ကာမဂုဏ်အာရုံ ကို နှစ်ခြိုက်စွဲလန်းဆဲ။

ထို့ကြောင့် တတိယနေ့ တတိယအကြိမ်အဖြစ် ယခင်နှစ်ကြိမ်ထက် ပို၍လှ၊ ပို၍မွှေးသော ပန်းများကို ယူဆောင်လာခဲ့သည်။ ယခု ရသေ့ပျို အပြင် ထွက်သွားပြီ။ နတ်နဂါးတို့ပြည်၌ ဖြစ်သော အလှဆုံး၊ အမွှေးဆုံးပန်းများဖြင့် သူ့ကို ထပ်မံသိမ်းသွင်းရပေဦးမည်။ ကျောင်းသခ်မ်းထဲသို့ သူမ လှမ်းဝင်လိုက် သည်။

ကျောင်းသခ်မ်းအတွင်း လှမ်းဝင်လိုက်သည့် ပထမခြေလှမ်းအပြီးမှာပင် သူမ သိလိုက်လေပြီ။ အလိုလို နိုးကြားတတ်သော အာရုံဖြင့် ဤသခ်မ်းထဲတွင် သူမတစ်ဦးတည်း မဟုတ်ကြောင်း၊ အခြားသူတစ်ယောက် ရောက်ရှိလာကြောင်း ခံစားသိရှိလိုက်သည်။

သူမ နောက်လှည့်ကြည့်လိုက်သည့်အချိန်မှာပင် သူ့ကို တွေ့ရသည်။

မျက်လုံးအစုံတို့ အပြန်အလှန် ဆွဲငင်နေကြသည်။

တစ်ခါမှ မတွေ့ဖူးကြပါပဲလျက် နှစ်ပေါင်းများစွာ ကာလရှည်ကြာ ရင်းနှီးခဲ့သည့် အကြည့်များ ဖြစ်ပေါ်နေကြသည်။

“မင်း ဘယ်သူလဲ”

“ကျွန်မ နဂါးမ”

အမေးနှင့်အဖြေတို့ ထက်ကြပ်ပေါ်လာသည်။

သူ့အကြည့်က သူမတစ်ကိုယ်လုံးကို တစ်ချက်တည်းနှင့် ခြုံငုံသုံးသပ် လိုက်သည်။ သူမကလည်း သူ၏အကြည့်ကို ဆီးကြိုငုံ့လင့်လျက် မျက်လွှာမချ ဘဲ ကြိုဆိုသည်။

“မင်းမှာ ပိုင်ဆိုင်သူ အုပ်ထိန်းသူ ရှိသလား”

“အရင်က ရှိခဲ့ဖူးတယ်။ ဒါပေမဲ့ သူ ကွယ်လွန်သွားပြီလေ၊ ကျွန်မ မုဆိုးမ”

http://www.cherrythitsar.org



လိုရင်းကို မေးသော အမေးနှင့် ပြီးပြည့်စုံသော အဖြေတို့ ထွက်ပေါ်လာကြပြန်သည်။ သူမ၏ မျက်နှာပေါ်၌ အပြုံးရိပ်တစ်ခု မသိမသာ လက်ခနဲ ပေါ်သွားပြီး စွတ်စိုသော နှုတ်ခမ်းများအကြားမှ မေးခွန်းတစ်ခု ထွက်ကျလာသည်။

"အရှင် ဘယ်ကလဲဟင်"

"ငါ ဗာရာဏသီမင်းကြီးရဲ့ သားတော် ဗြဟ္မဒတ်မင်းသားပဲ။ ငါ့အကြောင်းကို ထားလိုက်စမ်း၊ မင်းက နဂါးဆိုရင် ဘာကြောင့် နဂါးပြည်စွန့်ပြီး ဒီရောက်နေရတာလဲ"

ကျောင်းသင်္ခမ်း အိပ်ရာပေါ်ရှိ ပန်းရနံ့များ တစ်ချက်သုတ်ဖြူး လွင့်ဝဲလာသည်။ ချိုအီမွှေးမြ လေပြည်က သူတို့နှစ်ယောက်စလုံးကို ဝန်းရစ်ထုံမွှမ်းနေသည်။

"အရှင် ... နဂါးပြည်မှာ အခြားအခြားသော နဂါးမတွေဟာ ချစ်သူတွေ၊ ခင်ပွန်းတွေနဲ့ ပျော်ရွှင်စွာ ခံစားနေကြတယ်။ သူတို့ရဲ့ ပျော်ရွှင်မှုတွေဟာ ကျွန်မကို ဆူးချွန်တွေလို ထိုးစိုက်ကြတယ်။ ဒါကြောင့် နဂါးပြည်ကို ကျွန်မအပြီးတိုင် စွန့်ခွာလာခဲ့တယ်။ ကျွန်မအတွက် မြင့်မြတ်တဲ့ ရင်ခွင်တစ်ခုကို ရှာဖို့ ထွက်လာခဲ့တယ်လေ"

သူမအကြောင်းမှာ ပြည့်စုံသွားပြီ။ သူက သူ့အကြောင်းကို ပြောပြသည်။ အိမ်ရှေ့အရာ အပ်နှင်းပြီးကာမှ မိမိထက် ဘုန်းတန်ခိုးအာဏာ ကြီးထွားလာမည်ကို စိုးရွံ့လေသော ခမည်းတော် ဘုရင်ကြီးက တိုင်းပြည်မှ နှင်ထုတ်လိုက်ခြင်း ဖြစ်ကြောင်း။ တစ်ကိုယ်တည်း ထွက်ခဲ့ကာ သမုဒ္ဒရာကမ်းခြေ တစ်နေရာတောင်ကြားတစ်ခုမှာ ကျောင်းသင်္ခမ်း တည်၍ ရသေ့အသွင်ဖြင့် တောရပ်မှီခဲ့ကြောင်း –

"ငါဟာ သဒ္ဓါပဗ္ဗဇိတ ရသေ့ မဟုတ်ဘူးဆိုတာ ငါ့ကိုယ်ငါ ဝန်ခံပါတယ်"

ထိုစကားလုံးဖြင့် သူက နိဂုံးချုပ်လိုက်သည်။

မတိုင်ပင်ရဘဲ သူတို့နှစ်ယောက်စလုံး ပန်းမွေ့ရာခုတင်ထက်တွင် ယှဉ်လျက်ထိုင်မိကြသည်။

အပြန်အလှန် ဖေးမကူညီမှုများ၊ ဖွဲ့နှောင်မှုများဖြင့် ရှေ့ခရီးကို လျှောက်ကြမည်ဟု နှစ်ဦးစလုံး ဆုံးဖြတ်လိုက်ကြလေသည်။

*

# သောကဖွဲ့လျှံ ပြည်တော်ပြန်

တောပျော်ရသေ့တစ်ပါး၏ ကျောင်းသင်္ခမ်း မဟုတ်တော့။

နဂါးတို့၏ အာနုဘော်ဖြင့် ခမ်းနားသော စံအိမ်ကြီးတစ်ဆောင် ဖြစ်လာခဲ့သည်။ တောမြစ်၊ သစ်သီး အာဟာရများ နေရာတွင် နတ်တို့၏ ထမင်းအဖျော်တို့ ရောက်လာသည်။ လောကီစည်းစိမ်မှန်သမျှသည် သမုဒ္ဒရာကမ်းခြေ တောင်ကြားတစ်နေရာတွင် ပေါ်ပေါက်လာကြလေသည်။

ထိုမျှသာမက –

သား 'သာဂရ' နှင့် သမီး 'သမုဒ္ဒဇာ' တို့ပင်လျှင် ထွန်းကားခဲ့ပြီ။

သမုဒ္ဒရာကမ်းခြေတွင် ဖွားမြင်သူများ ဖြစ်သောကြောင့် သမုဒ္ဒရာကိုပင် အစွဲပြု၍ အမည်မှည့်လိုက်ကြသည်။

သားကြီးသာဂရ လမ်းလျှောက်တတ်ခါစ အရွယ်မှာပင် သမီးငယ် သမုဒ္ဒဇာကို ဖွားမြင်သည်။ လူနှင့် နဂါးတို့မှ ပေါက်ဖွားသော ကလေးများသည် သမုဒ္ဒရာ ကမ်းခြေ၌ ပျော်ကြသည်။

သားနှင့်သမီး၊ ဇနီးခင်ပွန်း၊ အေးချမ်းသာယာသော ထိုမိသားစုကလေး၏ အသိုက်အမြုံတွင် ပူပန်သောက ကြောင့်ကြစရာဟူ၍ မြူမှမရှိ။ သို့သော် တွေ့ဆုံခြင်းသည်ပင်လျှင် ခွဲခွာခြင်း၏ နိဒါန်းပိုင်း ဖြစ်ချေသည်။

တောလည်ထွက်ရင်း သမုဒ္ဒရာကမ်းခြေဘက် ရောက်လာသော မုဆိုးတစ်ဦးက ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရောက်လာခဲ့လေသည်။ မုဆိုးက နှစ်ရက်သုံးရက် နေထိုင်ပြီး ပြန်ခါနီးတွင် စကားတစ်ခွန်း ဆိုသည်။

http://www.cherrythitsar.org



"အရှင့်သား ဒီအရပ်မှာ ဒီလိုနေတယ်ဆိုတာ ကျွန်တော်မျိုးကြီး ဘုရင်မင်းမြတ်ထံ သံတော်ဦးတင်လိုက်ပါမယ်"

"မောင်မင်းသဘောပါပဲ။ ငါ ဒီမှာ နေခြင်းဟာ ခမည်းတော်အတွက် ဘာမှထူးခြား ပြောင်းလဲမှာ မဟုတ်ပါဘူး။ တိုင်းပြည်ကို ငါ စွန့်ခွာခဲ့ပြီပဲ။ ဗာရာဏသီနဲ့ ငါ့ရဲ့အကြားမှာ ဘာတစ်ခုမှ ဆက်စပ်ပတ်သက်စရာ မရှိတော့ဘူး"

ဤစကား မှားခဲ့လေသည်။

ဗာရာဏသီသို့ မုဆိုးပြန်ရောက်သောနေ့မှာ မင်းကြီးနတ်ရွာစံပြီး ခုနစ်ရက်မြောက်နေ့ဖြစ်သည်။ နန်းတော်မှူးမတ်တို့ အချင်းချင်း ညှိနှိုင်းတိုင်ပင်ကာ လစ်လပ်သွားသော ရာဇပလ္လင်တွင် ဘုရင်သစ်တင်မြှောက်ရန် ပြင်ဆင်နေချိန်လည်း ဖြစ်သည်။ ထို့ပြင် မင်္ဂလာဖုတ်သွင်းရထားဖြင့် မင်းလောင်း အရှာထွက်ရန် စီစဉ်နေချိန်လည်း ဖြစ်လေသည်။

မင်းလောင်း အရှာထွက်တော့မည့် မှူးမတ်များထံသို့ မုဆိုးရောက်သွားပြီး သမုဒ္ဒရာကမ်းခြေတွင် အိမ်ရှေ့မင်းသားကို တွေ့ခဲ့ကြောင်း အကျိုးအကြောင်း အစုံအလင်ကို မုဆိုးက ကြားလျှောက်လိုက်သည်။

"ကိုယ်တော်ဟာ မိဖုရားသားသမီးများနဲ့ ပျော်ရွှင်ချမ်းမြေ့စွာ ခံစားနေပါတယ်။ သံယောဇဉ်အနှောင်အဖွဲ့များကြားမှာ ကျွန်တော်မျိုးတို့ရဲ့ အိမ်ရှေ့စံ ကိုယ်တော်ကြီးကို ပကတိလန်းဆန်းစွာ တွေ့ရပါတယ် ဝန်မင်းတို့"

"ဇနီးမယား၊ သမီးသား ဆိုတာတွေက တို့အလုပ် မဟုတ်ဘူး။ တိုင်းပြည်မှာ မင်းမဲ့ဖြစ်မနေဖို့ဘဲ အရေးကြီးတယ်။ မင့်အလုပ်က အိမ်ရှေ့စံ ကိုယ်တော်ကြီး ရှိရာကို လိုက်ပါပို့ဆောင်ပေးဖို့ပါပဲ မုဆိုး"

သို့ဖြင့်ပင် လူ့လောက အနှောင်အဖွဲ့နှင့် ကင်းဝေးရာ သမုဒ္ဒရာကမ်းခြေ စံအိမ်တော်ကြီးတွင် သီးခြား စံမြန်းနေသော အိမ်ရှေ့မင်းထံသို့ ဗာရာဏသီ မှူးမတ်ဗိုလ်ပါများ ရောက်ရှိလာကြသည်။ ခမည်းတော် နတ်ရွာစံကြောင်းနှင့် ထီးနန်းကို သိမ်းပိုက်ရန်အကြောင်း –

"ယခုအချိန်မှာ ဘုရင်မင်းမြတ် နတ်ရွာစံကြောင်း အခြားပြည်ထောင်များ မသိကြသေးပါ။ ထို့ကြောင့် ဗာရာဏသီမှာ မင်းမဲ့ဖြစ်နေခြင်းကိုလည်း မသိကြပါ။ နတ်ရွာစံ ဘုရင်ကြီး ကိုယ်တော်တိုင်ကလည်း ငါမရှိသောအခါ သားတော် ထီးနန်းစံရစ်ဟု မှာကြားခဲ့ကြောင်း၊ ကျွန်တော်မျိုးတို့ အားလုံးအသိ ဖြစ်ပါတယ်။ ဘုန်းတော်ကြောင့် ရာဇပလ္လင်ထက် တက်ရောက်စံမြန်း သိမ်းပိုက်ပါရန်ပါ ဘုရား"

မည်သူမျှ ငြင်းပယ်၍ ရနိုင်မည့်အရာ မဟုတ်ချေ။ ကိုယ်တိုင်ကလည်း ဗာရာဏသီ၏ ရာဇပလ္လင်ကို ပြန်လည်သိမ်းပိုက်ချင်သော ဆန္ဒအပြည့်ရှိသည်။

http://www.cherrythitsar.org



သို့သော် တိုင်းပြည်မှ ထွက်ခွာခဲ့စဉ်ကလို မိမိမှာ တစ်ကိုယ်တစ်သဘောတည်း ပြု၍မရတော့။

"မောင်မင်းတို့အားလုံး ကမ်းခြေ လေသာဆောင်အပြင်မှာ နေခဲ့ကြ။ ငါ့မှာ တိုင်ပင် ခွင့်ပန်ရမယ့် ဇနီးမယား ရှိနေတယ်"

မှူးမတ်ဗိုလ်ပါများကို သီးခြားထားခဲ့ပြီးမှ၊ အိပ်ဆောင်အတွင်း ဝင်ခဲ့သည်။ နဂါးမပင်ဖြစ်စေကာမူ သူမသည် ဇနီးသည် ဖြစ်သည်။ သားနှင့်သမီးတို့၏ မိခင်လည်း ဖြစ်ချေသည်။ သူမသည် ကောင်းတူဆိုးဖက် ခံစားစံစားရမည့် ခရီးဖော်ဖြစ်လေသည်။

ခမည်းတော်မင်းကြီး နတ်ရွာစံကြောင်း၊ မင်းမဲ့ ဗာရာဏသီ ထီးနန်းကို မိမိထံ လွှဲအပ်ကြကြောင်း ပြောပြပြီးနောက် ဇနီးအား အဓိကစကား ဆိုလေသည်။

"တစ်ဆယ့်နှစ် ယူဇနာရှိတဲ့ ဗာရာဏသီပြည်ကြီးကို မောင်တော်တို့ ပြန်ကြမယ်။ နှမတော်ဟာ တစ်သောင်းခြောက်ထောင် ကုန်သော မောင်းမမိဿံ အပေါင်းတို့ရဲ့ အကြီးအမှူး အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး ဖြစ်ရမယ်။ ရွှေလက်တွဲပြီး နန်းသိမ်းပွဲခံကြမယ်။ ပြည်တော် ဝင်ကြမယ်။ နှမတော်ပါ လိုက်ခဲ့ပါ"

ညို့သော မျက်နှာပြင်ထက်မှ မျက်လုံးအိမ်တွင် မျက်ရည်များ ရတ်ခြည်းဝန်းဖွဲ့လာကာ နဂါးမသည် တိုးတိမ်လှစွာသော အသံဖြင့် တုံ့ပြန်လေသည်။

"နှမတော် မလိုက်နိုင်ပါဘူး မောင်တော်"

"ဟင် ... ဘာကြောင့် မင်းမလိုက်နိုင်တာလဲ"

"ချစ်သော စိတ်နှင့်ကြည့်လို့သာ၊ မောင်တော်က နှမတော်ရဲ့ ဇာတိဘာဝ အမှန်ကို မေ့နေတာပါ။ နှမတော်က လူသားစင်စစ် မဟုတ်ဘူး။ နှမတော်ဟာ နဂါးမလေ နဂါးမ ..."

ရှိုက်သံ ပလုံးပထွေးဖြင့် ဆက်ပြောလေတော့သည်။

"ဇာတိသဘာဝအရ၊ နှမတော်တို့ နဂါးမျိုးနွယ်က အဆိပ်ရှိသူများ ဖြစ်ပါတယ်။ အမျက်ဒေါသထွက်လွယ်သူများလည်း ဖြစ်ပါတယ်။ မိဖုရားခေါင်ကြီးအရာမှာ စည်းစိမ်ချမ်းသာနဲ့ နေရခြင်းဟာ အလွန်ဝန်တာကြီးမားလှပါတယ် မောင်တော်။ လူသားတွေ အလယ်မှာ နဂါးမတစ်ကောင် နေရမယ့် အရေးဟာ ဘယ်လိုတွေးတွေး မဖြစ်နိုင်ပါဘူး။ မြင်မှုတစ်ခု၊ ကြားမှုတစ်ခုကြောင့် နှမတော် အမျက်ဒေါသ ထွက်ခဲ့ရင် အမျက်ယှဉ်တဲ့ နဂါးမျက်စောင်းအောက်မှာ အကြည့်ခံရတဲ့အရာဟာ လောင်ကျွမ်းသွားပါလိမ့်မယ် မောင်တော်"

"အို ... နှမတော် စိတ်မှာ အမျက်ဒေါသ မကျန်ရအောင် ဗာရာဏသီ နန်းတော်ထဲက ရှိရှိသမျှ အရာတွေ အားလုံးကို ဘုရင့်အာဏာတော်နဲ့ စီမံထားမှာပေါ့ နှမတော်"

http://www.cherrythitsar.org



"ဘယ်လိုမှ မဖြစ်နိုင်တဲ့စကား မဆိုပါနဲ့ မောင်တော်၊ လူ့လောက အသိုင်းအဝိုင်းဟာ ဟောဒီ သမုဒ္ဒရာက ကမ်းခြေမဟုတ်ပါဘူး။ နှမတော်မှာ မောင်တော်နဲ့ သားသမီးတို့ကလွဲပြီး မိမိရဲ့စိတ်ကို ထိန်းချုပ်နိုင်စွမ်း မရှိပါဘူး။ မြင်ရုံကြားရုံနဲ့ နဂါးတို့ရဲ့ ဒေါသအားကို လှုံ့ဆော်မယ့် အာရုံတွေဟာ အများကြီး ပါ။ နှမတော် မလိုက်နိုင်ပါဘူး မောင်တော်"

မည်သို့မျှ မတိမ်းမရှောင် နိုင်သော ဆုံးဖြတ်ချက်ဖြစ်ကြောင်း အခိုင်အမာ ပြောဆိုပြီးနောက် နဂါးမသည် နောက်ဆုံး စကားကို ပြောလေသည်။

"သားကြီး သာဂရနဲ့ သမီးလေး သမုဒ္ဒဇာတို့ကိုသာ နှမတော်ကိုယ်စား ခေါ်သွားပါတော့။ သူတို့ဟာ လူဇာတ်နွယ်ဖွား နဂါးနွယ်တွေ ဖြစ်ပါတယ် မောင် တော်"

"သားနဲ့သမီးကိုပဲ ခေါ်သွားရတော့မယ်ပေါ့။ ဟုတ်လား"

"နှမတော်ကိုယ်စား ခေါ်သွားပါ မောင်တော်"

"ကောင်းပြီ မောင်တော်တို့ အပြီးတိုင် ခွဲခွာကြရတော့မှာပေါ့"

ချစ်ခင်ပွန်းနှင့် ခွဲခွာရမည့် သောကအပူကို နဂါးမသည် မိခင်တို့ရဲ့ မေတ္တာဖြင့် ဖုံးဖိထိန်းသိမ်းလျက် ...

"သားနဲ့သမီးကို အထူးဂရုစိုက်စီမံပြီး ခေါ်ဆောင်သွားပါ မောင်တော်။ ကလေးတွေဟာ လူဇာတ်ဖွားတဲ့ နဂါးနွယ်တွေ ဖြစ်တဲ့အတွက် ရေမှာ ပျော်မွေ့ကြ ပါတယ်။ ရေနဲ့ မကင်းနိုင်သူများ ဖြစ်ကြပါတယ်။ အလွန်နူးညံ့ရှာကြသူလေးတွေ ဖြစ်ပါတယ်။ လမ်းခရီးမှာ သူတို့ လေးတွေအတွက် နေပူတာလျှပ်မိလို့ မဖြစ်ပါဘူး။ ဒါကြောင့် သူတို့အတွက် လှေကိုထွင်းပြီး ရေအပြည့်ထည့်၊ ရေထဲမှာ ဆော့ကစား ရင်း လိုက်ပါကြပါစေ မောင်တော်"

"ကောင်းပါပြီကွယ်၊ နှမတော်ကိုယ်စား သားနဲ့သမီးကို မောင်တော် အထူး ဂရုစိုက်ပါ့မယ်"

"ဒါတင် မပြီးသေးပါဘူး မောင်တော်၊ တိုင်းပြည်ရောက်ကြတဲ့အခါမှာ လည်း နန်းတွင်းမှာ ရေကန်ကြီး တစ်ကန်တူးပေးပါ။ သားနဲ့သမီးတို့အတွက် အရေးကြီးဆုံးဟာ ရေဖြစ်ပါတယ်"

"အစစအရာရာ စိတ်ချလိုက်တော့ နှမတော်"

နဂါးမသည် မျက်ရည်တို့ကို သုတ်၍ သောကမျက်နှာကို ဖျောက်ပယ် လိုက်သည်။ ထို့နောက် သားနှင့်သမီးတို့ကို လှမ်းခေါ်လိုက်သည်။ သားနှင့်သမီး ရောက်လာသောအခါ ရင်ခွင်ကြားတွင် ပွေ့ပိုက်လျက် အိပ်ပျော်အောင် သိပ်လိုက် သည်။ ရင်သွေးတို့ အိပ်ပျော်သွားမှ အသာအယာ ဖြုတ်ခွာလျက် အိမ်ရှေ့မင်း လက်သို့ အပ်သည်။

ရှိုက်သံတစ်ချက်နှင့်အတူ တစ်ဘက်သို့ ချာခနဲ လှည့်သွားသည်။ စံအိမ်တော် အိပ်ဆောင်တံခါးဝ၊ ထိုမှတစ်ဆင့်၊ ဧည့်ခန်းဆောင်၊ ထိုမှသည် ဝရန်တာ၊ ထိုမှသည် လှေကားထစ်များ၊ ထို့နောက် စံအိမ်တော်အောက်သို့ တရွေ့ရွေ့

သောင်ပြင်ကို ဖြတ်လျက်၊ သမုဒ္ဒရာကမ်းခြေတွင် ခြေစုံရပ်လိုက်သည်။ အဝေးဆီမှ သမုဒ္ဒရာလှိုင်းတို့က တအိအိဖြင့် ကမ်းစပ်သို့ တိုးဝင်နေသည်။ တလူလူလွင့်သော ဆံစပဝါမြိတ်တို့ကိုပင် မသိမ်းဆည်းတော့ဘဲ သမုဒ္ဒရာဆီသို့ ငေးကြည့်သည်။

ထို့နောက် ရေပြင်ကျယ်ထဲသို့ သက်ဆင်းနစ်မြုပ်သွားသည်။ ချစ်သောလင်နှင့် ချစ်သော သားသမီးများနှင့် ခွဲခွာရခြင်းကြောင့် လောင်မြိုက်သော အပူမီးအား ဤသမုဒ္ဒရာရေအထုက ငြိမ်းသက်ပေးနိုင်မည် မဟုတ်ကြောင်းကိုမူ နဂါးမသာ အသိဆုံးဖြစ်ပေလိမ့်မည်။

*

## ဆီပြာရှင်နှင့် ရင်သွေးတော်များ

မျက်လုံးအိမ်၌ မျက်ရည်တို့ဖြင့် ပြည့်ခဲ့သော်လည်း ဗြဟ္မဒတ်မင်းသားသည် စံအိမ်တော်အဝရှိ မှူးမတ်ဗိုလ်ပါတို့ ရှေ့မှောက်အရောက်တွင်မူ သောကကို ကြိုးစားဖယ်ဖျောက်လိုက်ရလေသည်။ ဗာရာဏသီထီးနန်းနှင့်တကွသော တိုင်းသားပြည်သူတို့အရေးသည် မိမိမျက်မှောက်သို့ ရောက်ရှိနေလေပြီ။

မှူးမတ်တို့လည်း သမုဒ္ဒရာကမ်းခြေ စံအိမ်တော်မှာပင် အဘိသေက သွန်းမြှောက်ကြကာ "အရှင်မင်းကြီး တိုင်းပြည်သို့ ကြွတော်မူပါ" ဟု ဆိုကြသည်။ ပြည်တော်ဝင် ခရီးကား ထူးခြားနေလေသည်။

စစ်သည်ရဲမက်ဗိုလ်ပါနှင့် အခြားသောပြည်တော်ဝင် ခရီးအင်္ဂါတို့အပြင် မည်သူမျှ မတွေ့ဖူးသော အစီအမံတစ်ခုလည်း ပါလာသည်။ ယင်းကား သားတော်လေး သာဂရနှင့် သမီးတော်လေး သမုဒ္ဒဇာတို့အတွက် ယာဉ်ဖြစ်သည်။ မိခင် နဂါးမ၏ အတန်တန် တားချက်အရ ဗြဟ္မဒတ်မင်းသည် မှူးမတ်တို့ကို အမိန့်တော် မှတ်လိုက်သည်။

ထိုအမိန့်အတိုင်း စီမံလိုက်ကြသောအခါ အသွားညင်သာသော လှည်းယာဉ်တစ်စီး။ ထိုလှည်းယာဉ်ပေါ်တွင် လှေတစ်စင်း။ ထိုလှေထဲတွင် ရေအပြည့်ထည့်၊ ရနံ့သင်း၍ အဆင်းစုံသော ပန်းတို့ကို ထည့်ကြရသည်။ နဂါးမျိုးနွယ်ဖြစ်သော ရင်သွေးတော်တို့သည် ထိုလှေထဲတွင် ပျော်ရွှင်စွာ ရေကစားလျက် လိုက်ပါလာရကြလေသည်။

http://www.cherrythitsar.org


ဤသို့ဖြင့်ပင် ဗာရဏသီသို့ ဝင်ခဲ့ကြသည်။

နန်းမြို့အတွင်းမှာလည်း မင်းကြီး၏ အမိန့်ဖြင့် ထောင့်လေးခုရှိသော ပေါက္ခရဏီ ရေကန်တစ်ခုကို တူးဖော်ပြုလုပ်ကြရသည်။ ရေကန်တွင်းသို့ ရေအပြည့်သွင်းလျက် ကြာမျိုးစုံ၊ ပန်းမျိုးစုံတို့ဖြင့် တန်ဆာဆင်သည်။ သားသာဂရနှင့် သမီး သမုဒ္ဒဇာတို့သည် ရေကန်အတွင်း၌သာ အချိန်ကုန်သည်က များသည်။ ရေနှင့်မကင်းသော နဂါးမျိုးနွယ်များ ဖြစ်ကြသဖြင့် ပေါက္ခရဏီရေကန်လည်း အမြဲတစေ သန့်ရှင်းသော ရေဖြင့် ပြည့်နေစေရန် အထူးကြပ်မတ်ကြရသည်။ ရေဟောင်းကို ထုတ်လျက် ရေသစ်ကို သွန်းပေးကြရသည်။

ဤမှာပင် မမျှော်လင့်သောဖြစ်ရပ်တစ်ခုနှင့် ကြုံလာရခြင်း ဖြစ်လေသည်။

တစ်နေ့သောအခါ သားတော်နှင့် သမီးတော်တို့သည် ရေအစိုစို အရွှဲရွှဲဖြင့် ခမည်းတော်ထံသို့ ကြောက်လန့်တကြား ပြေးလာကြသည်။

"ရေကန်ထဲမှာ ဘီလူးတစ်ကောင် ရောက်နေတယ် ခမည်းတော်၊ မျက်ဆံပြူးပြူးနဲ့ သိပ်အရုပ်ဆိုးပြီး သိပ်ကြောက်စရာကောင်းတဲ့ ဘီလူးတစ်ကောင်ပါ ခမည်းတော်"

"နန်းမြို့တော်အတွင်းက ရေကန်တော်မှာ ဘယ်က ဘီလူး ရှိနိုင်မှာလဲ သားတော် သမီးတော်တို့" ဟု ခမည်းတော်က ဆိုသော်လည်း ကလေးငယ်များမှာ အကြောက်မပြေနိုင်ကြ။

"ဘီလူးပါ ခမည်းတော်၊ ရေထဲကို ငုပ်သွားတယ်။ ပြီးတော့ ခေါင်းပြန်ဖော်တယ်။ ငုပ်လိုက်ပေါ်လိုက်နဲ့၊ သမီးတော်တို့ကို ခြောက်လှန့်နေတယ်"

သမီးတော်လေး သမုဒ္ဒဇာက ငိုပြီး တိုင်ပြန်သည်။

"အဲဒီ ဘီလူးဟာ ခမည်းတော်တို့လို မဟုတ်ဘူး။ သားတော်တို့နဲ့လည်း မတူဘူး။ မျက်လုံးပြူးပြူး၊ မျက်ခွံထူထူ၊ ပါးစပ်ပြဲပြဲနဲ့ သိပ်ကြောက်စရာကောင်းတယ်" သားတော်လေး သာဂရက အထိတ်တလန့် ဆိုပြန်သည်။

မင်းကြီးမနေသာတော့။ မင်းချင်းများအား ရေကန်ဘီလူးကို လက်ရဖမ်းခဲ့စေဟု အမိန့်ထုတ်လိုက်သည်။

မင်းမချင်းများလည်း အမိန့်တော်အတိုင်း ကလေးငယ်များပြောသည့် ဘီလူးကို ဖမ်းဆီးလာခဲ့ကြသည်။ စင်စစ်ကားကလေးကို ကြောက်လန့်နေသော ဘီလူးဆိုသည်မှာ ထိုအရာကား အခြားမဟုတ်၊ လိပ်တစ်ကောင်ပင် ဖြစ်သည်။

ပေါက္ခရဏီရေကန်ကို ရေအဟောင်းအသစ်လဲရာ၌ ရေသွင်းချိန်တွင် ဝင်ပေါက်မှ ရောက်လာသော လိပ်တစ်ကောင်ဖြစ်သည်။ လိပ်သည် ဝင်ပေါက်မှ ရောက်သော်လည်း ထွက်ပေါက်ကို မတွေ့သဖြင့် ရေကန်အတွင်း၌ ငုပ်လျှိုးလျက်နေခြင်း ဖြစ်သည်။

http://www.cherrythitsar.org


မင်းချင်းတို့ ကွန်ဖြင့် ပစ်ဖမ်းလာသော လိပ်ကို မြင်လျှင် မင်းကြီး ရင်ခွင်ထဲမှ သားတော် သမီးတော်တို့သည် ခမည်းတော်အား တင်းကျပ်စွာ တိုး ဖက်ကာ ကြောက်လန့်တကြား ငိုယိုကြပြန်သည်။

ဇနီးနဂါးမ အတန်တန် မှာကြားချက်အရတစ်ကြောင်း မိမိကိုယ်တိုင် လည်း အမိမဲ့၊ အမိဝေး ရင်သွေးတော်များအဖြစ် ကြီးစွာ သနားတော်မူသည်က တစ်ကြောင်းတို့ကြောင့် မင်းကြီးသည် သားသမီးဇောဖြင့် ပြင်းစွာ အမျက်ထွက် လေသည်။

ကျက်သရေ ကင်းမဲ့သော လိပ်၏ အသွင်သဏ္ဌာန်ကို ကြည့်၍ သား သမီး ချစ်ခြင်းစိတ်ဖြင့်၊ ပြင်းထန်သော အမိန့်ကို ထုတ်လိုက်သည်။

"ငါ့သားတော်သမီးတော်တွေကို ထိတ်လန့်အောင်လည်း လုပ်တယ်။ ပေါက္ခရဏီ ကန်တော်ကိုလည်း ကျက်သရကင်းမဲ့စေတယ်။ ဒီလိပ်ကို အမှုနဲ့ လျော်အောင် စီရင်လိုက်ကြ"

မင်းကြီးသည် သားတော်နှင့် သမီးတော်တို့ကို ပွေ့ချီကာ အတွင်း တော်သို့ ပြန်ဝင်ခဲ့သည်။

ဘုရင့်အမိန့်ကို ဦးထိပ်ရွက်လျက် အမတ်တို့သည် လိပ်ကို မည်သို့ စီရင်မည်နည်းဟု အမျိုးမျိုးကြံဆကြရလေတော့သည်။

ခက်ထန်သော အမူအရာရှိသူ အမတ်တစ်ယောက်က အကြံပေး သည်။

"ဘာပဲဖြစ်ဖြစ် ဒီလိပ်ဟာ ဘုရင်မင်းမြတ်နဲ့ ရန်သူပဲ။ ဒီလိပ်ကို ဆုံထဲ ထည့်၊ ကျည်ပွေ့နဲ့ မှုန့်မှုန့်ညက်ညက် ကြေမွသွားအောင် ထောင်းပြီး သတ်ပစ် လိုက်တာ အကောင်းဆုံးပဲ"

ဝဖိုင့်သော ခန္ဓာကိုယ်ရှိ၍ အစားအသောက် ခုံမင်ဟန်ရှိသော အမတ် တစ်ဦးကမူ –

"ဒီလိပ်ကို ဟင်းသုံးမျိုး ချက်စားရင် ကောင်းမယ်။ အသားတချို့ကို ကြော်မယ်။ တချို့ကို ပြုတ်မယ်။ တချို့ကို ချက်မယ်။ ဘယ့်နှယ်လဲ"

လိပ်သားဟင်း စားဖူးဟန်တူသော တစ်ဦးကလည်း ဝင်ပြောပြန်သည်။

"လိပ်ဆိုတာ မီးပုံကြီးမှာ မီးမြှိုက်ကင်မှ ကောင်းကောင်း ကျက်တာ"

ဤတွင် စိတ်မရှည်တော့သော အမတ်တစ်ဦးက စိတ်လိုက်မာန်ပါ ပြောလိုက်သည်။

"ဟာ ... ရှုပ်ပါတယ်။ သင်းရဲ့အခွံကိုပဲ အိုးလုပ်ပြီး၊ ဖိုခနောက်ပေါ် ပက်လက်တင်လိုက်။ ထမင်းချက်သလို သူ့အသားကို သူ့အခွံနဲ့ ချက်ပစ်လိုက်"

http://www.cherrythitsar.org



စီရင်ရန် နည်းလမ်းများ အမျိုးမျိုး ပေါ်ထွက်လာသည်။ တစ်ယောက် တစ်မျိုး ပြောကြသည်။ ပြောသမျှ နည်းလမ်းများမှာလည်း မထိတ်သာ မလန့်သာချည်းပင်။

သူ့အကြံကိုယ့်အကြံ၊ မည်သည့်အကြံကို လက်ခံစီရင်ကြမည်နည်းဟု စဉ်းစားနေချိန်မှာ ဖျော့တော့သော မျက်နှာရှိသည့် အမတ်တစ်ယောက်က မဝံ့မရဲ ဝင်ပြောလိုက်သည်။ ထိုအမတ်ကား ရေကို ကြောက်သော အမတ် ဖြစ်သည်။

သူပြောသော စကားက –

"ဒီလိပ်ကို ယမုနာမြစ်ဝဲထဲ ပစ်ချလိုက်တာ ကောင်းမယ် ထင်တယ်"

ဤတွင် တစ်ချိန်လုံးလုံး တုန်လှုပ်ချောက်ချားစွာ မိမိ၏ဦးခေါင်းကို မိမိခံတွင်းသွင်းလျက် ငြိမ်သက်နေသော လိပ်သည် ခေါင်းကို အခွံထဲမှ ထုတ်လိုက်လေသည်။ ထို့နောက် မြစ်ဝဲထဲ ပစ်ချလိုက်တာ ကောင်းမယ်ဟု ပြောသော အမတ်ကိုကြည့်လျက် ကတုန်ကယင် အသွင်ဖြင့် –

"ကျုပ် ... သင့်ကို ဘယ်လိုများ ကျူးလွန်မိလို့လဲ၊ ဘာကြောင့် ကျုပ်ကို ယမုန်နာမြစ်ဝဲထဲ ပစ်ချလိုက်လို့ စီရင်ရတာလဲ။ တခြားတစ်ပါး အစီအရင် အပြစ်ဒဏ်တွေဆိုရင် ကျုပ် ကျူးလွန်မိခဲ့တဲ့ အမှားအတွက် အထိုက်အလျောက်ခံသာပါသေးတယ်။ အခုတော့ ယမုန်နာမြစ်ဝဲထဲ ပစ်ချမယ်တဲ့။ ဒီလိုမလုပ်လိုက်ကြပါနဲ့။ ဒီအထိတော့ မလုပ်လိုက်ကြပါနဲ့"

အမတ်တို့သည် တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်လိုက်ကြသည်။ အားလုံး၏ မျက်နှာများတွင် အကောင်းဆုံး စီရင်မှုကို တွေ့ပြီဟူသော သဘောတူညီချက်များဖြင့် ကျေနပ်နေကြသည်။

သို့ဖြင့် လိပ်ကို ယမုန်နာမြစ်ဆီသို့ ယူသွားကြသည်။

မင်းကြီးထံသို့လည်း အကျိုးအကြောင်း လျှောက်တင်လိုက်ကြသည်။ မင်းကြီးကလည်း အပြစ်ကျူးလွန်သူ ကိုယ်တိုင်က ထိတ်လန့်သော စီရင်မှု အတိုင်း စီရင်လိုက်ကြဟု အမိန့်တော်မှတ်ပြီး ဖြစ်သည်။

ယမုန်နာမြစ်ကမ်းသို့ ရောက်လာကြသည်။ လှိုင်းနှင့် ရေတို့၏ လူးလွန့်ရှုပ်ထွေးမှုဖြင့် မြစ်အပြင်ဝယ် ဝဲကတော့များ ပလုံစီ ပေါ်နေကြသည်။ မင်းချင်းတို့သည် အကြီးဆုံး ဝဲကတော့တစ်ခု ပေါ်လာသည်အထိ စောင့်ကြည့်ကြကာ လိပ်ကို ဝဲထဲသို့ ပစ်ချလိုက်ကြလေသည်။

ဝဲ၏စုပ်ယူခြင်းဖြင့် ရေမျက်နှာပြင်အောက် ရောက်သွားပြီးနောက် လိပ်သည် အခြေလေးဘက်နှင့် ခေါင်းကို ဝံ့ဝံ့စားစားထုတ်ကာ ရေစီးကြောင်း၌ ကူးခပ်မျောပါရင်း ဟစ်ကြွေးလိုက်တော့သည်။

"ငါဟေ့ ... စိတ္တစူဠ လိပ်တဲ့နော်"

## စိတ္တစူဠ အမတ်တမန်

ရေအောက် ရေစီးအလျဉ်အတိုင်း ရေနက်သို့ ပါသွားသော စိတ္တစူဠသည် နဂါးပြည်သို့ ရောက်သွားလေသည်။

ဓတရဋ္ဌနဂါးမင်း၏ သားများဖြစ်သော နဂါးတို့သည် လိပ်ကိုတွေ့သောအခါ ဝိုင်းဖမ်းရန် အားထုတ်ကြလေသည်။ နဂါးတို့၏ ခွန်အားကြီးမှု ရက်စက်ကြမ်းကြုတ်မှုကို သိသော လိပ်သည် ကြီးစွာ တုန်လှုပ်သွားသည်။ သို့သော် လူသားတို့လက်မှပင် လွတ်ရာလွတ်ကြောင်းသို့ ဥပါယ်သုံး၍ ရှာဖွေနိုင်ခဲ့သော အဖြစ်က လိပ်ကို အားတက်နေစေသည်။

"ဗာရာဏသီမင်းကြီး လက်က လွတ်လာပြီး ရေအောက်ရောက်မှ နဂါးတွေလက် အသက်အပျောက်မခံနိုင်ဘူး။ ဒီမှာလည်း ငါ ဥပါယ်တံမျဉ် သုံးမှပဲ"

သူ့ကို ပုတ်ခတ် တွန်းထိုးလျက်နေကြသည့် နဂါးတို့ကို စိတ္တစူဠလိပ်သည် ခပ်ရဲရဲပင် စကားဆိုလိုက်လေသည်။

"သင်တို့ဟာ ရေအောက်နဂါးပြည်က ဓတရဋ္ဌနဂါးမင်းရဲ့ သွေးသားနဂါးတွေဖြစ်လျက်နဲ့ ဘာကြောင့် ကျွန်ုပ်ကို ဒီလို အကြမ်းပတမ်း ပြုလုပ်တာလဲ။ ဘာကြောင့် ဝိုင်းဟ၊ ဖမ်းဟ၊ ဆီးဟနဲ့ ရုန့်ရင်းစွာ အော်ဟစ်နေကြတာလဲ။ ကျွန်ုပ်ရဲ့အမည်က စိတ္တစူဠလို့ ခေါ်ပါတယ်။ ကျွန်ုပ်ဟာ ဗာရာဏသီမင်းကြီးရဲ့ တမန်ပဲ။ ချစ်ကြည်ရေး ရွှေလမ်း ငွေလမ်း ဖောက်ဖို့အတွက် သံတမန်အရာနဲ့ အမှုတော်ထမ်းဖို့ ကျွန်ုပ်လာခဲ့တယ်"

http://www.cherrythitsar.org



"စိတ္တစူဋ္ဌလိပ်ဆိုပါလား။ ချစ်ကြည်ရေး သံတမန်ဆိုပါလား"

"ခမည်းတော် ဓတရဋ္ဌဆီ ခေါ်သွားကြရင် ကောင်းမယ် ထင်တယ်"

နောက်ဆုံးတွင် နဂါးလုလင်ပျိုတို့သည် စိတ္တစူဋ္ဌကို ဓတရဋ္ဌနဂါးမင်းထံ ခေါ်ဆောင်သွားကြလေသည်။

*

ရွှေတော်မှောက်ရောက်သော စိတ္တစူဋ္ဌလိပ်ကို မြင်လျှင်မြင်ချင်း ဓတရဋ္ဌ နဂါးမင်းသည် နှလုံးမသာမယာဖြင့် ဆိုလေသည်။

"ယုတ်ညံ့သော ကိုယ်အင်္ဂါရှိတဲ့ ဒီလိပ်က သံတမန်တဲ့လား။ ဗာရဏာ သီမင်းကြီးဟာ ကျက်သရေ အချင်းကင်းမဲ့တဲ့ ဒီလိုသတ္တဝါမျိုးကို သံတမန် ပြု မယ်မထင်ဘူး"

စိတ္တစူဋ္ဌသည် မဆိုင်းမတွပင် တုံ့ပြန်လိုက်သည်။

"အရှင် ဓတရဋ္ဌမင်းကြီး ဒီလို စကားမဆိုသင့်ပါဘူး။ တမန်ကို မည် သည်မှာ ကြီးသည် ငယ်သည် ပဓာနမဟုတ်ပါ။ ကြီးမှသာ တမန်ဖြစ်ရမယ် မဆိုလိုပါ။ သံတမန်ဆိုသည်က သွားလေရာ ရောက်လေရာရာမှာ တမန်ရဲ့ လက္ခဏာ ဂုဏ်ရည်အင်္ဂါရပ်နဲ့ လျော်ညီစွာ အတင့်အတယ် ဆောင်ရွက်ရမယ့်အမှု ပြီးစီးထမြောက်ဖို့သာ အဓိက ပဓာန ဖြစ်ပါတယ်"

ဓတရဋ္ဌနဂါးမင်းသည် လိပ်၏အဆင်းသဏ္ဌာန်ကို ကြည့်ပြီး မည်သို့မျှ အလိုမကျနိုင်ပေ။

"ဘာပဲဖြစ်ဖြစ် သင့်လို ယုတ်တဲ့ သတ္တဝါမျိုးကိုဗာရာဏသီမင်းကြီးဟာ သံတမန် မပြုပါဘူး"

စိတ္တစူဋ္ဌလိပ်က ဝင့်ဝင့်ကြွားကြွား ဆိုပြန်သည်။

"အရှင်မင်းကြီး၊ ကျုပ်ရဲ့သခင် ဗာရာဏသီ မင်းကြီးမှာ နေရာဌာန အမှုကိစ္စအလိုက် လျော်ရာသင့်ရာ သတ်မှတ်ထားတဲ့ တမန်တွေ အများကြီး ရှိ တယ်။ ကြည်းကုန်းမှာ လူတမန်ကို စေတယ်။ ကောင်းကင်မှာ ငှက်တမန်ကို စေတယ်။ ရေမှာတော့ ကျွန်ုပ်ကို တမန်စေတယ်။ စိတ္တစူဋ္ဌ အမည်ရတဲ့ ကျွန်ုပ်ဟာ သာမညလိပ်မဟုတ်ဘူး။ အရာ အထူးရတဲ့ အမတ်၊ ဘုရင်မင်းမြတ်နဲ့ အကျွမ်း တဝင် ထဲထဲဝင်ဝင် ရင်းနှီးခစားခွင့်ရတဲ့ အမတ်၊ ဘုရင်မင်းမြတ် ချစ်ခင်မြတ်နိုး တော်မူတဲ့ အမတ်၊ တမန်အမတ် စိတ္တစူဋ္ဌဖြစ်တယ်။ ကျွန်ုပ်လို ပုဂ္ဂိုလ်မျိုးကို အရှင်မင်းကြီး နှိမ်နင်းမောင်းမဲ မပြုသင့်ဘူး"

ယုတ်သော အဆင်းသဏ္ဌာန်ကြားမှပင် စကားကို ဝံ့စားရဲတင်းစွာ ဆိုနေသည့်အတွက် ဓတရဋ္ဌ နဂါးမင်းလည်း အကြောင်းတစ်စုံတစ်ရာ ရှိမည်ဟု မှတ်ယူမိသွားသည်။

“ဘယ်လို အကြောင်းကြောင့် ဗာရာဏသီ မင်းကြီးက နဂါးပြည်ကို စေလွှတ်လိုက်သလဲ စိတ္တစူဠ”

စိတ္တစူဠသည် ပို၍ခမ်းနားစွာ ဆိုပြန်လေသည်။

“အရှင်နဂါးမင်း၊ ကျွန်ုပ်ရဲ့သခင် ဗာရာဏသီမင်းကြီးဟာ ဇမ္ဗူဒိပ်ကျွန်းအပြင်မှာ တစ်ရာ့တစ်ပါးသော မင်းတို့နဲ့ အဆွေခင်ပွန်းဖွဲ့ပြီးခဲ့ပါပြီ။ ဒီအထဲမှာ အဆွေခင်ပွန်း မဖွဲ့ရသေးဘဲ ကြွင်းသောမင်းဆိုလို့ အရှင်နဂါးမင်းတစ်ပါးသာ ကျန်ပါတော့တယ်။ ဗာရာဏသီ မင်းကြီးက ဒီလို မိန့်တော်မူပါတယ်။ စိတ္တစူဠ ငါဟာ ဓတရဋ္ဌ နဂါးမင်းနဲ့ အဆွေခင်ပွန်း ဖွဲ့လိုတယ်။ ဒီနေရာမှာ အခြားနည်းနဲ့ မဖွဲ့၊ ငါ့ရဲ့သမီးတော် သမုဒ္ဒဇာကို ဆောင်နှင်း ပေးအပ်လက်ထပ်စေခြင်းဖြင့် အဆွေခင်ပွန်း ဖွဲ့လိုတယ်။ သင် နဂါးမင်းကြီးထံ သွား ... လို့ အမိန့်တော် မှတ်လိုက်ပါတယ်။ ဒါကြောင့် အရှင်မင်းကြီးတို့လည်း အခါအခွင့် မလင့်စေဘဲ နဂါးလုလင် မင်းချင်း စေတမန်လွှတ်ပြီး သမီးတော် သမုဒ္ဒဇာနဲ့ ထိမ်းမြားလက်ဆက် ဆောင်ရွက်ရမယ့် မင်္ဂလာနေ့ရက်အတွက် ချိန်းချက်တော်မူပါ”

ဓတရဋ္ဌ နဂါးမင်း၏ နှစ်လိုခြင်းမရှိသော စိတ်များအားလုံး ပျောက်ပျက်သွားတော့သည်။ စိတ္တစူဠလိပ်၏ ယုတ်သော အဆင်းသဏ္ဌာန်သည်လည်း နဂါးမင်းအမြင်တွင် ကွယ်ပျောက်သွားလေသည်။

“ကောင်းပြီ စိတ္တစူဠသံတမန်၊ ကျွန်ုပ်ရဲ့ နဂါးလုလင်လေးယောက်ကို သင်နဲ့အတူ ထည့်လိုက်မယ်။ ဗာရာဏသီ မင်းကြီးရဲ့ သမီးတော် သမုဒ္ဒဇာနဲ့ ထိမ်းမြားလက်ထပ်ဖို့ နေ့ရက်မင်္ဂလာ အခါတော်အမှု မှန်သမျှကို ချိန်းချက်စီစဉ်ဖို့ သင်ပဲ အပြန်တမန်ပြုပြီး ခေါ်ဆောင်သွားပေတော့”

စိတ္တစူဠသည် နဂါးလုလင်များနှင့်အတူ ယမုန်နာမြစ်၏ အောက်ခြေ နဂါးပြည်မှ ဗာရာဏသီသို့ တစ်ဖန်မြန်းခဲ့ရပြန်လေသည်။

မင်းနှစ်ပါး၏ ချစ်ကြည်ရေးတမန်အဖြစ် စိတ္တစူဠလိပ်သည် နဂါးလုလင် လေးယောက်တို့နှင့်အတူ ဗာရာဏသီသို့ ပြန်လည်လိုက်ပါလာရင်း တစ်လမ်းလုံး အကြံထုတ်လာခဲ့ပြန်သည်။ ပထမအကြိမ် ဗာရာဏသီမင်း၏ ရာဇဒဏ်မှ ကင်းလွတ်အောင် မိမိအား ယမုန်နာဝဲ၌ ပစ်ချဖြစ်အောင် ဥပါယ်သုံးခဲ့ပြီ။ ဒုတိယအကြိမ် ဓတရဋ္ဌ နဂါးမင်းထံတွင်လည်း မိမိကိုယ်မိမိ ဗာရဏသီ မင်းကြီး၏ တမန်တော်ဖြစ်ကြောင်း လှည့်ဖြားနားဝင်စေခဲ့ပြီ။ ယခုအကြိမ်ကား ဗာရာဏသီမင်းကြီးထံ ပြန်ရောက်ရတော့မည့် အကြိမ်။ ပြီးခဲ့သော ဥပါယ်များကို ပြန်၍ ဖြေလျှော့ရန် မဖြစ်နိုင်တော့သည့် အခြေအနေ။ တစ်နည်းဆိုသော် နှစ်ဆင့်နှစ်ကြိမ် လိမ်ခဲ့ပြီးနောက် ထပ်ဆင့်လိမ်ညာ လှည့်ဖြားပရိယာယ်ကစား၍ မရနိုင်တော့။ ဗာရာဏသီမင်းကြီး၏ရှေ့မှောက် ပြန်ရောက်၍ မဖြစ်နိုင်တော့။

http://www.cherrythitsar.org



စိတ္တစူဋသည် နှစ်ကြိမ်တိုင်တိုင် ပရိယာယ်သုံး၍ အသက်ဘေးမှ လွတ်မြောက်ခဲ့သည်ဖြစ်၍ စိတ်ဓာတ်ကျဆင်းခြင်း အလျဉ်းမရှိ။ လှည့်ဖြားဉာဏ်များဖြင့် တဖွားဖွား တက်ကြွကာ ယခုအကြိမ်မှာလည်း မိမိအဖို့ လွတ်မြောက်ရန် လမ်းစ အခွင့်အရေးပေါ်ပေါက်လာဦးမည်ဟု ယုံကြည်ထားလေသည်။

သူ ယုံကြည်ထားသည့်အတိုင်း အကယ်ပင် ဖြစ်လာသည်။

နဂါးလုလင်တို့ ခေါ်ဆောင်ရာအတိုင်း လိုက်ပါလာသော စိတ္တစူဋသည် ယမုန်နာမြစ်နှင့် ဗာရာဏသီအကြား ခရီးလမ်း၏ တစ်ခုသောနေရာတွင် ကြာအိုင်ကြီးတစ်အိုင်ကို တွေ့လိုက်သည်။

စိတ္တစူဋက ကမန်းကတန်း အော်ဟစ်လိုက်သည်။

"ရပ် ... ရပ်ကြဦး၊ လုလင်တို့"

မင်းနှစ်ပါး၏ တမန်ဖြစ်နေသော စိတ္တစူဋလိပ်၏ အမိန့်ကို နဂါးလုလင်တို့ မငြင်းပယ်သာ။

"ဟောဟိုက ကြာအိုင်ကြီးကို မြင်တယ် မဟုတ်လား။ ငါ့ကို အဲဒီ ကြာအိုင်ကြီးဆီ ခေါ်သွားကြစမ်း"

"ဘာလုပ်ဖို့လဲ တမန်ကြီး"

စိတ္တစူဋက အလွန်ပိုင်နိုင် စိတ်ချသော လေသံဖြင့် –

"မင်းတို့ မသိဘူး။ ငါ့အရှင်ဗာရာဏသီမင်းကြီးရဲ့ သားတော်နဲ့ သမီးတော်တို့ဟာ ရေမှာကျက်စားပျော်ပါးတတ်ကြသူလေးတွေ ဖြစ်တယ်။ ဒါကြောင့် သူတို့လေးတွေအတွက် ကြာပွင့်ကြာပန်းကြာစွယ်ကြာရိုး ချိုးယူသွားရလိမ့်မယ်။ အဆောင်တော် ပြန်ရောက်လို့မှ သူတို့အတွက် ကြာပွင့် ကြာပန်း မပါလာရင် ငါ့ကို နားပူနားဆာ လုပ်ကြတော့မယ်။ ဒါကြောင့် ဒီအိုင်ကြီးမှာ ငါ ကြာစွယ် ကြာဥ ချိုးရ ခူးရလိမ့်ဦးမယ်"

"အို ... ဒီလိုလား တမန်ကြီး၊ ဒါဖြင့် ကျွန်တော်တို့ ခူးပေးပါ့မယ်"

"ငါ့အရှင်ရဲ့ သားတော် သမီးတော်လေးတွေ အကြိုက်ကို ငါပဲ သိတယ်။ မင်းတို့ခူးလို့ မဖြစ်ပါဘူး။ ငါ့ကိုသာ အဲ့ဒီကြာအိုင်ကြီးထဲ လွှတ်ပေးကြစမ်း"

မိမိတို့ အရှင်ဓတရဋ္ဌ နဂါးမင်းကိုယ်တိုင်က ယုံကြည်စိတ်ထားပြီးဖြစ်သော ချစ်ကြည်ရေး တမန်ကြီး၏ စကားကို နဂါးလုလင်တို့သည် သံသယဖြစ်ဖို့ စိတ်ကူးပင် မရှိကြ။ ထို့ကြောင့် စိတ္တစူဋလိပ်၏ စကားအတိုင်း ကြာအိုင်ကြီးထဲသို့ ချပေးလိုက်ကြသည်။

စိတ္တစူဋလိပ်သည် တစ်ခုသော ကြာဖက်အကြားမှ လှမ်းပြောပြန်သည်။

http://www.cherrythitsar.org



"အချိန်လင့်နေမယ်။ ဗာရာဏသီ မင်းကြီးထံကို မင်းတို့ အလျင် သွားနှင့်ကြ၊ ငါ နောက်မှ လိုက်လာခဲ့မယ်။ ဩော် ... ဟော့ဟော့ ... ဓတရဋ္ဌ နဂါးမင်းရဲ့ အမှာစကားတွေ ဘာတွေကို ငါလာမှ ပြောမယ်နော်။ မင်းတို့ ဘာမှ စကားဦး မသမ်းနဲ့ကြဦး"

စိတ္တစူဠသည် စကားအဆုံး၌ ကြာရွက်အောက်သို့ နစ်မြုပ်ပျောက်ကွယ်သွားလေသည်။ စိတ္တစူဠ ငုပ်သွားသော ကြာအိုင်ရေမျက်နှာပြင်တစ်ဝိုက်၌ ဝဲကယက်ကလေးများ လွန့်သွားသည်ကို ကြည့်ရင်း နဂါးလုလင်တို့လည်း ထိုင်စောင့်ကြသေးသည်။

အချိန်တရွေ့ရွေ့ ကုန်ဆုံးသွားသည်။ စိတ္တစူဠ၏အရိပ်အယောင်ကိုမျှ မမြင်ရ။ နဂါးလုလင်တို့သည် ဖွဲကောင်းကောင်းဖြင့် စောင့်ရင်း စောင့်ရင်း အချိန်များ ကြာညောင်းလာသည်ကို သတိပြုမိလာကြသည်။

"ကြာစွယ် ကြာဥတွေ ဘယ်လောက်များ ခူးနေသလဲ မသိပါဘူး"

တစ်ယောက်က ရေရွတ်သည်။

"ဘုရင့်သားတော် သမီးတော်တွေအတွက်ဆိုတော့ များနိုင်သမျှ များများ ခူးရမှာပေါ့ကွယ်"

တစ်ယောက်က မှတ်ချက်ချသည်။

"ငါတော့ စိတ်မရှည်ချင်တော့ဘူး။ အတော်လင့်သွားပြီ"

"ဟော့ ... ဟော့ ရောင်းရင်းတို့၊ ဘာဖြစ်လို့ စောင့်နေကြမှာလဲ။ တမန်တော်ကြီး မှာသွားတယ် မဟုတ်လား။ မင်းတို့ အလျင် သွားနှင့်ကြတဲ့"

"အေး ... ဟုတ်ပါတယ်ကွယ်။ စောင့်မနေကြပါနဲ့။ တို့များ မင်းကြီးဆီ အလျင် ဝင်နှင့်ရအောင်။ တမန်တော်ကြီးအဖို့ သူ့တိုင်းပြည် သူ့ဌာနီ မဟုတ်လား။ အခုဆို သူက အလျင်ဦး ရောက်ချင်ရောက်နေမှာ"

"အေး ... ဟုတ်တယ်။ တို့ သွားနှင့်ကြစို့"

နဂါးလုလင်တို့သည် ကြာအိုင်ကြီးကို တစ်ချက် လှမ်းကြည့်လိုက်သည်။ ကြာပွင့်၊ ကြာဖူး၊ ကြာစွယ်၊ ကြာရိုး၊ ကြာရွက်၊ ကြာဖက်များဖြင့် တင့်တယ် လှပနေသော ကြာအိုင်ကြီးတွင် တမန်တော်ကြီး စိတ္တစူဠကို အရိပ်အယောင်မျှ မတွေ့ရ။

စိတ္တစူဠကို နောင်ဘယ်သောအခါမှ တွေ့ရတော့မည် မဟုတ်ကြောင်းကိုမူကား နဂါးလုလင်တို့ သိမသွားကြတော့ပေ။

*

## နဂါးတို့၏ စစ်ပွဲ

လူ့အသွင်ဖန်ဆင်းထားသော နဂါးလုလင်တို့ မင်းကြီးရှေ့မှောက် အခစား ရောက်ခဲ့ကြလေပြီ။

ပဋိသန္ထာရစကားများ ဆိုကြပြီးနောက် မင်းကြီးက မေးတော်မူသည်။

"ဓတရဋ္ဌ နဂါးမင်းရဲ့ စေတမန်များ၊ သင့်တို့ အဘယ်ကိစ္စကြောင့် ကျွန်ုပ်ထံ လာကြသလဲ။ ဗာရာဏသီမှာ သင်တို့ ဘာကို အလိုရှိကြသလဲ။ သင်တို့အရှင်က ဘာကြောင့် သင်တို့ကို စေလိုက်သလဲ"

နဂါးလုလင်တို့သည် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ကြည့်လိုက်ကြသည်။ မင်းကြီး အမေးတော်ရှိပြီ။ အဖြေစကား ဆိုရတော့မည်။ တမန်တော်ကြီး စိတ္တစူဠလည်း မရှိ။ မပေါ်လာသေး။

သို့သော် နဂါးလုလင်တို့ သိထားသည်မှာ မင်းကြီး၏သမီးတော်နှင့် ဓတရဋ္ဌနဂါးမင်းတို့ စုံဖက်ရန် စကားအခွင့်သင့်မြတ်ထားကြပြီးသားဖြစ်သည်။ မိမိတို့က သံခင်းတမန်ခင်းအရသာ လာရောက်ကြခြင်းဖြစ်သည်။ မဆွကတည်းက အပြောအဆိုရှိထားနှင့်ပြီးသော အရေးတော်ဖြစ်သည်။ မိမိတို့အနေဖြင့် အသာအယာ သံတော်ဦး တင်လိုက်ရုံမျှသာ။ အခု မင်းကြီး အမေးတော်ရှိချိန်တွင် အဖြေရှိရလိမ့်မည်။ စိတ္တစူဠကို စောင့်စရာမလိုတော့။

ဤသို့သော အပြန်အလှန်သဘောတူညီမှုကို နဂါးလုလင်တို့ အကြည့်များဖြင့် ဖလှယ်လိုက်ကြပြီးနောက် တစ်ယောက်က ကိုယ်စားပြုလျက် သံတော်ဦး တင်လိုက်လေသည်။

http://www.cherrythitsar.org



"အရှင်မင်းကြီး ကျွန်ုပ်တို့အရှင် ဓတရဋ္ဌနဂါးမင်းမှာ များစွာကုန်သော ရတနာတို့ ရှိပါတယ်။ ထိုခပ်သိမ်းကုန်သော ရတနာတို့ကို မင်းကြီးအား ပဏ္ဏာ တော်ပြုပြီး သမီးတော် သမုဒ္ဒဇာကို ဆောင်နှင်းတော်မူဖို့ အမှာတော်ရှိလိုက် ကြောင်းပါ"

နဂါးလုလင်သည် ဤစကားကို သက်သာပေါ့ပါးစွာ ရှောရှောရှူရှူပင် ဆိုလိုက်ခြင်းဖြစ်သည်။

သို့သော် မင်းကြီးအဖို့ရာကား ပေါက်ကွဲမှုတစ်ခု ဖြစ်သွားလေသည်။

မင်းကြီးသည် ရုတ်ခြည်းဆူဝေလာသော ဒေါသဖြင့် နဂါးလုလင်၏ သံတော်ဦးတင်ချက်ကို တုံ့ပြန်လိုက်သည်။

"ဘာ ... တိရစ္ဆာန်ဖြစ်တဲ့ နဂါးမျိုးနဲ့ ငါတို့နဲ့ ဇာတ်တူသလား၊ တိရစ္ဆာန် တွေကို ဘာကြောင့် ငါ့သမီးတော်နဲ့ ထိမ်းမြားပေးရမှာလဲ"

လုံးဝ မမျှော်လင့်သော ပြင်းထန်သည့် စကားကြောင့် နဂါးလုလင်တို့ သည် တုန်လှုပ်သွားကြသည်။ သို့သော် တုန်လှုပ်အံ့ဩမှုနောက်က အမျက် ဒေါသသည် ထက်ကြပ်လိုက်ပါလာသည်။ အမျက်စောင် မာန်ကြီးသော နဂါးမျိုး ပီပီ မင်းကြီးကို မဆိုင်းမတွ တန်ပြန်လိုက်ကြသည်။

"လူတို့ကို အစိုးရတဲ့ အသင်မင်းကြီး၊ ကျွန်ုပ်တို့အရှင် ဓတရဋ္ဌနဂါးမင်း အမျက်ထွက်ရင် သင်တို့လို လူသားဘယ်လောက်များ အသက်ရှင်နိုင်မှာလဲ။ သင့် အသက်၊ ဒါမှမဟုတ် သင့်တိုင်းပြည် ယခုပင် စွန့်ရလိမ့်မယ်။ ဘုန်းတန်ခိုးကြီး သော ယမုန်နာမြစ်သား ဝရဏ နဂါးမင်းရဲ့ သားတော်ရင်နှစ် ဓတရဋ္ဌ နဂါးမင်း စင်စစ်ကို သင်မင်းကြီး မလောက်မလေး ပြုရဲသလား"

နဂါးလုလင်တို့၏ စကားမှာလည်း ပြင်းထန်လှသည်။ စင်စစ်မူ နဂါး လုလင်တို့၏ စိတ်ထဲ၌ ဤဗာရာဏသီမင်းသည် မူလကတည်းက အမျိုးချင်း ထပ်၊ ဆွေချင်းစပ်ဖို့ မလျှောက်ပတ်ဟု ယူဆခဲ့ပါက အဘယ်ကြောင့် စိတ္တစူဠ တမန်လိပ်ကို လွှတ်သေးသနည်း။ အဘယ်ကြောင့် သမီးတော်ကို ပေးဆက်မည် ဟု စေရသနည်း။ ယခုလို သံခင်းတမန်ခင်းဖြင့်လာပြီးမှ အမျိုးဇာတ်ကို ဆဲရေး လေခြင်းဟူ၍ တစ်ချက်တည်း အတွေးရောက်လိုက်ကြခြင်း ဖြစ်လေသည်။

ဗာရာဏသီမင်းကြီးအဖို့မှာလည်း နဂါးလုလင်တို့၏ ရဲရဲတောက် မချေ မငံစကားကို ထပ်မံကြားလိုက်ရပြန်သည်တွင် ဆတ်ဆတ်ခါ နာကျည်းလျက်–

"ဘာ ... ဓတရဋ္ဌ နဂါးမင်းတဲ့လား၊ ဒီမယ်ဟေ့ ... နဂါးများ၊ မင်းတို့ အရှင်ဟာ ယူဇနာငါးဆယ်ကျယ်တဲ့ နဂါးပြည်ကို အစိုးရသည်ဖြစ်စေ၊ ဘုန်းတန် ခိုးကြီးမားသည်ဖြစ်စေ၊ မင်းတို့ဟာ ဖားစိမ်းစား၊ ငါးစိမ်းစား၊ မြွေမျိုးတွေပဲ။ တိရစ္ဆာန်ဇာတ်ကို လူဇာတ်ဖြစ်တဲ့ ငါ့သမီးတော်နဲ့ ပေးစားရမတဲ့လား။ ငါ့သမီး

http://www.cherrythitsar.org



တော်ဟာ မင်းတို့နဲ့ မထိုက်၊ ငါ့တို့ ပြည်ထောင်ချင်း လူမင်းဖြစ်တဲ့ အမျိုးသားချင်း မိတ်ဆွေ ဝိဒေဟရာဇ် မင်းသားနဲ့သာ ထိုက်တန်သူ ဖြစ်တယ်။ ရာရာစစ တိရစ္ဆာန် ဇာတ်ကများ ..."

နဂါးလုလင်တို့ မျက်လုံးအိမ်များ ရဲခနဲ ဖြစ်သွားသည်။ လူ့အသွင် ဖန်ဆင်းထားသည့် ကြားမှပင် နှာခေါင်း ရှုထုတ်သံက တရှူးရှဲရှဲ မြည်သွားသည်။ သို့သော် နဂါးတစ်ယောက်က သတိကြီးစွာထားလျက် ကျန်လုလင်တို့ ဘက်သို့ လှည့်၍ ပြောလိုက်သည်။

"ရောင်းရင်းတို့ သည်းခံကြ ... သည်းခံကြ၊ ငါတို့အခုလာတာက ထိမ်းမြားလက်ထပ် နေ့ရက်သတ်မှတ်စေ့စပ်ဖို့ လာကြတာ၊ ငါတို့အရှင်ထံက သတ်စေအမိန့်မပါဘူး။ ဒီအကြောင်းတွေကို ငါတို့အရှင်ထံပြန်ပြီး လျှောက်ထားကြမယ်"

နဂါးလုလင်တို့က ဒေါသကို ထိန်းသိမ်းလိုက်ကြသလို၊ ဗာရာဏသီ မင်းကြီးကလည်း သံတမန်အဖြစ်လာသူအား မသတ်ကောင်းဟူ၍ ချုပ်တည်း လိုက်သောကြောင့်သာ ဤမျှနှင့် ပြီးဆုံးသွားခဲ့ပေသည်။

သို့သော် နဂါးလုလင်တို့ပြန်သွားကြပြီး အကျိုးအကြောင်းကို သိရပြီး နောက်တွင်ကား ဓတရဋ္ဌနဂါးမင်းသည် အမျက်ချောင်းချောင်းထွက်လျက် အမိန့်တော်ကို ထုတ်ပြန်လိုက်လေတော့သည်။

"ငါတို့ရဲ့ အမျိုးအနွယ်မှန်သမျှ စုံရုံးရောက်ရှိကြစေ၊ မြင်းမိုရ်တောင်ရင်း နေ နဂါး၊ အရပ်ရှစ်မျက်နှာနေ နဂါး၊ အားလုံးသော နဂါးတို့ စုဝေးကြ"

နဂါးများအားလုံး အမိန့်တော်ဖြင့် စုံညီစုဝေးမိကြသည်တွင် ဓတရဋ္ဌ နဂါးမင်းက တစ်ချက်လွှတ် အမိန့်ပြန်လိုက်သည်။

"သင်တို့အားလုံး ဗာရာဏသီပြည်ကို သွားကြ၊ ဗာရာဏသီပြည် အားလုံးကို နဂါးတို့ရဲ့ တန်ခိုးအစွမ်း၊ နှာခေါင်းလေနဲ့ လွှတ်ကြ၊ ကြောက်ဖွယ်အဆင်းနဲ့ ခြိမ်းခြောက်ကြ"

ဓတရဋ္ဌနဂါးမင်း၏ အမိန့်တော်အဆုံးတွင် နဂါးတို့သည် ပါးပျဉ်းဖြိုင် ဖြိုင်ကလျက် စစ်သံကြွေးကြော် လိုက်ကြသည်။

"နဂါးအပေါင်းတို့၊ ဗာရာဏသီပြည် အားလုံးကို သင်တို့ အစွမ်းရှိသမျှ ခြိမ်းခြောက်နိုင်ကြတယ်။ သို့သော် တစ်စုံတစ်ယောက်ကိုမျှ မညှင်းဆဲ မသတ် ဖြတ်ကြလေနဲ့၊ ဗာရာဏသီမင်းကြီးရဲ့ သမီးတော် သမုဒ္ဒဇာကို ကျွန်ုပ် ချစ်မြတ်နိုးသည်နှင့်အညီ သူ့ရဲ့ ပြည်သူပြည်သားတစ်ယောက်တလေရဲ့ အသက်ကိုမျှ ဖျက်ဆီးဖို့ မရည်ရွယ်ဘူး။ အသက်သတ်ခြင်းက လွဲလို့တော့ သင်တို့ ကြိုက်သလို

http://www.cherrythitsar.org



ထောင်းထောင်းဖျက်ခြေ၊ ပျက်ကြွေပြီး ဗာရာဏသီပြည်အားလုံး အုံးအုံးကျွက် အောင် လုပ်လိုက်ကြစမ်း”

ဤတွင် ရက်စက်ကြမ်းကြုတ်ခြင်း၌ မွေ့လျော်သော နဂါးတစ်စုက မေးလျှောက်ကြသည်။

“တစ်စုံတစ်ယောက်သောသူကိုမှ မသတ်ဖြတ် မညှင်းဆဲရဘဲလျက် ကျွန်ုပ်တို့ ဘယ်လောက်အထိ လုပ်ရပါ့မလဲ အရှင်နဂါးမင်း”

ဓတရဋ္ဌနဂါးမင်းသည် နဂါးတကာတို့ထက် ကြီးမားသော ပါးပျဉ်း ခွက်ကို ဟက်ပက်ကျယ်ပြန့်စွာ ဖွင့်ကားလိုက်ပြီးနောက် –

“သင်တို့ ဘယ်လိုလုပ်ရမယ်ဆိုတာ ကျွန်ုပ် ပြောမယ်။ ကျွန်ုပ် ကိုယ် တိုင် ဘယ်လိုလုပ်မယ်ဆိုတာလည်း ပြောပြမယ်၊ လာကြ နဂါးအပေါင်းတို့ ဗာရာဏသီပြည်ကို ချီတက်ကြစို့”

*

ဘေးအန္တရာယ်ကို မသိသော ဗာရာဏသီပြည် အားလုံးသည် ညဉ့် လယ်ယံတွင် ခါတိုင်းလိုပင် နှစ်ခြိုက်စွာ အိပ်မောကျနေလေသည်။

သို့ဖြင့်ပင် သန်းခေါင်ယံ ကာလသို့ ရောက်ရှိလာသည်။

သန်းခေါင်ယွန်း၍ ညဉ့်အစွန်းရောက်ပြီ ဆိုသည်နှင့် အရာအထောင် အသောင်း အသိန်းများစွာသော နဂါးတို့သည် ဗာရာဏသီပြည်တွင်းသို့ ဝင် ရောက်လာကြသည်။ နဂါးမင်းအမိန့်တော်အတိုင်း အချို့က အိမ်များ၌၊ အချို့က ရေကန်များ၌၊ အချို့က ခရီးလမ်းဆုံများ၌၊ အချို့ သစ်ပင်များ၌၊ အချို့ တံခါးတိုင် မုခ်ဦးများ၌ တစ်ခဲနက် အပြွတ်အသိပ်၊ အပြည့်အကျပ် နေရာယူလိုက်ကြသည်။

အထက်တမန်ဖြင့် လာကြသော နဂါးလုလင်လေးယောက်တို့မူ မင်း ကြီး စက်တော်မူသော ညောင်စောင်းခြေလေးခုတို့တွင် ကိုယ်ကိုရစ်ပတ်လျက် ဦးခေါင်း၌ ကြီးစွာသော ပါးပျဉ်းကို ဖြန့်ကားလျက် ယိမ်းထိုးလှုပ်ခါသော နှုတ် သီးများဖြင့် မင်းကြီးကို ပေါက်အံ့တကဲကဲ ပြင်ဆင်လိုက်ကြသည်။

ဓတရဋ္ဌ နဂါးမင်းကိုယ်တိုင်ကား ဖွေးဖွေးဆွတ် ဖြူသော ကြီးစွာသော ကိုယ်လုံးကြီးဖြင့် တစ်ဆယ့်နှစ် ယူဇနာရှိသော ကာသိကရာဇ်ပြည်ကို ခုနစ်ပတ် ရစ်ပတ်ကာ ဧရာမ ပါးပျဉ်းကြီးဖြင့် ကာသိကရာဇ် မိုးကောင်းကင်ကို ဖုံးလွှမ်း ထားလိုက်သည်။

ပြည်သား ပြည်သူတို့ကား မသိကြသေး။

တစ်စတစ်စဖြင့် မိုးသောက်ယံသို့ ချဉ်းလာသည်။

လင်းအရုဏ် ပို့အံ့စ ပြုလာသည်။

အမှောင်မကွဲ အလင်းပျပျထဲတွင် ဗာရာဏသီပြည်ကား နဂါးတို့ဖြင့် နေရာတိုင်းတွင် ပြည့်နှက်နေပေပြီ။

အရှေ့ဘက် ကောင်းကင်ဆီမှ လင်းအရုဏ်ဦး တစ်ချက် လက်ခနဲ ဖြစ်စပြုချိန်တွင် ဓတရဋ္ဌနဂါးမင်းသည် နှာခေါင်းပေါက်မှ လေပြင်းတစ်ချက်မှုတ်၍ စစ်ပွဲကို စတင်ဖွင့်လှစ်လိုက်သည်။

ထို့နောက်ကား ဗာရာဏသီပြည် အားလုံး၏ လေးရပ်ဝန်းကျင် တောတောင်မြို့ပြည်အနီး သစ်ပင်အုပ်၊ ထိုမှတစ်ဆင့် မြို့တွင်း လူနေအိမ်၊ ဇရပ်၊ ရေကန်၊ တံခါးမုခ်၊ ခရီးလမ်းခွဆုံ၊ အိမ်အပြင် ဝရန်တာလေသာ၊ အိမ်အတွင်း၊ တံခါးခုံ၊ ပြတင်း၊ လှေကား၊ အမိုး နေရာလပ်မကျန် တရှူးရှူး တရှဲရှဲ တစ်ခဲနက်သော အသံကြီးများက အဆက်မပြတ် မြည်လာတော့သည်။

ပန်းပဲဖိုပေါင်းထောင်သောင်းတို့ကို တစ်ရံမနား အချက်ပေါင်းများစွာ ဆွဲသကဲ့သို့သော ဟူးဟူးဗြီးဗြီး အသံများဖြင့် ပွတ်လောညံသွားချိန်တွင် ဗာရာဏသီ ပြည်သူတို့လည်း မျက်စိနှစ်လုံး ပွင့်လာကြသည်နှင့် –

စိမ်းညို့နက်ပြာ ဖိတ်ဖိတ်လက် အကြေးခွံတို့ဖြင့် တလူးလွန့်လွန့် တွန့်လိမ်နေကြသော ရှည်မျောလုံးဝန်း ကိုယ်လုံးကြီးများ၊ လေပြည့်သော လှေရွက်သို့နှယ် ဖောင်းဖောင်းတင်းတင်း ပါးပျဉ်းခွက်ကြီးများ၊ အလျှံတရဲရဲ မီးကျီးခဲသို့နှယ် မျက်လုံးနီနီကြီးများ၊ သံတွေချော်မြှုပ် တဖြုတ်ဖြုတ် တောက်လောင်သော မီးတောက်စ သို့နှယ် ဖြဖွင့်ထားသော ခံတွင်းရဲရဲကြီးများ၊ ယခုပင် ထိုးဖောက်တော့မတတ် ဝဲယာထက်အောက်မပြတ် တရမ်းရမ်း လှုပ်ရှားနေသော လျှာစွယ်ကြီးများကို မိမိတို့၏ စက်ရာခေါင်းရင်း၊ ခြေရင်း၊ ခုတင်ဘေး၊ ခုတင်ပေါ်၊ ခုတင်အောက်၊ ကြမ်းပြင်၊ ပြတင်း၊ အမိုး၊ အိမ်တိုင်၊ လှေကား၊ မြေပြန့်တလင်း၊ ကွင်းပြင် မုခ်တံခါး၊ သစ်ပင်များ၊ ပန်းချုံများမှာပါ မကျန် တွေ့လိုက်ကြရတော့သည်။

အချို့ အိပ်ရာမှ လွန့်နိုးထ,လျက် ခြေဆန့်လက်ဆန့် လှုပ်ရှားလိုက်ရာမှာလည်း ခြေချရာ လက်ရောက်ရာတို့၌ ချွဲကျိုသော အေးစက်စက် နဂါးကိုယ်လုံးကြီးများကို ထိတွေ့လိုက်ကြရသည်။

အချို့ကား နားကွဲမတတ် တရှူးရှူး တရှဲရှဲ တဟဲဟဲ နှာမှုတ်သံကြီးများ ဝိုင်းရံနေသည်ကို ကြားရကာ နေရာမှ မရွေ့နိုင်အောင် ဖြစ်သွားကြရသည်။

သတိကောင်းသူအချို့က မီးထွန်း၍ ကြည့်လိုက်ကြသောအခါ မြို့တံခါးပစ္စင် ရင်တားတို့၌ တွဲရရွဲဆွဲကာ လှုပ်ယမ်းနေသော နဂါးများကို တွေ့ကြရပြန်သည်။

ဗာရာဏသီပြည်အားလုံး နေရာလပ်မရှိ နဂါးတို့ဖြင့် ဖုံးလွှမ်းပြည့်ကျပ်ကာ တရှူးရှူး တရှဲရှဲ အသံများကလည်း ကောင်းကင်သို့ လွင့်ပျံ့နေကြသည်။

http://www.cherrythitsar.org



သို့ဖြင့်ပင် ဗာရာဏသီပြည်၏ မိုးသောက် နံနက်လင်း ထိုတစ်ရက်သည် နဂါးတို့၏ ရှုးရှုးအသံများ၊ လူအပေါင်းတို့၏ ကယ်ပါ ယူပါ တစာစာ အော်သံများဖြင့် ကျွက်ကျွက် ညံသွားတော့သည်။

ဓတရဋ္ဌ နဂါးမင်းကား ခုနစ်ပတ်ရစ်ခွေထားသော ကိုယ်လုံးထက်မှ ကြီးစွာသော ပါးပျဉ်းခွက်ကြီးကို ရှေ့တိုးနောက်ငင် ယိမ်းငဲ့ကာ ပွက်ပွက် ရိုက်သွားသော ဗာရဏသီကို အားလုံး၏အပေါ်မှ စီးမိုးလျက် ဝင်းဝင်းတောက်သော မျက်လုံးနီကြီးများဖြင့် ကြည့်လျက်နေလေသည်။

ဤသို့ဖြင့် ဗာရာဏသီ မိုးသောက်ယံသည် တိုင်းသူပြည်သားများ၏ ကြောက်အားတကြီး ငိုကြွေးအော်ဟစ် မြည်တမ်းသံများဖြင့် ဖုံးလွှမ်းသွားသည်။ တစာစာ မြည်ကြွေးငိုယိုသံများနှင့်အတူ အထောင်အသောင်းသော နဂါးတို့ကို တောင်းပန် အသနားခံကြသည်။ အဘယ်ကြောင့် ဤသို့ပြုမူကြပါသလဲ။ အဘယ်အပြစ်ဖြင့် ညှဉ်းဆဲကြပါသလဲ ဟူသော မေးသံများက နေရာတိုင်းတွင် တစ်ချိန်တည်း လိုလိုမှာပင် ထွက်ပေါ်လာကြသည်။

ထိုအခါ နဂါးများကလည်း ဓတရဋ္ဌနဂါးမင်း မိန့်မှာထားသည့်အတိုင်း တစ်ညီတစ်ညွတ်တည်း ဖြေကြလေသည်။

"သင်တို့ရဲ့ ဘုရင်ဟာ သမီးတော် သမုဒ္ဒဇာကို ငါတို့ အရှင် ဓတရဋ္ဌ နဂါးမင်းအား ဆက်သပါမယ်လို့ တမန်စေလွှတ်ခဲ့တယ်။ ဒါကြောင့် ငါတို့အရှင်က နေ့ရက် အချိန်းအချက်ပြုဖို့ နဂါးလုလင်များကို လွှတ်လိုက်တယ်။ သို့ပြီးကာမှ ငါတို့ရဲ့ နဂါးလုလင်တွေကို သင်တို့ဘုရင်က နှိပ်နှိပ်နင်းနင်း အကောက်ဉာဏ်နဲ့ တိရစ္ဆာန်မျိုးလို့ ဆိုးဆိုးရွားရွား ဆဲရေး ပုတ်ခတ်လိုက်တယ်။ ဗာရာဏသီပြည်သားတို့၊ သမီးတော် သမုဒ္ဒဇာကို ငါတို့အရှင်ထံ မအပ်ပါက သင်တို့အားလုံး တစ်ယောက်မကျန် အသတ်ခံရမယ်"

ဗာရာဏသီ ပြည်သားတို့အဖို့ အသက်ဘေးမှ တစ်ပါး အခြား အရေးမရှိတော့ပြီ။

"အရှင်နဂါးတို့၊ ကျွန်ုပ်တို့ မင်းကြီးထံ အခုပဲသွားပြီး သမီးတော်အရေး ကြေအေးဖို့ တောင်းဆိုပေးပါမယ်။ ကျွန်ုပ်တို့ကို လမ်းဖွင့်လို့သာ ပေးကြပါ"

ကိုယ်လုံးဖြင့် ရစ်ခွေလျက်၊ ပါးပျဉ်းဖြင့် ကဲမိုးလျက်၊ အမြီးဖြင့် ပတ်နှောင်လျက် အမျိုးမျိုးအစုံစုံ အတားအရံ မာန်ပြင်းထန်ထားကြသော နဂါးတို့သည် အသီးသီး ဖြေလျှော့ပေးလိုက်ကြသည်။

ဤတွင် လေးဘက် လေးရပ်မှ ပြည်သူလူထု အပေါင်းလည်း မင်းကြီး၏ နန်းတော်တံခါးဝ၌ စုဝေးမိသွားကြသည်။ မင်းမိဖုရား ကိုယ်လုပ် မောင်းမတို့

လည်း မိမိတို့၏တိုက်ခန်းနန်းဆောင် စက်ရာထက်မှာပင် လှုပ်မရှားသာ ထ, ထိုင်လိုက်ကြသည်။

ပြည်သူပြည်သား နန်းတွင်းသူ နန်းတွင်းသား အားလုံး၏ ငိုကြွေးသံ၊ အော်ဟစ်မြည်တမ်းသံသည် တစ်ပြိုင်တည်း ထွက်ပေါ်လာလေသည်။

"သမီးတော် သမုဒ္ဒဇာကို နဂါးမင်းထံ ဆက်ပို့ပါ"

"ဗာရာဏသီကို ကယ်တင်ပါ"

"နဂါးတို့ရဲ့ သတ်ဖြတ်ခြင်းမှ ကယ်တော်မူပါ"

"ကယ်တော်မူပါ အရှင်မင်းကြီး"

ဤတစ်ချိန်တည်းမှာပင် မင်းကြီး၏စက်ရာ ညောင်းစောင်းခုတင်တိုင် လေးခု၌ ရစ်ပတ်သော ပါးပျဉ်းခွက်ကြီးများကို လှုပ်ယမ်းနေကြသည့် နဂါး လေးကောင်ကလည်း အဆက်မပြတ် ခြိမ်းခြောက်နေကြသည်။

"သမီးတော်ကို ပေး"

"သမီးတော်ကို အပ်"

ယခုပင်လျှင် မင်းကြီး၏မျက်နှာ ဦးခေါင်းထက်သို့ မိမိတို့၏အစွယ်ကြီးများကို ထိုးစိုက်ပေါက်ရိုက်တော့မတတ် နှုတ်သီးတယမ်းယမ်း၊ နှာငွေ့များ တရှူးရှူးဖြင့် လှုပ်ခါနေကြသည်။

မင်းကြီးစက်ရာမှ မထသာ။ ထိတ်လန့်ခြင်း ကြီးစွာဖြင့် ပက်လက်မှပင် နဂါးလေးကောင်ကိုကြည့်ရင်း ဇောချွေးများ ပြန်လာသည်။ နန်းတော် အဆောင်များ ဆီမှ၊ ထို့နောက် နန်းတော်တံခါးဝဆီမှ အော်ဟစ်မြည်တမ်းသံများကလည်း အလုံးအရင်းနှင့် ဝင်ရောက်နေသည်။

"ကယ်တော်မူပါ ... ကယ်တော်မူပါ"

"သမီးတော်ကိုပေး ... သမီးတော်ကို အပ်"

မင်းကြီးသည် အသံကုန် အော်ဟစ်လိုက်လေတော့သည်။

"ငါ့ သမီးတော်ကို နဂါးမင်းထံ ပို့ပါမယ်။ ရပ်ကြပါတော့၊ တော်ကြပါ တော့"

*

## သမုဒ္ဒဇာ၏ ရွှေလမ်း ငွေလမ်း

သုံးကြိမ်တိုင်တိုင် မင်းကြီး ဟစ်အော်လိုက်ပြီးသည့်နောက်တွင် ပထမဦးစွာ မင်းကြီး၏စက်ရာ ခုတင်တိုင် လေးခုမှ နဂါးလေးကောင်တို့သည် ပါးပျဉ်းကို သိမ်း၊ ခံတွင်းကိုပိတ်၊ အစွယ်ကို ရုတ်၊ အရစ်အပတ်ကိုဖြေကာ တစ်မုဟုတ်ချင်းပင် နန်းဆောင်တွင်းမှ ထွက်ခွာသွားကြသည်။

အချိန်းအချက် အစီအမံ စေ့စပ်စွာ ရှိထားပြီးကြသည်ဖြစ်သည့်အလျောက် နန်းတော် အဆောင်ဆောင်များ၊ မြို့တွင်းရှိ စံအိမ်များ၊ မြို့ပြင်ရှိ စံအိမ်များ၊ တံခါးမုခ်ဝများ၊ ဈေးရုံလမ်းဆုံများ၊ လေ့ကားခုံများ စသည့် နေရာအသီးသီးရှိ ထောင်ပေါင်းများစွာသော နဂါးတို့လည်း တစ်ကောင်ပြီး တစ်ကောင်ဆုတ်ခွာ ပျောက်ကွယ်သွားကြလေသည်။

ထို့နောက်တွင်မူ ဗာရာဏသီနှင့် တစ်ဂါဝုတ်မျှ ကွာလှမ်းသော အရပ်၌ရွှေရောင် ငွေရောင်တောက်နေသော တိုင်းပြည်ကြီးတစ်ခု ပေါ်ပေါက်လာသည်။ ဤသည်မှာလည်း ဓတရဋ္ဌနဂါးမင်း၏ အမိန့်အရ နဂါးများ စီရင်ဖန်တီးလိုက်သော မြို့တော် ပြည်တော်သစ် ဖြစ်လေသည်။

ဓတရဋ္ဌ နဂါးမင်း၏ မေတ္တာ အချစ်ဓာတ် ရစ်ပတ်နှင့် ပြီးဖြစ်သောသမီးတော် သမုဒ္ဒဇာကား၊ တစ်ညဉ့်တာ တစ်မိုးသောက်အတွင်း မိမိခမည်းတော်နှင့်တကွ ဗာရာဏသီပြည်အလုံး၏ အုံးအုံးကျွက်ကျွက် အဖြစ်ကို စိုးစဉ်းမျှ မသိလိုက်ချေ။

အတင့်အတယ် စီရင်ဖန်ဆင်းအပ်ပြီးသော မြို့တော်သစ်မှနေ၍ ဓတရဋ္ဌနဂါးမင်းသည် 'သမီးတောင်းအဖွဲ့' ကို လက်ဆောင် ပဏ္ဏာကာရများဖြင့် စေလွှတ်လိုက်သည်။ မင်းကြီးသည် လူ့အသွင် ဖန်ဆင်းလာသော နဂါးတမန်အဖွဲ့

http://www.cherrythitsar.org



ကို အနူးအညွတ် လက်ခံတွေ့ဆုံကာ အဆောင်အယောင် စုံလင်စွာဖြင့် ဆက်ပို့လာပါမည်ဟု အကြောင်းပြန်လိုက်လေသည်။

ထိုသို့သော လိုအင်ဖွယ်များကို စီမံကြပြီးမှ မင်းကြီးသည် သမီးတော်သမုဒ္ဒဇာကို ရှေ့တော်သို့ ခေါ်ယူလိုက်သည်။ သမီးတော်လည်း အခစား ဝင်လာသည်။ မင်းကြီးက သမီးတော်ကို ရွှေနန်းတော်အထက် ပြာသဒ်အထိ ခေါ်ဆောင်သွားပြီးနောက် လေသာပြတင်းကို ဖွင့်လျက် ပျပျရေးရေး အဝေးတစ်နေရာသို့ ပြလိုက်လေသည်။

"ကြည့်လိုက်စမ်း သမီးတော်။ ဟိုး ... မိုးကုပ် စက်ဝိုင်း ဒေသဆီက ရွှေရောင်ပြိုးပြက်တောက်ပနေတဲ့ မြို့နန်းပြည်ထောင်ကို တွေ့တယ် မဟုတ်လား"

နဂါးတို့၏ တန်ခိုးဖြင့် ရွှေရောင်တိုင်းပြည်သည် အဝေးဆီမှနေ၍ အင်အားကြီးစွာ ညို့ယူခေါ်ဆောင်နေလေသည်။ သမီးတော်၏ ညွတ်နူးစူးစိုက်ခြင်းကို အရအမိ ယူပြီးနောက် မင်းကြီးက အသာတကြည် ဖျောင်းဖျ မိန့်ကြားပြန်သည်။

"အဲဒီ ရွှေရောင်တိုင်းပြည်ကြီးရဲ့ အရှင်သခင် ဘုရင်တစ်ပါးရဲ့ မိဖုရားကြီး အဖြစ်ကို သမီးတော်အား ဆောင်နှင်းမယ်။ မနီးလွန်း မဝေးလွန်း ဒေသမှာရှိတဲ့ သည်တိုင်းပြည်မှာ သမီးတော်ဟာ မဟေသီ ဇေကရီတစ်ပါး ဖြစ်တော့မယ်။ ခမည်းတော်တို့ကို အောက်မေ့လွမ်းဆွတ်လို့ သမီးတော် လာမယ်ဆိုရင်လည်း လွယ်ကူတဲ့ အကွာအဝေး ဖြစ်တယ်။ ခမည်းတော် စကား သမီးတော် နာခံလိမ့်မယ်လို့ ယုံကြည်တယ်"

အလှအပ၊ ကြီးကျယ်ခမ်းနားမှုနှင့် ဘုရင့်သမီးတော် ဟူသော ဘဝတို့မှတစ်ပါး၊ ဘာကိုမျှ နားလည်ခွင့်မရသော သမုဒ္ဒဇာသည် ရွှေရောင်တိုင်းပြည်ဆီသို့ ငေးမျှော် ကြည့်ရင်းမှာပင် ခမည်းတော်ဘက် လှည့်ကာ လက်အုပ်ချီလျက် ဦးခေါင်း ညွတ်လိုက်ရလေသည်။

အကြီးကျယ်ဆုံး အဆောင်အယောင် အခမ်းအနားတို့ အလယ်မှ ရထားပေါင်းချုပ်ထက်၌ ပါလာသော သမုဒ္ဒဇာကို ရွှေရောင်တိုင်းပြည်ရှင် ဓတရဋ္ဌ နဂါးမင်းက ပရိသတ်စုံညီနှင့် ခရီးဦးကြိုဆိုသည်။ ဗာရာဏသီ မှူးမတ်တို့လည်း သမီးတော်ကို အပ်ခဲ့ပြီးနောက် ပြန်ခဲ့ကြသည်။

ဓတရဋ္ဌ နဂါးမင်းသည် မင်းသမီးကို ပြာသဒ်ပေါ်သို့ တင်ဆောင်ခဲ့သည်။ ဤအချိန်တွင် နန်းဆောင်ဘုံအဆင့်ဆင့်တို့တွင် တောက်ပစွာ ဝတ်စားဆင်ယင်လျက် ခစားနေကြသော မှူးမတ်ရဲရွှေ အားလုံး၌ နဂါးဟူသော အသွင်အငွေ့မြူတစ်မှုန် ရွေးတစ်စေ့မျှ မရှိကြပေ။ ဤသည်မှာလည်း 'သမုဒ္ဒဇာ မင်းသမီးအား၊ အလုံးစုံသော နဂါးတို့သည် လူ့အသွင်ဖြင့် လုပ်ကျွေးခြံရံ ခစားကြရမည်' ဟု ဓတရဋ္ဌ နဂါးမင်းက အမိန့်ထုတ်ထားသောကြောင့် ဖြစ်လေသည်။

http://www.cherrythitsar.org



လူ့အသွင် ဖန်ဆင်းထားသော နဂါးမ၊ ကိုယ်လုပ်မောင်းမ ရံရွေတို့ အလယ်တွင် ကြီးစွာသော ခစားလုပ်ကျွေးမှုကို ခံယူပြီးနောက် သမုဒ္ဒဇာသည် တန်ဆာဆင်သော 'စက်ရာတော်' ထက်သို့ တက်ရောက် အိပ်စက်လေသည်။

ဤခဏမှာပင် သမုဒ္ဒဇာသည် နတ်တို့၏ အတွေ့ကြောင့် အိပ်ရာထက် ၌ လျောင်းကာမျှဖြင့် မွေ့လျော် နစ်မြုပ် အိပ်ပျော်ခြင်းကို ဆိုက်ရောက်သွားသည်။ ဤမှာပင်လျှင် ဗာရာဏသီနှင့် တစ်ဂါဝုတ်ခြားသော ရွှေရောင်တိုင်းပြည်ကြီး လည်း မြေပေါ်မှ တစ်မုဟုတ်ချင်း ပျောက်ကွယ်သွားလေတော့သည်။

*

စက်ရာမှ ကြည်လင်လန်းဆတ်စွာ နိုးထလာသော သမုဒ္ဒဇာသည် ပထမဦးစွာ မိမိအိပ်စက်ခဲ့ရာ တန်ဆာဆင်အပ်သော အိပ်ရာ၊ ထို့နောက် ဝဲယာ ဝန်းကျင်မှ ရွှေရောင်၊ ပတ္တမြားရောင် ဖိတ်လက်နေသော ပြသဒ်များ၊ ဥယျာဉ် ရေကန်များနှင့်တကွ ဗာရာဏသီပြည်နှင့် အခြားကြီး ခြားနေသော ထူးဆန်းတင့် တယ်သည့် မြင်ကွင်းကို တွေ့လိုက်ရသောအခါ ကြီးစွာ အံ့အားသင့်သွားသည်။

မိမိအနီးအနားတွင်လည်း တောက်ပသော ရတနာစီခြယ်ဝတ်စုံကို ဆင်မြန်းလျက် ခစားနေကြသော ရံရွေကိုယ်လုပ် မောင်းမများကို တွေ့နေရသည်။ မိမိကိုယ်တိုင်မှာလည်း ထူးခြားသော အဆင်းတန်ဆာများဖြင့် တင့်တယ်နေ သည်။

သမုဒ္ဒဇာသည် မိမိ၏ ခမည်းတော်ကိုလည်းကောင်း၊ ဗာရာဏသီနှင့် တကွသော နန်းတော်ကိုလည်းကောင်း၊ စဉ်းစား စိတ်ကူးရန် မေ့ပျောက်သွားပေ ပြီ။ ထို့ကြောင့် သမုဒ္ဒဇာနှုတ်မှ ပထမဆုံးထွက်ပေါ်လာသော စကားမှာ –

"ဒါ ... ဘယ်တိုင်းပြည်လဲ၊ ဘယ်သူ့ရဲ့ တိုင်းပြည်လဲ" ဟူသော မေးခွန်းပင် ဖြစ်သည်။

"အရှင်မိဖုရား၊ ဤပြည်သည် အရှင်ဝေရဠမင်းကြီး၏ တိုင်းပြည် ဖြစ်ပါတယ်။ အရှင်ဝေရဠမင်းကြီးဟူသည်က အရှင်မိဖုရား၏ ကြင်ရာတော် ဖြစ်ပါတယ်။ စင်စစ် ဤပြည် ဤဘုံသည် ဘုန်းကံပါရမီ နည်းသော သူတို့နေ ခြင်းငှာ မထိုက်၊ အရှင်မိဖုရားသာ ဘုန်းတော်ကြီးလှသောကြောင့် နတ်တို့နှင့် မခြားသော ဤစည်းစိမ်ကို ရတော်မူခြင်း ဖြစ်ပါတယ်"

"ဩော် ... ဒီလိုတဲ့လား"

နှစ်သက်ကြည်နူးခြင်း အပြည့်ဆောင်သည့် ထိုဥဒါန်းစကား နောက် ဝယ် သမုဒ္ဒဇာ၏ ခပ်သိမ်းသော အတိတ်ဖြစ်ရပ်တို့သည် မေးမှိန်ပျောက်ကွယ် သွားကြပေပြီ။

http://www.cherrythitsar.org



သမုဒ္ဒဇာ မိဖုရားသည် ဓတရဋ္ဌ နဂါးမင်း၏ မိဖုရားကြီး ဖြစ်လာရသော မိမိ၏ဖြစ်စဉ် အရပ်ရပ်ကိုလည်း မသိ။ မိမိအဘယ်အရပ်သို့ ရောက်ရှိနေမှန်းလည်းမသိ။ ထို့နည်းတူစွာ ဓတရဋ္ဌနဂါးမင်း ထုတ်ပြန်လိုက်သော တစ်ချက်လွှတ် အမိန့်တော်ကိုလည်း မသိ။

"ယမုနာ ငါးရာရှိသော ဤနဂါးပြည် အလုံး၌ မိဖုရားကြီး သမုဒ္ဒဇာအား မည်သည့် နဂါးမျှ အဆင်းသဏ္ဌာန် မပြရ၊ အကယ်၍ မိမိတို့၏ မြွေအဆင်းသဏ္ဌာန်ကို ပြမိချေအံ့၊ ထိုသူအား ကြီးစွာသော ရာဇဒဏ်ဖြင့် စီရင်ခြင်းကို ခံရမည်။ ဓတရဋ္ဌ နဂါးမင်း အမိန့်တော်"

*

# သားလေးယါးနှင့် နဂါးပြည်

ပထမသားတော်ကြီး သုဒဿန။ ဒုတိယသားတော် ဒတ္တ။ တတိယ သားတော် သုဘောဂ။ စတုတ္ထသားတော် အရိဋ္ဌ။

သားလေးယောက်တို့သာ နေ့စေ့လစေ့ရောက် ဖွားမြောက်လာခဲ့သည်။ အငယ်ဆုံးသားတော် အရိဋ္ဌ ပင်လျှင် စကားတီတာ ပြောတတ်နားထောင်တတ်သော အရွယ်ရောက်လာပြီဖြစ်သည်။ သမုဒ္ဒဇာကား မိမိတည်ရာကို နဂါးပြည်ဟု မသိ။ ဓတရဋ္ဌ နဂါးမင်းကြီး၏ ချစ်မြတ်နိုးခြင်း၊ နဂါးပြည်အလုံးမှ နဂါးတို့၏ မင်းကြီးအမိန့်တော်၌ ပျပ်ဝပ်တည်တံ့ခြင်း၊ မိဖုရားကြီး သမုဒ္ဒဇာ ကိုယ်နှိုက်က လည်း အေးဆေးတည်ငြိမ်ခြင်းတို့ကြောင့် အရာရာသည် ထူးခြားကြီးမားသော အပြောင်းအလဲ မရှိ။ ပကတိ အေးချမ်းသာယာစွာဖြင့် အချိန်ကာလတို့ ကုန်ဆုံး သွားခဲ့ကြသည်။

သို့ဖြင့် တစ်ခုသော နေ့သို့ ရှေ့ရှု ဦးတည်လာနေသည့် အဖြစ်ကို အားလုံးပင် မသိလိုက် မသိဘာသာ ဖြတ်သန်းလာခဲ့ကြလေသည်။

ထိုနေ့မှာကား ဤကား နဂါးပြည်တည်းဟု သမုဒ္ဒဇာ မိဖုရားကြီး မျက်ဝါးထင်ထင် သိမြင်လာသည့် နေ့ဖြစ်သည်။ ဓတရဋ္ဌမင်းကြီး၏ အမိန့်တော် ကြောင့် မြွေအဆင်းကို အလျဉ်းပင် မသိမမြင် ခဲ့ရသည့် မိဖုရားကြီးသည် သိရ မြင်ရမည် အရေးဆိုက်ရောက်လာသောအခါတွင်လည်း မထိတ်သာ မလန့်သာ ဖြစ်ခဲ့ရလေသည်။

အကြောင်းမှာ မြွေအဆင်းကို ထင်ထင်လင်းလင်း ပြလိုက်သူမှာ မင်းကြီး အမိန့်ကို ဖောက်ဖျက်စော်ကားရဲသည့် နဂါးသွမ်း၊ နဂါးရမ်း အမှုတော်

http://www.cherrythitsar.org



ထမ်း မဟုတ်မူဘဲ သားတော်လေးပါးအနက်မှ တစ်ပါးသော သားတော် ဖြစ်ခဲ့ခြင်းကြောင့်ပင်။

အငယ်ဆုံးသော သားတော် အရိဋ္ဌသည် နို့စို့အရွယ် ကလေးငယ်ဖြစ်သည့်အလျောက် အမိန့်တော်ကိုလည်း မသိ။ မိခင်ကြောက်လန့်သွားမည်ကိုလည်း နားမလည်ရှာ။ ထို့အပြင် အရာရာ စူးစမ်းချင်တတ်သော အရွယ်လေးလည်း ဖြစ်နေပြန်သည်။

ကစားဖော် နဂါးသူငယ်ချင်းအချင်းချင်းတို့က အရိဋ္ဌကို ပြောကြသည်။

"အရှင့်သားလေး အရိဋ္ဌ၊ အရှင့်သားဟာ ဒီပြည်မှာတော့ ထူးခြားသူဖြစ်တယ်"

အရိဋ္ဌက ပြန်ပြောသည်။

"ဘာဖြစ်လို့လဲ၊ ငါက ခမည်းတော် ဘုရင်ကြီးရဲ့ သားတော်မို့လား"

"မဟုတ်ဘူး၊ အရှင့်သားရဲ့ မယ်တော်က ထူးခြားနေလို့"

"မယ်တော်က ဘာ ထူးခြားနေလို့လဲ"

"အရှင့် မယ်တော်က နဂါးမ မဟုတ်ဘူး။ လူမိန်းမ"

အရိဋ္ဌသည် ထိုစကားကို တစ်ချည်တည်း စွဲမှတ်ကာ ကလေးငယ်တို့၏ စိတ်ကူးဖြင့် မည်သူ့ကိုမျှ မေးမြန်းစုံစမ်းခြင်း မပြုတော့ဘဲ ကိုယ်တိုင် စုံစမ်းကြည့်ရန် ဆုံးဖြတ်လိုက်လေသည်။

မယ်တော် သမုဒ္ဒဇာ၏ ရင်ခွင်ထဲမှာ နို့ချိုသောက်စို့နေရင်း အရိဋ္ဌသည် မယ်တော့် မျက်နှာကို တစိမ့်စိမ့် ကြည့်နေသည်။ မယ်တော်ကား အဝေးဆီသို့ မျှော်ငေးရင်း နို့ချိုတိုက်ကျွေး ထွေးပွေ့လျက်။

အရိဋ္ဌသည် ဤအချိန်မှာ မယ်တော်ကို စမ်းသပ်ကြည့်ရန် အကောင်းဆုံး အချိန်ပင် ဖြစ်သည်ဟု တွေးသည်။ နို့ချိုစို့လျက်ကပင် နတ်နဂါးတို့ ကမ္မဇိဒ္ဓိဖြင့် မိမိကိုယ်ကို မြွေသဏ္ဌာန် ဖန်ဆင်းလိုက်သည်။ ထို့နောက် အမြီးဖျားဖြင့် မယ်တော်၏ ခြေဖမိုးကို ခတ်လိုက်သည်။

ရင်ခွင်ထဲရှိ နွေးထွေးသော အငွေ့ ပျောက်သွားကာ အေးစက် ချောမွေ့သော ထိတ်လန့်ဖွယ် အတွေ့ရောက်လာသည်နှင့် မယ်တော်သည် အလန့်တကြားပင် ငုံ့ကြည့်လိုက်သည်။

သားငယ် အရိဋ္ဌ နေရာတွင် မြွေတစ်ကောင်။

"အမယ်လေး … မောင်တောင်ဘုရား ကယ်တော်မူပါ"

အသံကုန် ဟစ်ရင်း ရင်ခွင်ထဲ ရောက်နေသော မြွေကို ကယောင်ကတမ်း လွှင့်ပစ်လိုက်သည်။ မြွေငယ်လည်း ကစင့်ကလျား လွင့်စဉ် ကျသွားတော့သည်။

http://www.cherrythitsar.org



သမုဒ္ဒဇာ၏ စူးစူးနစ်နစ် အော်ဟစ်သံကို နန်းဆောင်တွင် ရှိနေသော ဓတရဋ္ဌ နဂါးမင်း အတိုင်းသား ကြားရသည်။ နန်းတော်ထဲမှာလည်း ရုတ်ရုတ် သဲသဲ ဖြစ်သွားသည်။ ဓတရဋ္ဌမင်းသည် သမုဒ္ဒဇာ အဆောင်တော်သို့ ချက်ချင်း လိုပင် ရောက်သွားသည်။

မျက်လုံးအဝိုင်းသား ချွေးသီး ချွေးပေါက်များ၊ သွေးဆုတ်ဖြူရော် မျက်နှာ၊ ကတုန်ကယင် အမူအရာဖြင့် သမုဒ္ဒဇာ။ ခပ်လှမ်းလှမ်း နန်းကြမ်းပြင် တစ်နေရာ၌ တွန့်လိမ်နေဆဲ မြွေငယ်တစ်ကောင်။

"ဘာကြောင့် ... အသည်းတုန် အူတုန် အော်လိုက်တာလဲ နှမတော်"

"သားတော်လေး ... အရိဋ္ဌ၊ အဲ ဟိုက ... သားတော်"

ဓတရဋ္ဌမင်းသည် အကြောင်းစုံကို သိလိုက်ပေပြီ။ တစ်ချက်လွှတ် မင်း မိန့်ကို ကျူးလွန်ဖောက်ဖျက်လိုက်သူမှာ သားတော် အရိဋ္ဌ။ နှစ်ကာလ ကြာမြင့် စွာ နဂါးပြည်တစ်ပြည်လုံး ထိန်းသိမ်းစောင့်စည်းခဲ့သည့် လျှို့ဝှက်ချက်နှင့် အမိန့် တော်ကို သားအရိဋ္ဌက ဖော်ထုတ်စော်ကားလိုက်ပြီ။

သား ဟူသော အသိ ပျောက်ကွယ်သွားသည်။ ဘုရင် ဟူသော ရာဇ မာန်နှင့် မိဖုရားသမုဒ္ဒဇာအပေါ် ချစ်ခြင်းတည်းဟူသော သံယောဇဉ်တို့ဖြင့် ဓတရဋ္ဌ မင်းသည် အမျက် ချောင်းချောင်း ထွက်လာသည်။

"အဲဒီ ငမိုက်သားကို အခု ဖမ်း"

မယ်တော် ကြောက်လန့်တကြားဖြင့် သတိလက်လွတ် ပုတ်ခတ် လွှင့် ပစ်လိုက်သော အရှိန်ကြောင့် အရိဋ္ဌမှာလည်း နန်းကြမ်းပြင်တွင် လူးလူးလွန့်လွန့် ဖြစ်နေသည်။ ထို့ထက်မူ မယ်တော် လွှင့်ပစ်လိုက်စဉ်က အလန့်တကြား ပုတ်ခတ် လိုက်သည် ဖြစ်လေရာ မယ်တော်၏ လက်နှင့် ထိခိုက်မိ၍ မျက်စိတစ်ဘက်မှာ လည်း သွေးစိမ်းရှင်ရှင် ထွက်လာလျက်။

သား၏မျက်စိတစ်ဘက် ပျက်စီးသွားပြီကို သိလိုက်သော မယ်တော် သမုဒ္ဒဇာသည် မိခင်တို့၏ ချစ်ခြင်းဖြင့် ဓတရဋ္ဌမင်းကြီး ရှေ့မှောက်သို့ ကိုယ်ကို ပစ်လှဲလိုက်လေသည်။

ဓတရဋ္ဌ မင်းကြီးကား ခက်ထန်ပေါက်ကွဲနေပေပြီ။

"သင်းကို ငါ ကိုယ်တိုင် သတ်မယ်"

"မောင်တော်မင်းကြီး၊ သားတော်လေးဟာ ဘာမှ မသိရှာတဲ့ အရွယ် လေး ဖြစ်ပါတယ်။ ရင်ခွင်ထဲက နို့စို့ သူငယ်လေးသာ ဖြစ်ပါတယ်။ ပြီးတော့ လည်း နှမတော် သွေးပျက်ထိတ်လန့်ပြီး ရင်ခွင်ထဲကနေ ပစ်လွှတ်လိုက်စဉ်က နှမတော်ရဲ့ လက်နဲ့ ပုတ်ခတ်မိပြီး သားလေးရဲ့ မျက်လုံးတစ်ဘက်ဟာ သွေး စိမ်းရှင်ရှင်ထွက် ပျက်စီးခဲ့ပါပြီ။ သားလေးဟာ အခုပဲ ဆိုးရွားလှတဲ့ အနာဒဏ်ကို

ခံစားနေရပါပြီ။ သားကို ချမ်းသာပေးပါ။ အပြစ်ယူတော် မမူပါနဲ့ မောင်တော် မင်းကြီး"

စေတရဋ္ဌ မင်းကြီး၏အမျက်ဒေါသသည် ငြိမ်းသေသွားသည်။ မိဖုရား အပေါ် ချစ်ကြင်နာခြင်းဖြင့် သားကို တစ်ချက်မျှ ကြည့်ကာ နန်းတော်တွင်းမှ ထွက်ခွာသွားသည်။

သမုဒ္ဒဇာသည် အရိဋ္ဌကို ကောက်ယူလျက် သွေးချင်းချင်းနီဆဲ သား ငယ်၏ မျက်လုံးကို အသာအယာ အုပ်ပေးလိုက်သည်။ ယခုအခါ သမုဒ္ဒဇာ၌ ကြောက်လန့်ခြင်းများ မရှိတော့။ သားအပေါ် ချစ်ခြင်းများဖြင့် အကြောက်တရား တို့ လွင့်ပါးသွားကြပေပြီ။

သမုဒ္ဒဇာသည် အရိဋ္ဌ၏မျက်လုံး အနီးတစ်ဝိုက်မှ သွေးစများကို ဖယ် ရှားရင်း တဆတ်ဆတ် တုန်နေသော သားကို ပွေ့ပိုက်ရင်း တီးတိုး ရေရွတ်လိုက် လေသည်။

"သားရဲ့ မျက်လုံးတစ်ဘက်နဲ့ရင်းပြီး မယ်မယ် သိလိုက်ရပါပြီကော သားရယ်။ ဒီတိုင်းပြည်ဟာ နဂါးပြည်ဆိုတာ မယ်တော် သိရပါပြီ။ ဒါပေမဲ့ ဒီ အသိကြောင့် မယ်မယ့်မှာ ဘာမှ ထူးခြား ထိခိုက်မှု မရှိနိုင်တော့ပါဘူး။ သားရဲ့ မျက်လုံး တစ်ဘက်၊ မယ်မယ့် လက်နဲ့ ထိခိုက်မိပြီး ပျက်စီးသွားရတာကိုပဲ။ အို ... သားရယ် ... အရိဋ္ဌ ဆိုတဲ့ နာမည်ဟာ အခုတော့ မျက်စိတစ်ဘက် ပျက် လေတဲ့ ကာဏာရိဋ္ဌ ဖြစ်ခဲ့ပြီကော သားရယ်"

*

စေတရဋ္ဌ နဂါးမင်း ပိုင်စိုးသော နဂါးပြည်သည် ယူဇနာ ငါးရာရှိသည်။ သို့သော် သုဒဿန၊ ဒတ္တ၊ သုဘောဂနှင့် ကာဏာရိဋ္ဌတည်းဟူသော သားတော် လေးပါးအရွယ်ရောက်လာသောအခါတွင်မူ ထိုယူဇနာ ငါးရာရှိသော နဂါးပြည် သည် ယူဇနာ တစ်ရာစီရှိသော အာဏာစက်နယ်နိမိတ် ငါးခုအဖြစ်သို့ ရောက် ရှိသွားသည်။

ဘခမည်းညီနောင်တို့ မသင့်မတင့်ဖြစ်ကာ ဤသို့ ငါးစိတ်ငါးပိုင်း ကွဲ ပြားသွားခြင်းကား မဟုတ်။ ခမည်းတော်စေတရဋ္ဌမင်းကိုယ်တိုင်က သားလေးပါး ကို ယူဇနာတစ်ရာစီ ငါးစုစုကာ တစ်စုစီ စားစေလျက် မိမိကိုယ်တိုင်ကမူ အချိုး ကျ ယူဇနာ တစ်ရာကိုသာ အုပ်ချုပ် မင်းလုပ်တော်မူလေသည်။

ဤသို့ဖြင့် သားလေးပါးတို့သည် ဘုရင်များအဖြစ် မိမိတို့ ပိုင်နက်တွင် မိမိတို့ စိုးစံရင်း တစ်ထီးတစ်နန်း တစ်တိုင်းတစ်ပြည်စီ ဖြစ်သွားကြလေသည်။

သို့သော် ခမည်းတော် မယ်တော်နှင့် သားတော်တို့သည် တစ်လ တစ် ကြိမ် စုဝေး စုံညီကြသည်။ သုဒဿန၊ သုဘောဂနှင့် ကာဏာရိဋ္ဌတို့သည် မိဘ

http://www.cherrythitsar.org



များထံသို့ တစ်လတစ်လ ဖူးမြော်ခစား ဝင်ရောက်ကြသည်။ သို့ရာတွင် တစ်လ တစ်ကြိမ် စုံညီပွဲ၌ တစ်ယောက်သောသူ မပါဝင်ချေ။ ထိုသူမှာ ဒုတိယ သားတော် ဒတ္တ ဖြစ်သည်။ အကြောင်းမူ ဒတ္တသည် မိဘများထံသို့ လခွဲတစ်ကြိမ်သာ အခစားဝင်နိုင်သောကြောင့် ဖြစ်သည်။

မည်သို့ဆိုစေ ချင့်ချိန် နှိုင်းဆတတ်ပြီး သဘောသကာယ ကောင်း သော သားတော်ကြီး သုဒဿန၊ သွက်လက်ချက်ချာပြီး မင်းပျိုမင်းလွင် အစစ်ဖြစ် သော တတိယ သားတော် သုဘောဂနှင့် တစ်ဖွတ်ထိုး လုပ်တတ်လေ့ရှိသော စတုတ္ထသားတော် ကာဏာရိဋ္ဌတို့သည် မိမိ၏ညီနောင် ဒတ္တကို တစ်လတစ်ကြိမ် မိမိတို့နည်းတူ အခစား မဝင်ရကောင်းလား ဟူ၍ ငြိုငြင်မှု တစ်စိုးတစ်စေ့မျှ မရှိကြပေ။

ဒုတိယသားတော် ဒတ္တ၏ အများနှင့်မတူ တစ်မူထူးခြားချက်ကို သူတို့ အားလုံး သိရှိတော့ ထားကြသည်။

ဒတ္တသည် ထူးခြားသူဖြစ်သည်။ သူ၏ထူးခြားမှုမှာ လက်ရုံးရည် အတတ်မဟုတ်၊ အဆင်းအင်္ဂါနှင့် တင့်တယ်ခြင်းလည်း မဟုတ်။ စည်းစိမ်ချမ်း သာ ကြွယ်ဝခြင်းလည်း မဟုတ်။ ဘုန်းအာဏာစက် ကြီးမားပျံ့နှံ့ခြင်းလည်း မဟုတ်။

ဒတ္တ၏ ထူးခြားချက်မူကား အရွယ်နှင့် လိုက်အောင် ပညာဉာဏ် ကြီးကျယ်ခြင်း၊ လေးနက်တည်ကြည်ခြင်း၊ ရင့်မှည့်ပြီး ကောက်နှံအဆံကဲ့သို့ ပညာရှိ ပီသခြင်း ... စသည့် နှလုံးရည်များပင် ဖြစ်လေသည်။

*

http://www.cherrythitsar.org

## သူရိဒတ္တ မည်နာမ

ဓတရဋ္ဌ မင်းကြီးသည်  နတ်နဂါးမျိုးနွယ် ဘုရင်တစ်ပါး ဖြစ်သည်နှင့် အညီ စတုမဟာရာဇ် ဝိရူပက္ခ နတ်မင်းကြီးထံ မှန်မှန် အခစား ဝင်ရောက်ရသည်။ ဒတ္တသည် ခမည်းတော်နှင့်အတူ ဝိရူပက္ခ နတ်မင်းကြီးထံ လိုက်ပါခစားရသည်။ စတုမဟာရာဇ်ဘုံ ဟူသည်မှာလည်း သုံးဆယ့်တစ်ဘုံ သံသရာနယ်အတွင်းမှ တစ်ခုသော အပိုင်းအခြားသာ ဖြစ်လေရာကား အမှားအမှန် ပိုင်းခြားဝေဖန်ရေး ပြဿနာများမှ ကင်းသည်မဟုတ်ချေ။

ထိုပြဿနာတို့ကို ဖြေရှင်းပေးနေသူမှာ ခမည်းတော်နှင့်အတူ လိုက်ပါရင်း အခစားဝင်သော ဒတ္တမင်း ဖြစ်လေသည်။ ဒတ္တမင်း၏ ပညာအလင်းသည် စတုမဟာရာဇ် နတ်ပြည်တွင်လည်း ထွန်းဝင်း တောက်ပခွင့် ရခဲ့သည်။

ထို့မျှသာမက ဝိရူပက္ခ နတ်မင်းကြီးသည် မိမိ၏ နတ်ပရိသတ်၊ မိမိထံ ရောက်လာသော နဂါးပရိသတ်နှင့်အတူ တာဝတိံသာ နတ်ပြည်သို့သွား၍ သိကြားမင်းအား အခစား ဝင်လေ့ရှိသည်။ တာဝတိံသာ၌ နတ်နဂါးသိကြား ပရိသတ်တို့ အငြင်းအခုန် ပြဿနာစုံ ရှိတတ်ပြန်ရာတွင်လည်း ထိုပြဿနာတို့ကို ဒိုင်ခံဖြေရှင်းသူမှာ ဒတ္တမင်းသားသာလျှင် ဖြစ်လေသည်။

မည်သူမျှ မဖြေရှင်းနိုင်သော ပြဿနာအမျိုးမျိုးတို့ကို ဒတ္တမင်းက မြတ်သော ပလ္လင်ထက်မှ ဖြေရှင်းပေးခဲ့သည်ချည်းပင်။

ဒတ္တမင်း၏ လေးနက်တည်ကြည်မှု၊ ပညာဉာဏ်ကြီးကျယ်မှုတို့ကို နှစ်ထောင်းအားရဖြစ်လေသော သိကြားမင်းက ပညာ၏ဂုဏ်ကို နတ်၌ဖြစ်သော ပန်းနံ့သာတို့ဖြင့် ပူဇော်ကာ ဤသို့ ချီးမြှောက်လေသည်။

http://www.cherrythitsar.org



"ဝေရဠနဂါးမင်းရဲ့သားတော်၊ ယူဇနာ တစ်ရာအဝန်းရှိတဲ့ နဂါးပြည်ကို အုပ်ချုပ်စိုးစံသော ဒတ္တမင်းသား ... သင်ဟာ ကြီးကျယ်ပြန့်ပြောစွာသော ပညာဉာဏ်နှင့် ပြည့်စုံသူဖြစ်ပေ၏။ သင့်ရဲ့ ပညာဂုဏ်သတင်းဟာ နဂါးပြည်မှာ သာမက ကျွန်ုပ်တို့ရဲ့ နတ်ပြည်အထိ တက်ရောက်ကျော်ကြား ဂုဏ်သတင်းများစွာနဲ့ သယ်ဆောင်ထူးခြားခဲ့ပေတယ်။ ဒါကြောင့် သင့်ရဲ့ပညာဉာဏ်ကြီးကျယ်ပြန့်ပြောမှုဟာ မြေနှင့် အလားတူ ရှိပေတယ်။ မြေနှင့် အလားတူစွာ ကျယ်ပြောသော ပညာရှိမှုဟု အဓိပ္ပာယ်ရတဲ့ ဘူရိဒတ္တ ဆိုသော အမည်နာမနဲ့ ခေါ်ဝေါ်ချီးမြှောက်လိုက်ရပေတယ်"

ဘူရိဒတ္တ ...။

ထိုအချိန်မှစ၍ ဒတ္တ ဟူသောအမည် ပ, ပျောက်ကာ ဘူရိဒတ္တ ဟူ၍ နတ်နဂါး သိကြားပရိသတ် အားလုံးက လေးစားမြတ်နိုးစွာ ခေါ်ဝေါ်ကြလေတော့သည်။

ဘူရိဒတ္တ အမည်နာမသစ်ဖြင့် သိကြားမင်းထံ မပြတ်ခစားခွင့်ရခဲ့သော အခါ တာဝတိံသာ နတ်ပြည်နှင့် အကျွမ်းတဝင် ဖြစ်လာခဲ့သည်။ နေ့စဉ်နှင့်အမျှ ဝင်ထွက်ထိတွေ့လာရသော ဘူရိဒတ်သည် တာဝတိံသာနတ်ပြည်၏ ခမ်းနားတင့်တယ်ပုံကို တစ်နေ့ထက် တစ်နေ့ သတိပြုလာမိသည်။

ဝေဇယန္တာ နန်းပြာသာဒ်၏ ထူးဆန်းအံ့မောဖွယ်များ၊ အခြွေအရံ နတ်သမီးများ၏ နှစ်လိုဖွယ်အသွင်များ၊ သိကြားမင်း၏ တင့်တယ်လှစွာသော စံပယ်မှုများနှင့်တကွ တာဝတိံသာ၏ အထူးထူးသော နတ်တို့၏ စိတ်ချမ်းသာမှုများကို ဘူရိဒတ်သည် မျက်ဝါးထင်ထင် ထိတွေ့လာရသည်။

ဤတွင် ဘူရိဒတ်၏ စိတ်အစဉ်၌ ဤသို့ တွေးမြင်မိလာလေသည်။

"ဘူရိဒတ္တ အမည်နာမနဲ့ ငါဟာ အဘယ်လောက်ပင် ဂုဏ်သတင်းကျော်ကြားစေကာမူ၊ ဝေရဠ မင်းကြီး၏သားတော် ယူဇနာ တစ်ရာအဝန်းရှိ နဂါးပြည်ကို အစိုးရသော မင်းအဖြစ် အဘယ်မျှပင် ငါ ချမ်းသာစေကာမူ၊ နတ်နဂါး သိကြားပရိသတ်တို့ အလယ်မှာ ပညာဂုဏ်နဲ့ အဘယ်မျှပင် ငါ တင့်တယ်စေကာမူ ငါဟာ မူလဘူတအားဖြင့် နဂါးမျိုးနွယ်သာလျှင် ဖြစ်ပေတယ်"

ဘူရိဒတ္တ၏ စိတ်အစဉ်သည် သမုဒ္ဒရာအောက်မှ နဂါးပြည်သို့ ရောက်သွားသည်။ အထပ်ထပ်သော အစိမ်းရောင်၊ အညိုရောင်၊ အပြာရောင် အကြေးခွံများ ရှိသည့် နဂါးများ ရေအောက်တွင် ပျော်ရွှင်မြူးထူး ကူးလူးရှင်သန်နေကြသော မိမိ၏ အမျိုးအနွယ်များ၊ ထို့နောက် သဘာဝနဂါးတို့၏ စားသောက်နေထိုင်မှုများ။

ဘူရိဒတ်၏ အတွေးတို့သည် တစ်ဘက်စွန်းမှ ကိုင်ဆွဲ လှုပ်ခါလိုက်သော ပဝါစနှယ် အလူးလူး အလွန့်လွန့် ဖြစ်နေကြသည်။

"နဂါး၊ သားစိမ်းစား ဖားစိမ်းစား နဂါးမျိုးနွယ်၊ သမုဒ္ဒရာအောက်မှာ ကျင်လည်ကျက်စားရတဲ့ နဂါးမျိုးနွယ်၊ သြော် ... ငါဟာ နဂါးမျိုးနွယ်ပါ တစ်ကား"

တာဝတိံသာ၏ တင့်တယ်ချမ်းသာမှုကို ဘူရိဒတ် တွေးမိပြန်သည်။

"နဂါး ... သားစိမ်းဖားစိမ်းစား နဂါးဇာတ်အဖြစ်နဲ့ ရှင်သန်နေလို့ကတော့ ငါ့မှာ နတ်ပြည်ချမ်းသာကို ရောက်ရှိခံစားရမှာ မဟုတ်ဘူး။ ဝေးသထက်ဝေးတော့မှာပဲ။ အကျိုးမရှိ အချည်းနှီးသော ဘဝ"

ဘူရိဒတ်၏ စိတ်အစဉ်၌ အလင်းရောင်တစ်ချက် ဖြစ်ပေါ်သွားသည်။

"နတ်ပြည်သို့ ရောက်ကြောင်း ဥပုသ်သီတင်း သီလဆောက်တည်ရလိမ့်မယ်"

ဘူရိဒတ်သည် နတ်ပြည်သို့ ပြန်လာခဲ့သည်။ ခမည်းတော် ဓတရဋ္ဌမင်းနှင့် မယ်တော် သမုဒ္ဒဇာတို့ထံ အခစားဝင်သည်။

"ခမည်းတော်နှင့် မယ်တော်ဘုရား၊ သားတော် ဥပုသ်ဆောက်တည်မည် ဖြစ်ပါတယ်"

မိဘနှစ်ပါးတို့က သား၏ ခိုင်မာသော ခွင့်ပန်လျှောက်ထားချက်ကို နှစ်သက်အားရစွာ ခွင့်ပြုကြသည်။ သို့သော် မယ်တော် သမုဒ္ဒဇာက စိုးရိမ်စွာ မှာကြားဆုံးမသည်။

"သား ဘူရိဒတ် ဥပုသ် သီးတင်းဆောက်တည်မယ်ဆိုရင် နဂါးပြည်အတွင်း ဆိတ်ငြိမ်ရာဒေသမှာ တည်မှီကျင့်သုံးပါ။ နဂါးပြည်မှအပ အရပ်ဒေသကိုတော့ မထွက်ပါလေနဲ့။ သမုဒ္ဒရာရေနက် နဂါးပြည်မှ အပြင်ဘက်ဆိုရင် နဂါးတို့အတွက် အန္တရာယ်တွေဟာ ပေါများလွန်းလှတယ်"

ဘူရိဒတ်လည်း မိဘတို့စကားကို ခံယူလျက် နဂါးပြည်တွင်း ဆိတ်ငြိမ်အေးချမ်းရာ တစ်ခုသော ဥယျာဉ်ကို ရွေးချယ်နေထိုင်လျက် ဥပုသ်ဆောက်တည်ခြင်း အမှုကို ပြုလေသည်။

*

သီလတံတိုင်းဖြင့် ကာရံလျက် စင်ကြယ်သော ဥပုသ်သီတင်းတွင် မွေ့လျော်ခဲ့လေသော ဘူရိဒတ်အဖို့ အနှောင့်အယှက်သည် များမကြာမီမှာပင် ပေါ်ပေါက်လာလေတော့သည်။

ဥယျာဉ်၏တစ်ဘက်မှ ဂီတသံများ လွင့်လာသည်။

စောင်းငြင်း တူရိယာသံများနှင့်အတူ တေးသံများလည်း ပျံ့လာသည်။

http://www.cherrythitsar.org



ထို့နောက် ရယ်မောသံများ၊ တစ်ဦးနှင့်တစ်ဦး ကျီစယ်နောက်ပြောင်သံများ ပါလာသည်။ ခိုးခိုးခစ်ခစ် ရယ်မောလိုက်ကြသော အသံများက ဥပုသ်စောင့်တည်နေသည့် ဘူရိဒတ်ရှိရာသို့ ဥယျာဉ်တွင်းရှိ လေပြည်နှင့်အတူ တသုန်သုန် စီးဆင်းလာသည်။

နဂါးမပျိုများ၊ ရံရွေများသည် မိမိတို့သခင် ဘူရိဒတ်မင်းကို လှည့်လည်ဖျော်ဖြေကြခြင်း ဖြစ်လေသည်။ ဥပုသ်သီတင်း ဆောက်တည်နေသည့် သခင်အားဂီတဖြင့် ပူဇော်ရသည်ဟု နဂါးမပျိုများက အမှတ်မှားကြဟန်ရှိသည်။ ထို့မှုမကပန်းဥယျာဉ်ဆိုသည်မှာလည်း တေးဂီတဖြင့် အပန်းဖြေ နားနေသူတို့ ကျက်စားရာအရပ် ဖြစ်နေပြန်သည်။

တူရိယာသံများနှင့် မိန်းမပျိုတို့၏ အသံများဖြင့် အနှောင့်အယှက်ဖြစ်ရသော ဘူရိဒတ်သည် ကြံစည်တွေးတောမိပြန်သည်။

"ဥယျာဉ်အတွင်းမှာ ဥပုသ်ဆောက်တည်ဖို့ နေရာဒေသရွေးခဲ့ခြင်းသာလျှင် ငါ့ရဲ့အမှား ဖြစ်တယ်။ ဥယျာဉ်ဆိုတာ အများသူငါမွေ့လျော်ကျက်စားတဲ့နေရာပဲ။ ငါရှိရာ မလာနဲ့လို့ တားမြစ်ပိတ်ပင် ကောင်းတဲ့အရာ မဟုတ်လေဘူး။ သည်တော့ ..."

တစ်ကိုယ်တည်း အေးချမ်းတိတ်ဆိတ်စွာ နေနိုင်သည့် နေရာကို ဆင်ခြင်မိပြန်သည်။

"နဂါးပြည်မှာတော့၊ ငါ့ရဲ့ ဥပုသ်သုံးခြင်းအမှုဟာ ဘယ်နည်းနဲ့မှ အပြီးရောက်နိုင်မှာ မဟုတ်တော့ဘူး။ ဒီအရပ်ဒေသကို ငါစွန့်ခွာမှ ဖြစ်မယ်"

ဘူရိဒတ်ရွေးချယ်လိုက်သော နေရာကား သမုဒ္ဒရာရေပြင်၏ အထက်ကုန်းမြေဒေသ လူ့ပြည် ယမုန်နာ မြစ်ကြီး၏ လူသူအရောက်အပေါက် မရှိသလောက် နည်းပါးသော ဝေးလံသီခေါင် မြစ်ကမ်းတစ်နေရာရှိ ညောင်ပင်ကြီးတစ်ပင်ဖြစ်သည်။ ထိုညောင်ပင်ကြီးအနီးတွင် တောင်ပို့တစ်ခု ရှိသည်။

"နဂါးပြည်မှ အပြင်ဘက် မထွက်လာလေနှင့်" ဟု မယ်တော်သမုဒ္ဒဇာက အမှာအကြား ရှိခဲ့ဖူးသည်။ ခမည်းတော် ဓတရဋ္ဌကလည်း တားမြစ်ဖူးသည်။ နဂါးသည် နဂါးပြည်မှအပတွင် အန္တရာယ်ထူပြောလှသည်ဟု ဆုံးမခဲ့ကြသည်။

သို့သော် မဆုတ်မနစ်သော သီလကို မြဲစေအံ့ ဟူသည့် ဥပုသ်သီတင်းဆောက်တည်လိုသော ဆန္ဒနှင့် အဓိဋ္ဌာန်တို့က ထိုထိုအန္တရာယ်များကို အမှုမထားနိုင်ပေ။ ဘူရိဒတ်သည် စိတ်ပိုင်းဖြတ်လိုက်လေသည်။

"လူ့ပြည်သွားပြီး ဥပုသ်ဆောက်တည်မယ်ဆိုရင် ခမည်းတော်မယ်တော်တို့က မုချဧကန် တားမြစ်တော့မှာပဲ။ ဒါကြောင့် ခမည်းတော်တို့ကို ငါ

http://www.cherrythitsar.org



အသိပေးလို့ မဖြစ်ဘူး။ အခြားသော နဂါးလုလင် ရဲရွေမျှားကိုလည်း အသိပေးလို့ မဖြစ်ဘူး။ ဒါပေမဲ့ ဘယ်သူမှ မသိစေဘဲ ငါတစ်ကိုယ်တည်း တိတ်တဆိတ် ထွက်ခွာပျောက်ကွယ် သွားလို့လည်း မဖြစ်သေးဘူး။ သတင်းအစအန ဘာမှ မသိရဘဲ ပျောက်ဆုံးသွားရင် အထင်လွဲ အမြင်မှားမှုတွေနဲ့ မသင့်တာတွေ ဖြစ်ကုန် လိမ့်မယ်။ ဒါကြောင့် ...”

ဘူရိဒတ်သည် မိဖုရားများကို ခေါ်၍ မိမိအစီအစဉ်ကို ပြောပြလိုက် သည်။ မိမိသွားမည့် အရပ်ဒေသကိုလည်း ပြောပြလိုက်သည်။

“ဥပုသ်နေ့ လွန်ပြီး နံနက်အရုဏ်တက်တဲ့အခါ သင်မိဖုရားများက အကြီးအမှူး အခြွေအရံတွေပါ ခေါ်ယူပြီး ကျွန်ုပ်ထံလာခဲ့ကြ။ စောင်း ငြင်းစည်သံ တူရိယာများကိုလည်း သင်တို့ အလိုအတိုင်း တီးမှုတ်ဆင်ယင်ပြီး ကျွန်ုပ်ထံ အလှည့်ကျလာကြပြီးမှ နဂါးပြည်သို့ ကျွန်ုပ်ကို ခေါ်ဆောင်လှည့်ကြ ...”

ဘူရိဒတ်သည် သမုဒ္ဒရာအောက် နဂါးတို့ပြည်မှ တက်ခဲ့လေတော့ သည်။

*

ယမုန်နာ မြစ်ဖျားတစ်နေရာ ကမ်းနဖူး ဒေသဖြစ်သည်။

ကမ်းအတွင်းဘက် ကုန်းပိုင်းတွင် ထူထပ်သော တောကြီးများ ပေါက် ရောက်လျက်ရှိသည်။ ကျယ်ပြောလှသော မြစ်ပြင်၏ ဟိုမှာ ဘက်ကမ်းဆီတွင် လည်း စိမ်းညို့သော တောနက်ကြီးက တစ်မျှော်တစ်ခေါ် ပိတ်ဆီးနေသည်။

ယမုန်နာမြစ်ပြင်မှ လှိုင်းပုတ်သံ၊ ကမ်းနဖူးညောင်ပင်ထက်မှ ညောင် ရွက်တို့ ဖြော့ဖြော့ ကြွေမြည် လှုပ်ရှားသံတို့မှ အပမည်သည့် အသံဗလံမျှမရှိ။ မည်သည့်လှုပ်ရှားမှုမှလည်း မရှိ။ မည်သည့်သတ္တဝါမှလည်း ကျက်စားပျော်ပါး ခြင်း မရှိ။

အခေါင်အဖျား ဝေးလံလှသော လူသူမနီး တောကြီးဒေသ မြစ်ကမ်းစပ် ရှိ ညောင်ပင်ကြီးအနီးတွင် တောင်ပို့ကြီးတစ်ခုရှိနေသည်။ ဘူရိဒတ်သည် အနှောင့် အယှက်အပေါင်းမှ ကင်းဝေးသော နေရာ၏ ပကတိတိတ်ဆိတ် ငြိမ်သက်မှုကို ခံစားရင်း တောင်ပို့၌ ရစ်ခွေလိုက်သည်။

ထွန်တုံးဖျားပမာဏရှိ ကိုယ်သဏ္ဌာန်ကို ဖန်ဆင်းလိုက်ခြင်းအားဖြင့် တောင်ပို့တွင် ရစ်ပတ်ဖွဲ့ခွေ၍ အနေတော် ဖြစ်သွားသည်။ ထိုသို့သော ဣရိယာ ပထဖြင့်နေလျက် ဘူရိဒတ်သည် ရဲရဲတောက် အဓိဋ္ဌာန်ပြုလိုက်သည်။

“ဤတောင်ပို့ထိပ်၌ ဤသို့ ရစ်ခွေလျက်နေသော ငါသည် အင်္ဂါလေး ပါးဖြင့် ပြည့်စုံသော ဥပုသ်ကို ဆောက်တည်တော့အံ့။ ဤမျှသော ကာလအတွင်း ငါဥပုသ်သီတင်း ဆောက်တည် ကျင့်သုံးနေချိန်၌ အကြင်သူတစ်ဦးတစ်ယောက်

http://www.cherrythitsar.org



သည် ငါ၏အရေကိုလည်းကောင်း၊ အကြောကိုလည်းကောင်း၊ အရိုးကိုလည်း ကောင်း၊ အသွေးကိုလည်းကောင်း အလိုရှိကုန်အံ့။ ထိုသူနှစ်သက်ရာကို ယူစေ သတည်း။ ငါ၏ဥပုသ်ကား မပျက်မစီး မကျိုးမပေါက် ခိုင်ကျည်မြဲမြံစွာ ရှိလိမ့် မည်သာတည်း"

ညောင်ရွက်ခတ်သံ၊ လှိုင်းပုတ်သံတို့မှအပ အရာခပ်သိမ်းသည် တိတ်ဆိတ်ခြင်းထဲ၌ ပကတိ နက်ရှိုင်းစွာ တိုးဝင်နစ်မြုပ်လျက် ......

*

## သမင်မုဆိုး သားအဖ

သူသည် ပင်ကိုယ်အားဖြင့် ကြမ်းတမ်းခက်ထန်သူကား မဟုတ်ချေ။ သို့သော် အသက်မွေးဝမ်းကျောင်းအရ သူ့ကိုယ်သူ တကယ့်လူကြမ်း လူရိုင်းကြီး အဖြစ် ဟိတ်ဟန်လုပ်တတ်သူဖြစ်သည်။ သူ့ အသက်မွေးဝမ်းကျောင်းမှာ သမင် ဖမ်းခြင်းပင် ဖြစ်သည်။

သမင်ဖမ်းသူ ဖြစ်ခြင်းကြောင့် သူက သူ့ကိုယ်သူ သမင်မုဆိုးဟု ဂုဏ် ဝင့်ကြွားတတ်သည်။ သို့သော် တကယ်တမ်း၌မူ သူသည် မြားတံ စသည်တို့ကို ကိုင်စွဲလျက် တစ်တောဝင် တစ်တောင်တက် သမင် သားကောင်နောက် ထက် ကြပ်မကွာ လိုက်လံပစ်ခတ်သည့် တကယ့် သမင်လိုက်မုဆိုးကား မဟုတ်။

တံသင်း၊ ခလုတ်၊ ကျော့ကွင်း၊ ပိုက်ကွန်စသည့် တန်ဆာပလာတွေကို သုံးကာ ညွှတ်ကွင်းထောင်၍ သမင်ဖမ်းသူသာ ဖြစ်သည်။ ကျော့ကွင်းတွင် မိနေသော သမင်ကို သတ်၍ သမင်သားရောင်းကာ အသက်မွေးသူ ဖြစ်သည်။ ဒါကိုပင် သူက သူ့ကိုယ်သူ သမင်မုဆိုးကြီးအဖြစ် ဝင့်ဝင့်ကြွားကြွား ဂုဏ်ယူပြော ဆိုတတ်သည်။

သူကသာ စကားဝင့်ကြွားနေသည်။ သူ့အကြွားကို သူ့မယား ပုဏ္ဏေးမကလည်း ဂရုမစိုက်။ သူနှင့်အတူ သမင်ဖမ်းအမြဲလိုက်နေသော သား 'သောမဒတ္တ' ကလည်း အထင်မကြီး။ သို့သော် သူကတော့ "ငါ မုဆိုးကွ၊ သမင်လိုက်မုဆိုး။ ငါ သမင်အဖမ်းကောင်းလို့ မင်းတို့သားအမိ ထမင်းနပ်မှန် နေတာ" ဟု ပြောတတ်သည်။ ထိုအခါများတွင် သူ့မယားက "တော်လား ...

http://www.cherrythitsar.org



မုဆိုး၊ မဟုတ်တာတွေ ပြောမနေစမ်းပါနဲ့။ တော်က သမင်ဖမ်း ပုဏ္ဏားပါ”ဟု ခပ်ငေါက်ငေါက် မာန်မဲလေ့ရှိသည်။

ထိုအခါ သူက သွားကို ဖြီးလျက် အသံတိမ်တိမ်ဖြင့် ရယ်ကာ “မုဆိုး ပုဏ္ဏားပေါ့လကွာ” ဟု ပြန်ပြောလေ့ရှိသည်။ သို့ဖြင့်ပင် သူ့ကိုယ်သူ မည်မျှပင် ပြောစေကာမူ သူသည် မုဆိုးပုဏ္ဏားဟူသော အမည်တစ်လုံးကိုသာ ခြစ်ခြစ်ခြုတ် ခြုတ် ပိုင်ဆိုင်ခွင့်ရထားသူ ဖြစ်သွားသည်။

တစ်နေ့သောအခါ မုဆိုးပုဏ္ဏားသည် သားသောမဒတ္တကို ခေါ်လျက် သမင်ဖမ်းရန် ထွက်လာခဲ့လေသည်။ ထိုနေ့ကား မုဆိုးပုဏ္ဏားအဖို့ ထင်တိုင်း မပေါက် ခရီးမရောက်သောနေ့ဖြစ်သည်။ နေကုန်နေခန်း လှည့်လည်သော်လည်း သမင်မဆိုထားဘိ ဖွတ်ပတတ်ကိုမျှ မရ။ သူထောင်ထားသော ကျော့ကွင်းတို့ သည် အချည်းနှီးသာ ဖြစ်သွားကြသည်။ သမင်တစ်ကောင်မှ သူ့တံသင်းထဲသို့ မတိုးဝင်ကြ။

“လက်ချည်းသက်သက် ပြန်သွားလို့ကတော့ မင့်အမေ ဒေါကန်တော့ မှာပဲ သောမဒတ္တရေ၊ ဒီအတိုင်းတော့ မဖြစ်သေးဘူး။ တစ်ခုခုတော့ ပါသွားလေမှ။ သားကောင်မပါ လက်ဗလာနဲ့ အိမ်ပြန်ရတဲ့ မုဆိုးဆိုတာ ဂုဏ်သိက္ခာ ကျရတယ်ကွာ”

ဖခင်ကို နဂိုကတည်းက အထင်မကြီးသော သားဖြစ်သူ သောမဒတ္တက ဘာမှ ပြန်မပြောဘဲ ပိုက်ကွန်ကို ပခုံးပြောင်းထမ်းရင်း တစိုက်စိုက် လျှောက်လာခဲ့ သည်။

“ဒီလို လုပ်ကွ သောမဒတ္တ၊ ငါတို့ မြစ်ဘက်သွားရအောင်၊ ညနေဘက် အုပ်စုထဲ ပြန်မဝင်ခင် ရေသောက်ဆင်းတဲ့ သမင်လေး ဘာလေးရှိတတ်တယ်။ တွေ့လို့ကတော့ကွာ ...”

မုဆိုး ပုဏ္ဏားသည် တောလမ်းခရီးမှ ထွက်၍ ယမုန်နာမြစ်ဘက်သွား သော လမ်းအတိုင်း လျှောက်သည်။ သောမဒတ္တလည်း ပိုက်ကွန်ကို ထမ်းလျက် ဖခင်နောက်မှ တစိုက်စိုက် လိုက်ပါလာသည်။

သားအဖ နှစ်ယောက် ယမုန်နာ မြစ်ဘက်သို့ ရောက်လာကြသည်။

မုဆိုးပုဏ္ဏားက မြစ်ကမ်းစပ် တစ်နေရာ သောင်ပြန့်ကျယ်ပေါ်သို့ ငုံ့ ကြည့်ရင်း ဝမ်းသာအားရ အော်သည်။

“ဟော ... ဒီမှာ သမင် ခြေရာတွေ တွေ့ပြီဟေ့”

သောမဒတ္တက ပိုက်ကွန်ကို ပစ်ချလျက် –

“ဒီသောင်ပြင် သဲပြန့်နေရာကြီးမှာ ဘယ်လိုလုပ်ပြီး ကျုပ်တို့ ကျော့ ကွင်းထောင်လို့ ရမလဲ။ ဘယ်လိုလုပ်ပြီး တံသင်းခလုတ် လုပ်လို့ရမလဲ အဘရဲ့”

"ကျော့ကွင်း မသုံးဘူးကွ။ ရေသောက်ဆင်းလာမယ့် သမင်ကို လေးနဲ့ ပစ်မှာ၊ ဟောဟို ကျောက်တုံးအကွယ်ကနေ ပုန်းပြီး စောင့်မယ်။ လာစမ်းပါကွာ"

ကျောက်တုံးနောက်၌ သားအဖနှစ်ယောက် ပုန်းကွယ်စောင့်ဆိုင်းနေကြပြီး အချိန်အတော်ကြီးကြာမှ သမင်တစ်ကောင် ရေသောက်ဆင်းလာသည်။ ထိုအချိန်မှာ ညချမ်းကာလ ရောက်နေပေပြီ။ အမှောင်သမ်းစ ပြုနေပြီ ဖြစ်၍ မြင်ကွင်းမှာ မသဲကွဲချင်တော့။

သမင်ကို တွေ့သောအခါ မုဆိုးပုဏ္ဏားက လေးတွင် မြားတံတပ်လျက်

"ကြည့်နေ ငါဟာ သမင်လိုက် မုဆိုးပါကွ" ဟု ပြောရင်း ညို့ကို ဆွဲငင် ဖြုတ်လွှတ်လိုက်သည်။ မြားက သောင်ပြင်ပေါ် ဖြတ်ပျံသွားသည်။

"ဟော ... တွေ့လား ချက်ကောင်းပဲ"

မြားတံက သမင်၏ လက်ပြင်စပ်ကို စိုက်ဝင်သည်ကတော့ အမှန်ပင်။ စင်စစ် အကွာအဝေးမှာလည်း နီးနီးလေးပင် ဖြစ်သည်။ မုဆိုး ပုဏ္ဏားသာ တကယ် ကျွမ်းကျင်သော လေးသမားဆိုပါက သမင်သည် နေရာမှာပင် တုံးခနဲ လဲကျသွားနိုင်လောက်သည်။

သို့သော် မြားချက်အရှိန်က မပြင်းသောကြောင့် သမင်သည် မြားတန်းလန်းဖြင့်ပင် ခုန်ပေါက်ထွက်ပြေးသွားသည်။

"ဒီကောင် ဝေးဝေး မပြေးနိုင်ပါဘူးကွာ။ တွေ့လား ... သွေးတွေ ကျကျန်ရစ်ခဲ့တာ၊ ချက်ကောင်းကို စွဲတာကွ။ လာ ... သမင်နောက် လိုက်စို့၊ တွေ့လား သောမဒတ္တ၊ မင့် အဘဟာ သမင်လိုက် မုဆိုးပါကွ"

ဟောင်ဖွာ ဟောင်ဖွာ နိုင်လွန်းလှသော ဖခင်ကို ကြည့်ရင်း သောမဒတ္တသည် စိတ်ပျက်စွာဖြင့်ပင် ဖခင်နောက်မှ လိုက်ပါလာသည်။

သောမဒတ္တတို့ သားအဖသည် တစ်စထက် တစ်စ ယမုန်နာမြစ်ကမ်း အတွင်းဘက် ကုန်းပိုင်းဆီသို့ ရောက်လာကြသည်။ ကံအားလျော်စွာပင် လဲကျသေဆုံးနေသော သမင်ကို တွေ့ကြသည်။ မုဆိုး ပုဏ္ဏားက ဝမ်းသာ အားရစွာဖြင့် သမင်သေကို ထမ်းယူလိုက်သည်။

"အမဲတော့ ရပြီ၊ ဒါပေမဲ့ နေဝင်သွားပြီကွ။ ယမုန်နာမြစ်ရဲ့ ဒီဒေသဟာ၊ အစောကြီး မှောင်တတ်တယ်။ မှောင်ပြန်ရင်လည်း ဘာမှ မမြင်ရတော့ဘူး။ အခု ငါတို့ အိမ်ပြန်ဖို့ မသင့်တော့ဘူး။ လုံခြုံမယ့် တစ်နေရာသွား၊ ဒီတစ်ည အိပ်ကြစို့။ မနက်လင်းမှ အိမ်ပြန်ကြမယ်"

"ဘယ်နေရာ သွားအိပ်မှာလဲ"

မုဆိုး ပုဏ္ဏားက ခပ်လှမ်းလှမ်းတွင် မြင်ရသော ပညောင်ပင်ကြီးကို လက်ညှိုးထိုးပြလိုက်သည်။

http://www.cherrythitsar.org



"အဲဒီ ညောင်ပင်ကြီးပေါ် တက်အိပ်ကြမယ်ကွာ။ သမင်သေကိုတော့ မြစ်ဆုံမှာ ထားကြတာပေါ့"

*

ညဥ့်သည် အမှောင် ဝတ်ရုံကြီးကို ယမုန်နာ မြစ်ကမ်း ဒေသတစ်ဝိုက် ပေါ်မှ ပြန်လည် သိမ်းဆည်းသွားသည်။ အရုဏ်အလင်းက ဝန်းကျင်တစ်ခွင်လုံး ကို ဖြန့်ကြက်ကျရောက်လာသည်။

တစ်နေ့တာ အစပျိုးခဲ့ပြန်ပေပြီ။

မြစ်ကမ်းပါး ညောင်ပင်ကြီးအောက်ရှိ တောင်ပို့၌ ဖွဲ့ခွေရစ်ပတ်လျက် ဥပုသ်သီတင်းဖြင့် ငြိမ်သက်မွေ့လျော်ခဲ့သော ဘူရိဒတ်လည်း နံနက် အရုဏ်တက် တွင် မိမိ၏ အဖွဲ့ခွေတို့ကို ဖြေလျှော့လိုက်လေသည်။

ထိုအချိန်မှာပင် နဂါးမတို့သည် တောင်ပို့ရှိရာသို့ ရောက်လာကြပြီး ပန်းမွေ့ရာကို ခင်းကျင်းစီမံကြသည်။ ဘူရိဒတ်မြွေနဂါး၏ ကိုယ်ကို ကွယ်စေ လျက် နတ်လုလင် အသွင်ဖြင့် ပန်းမွေ့ရာထက်တွင် ငြိမ်သက်စွာ စံနေလေသည်။

တစ်နေ့တာ ဥပုသ်မှ ထလာသော ဘူရိဒတ်အား ဖျော်ဖြေရန် နဂါးမတို့ က စောင်းငြင်းတူရိယာများကို အသင့်ပြင်ဆင်လိုက်ကြသည်။

*

ညောင်ပင်ကိုင်းဆုံ ခွကြားထက် တက်၍ အိပ်စက်ခဲ့သော မုဆိုးပုဏ္ဏား နိုးလာသည်။ မျက်စိနှစ်လုံး ပွင့်လျှင် ပွင့်ချင်း သူ့အာရုံထဲ ဝင်ရောက်လာသည်မှာ စောင်းငြင်းတူရိယာသံများ ဖြစ်သည်။ ပုဏ္ဏားသည် ရုတ်တရက် မိမိဘယ်ရောက် နေမှန်းမသိ။ သာယာငြိမ့်ညောင်းသော တူရိယာသံများကို သဲ့သဲ့ ကြားလိုက် သည်တွင် ပုဏ္ဏားမှာ ပို၍ ဇဝေဇဝါ ဖြစ်သွားသည်။

မျက်စိကို ပွတ်သပ်လျက် အာရုံကို နိုးကြားစေပြီးမှ ပုဏ္ဏားသည် ညောင်ပင်အောက်သို့ ငုံ့ကြည့်လိုက်သည်။ မြစ်ဆုံတွင် ညက ထားပစ်ခဲ့သော သမင်သေကို တွေ့သည်။ ထိုအခါမှာပင် မိမိတို့ သားအဖနှစ်ယောက် တောလိုက် ရင်း ယမုန်နာမြစ်ကမ်းဆား တောနက်တွင် ရောက်ရှိနေကြောင်း၊ သမင်သေကို မြစ်ဆုံ၌ ထားသော ညောင်ပင်ပေါ် တက်အိပ်ခဲ့ကြကြောင်း သတိပြန်ရသွား သည်။

သို့သော် တူရိယာသံများက အဘယ်အရပ်ဆီမှ ပျံ့လွင့်လာသနည်း။

တောတောင်ထဲတွင် စိတ်ချောက်ချားလေသလော။ ကြားမိကြားရာ ကြားနေခြင်းပေလော။

ပုဏ္ဏားသည် နားစွင့်ထောင်ရင်း တူရိယာသံများ လာရာအရပ်ကို ညောင်ပင်ပေါ်မှ လှမ်းကြည့်လိုက်သည်တွင် မြင်ကွင်းက အထင်းသား။

"ဟာ ... ထူးဆန်းလိုက်တာ။ နတ်သိကြားတစ်ပါးက ပန်းမွေ့ရာပေါ်မှာ ထိုင်လို့။ သူ့အနားမှာ မိန်းမပျိုတွေက ခစားလို့။ တူရိယာတွေ တီးမှုတ်လို့။ ဒီလောက်ဝေးလံ သီခေါင်တဲ့ ယမုန်နာမြစ်ဘေး တောနက်ဒေသမှာ သူတို့က ဘာတွေလဲ"

ပုဏ္ဏားသည် ကိုင်းဆုံခွကြားတွင် အိပ်ပျော်နေဆဲဖြစ်သော သားဖြစ်သူကို နှိုးလိုက်သည်။

"သောမဒတ္တ၊ ထစမ်း ထစမ်း။ ဟောဟိုမှာ ဘာတွေလည်း ကြည့်စမ်း"

သောမဒတ္တကား မနိုး။ လူငယ်လည်း ဖြစ်ပြန် ယမန်နေ့က တစ်နေကုန် အဘဖြစ်သူနှင့်အတူ သမင်လိုက်ခဲ့ရသဖြင့် ခြေကုန်လက်ပန်းလည်း ကျခဲ့ပြန်သောကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည်။

"ဟာ ... ခက်တော့တာပဲ ဒီကောင်ဟာ ... နေကွာ ... နှိုးလို့မရလည်း နေတော့။ ဟိုမှာ သိပ်ထူးဆန်းတဲ့ ဟာတွေ လွတ်ကုန်မယ်။ မင်း မထချင်လည်း အိပ်နေရစ်ခဲ့၊ ငါတစ်ယောက်တည်း သွားကြည့်မယ်"

ပုဏ္ဏားသည် ညောင်ပင်ပေါ်မှ ဆင်းကာ မြစ်ဆုံတွင် သူတို့ညက ထားပစ်ခဲ့သော သမင်သေကို ကျော်လွှားကာ ဘူရိဒတ်ရှိနေရာသို့ လျှောက်လာခဲ့သည်။ သူ သဲကြီးမဲကြီး လိုက်ခဲ့သော သမင်ထက် ပို၍ စိတ်ဝင်စားစရာတွေကို တွေ့နေရပြီဖြစ်၍ သမင်သေကို စိတ်မဝင်စားတော့။

ဘူရိဒတ်စံနေရာ ပန်းမွေ့ရာအနီးသို့ ပုဏ္ဏားချဉ်းကပ်သည်။ သူသည် အလွန်လူတွင်ကျယ် လုပ်လိုသူတစ်ယောက် ဖြစ်သည့်အလျောက် အရာရာကိုလည်း စပ်စပ်စုစု သိချင်သူ ဖြစ်လေသည်။

ပုဏ္ဏားသည် ပန်းမွေ့ရာထက်ရှိ ဘူရိဒတ်ကို စေ့စေ့စပ်စပ် လှည့်ပတ်ကြည့်ပြီး မေးလိုက်သည်။

"သင်ဟာ အတော်ထူးဆန်းတာပဲ။ မျက်စိတွေက နီရဲနေတယ်။ ရင်ဝလည်း ကျယ်တယ်။ လက်ရုံးတွေကလည်း အကြီးကြီး။ ဆင်မြန်းထားလိုက်တာကလည်း ရွှေရောင်ငွေရောင် ဖိတ်ဖိတ်တောက်လို့။ ပန်းနံ့တွေ သင်းနေတဲ့ ဒီမွေ့ရာထက်မှာ အနီးနားက မိန်းမပျိုလေးတွေကလည်း ဝန်းရံခစားလို့။ အား ... တယ်ဟုတ်လိုက်ပါလားကွယ်ရို့။ နေပါဦး ... သင်ဘယ်သူလဲ"

ဥပုသ်သီတင်းတွင် စူးစိုက်မွေ့လျော်ရင်းရှိသော ဘူရိဒတ်သည် လှုပ်လှုပ်ရှားရှား ဂနာမငြိမ် ဖြစ်နေသော ပုဏ္ဏားကို တည်ငြိမ်စွာကြည့်ရင်း ဆင်ခြင်သုံးသပ်မိသည်။

"ငါဟာ သိကြား၊ နတ်ဖြစ်တယ်လို့ ငါပြောလိုက်ရင် ဒီပုဏ္ဏားဟာ ယုံကြည်မှာ မုချပဲ။ သို့တည်းမဟုတ် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ညွှန်ပြီး ပြော

http://www.cherrythitsar.org



လိုက်ရင်လည်း သူ ယုံကြည်မှာ ဧကန်ပဲ။ သို့သော် မဟုတ်မမှန်သော စကားပျက်ကို ငါမဆို။ ဟုတ်တိုင်းမှန်ရာကိုသာ ငါ ဆိုရပေမယ်"

ပုဏ္ဏားဧ၏ နိမ့်ကျသော အသွင်သဏ္ဍာန်နှင့် အကဲမရသော လှုပ်ရှားမှုတို့ကို သိလျက်နှင့်ပင် ဘူရိဒတ်သည် မမှန်စကားလွဲဖယ်မပြောဘဲ အမှန်အတိုင်း ဖွင့်ဟပြောလိုက်လေသည်။

"ကျွန်ုပ်ဟာ နဂါးဖြစ်တယ်။ တန်ခိုးကြီးသော နဂါးမျိုးနွယ်ဖြစ်တဲ့အတွက် ပြင်းထန်သော အဆိပ်နဲ့ တစ်ပါးသူတို့ကို ဖျက်ဆီးနိုင်တယ်။ ကျွန်ုပ်တို့နဂါးများဟာ အမျက်ဒေါသထွက်လာလို့ ကျွန်ုပ်တို့ရဲ့ အမျက်ဒေါသကြောင့် ရှာငယ်ဇနပုဒ်မြို့စသည်တို့ကို ပေါက်မယ်ဆိုရင် အစွယ် မြေသို့ ကျရုံမျှနဲ့ မြေနှင့်အတူ ထိုရွာ ဇနပုဒ်မြို့ဟာ ပြာကျသွားနိုင်တယ်"

ပုဏ္ဏားသည် အကြီးအကျယ် တုန်လှုပ်သွားလေသည်။

"အလိုလေး ... နဂါး ... နဂါး ... ဆိုပါလား"

"ပုဏ္ဏား ကျွန်ုပ်ဟာ ယူဇနာ ငါးဆယ်ရှိတဲ့ နဂါးပြည်ကို အစိုးရတော်မူသော ဓတရဋ္ဌ နဂါးမင်းရဲ့ သားတော် လေးပါးအနက် သားတော်အလတ် ဖြစ်တယ်။ သုဒဿနဟာ ကျွန်ုပ်ရဲ့ နောင်တော် အကြီးဆုံး၊ သုဘောဂ၊ ကာဏာရိဋ္ဌတို့က ကျွန်ုပ်ရဲ့ညီတော်တွေ၊ ကျွန်ုပ်အမည်က ဘူရိဒတ္တလို့ ခေါ်တယ်"

"ဘူရိဒတ္တ၊ အလိုလေး ... သူ့မှာ ညီတွေ အစ်ကိုတွေ ရှိပါသေးလား။ ပြီးတော့ နဂါးမင်းကြီးရဲ့ သားတော်တဲ့ ..."

ပုဏ္ဏားသည် ပန်းမွှေ့ရာအစပ်ဆီမှ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် နောက်သို့ နှစ်လှမ်းသုံးလှမ်း ဆုတ်သွားသည်။ သို့သော် ခပ်လှမ်းလှမ်းမှနေ၍ ဘူရိဒတ်ကို စူးစိုက်ကြည့်နေပြန်သည်။

ထိုမျက်လုံးများ၏ မတင့်တယ်သော အကြည့်၊ စဉ်းလဲမှုတို့ ကိန်းအောင်းနေတတ်သော ကျဉ်းမြောင်းသည့် သူငယ်အိမ် အစုံတို့ကို တွေ့သောအခါ ဘူရိဒတ် တွေးမိပြန်သည်။

"ဒီပုဏ္ဏားဟာ အပြောအဆို၊ အပြုအမူ၊ ကြည့်ပုံရှုပုံကအစ ရန့်ရင်းကြမ်းတမ်းတယ်။ သူ့ရဲ့ ကျဉ်းမြောင်းတဲ့ သူငယ်အိမ် နောက်ကွယ်မှ မသင့်မတင့်အကြံအစည်တွေသာ ခိုအောင်းနေတတ်တယ်။ ငါ့ကို နဂါးမှန်း သူသိပြီးနောက်မှာ အလမ္ပာယ် မြွေသမားကို သတင်းကြားသိစေပြီး ငါရှိရာ အရပ်ကို ညွှန်ပြမယ်ဆိုရင် ငါ့အန္တရာယ် ဖြစ်မယ်။ ငါ့ရဲ့ ဥပုသ်ဟာလည်း အန္တရာယ် ရှိလာမယ်။ ဒီတော့ ..."

ဘူရိဒတ်က ထိုသို့ တွေးနေစဉ် ပုဏ္ဏားကလည်း ဘူရိဒတ်ကို မမိုတ်မသုန် ကြည့်လျက် ငြိမ်သက်နေသည်။

http://www.cherrythitsar.org



"ဒီတော့ အန္တရာယ် ကင်းစွာ၊ ငြိမ်းအေးစွာ ငါဥပုသ် စောင့်နိုင်အောင် ဒီပုဏ္ဏားနဲ့ ပတ်သက်ပြီး တစ်ခုခု စီစဉ်ရတော့မယ်"

ထိုအချိန်တွင် မုဆိုးပုဏ္ဏားမှာမူ ဘူရိဒတ်၏ ကြည်လင်သော အဆင်းနှင့် တည်ငြိမ်သော အသွင်တို့ကြောင့် ဤနဂါးကို ငါကြောက်စရာမလို၊ ဤနဂါးသည် ငါ့အတွက် အန္တရာယ် မရှိနိုင်ဟု တွေးကာ အကြောက်ပြေသွားပြီးနောက် ဆုတ်ခဲ့သော ခြေလှမ်းများအတိုင်း ရှေ့သို့ တိုးလာခဲ့ပြီဖြစ်လေသည်။

"ပုဏ္ဏား၊ သင့်ကို ကြီးစွာသော စည်းစိမ်တွေ ပေးလိုတယ်။ ကျွန်ုပ်ရဲ့ နှလုံးမွေ့လျော် ပျော်ဖွယ်ရှိသော နဂါးပြည်သို့ လိုက်ခဲ့ပါ"

မမျှော်လင့်သော စကားကို ကြားလိုက်ရသဖြင့် ပုဏ္ဏားသည် အံ့သြဝမ်းသာသွားသည်။ ဘူရိဒတ် ဖိတ်ခေါ်ချက်ကို တစ်ခါတည်း လက်ခံလိုက်တော့မည်ဟု ဆုံးဖြတ်သည်။ သို့သော် အကွေ့အကောက်၌ အထုံမွေ့သူဖြစ်သောကြောင့် ဟန်ဆောင်စကား ဆိုပြန်သည်။

"အရှင် နဂါး၊ ကျွန်ုပ်တစ်ယောက်တည်း မဟုတ်ပါဘူး။ ဟောဟိုက ညောင်ပင်ပေါ်မှာ သားရှိသေးတယ်။ ကျွန်ုပ်ရဲ့သား သဘောတူရင်တော့ သူလည်း လိုက်မယ်ဆိုရင်တော့ ကျွန်ုပ်လည်း လိုက်ရတာပေါ့"

အဖြောင့်အမှန်ကိုသာ စဉ်းစားသော ဘူရိဒတ်ကမူ ပုဏ္ဏားလိုက်ပါချင်အောင် ဖိတ်ခေါ်ပြန်လေသည်။

"ဒါဆိုရင်ဖြင့် သင့်သားကို ခေါ်ချေပါ ပုဏ္ဏား။ ဟောဟိုက ဝဲထနေတဲ့ အိုင်ကို ကြည့်လိုက်စမ်းပါ။ အဲဒီအိုင်ဟာ အတော်နက်လှတယ်။ ဒီအိုင်ရဲ့ အသူတစ်ရာမက နက်လှစွာသော အခြေမှာ ကျွန်ုပ်တို့ နေထိုင်တယ်။ ကျွန်ုပ်တို့ရဲ့ နဂါးပြည်မှာ ကမ်းနှစ်ဘက်နှစ်ချက် တောအုပ်များနဲ့ စိမ်းလန်းအုံ့ဆိုင်းလို့ နေတယ်။ တောအုပ်ထဲမှာ ဥဒေါင်း၊ ကြိုးကြာစတဲ့ ငှက်တွေက သာယာစွာ မြည်ကြွေးနေကြတယ်။ ညိုမောင်းတဲ့ လေအလျဉ်တွေဟာ ညင်သာစွာ စီးဆင်းနေကြတယ်။ ယမုန်နာမြစ်အတွင်း မကြောက်မရွံ့ ဆင်းသက်ပြီး အသူတစ်ရာနက်လှတဲ့ အိုင်ကနေတစ်ဆင့် နဂါးပြည်ကို သွားကြပါစို့။ သင့်ရဲ့သားကို ခေါ်ချေပါ ပုဏ္ဏား"

"ခေါ်ပါ့မယ်၊ သားကို သွားခေါ်ပါ့မယ်။ ခဏလေးပါ။ ကျုပ်ကလည်း သိပ်လိုက်ချင်နေတာပါ အရှင် နဂါးမင်းရယ်"

ညောင်ပင်ခွကြားတွင် အိပ်ပျော်နေသော သားဖြစ်သူ သောမဒတ္တလည်း အိပ်ချင်မူးတူးဖြင့်ပင် ဖခင်ပုဏ္ဏား ခေါ်ရာနောက် ထ,လိုက်လာခဲ့သည်။ သောမဒတ္တအဖို့ ဘာမှ မငြင်းနိုင်တော့။ ဖခင်က အားလုံးစီမံ ပြောဆိုပြီးနေပြီဖြစ်၍ မုဆိုးပုဏ္ဏား သားအဖနှစ်ဦး နဂါးပြည်သို့ ပါသွားကြလေတော့သည်။

http://www.cherrythitsar.org



တစ်နှစ် လည်လာခဲ့ပြီ ဖြစ်သည်။

ပုဏ္ဏားသည် နဂါးပြည်ရှိ မိမိ၏အနေအထားကို သုံးသပ် တွေးတောနေသည်။ ဘူရိဒတ် အမိန့်ဖြင့် မိမိထံပါးခစား လုပ်ကျွေးနေကြသည့် လေးရာသော နဂါးမပျိုတို့၏ အလှအပကို ကြည့်ရင်း ပုဏ္ဏားသည် ငိုင်တွေနေသည်။

"တစ်နှစ်၊ အင်း ... တစ်နှစ်တောင် ရှိသွားပြီ။ ရောက်ခါစတုန်းကတော့ ငါ့မှာ အရူးအမူး ပျော်ခဲ့သပေါ့။ နတ်စည်းစိမ်ဆိုတာ ဒါမျိုးပဲ ထင်ရဲ့လို့ တွေးမိခဲ့သပေါ့။ အမဲလိုက်စရာလည်း မလို၊ သမင်ညှတ်ကွင်း ထောင်စရာလည်းမလို၊ ပုဏ္ဏားမရဲ့ အဆူအဆဲကလည်း ကင်းဝေး၊ သားစာမယားစာလည်း ရှာဖို့မလိုတဲ့ ဘဝ၊ အစစ အရာရာ လိုချင်တာ မှန်သမျှ အကုန်ရနေတဲ့ ဘဝ၊ သာယာလိုက်တဲ့ နဂါးပြည်ကြီး၊ ပေါကြွယ်လိုက်တဲ့ အစာအဟာရတွေ၊ ပြီးတော့ အမိန့်ပေး စေခိုင်းလိုက်ရုံနဲ့ ငါ့ရှေ့မှာ အကုန်ရောက်လာကြ၊ နဂါးမလေးတွေကလည်း အင်း ... လှကြပါပေ့ ချောကြပါပေ့ ...

"သြော် ... ကာမဂုဏ် စည်းစိမ်တွေကြား ငါပျော်ပျော်ကြီး ကူးခပ်ခဲ့တာ တစ်နှစ်ကြီးများတောင် ရှိခဲ့ပြီကော ...

"တစ်နှစ် ... တစ်နှစ်"

ပုဏ္ဏားသည် အလိုလိုနေရင်း မွန်းလျှောင်ပိတ်ဆို့ ခံစားလာရသဖြင့် ချောက်ချား တုန်လှုပ်သလိုလို ဖြစ်လာသည်။

"သောမဒတ်၊ ဟေ့ ... ငါ့သား သောမဒတ်၊ ဘယ်ရောက်နေသလဲ"

အသံကုန် အော်ခေါ်သည်။ သောမဒတ္တကား သူ၏အဆောင်တွင် စည်းစိမ်စံစား ခံစားကောင်းနေဆဲ ဖြစ်၍ ဖခင်ခေါ်သံကို မကြားချေ။

"ခက်တော့တာပဲ။ အင်း ... လူငယ်လူရွယ်ပေဟာကိုး၊ ရောက်ရာအရပ်မှာ ပျော်တော့တာပဲ။ ငါတော့ မပျော်နိုင်တော့ဘူး။ ဟောဒီ နဂါးပြည်ဟာ ငါ့အတွက် လောကန္တရိက်ငရဲ ဖြစ်လာပြီ၊ အဆောင်ပြာသဒ်တွေကလည်း ငါ့အတွက် အကျဉ်းထောင် နှောင်အိမ်ကြီးဖြစ်နေပြီ။ တန်ဆာဆင်ထားတဲ့ နဂါးမတွေကလည်း အရင်ကတော့ လှကြပါရဲ့။ အခုတော့ ဘီလူးမ ... ဘီလူးမတွေနဲ့ မခြားပါလား။ ဘယ်လိုဖြစ်တာပါလိမ့်၊ ဒီမှာ ငါလုံးဝ မပျော်ပိုက်တော့ပါလား။ သောမဒတ် ဟေ့ ... သောမဒတ်။ သြော် ... ဒုက္ခပါပဲ။ ခေါ်လို့မကြား၊ အော်လို့မကြားနဲ့။ ကဲ ... သူ့ဆီပဲ ငါ သွားလိုက်တော့မယ်"

သောမဒတ္တ၏အဆောင်သို့ ရောက်သောအခါ ပုဏ္ဏားက သူ၏ခံစားချက်ကို ပြောမပြသေးဘဲ ...

"သောမဒတ်၊ မင်း နဂါးပြည်မှာ ပျော်သလားကွ၊ ဟေ"

http://www.cherrythitsar.org



"ဟာ ... ဘယ်လို မေးလိုက်တာလဲ အဘရဲ့။ ဘုရိဒတ် နဂါးမင်းက ကျွန်ုပ်တို့ကို နတ်နဲ့မခြားသော စည်းစိမ်ပေးထားတာပဲ။ ပြီးတော့ အခြွေအရံ အလုပ်အကျွေး နဂါးမလေးတွေနဲ့ အစစလိုလေသေးမရှိ။ ဘာကြောင့် အပျော်မရှိ ရမှာလဲ။ အဘကော"

"အေး ... ငါကတော့ မပျော်ဘူးဗျား"

"ဟင် ... ဘယ်နှယ့်ကြောင့်လဲ"

"မင့်အမေ၊ မင့်ညီမ နှမတွေကို မင်း သတိမရဘူးလား"

"တစ်ခါတလေ သတိရပါရဲ့။ ဘာဖြစ်သေးသလဲ။ သူတို့လည်း သူတို့ ဘာသာနေကြပစေပေါ့။ ကျုပ်တို့က ကျုပ်တို့ ဘုန်းကံအလျောက် ..."

"ဘယ်က ဘုန်းကံလဲ။ ငါတော့ ဒါဟာ ငရဲပဲလို့ထင်တယ်။ ကြည့်စမ်း မင့်အမေနဲ့ မတွေ့ရတာ တစ်နှစ်ရှိသွားပြီ။ မင်း သတိမရပေမဲ့ ငါက အောက်မေ့ လှပြီ။ ငါ့ခြံဝိုင်းလေးကော၊ ငါ့တဲလေးကော၊ မယားကော၊ သားသမီးတွေကော"

"အဲဒီတော့ အဘက ဘာလုပ်ချင်လို့လဲ"

"ဘာလုပ်မလဲ၊ ငါတို့ပြန်ကြစို့ သောမဒတ္တ"

"ဟာ ... အဘ ပြန်ချင်ပြန်။ ကျုပ်တော့ မပြန်ဘူး ... နေရစ်ခဲ့မယ်"

သားအဖနှစ်ယောက် အကြောက်အကန် ဖြစ်ကြတော့သည်။ ပုဏ္ဏား က နဂါးပြည်သည် ငရဲပြည်နှင့် မခြားဟု ဆိုသည်။ သောမဒတ်က အဘ ဘုန်း ကံမရှိလို့ အကောင်းကို မကောင်းထင်တာဟု ပြန်ပြောသည်။ ခွန်းကြီးခွန်းငယ် အချေအတင် ဖြစ်ကြပြီး နောက်တွင် ပုဏ္ဏားသည် လေသံကို ပြောင်းလျက် –

"ကဲပါ ... ငါ့သားရယ်။ ငါ ဘုန်းကံနည်းတယ်ပဲ ထားလိုက်ပါ။ ဒီ နဂါးပြည်ကြီးဟာ မင်းပြောသလို နတ်ပြည်နဲ့ မခြားဘူးဆိုတာလည်း ထားလိုက် ပါ။ ဘူရိဒတ် နဂါးမင်းကလည်း ငါတို့ကို လိုလေသေးမရှိ။ လခွဲ တစ်ကြိမ် သူ့မယ်တော် ခမည်းတော်ရှိရာ အခစား ဝင်ပြန်လာတော့ ငါတို့ဆီ ရောက်လာပြီး လိုတာမှန်သမျှ စီစဉ်ပေးသွား။ ပြီးတော့ ယမုန်နာမြစ်ကမ်းက တောင်ပို့ကြီးဆီ ဥပုသ်စောင့်ဖို့ ထွက်သွား၊ ဒါလည်း ငါ လက်ခံပါတယ်။ သောမဒတ်ရယ်၊ ဒါပေမဲ့ မင်း စဉ်းစားကြည့်ပါ။ မင်းက လူငယ်လူရွယ်၊ ငါ့မှာက အဘိုးကြီးဖြစ်နေပြီ။ တခြားဟာတွေကို မထောက်ထားချင်နေ။ မင့်အမေ ငါ့ အဘွားကြီးကို ငဲ့ညှာသင့် ပါတယ်ကွာ။ သူ့ခမျာမှာ ငါတို့သားအဖ ပျောက်သွားပြီး ကတည်းက ဘယ်လို နေထိုင် စားသောက်ရှာမယ်ဆိုတာ"

သောမဒတ္တ ဆက်လက်၍ ငြင်းဆန်တင်းခံမနေနိုင်တော့။ စိတ်ပျက် လက်ပျက်ဖြင့် ပြောလိုက်လေသည်။

"ကိုင်း ... ဒါဆိုလည်း အဘ သဘောပဲဗျာ"

http://www.cherrythitsar.org



သားဖြစ်သူကို သွေးဆောင် အောင်မြင်ခဲ့ပြီးနောက် ပုဏ္ဏားသည် ဆက်၍ အကြံထုတ်ပြန်သည်။ သည်တစ်ခါ သူ၏အတွေးမှာ ဘူရိဒတ်နှင့် ပတ်သက်သည်။

"အင်း ... သောမဒတ်ကို ပြောပြတဲ့အတိုင်း နဂါးပြည်မှာ ကျုပ်မပျော်ဘူးလို့ ဘူရိဒတ်နဂါးမင်းကို ပြောလို့ ဖြစ်မှာမဟုတ်ဘူး။ မပျော်ဘူးဆိုရင် ခုရှိထားတဲ့ စည်းစိမ်တွေ ပိုပြီး အတိုင်းထက် အလွန် စည်းစိမ်ချမ်းသာတွေကို နဂါးမင်းက ပေးဦးမှာပဲ။ အဲဒီအချိန်အခါကျရင် ငါတို့ အပြန်ခက်လိမ့်မယ်။ သောမဒတ်ကလည်း နဂါးမင်းဘက် ပါသွားမှာ သေချာတယ်။ ဒီတော့ ဘူရိဒတ်မည်သို့သဘောတူခွင့်ပြုအောင် စည်းရုံးခွင့်ပန်ရမည်ကို ပုဏ္ဏားသည် အသေးစိတ်တွက်ချက် တွေးတောလေတော့သည်။

"နဂါးမင်းဟာ ဥပုသ်သီတင်းသီလ စောင့်သုံးခြင်း အရာမှာ အလွန်ထက်သန်သူ ဖြစ်တယ်။ အင်း ... ဟုတ်ပြီ။ ဒါနဲ့ပဲ သူ့ကို ယိမ်းယိုင်လာအောင် ငါ သွေးဆောင်ရမယ်။ ဟုတ်ပြီ ... ဟုတ်ပြီ"

ပြုမြဲအစဉ်အလာအတိုင်း ဘူရိဒတ်သည် လခွဲတစ်ကြိမ် ခမည်းတော်၊ မယ်တော်တို့ထံ အခစားဝင်လျက် ဥပုသ်ဆောက်တည်ရန် ယမုန်နာမြစ်ကမ်းဘေး၊ ညောင်ပင်ကြီးရှိရာသို့ မထွက်ခွာမီ ပုဏ္ဏားသားအဖအား ဝင်ရောက်နှုတ်ဆက်သည်။

"နဂါးပြည်မှာ သင်တို့ ပျော်ကြရဲ့ မဟုတ်လား"

သောမဒတ္တက ဖခင်ရဲ့ အရိပ်အကဲကို ကြည့်နေသည့် ပုဏ္ဏားက သောမဒတ္တအား ငြိမ်သက်စွာနေရန် မျက်ရိပ်ပြလိုက်ပြီးနောက် –

"နဂါးမင်း၊ သင့်ထံမှာ ကျွန်ုပ်တို့အတွက် ဘာမှ လိုလေသေးမရှိအောင် ပြည့်စုံနေပါတယ်။ ဒီမှာနေလို့ကတော့ ကျွန်ုပ်တို့မှာ အလိုမပြည့်ဘူးဆိုတာ မရှိပါဘူး" ဟုပြောလိုက်သည်။

သောမဒတ္တ အံ့အားသင့်သွားသည်။ ဖခင်ဖြစ်သူသည် ပြန်အရေးစကားမဆိုဘဲ ဘာတွေများ လှည့်ပတ်ပြောဦးမည်နည်းဟု တွေးမိသည်။

ဘူရိဒတ်ကမူ ပုဏ္ဏား၏ စကားအသွားအလာနှင့် အတွင်းကျိတ်ဉာဏ်ကို ရိပ်စားမိခြင်းမရှိဘဲ ဖြောင့်မတ်စွာသာ တွေးပြောတတ်သူ ဖြစ်သည့်အလျောက်၊ ပုဏ္ဏား၏စကားကို သဘောကျသွားသည်။ ပုဏ္ဏားက ဆက်ပြောသည်။

"အလိုမပြည့်ဘူးဆိုတာ မရှိပါဘူး နဂါးမင်း၊ သင့် နဂါးပြည်နဲ့ သင်ရရှိထားတဲ့ စည်းစိမ်ကို ကြည့်စမ်းပါ၊ ထက်ဝန်းကျင် ခပ်သိမ်းသော အရပ်ရှစ်မျက်နှာတို့မှာ ရွှေ၊ ငွေပုလဲသွယ်များနဲ့ အတိပြီးနေတယ်။ ညီညွတ်တဲ့ မျက်နှာပြင်ထက်မှာ လှပစိမ်းလန်းတဲ့ ပန်းချုပန်းနွယ်များက ပေါက်ရောက်နေတယ်။ ဒီပန်းရုံ

တွေထက်မှာ အဆင်းတောက်ပတဲ့ ရွှေပိုးပရံမျှားက ဖုံးလွှမ်းနေတယ်။ ပန်းတို့နဲ့ အမြဲ ထုံသင်းနေတဲ့ တောတန်း၊ ကြာအပေါင်းနဲ့ ပြည့်စုံတဲ့ ရေကန်တွေနဲ့ စိမ်းလန်းနေတယ်။ သင်နေတဲ့ ပြာသာဒ်ကို ကြည့်ဦးမလား၊ ရတနာကျောက်မျက်ရွဲနဲ့ စီခြယ်ထားတဲ့ ရှစ်မြောင့်ရှိသော တိုင်လုံးပေါင်း တစ်ထောင်နဲ့ ဆောက်လုပ်ထားတယ်။ ဒီဘုံနန်း ပြာသာဒ်အတွင်းမှာ လှပချောမွေ့တဲ့ နဂါးမပျိုလေးတွေကလည်း အလှည့်ကျခစားလုပ်ကျွေးလို့ ...

"အင်း ... ဒီလို နေရာမျိုးမှာ ကျွန်ုပ်တို့ သားအဖ ဘာများ တောင့်တတိုင်း မပြည့်စုံရှိရမှာလဲ"

ဘူရိဒတ်သည် ပုဏ္ဏားဏ၏ စကားကို သဘောတူနှစ်သက်စွာဖြင့် ငြိမ်သက်စွာ နားထောင်နေလေသည်။ ပုဏ္ဏားက လေသံကို မြှင့်လျက် –

"အင်း ... ဒီစည်းစိမ် ချမ်းသာအလယ်မှာ နေရင်းနဲ့ ကျွန်ုပ် တစ်ခုစဉ်းစားမိလာတယ်။ အဲဒါက ဘာလဲဆိုတော့ ဒီလောက်ပြည့်စုံတဲ့ ချမ်းသာမှုအလယ်မှာ ခံစားစံစားနေတဲ့သင်ဟာ ဘာကြောင့်များ ဥပုသ်စောင့်နေတာပါလိမ့် ... သင့်ရဲ့ ဘုန်းတန်ခိုးဟာ အလွန်ကြီးတာပါပဲ နဂါးမင်း၊ ဒီတန်းခိုး၊ ဒီစည်းစိမ်ဟာ သိကြားမင်း ဗိမာန်တောင်မှ သင့်လောက် ပြည့်စုံကြီးကျယ်မယ် မထင်ပါဘူး။ ဒါကြောင့် သိကြားမင်း စည်းစိမ်ကို အလိုရှိတဲ့အတွက် သင်ဥပုသ်စောင့်တာတော့ မဖြစ်နိုင်ဘူး။ သိကြားမင်းစည်းစိမ်ချမ်းသာထက် လွန်ကဲ၊ ပိုကဲတဲ့ ချမ်းသာကို အလိုရှိလို့သာ သင် ဥပုသ်စောင့်တာ ဖြစ်လိမ့်မယ် မဟုတ်ဘူးလား ဘူရိဒတ် နဂါးမင်း"

ဘူရိဒတ်သည် ပုဏ္ဏားစကားကြားသောအခါ ဖြည်းညင်းစွာ ဦးခေါင်းကို ယမ်းလျက် –

"မဟုတ်ဘူး ပုဏ္ဏား၊ ဒီစကား မဆိုသင့်ဘူး။ ယူဇနာရှစ်သောင်းလေးထောင် အမြင့်ဆောင်တဲ့ မြင်းမိုရ်တောင်မင်းကို မုန်ညင်းစေ့နဲ့ နှိုင်းယှဉ်သလို ဖြစ်နေတယ်။ ကျွန်ုပ်ရဲ့ စည်းစိမ်ဟာ သိကြားမင်းရဲ့ စည်းစိမ်အောက်နိမ့်ကျတယ်။ ကျွန်ုပ်တို့ဟာ သိကြားမင်းရဲ့ အလုပ်အကျွေးမျှသာ ဖြစ်တယ်။ သင်နားလည်အောင် ပြောရရင် သိကြားမင်း အလုပ်အကျွေးဖြစ်တဲ့ စတုမဟာရာဇ် နတ်မင်းကြီးတို့ရဲ့ စည်းစိမ်ကို တစ်ဆယ့်ခြောက်စိတ် စိတ် တစ်စိတ်မျှသော အရာပင် တိရစ္ဆာန်မျိုးနွယ်ဖြစ်တဲ့ ကျွန်ုပ်တို့ရဲ့ နဂါးမင်း စည်းစိမ်ဟာ မယှဉ်နိုင်ဘူး။ အမှန်တော့ ကျွန်ုပ်ဟာ ဝေဇယန္တာ ပြာသဒ်ကို တောင့်တပြီး နတ်ဗိမာန်ကို ရည်ရွယ်ပြီး တောင်ပို့ထိပ်မှာ ဥပုသ်စောင့်တာပဲ ပုဏ္ဏား"

"ဟင် ... ဒီလိုလား၊ သိကြားမင်း စည်းစိမ်ကို တောင့်တပြီး သင်ဥပုသ်စောင့်တာလား"

http://www.cherrythitsar.org



ပုဏ္ဏားက အံ့ညြဟန်ဖြင့် ဆို၏။ စင်စစ် သူ့အတွက် ဆက်ပြောစရာ အကွက် ဝင်ခဲ့လေပြီ။

ဘူရိဒတ်နှင့်အတူ စိတ်ပါဝင်စားစွာ စကားပြောနေရာမှ ပုဏ္ဏား၏ မျက်နှာအသွင်သည် စိတ်မချမ်းမမြေ့ ဖြစ်ဟန်သို့ ချက်ချင်း ပြောင်းလဲသွားသည်။ သောမဒတ္တက သူ့ဖခင်ကို ကြည့်ရင်း ယခုလို အမူအရာ ပြောင်းသွားရခြင်း အကြောင်းကို စူးစမ်းနေသည်။ ဖခင်သည် စကားသာ ဟောင်ဖွာဟောင်ဖွာ ပြောတတ်သူမဟုတ်။ လိုအပ်လျှင် မျက်နှာဟန်ပန် အမူအရာကိုပါ ပြောင်းလဲတတ်သူ ဖြစ်ကြောင်း သောမဒတ္တ သိပြီးဖြစ်သည်။

ယခုလည်း ဖခင်ဖြစ်သူသည် အကြံတစ်ခုခုရှိ၍သာ မျက်နှာ ညှိုးချင်ဟန်ဆောင်လိုက်ခြင်းဖြစ်ကြောင်း သောမဒတ္တ ရိပ်မိသည်။

ပုဏ္ဏားမျက်နှာညှိုးသွားသည်ကို တွေ့ရသောအခါ ဘူရိဒတ်သည် သဘောမနော ဖြောင့်သူပီပီ ရိုးသားစွာ မေးလိုက်သည်။

"ပုဏ္ဏားကြီး ဘာဖြစ်လို့လဲ၊ သိကြားမင်း စည်းစိမ်ကို ကျွန်ုပ် လိုချင်တဲ့အတွက် ဥပုသ်စောင့်တယ်ဆိုတာ သိရတာနဲ့ပဲ သင့်အသွင်က မရွှင်မလန်း ဖြစ်သွားပါလား၊ ကျွန်ုပ်ပြောတဲ့အထဲမှာ သင့်အတွက် စိတ်နှလုံး ထိခိုက်စရာများ ပါလို့လား"

ပုဏ္ဏားက စိတ်မချမ်းမသာ အမူအရာကို ပို၍ပြလိုက်ပြီး –

"သြော် ... အရှင်နဂါးမင်း အဖို့မှာတော့ အစစပ်သိမ်း ပြည့်စုံပါပေတယ်။ ဆန္ဒရှိတိုင်း လုပ်ခွင့်သာပါပေတယ်။ ကျွန်ုပ်တို့မှာသာ..."

စကားကိုပင် ဆုံးအောင် မပြောတော့ဘဲ ပုဏ္ဏားသည် အလွန်အမင်း ထိခိုက်သွားဟန်ဖြင့် ဆို့ဆို့နစ်နစ် စကား,စ ဖြတ်ထားလိုက်သည်။

"ပြောပါ ပုဏ္ဏားကြီး၊ သင်တို့မှာ ဘာဖြစ်လို့လဲ"

"ဘဝအကျိုးပေး မကောင်းလိုက်ပုံကို တွေးမိသွားလို့ပါ နဂါးမင်းရယ်"

"ဘဝအကျိုးပေး ဘယ်လို မကောင်းသလဲ ပုဏ္ဏားကြီး"

ပုဏ္ဏားက ဆွေးဆွေးမြည့်မြည့် အသံဖြင့် ရေရွတ်သည်။

"ဘူရိဒတ် နဂါးမင်း၊ သင်သိတဲ့အတိုင်းပဲ ကျွန်ုပ်တို့ သားအဖဟာ သမင်နောက်လိုက်ရင်းနဲ့ သင့်တိုင်းပြည်ကို ရောက်ခဲ့တယ်။ ရက်လတွေလည်း ကြာမြင့်လှပေါ့။ အိမ်မှာ ကျန်ခဲ့တဲ့ သားမယားတွေအဖို့ ကျွန်ုပ်တို့ သေသလား ရှင်သလား ဆိုတာတောင်မှ မသိရ၊ အဆက်အသွယ်တွေ လုံးဝ ကင်းပြတ်၊ အို ... နဂါးမင်းရယ် သင့်ကို အနူးအညွတ် တောင်းပန်ပါတယ်။ သင် အကြည်အသာ အနူးအညွတ် ခွင့်လွှတ်မယ်ဆိုရင် ကျွန်ုပ်တို့ဟာ သားမယား ဆွေမျိုးများနဲ့ ပြန်တွေ့ချင်လှပါတယ်"

http://www.cherrythitsar.org



စိတ်နှလုံး နူးညံ့သော ဘူရိဒတ်သည် ပုဏ္ဏားကြီး၏ စကားကို ကြားသည်တွင် စာနာ နားလည်မှုများဖြင့် ကရုဏာ သက်သွားသည်။

'ပုဏ္ဏားကြီး၊ ကျွန်ုပ်ထံမှာ သင်တို့နေခြင်းဟာ တောင့်တတိုင်း ပြည့်စုံကုံလုံချမ်းသာတဲ့ ဘဝပေပဲ။ ဒီလို စည်းစိမ်မျိုးကို သင်တို့လူ့ရပ်ရွာမှာ ရခဲတယ်။ ဒါပေမဲ့ ဒီလို စည်းစိမ်ချမ်းသာမှုတွေ အလယ်မှာ သင် မပျော်မွေ့ဘူးဆိုရင်လည်း လူ့ပြည်ကို သင်ပြန်နိုင်ပါတယ်"

ဘူရိဒတ်သည် အလွယ်တကူပင် ခွင့်ပြု စကားပြောရင်းဖြင့် တစ်စုံတစ်ခုကို တွေးမိပြန်သည်။ နေသာဒ ပုဏ္ဏားကြီး၏ စဉ်းလဲဖောက်ပြန်မှု သဘာဝကို အလိုလို သိနေသောကြောင့် ထိုသို့ တွေးမိခြင်းလည်း ဖြစ်သည်။

"ဒီပုဏ္ဏားကြီးဟာ သနားစရာ ကောင်းတာတော့ အလွန်ပဲ။ ဒါပေမဲ့ လူ့ပြည်ပြန်ရောက်ပြီးရင် ငါနဲ့ တွေ့ခဲ့တဲ့အကြောင်းကို သူလျှောက်ပြောဦးမယ်။ ပြီးတော့ ငါ့ ဥပုသ်သီတင်း စောင့်သုံးရာ အရပ်ကိုလည်း လူတတ်လုပ်ပြီး ညွှန်ပြချင် ညွှန်ပြနေမှာ၊ တကယ်လို့သာ လူ့ပြည်မှာ ချမ်းချမ်းသာသာ နေရမယ်ဆိုရင် သူဟာ ငါ့အကြောင်းကိုလည်း ပြောမှာ မဟုတ်ဘူး။ ငါရှိရာ အရပ်ကိုလည်း ညွှန်ပြမှာ မဟုတ်ဘူး။ သည်တော့ သူချမ်းသာစွာ နေနိုင်အောင် ငါ ဆောင်ရွက်ပေးလိုက်မှပဲ"

ဤသို့ ကြံစည်ပြီးနောက် ဘူရိဒတ်သည် ပုဏ္ဏားကြီးအား အကောင်းဆုံး လက်ဆောင်ပေးရန် ပတ္တမြားရှင်ကို ရွေးလိုက်သည်။

"ပုဏ္ဏားကြီး ဟောဒါ ပတ္တမြားရှင်၊ ဒီပတ္တမြားကို ဆောင်ထားသူမှာ အလိုရှိတိုင်းသော ဥစ္စာဘဏ္ဍာကို ရရှိပိုင်ဆိုင်နိုင်တယ်။ အနာရောဂါကင်းပချမ်းသာစေနိုင်တယ်။ ဒီပတ္တမြားကို သင်ယူသွား၊ လူ့ပြည်မှာ ချမ်းသာစွာ အသက်မွေး နေထိုင်ပေတော့"

ဘူရိဒတ်၏ လက်ဝါးပြင်ထက်မှ ပတ္တမြားမျက်ရှင်ကို ပုဏ္ဏားကြီးက တစ်ချက် လှမ်းကြည့်သည်။ သို့သော် ချက်ချင်းပင် အကြည့်လွှဲဖယ်လိုက်သည်။ သား သောမဒတ္တကား ပတ္တမြားကို မြင်မြင်ချင်းပင် လှမ်းယူသိမ်းပိုက်လိုက်ချင်ပြီ ဖြစ်သည်။ သို့သော် ဖခင်၏ အနေအထား အသွားအလာ အရိပ်အကဲကိုသာ စောင့်ကြည့်လိုက်ရသည်။

ပုဏ္ဏားကြီးမှာမူ ဘူရိဒတ်က ပြန်ခွင့်ပြုလိုက်သဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်သွားသော အမူအရာကို ဖုံးဖိလျက် –

"နဂါးမင်း သင်ဟာ တကယ့်ကို ကြင်နာတတ်သူပါပဲ။ ကျေးဇူးကြီးလှသူပါပဲ။ သင့်စကားကိုလည်း မပယ်သင့်ပါဘူး။ သို့ပေမဲ့ ကျွန်ုပ်ဟာ အိုမင်းခဲ့ပါပြီ။ ဇရာပိုင်း ရောက်ခဲ့ပါပြီ။ လူ့ပြည် ပြန်ရောက်ရင် ကျွန်ုပ်က ရဟန်းပြုတော့မှာပါ။

http://www.cherrythitsar.org



လောကီအာရုံ ကာမဂုဏ်တွေကိုလည်း အလိုမရှိတော့ပါဘူး။ သည်တော့ ရဟန်းပြုတော့မယ့် ကျွန်ုပ်အတွက် ဒီပတ္တမြား မလိုတော့ပါဘူး။ ရှိပါစေတော့ နဂါးမင်းရယ် ရှိပါစေတော့”

ဘူရိဒတ်သည် ဤစကားကို ကြားသောအခါ ပုဏ္ဏားအပေါ်တွင် ပိုမို၍ ညွှတ်နူးလေးမြတ်သွားလေသည်။ သောမဒတ္တမူကား အိမ်ပြန်ခွင့် ရချိန်တွင် မိမိဖခင်သည် မိမိကိုယ်မိမိဂုဏ်တက်အောင် တမင်လုပ်နေမှန်း သိနေသည်။ သို့သော် ဝင်မပြောသာသဖြင့် ငြိမ်နေရသည်။

“ပုဏ္ဏားကြီး၊ သင် ရဟန်းပြုမယ်ဆိုတာ ကြားရလို့ များစွာ ဝမ်းသာလှပါတယ်။ သို့သော် ရဟန်းအဖြစ်ဆိုတာ အင်မတန် ပြုနိုင်ခဲတယ်။ ရဟန်းအကျင့်ဆိုတာ အလွန်ခက်ခဲလှတယ်။ သင်ရဟန်းပြုပြီးနောက် ခက်ခဲတဲ့ အကျင့်ကြောင့် လူထွက်မယ်ဆိုရင် သင့်မှာ ဥစ္စာပစ္စည်းဆိုတာ လိုအပ်လာဦးမှာပဲ။ အဲဒီအခါမှာ သင်ကျွန်ုပ်ထံသာ လာခဲ့၊ ဘာမှ မစိုးရိမ်နဲ့၊ သင် အလိုရှိတိုင်း ကျွန်ုပ် ပေးမယ်”

“ကောင်းပါပြီ နဂါးမင်း။ ကောင်းပါပြီ၊ ကျွန်ုပ် အလိုရှိတဲ့အခါမှာ လာခဲ့ပါ့မယ်။ အခုတော့ ကျွန်ုပ်တို့ သားအဖကို ခွင့်ပြုပါတော့”

သား သောမဒတ္တကို မျက်စောင်းထိုး၍ ဟန့်တားလိုက်ရင်း ပုဏ္ဏားကြီးသည် ခပ်သုတ်သုတ်ပင် ပြောချလိုက်သည်။

“ကောင်းပြီ။ သင်တို့ ပြန်ကြပေတော့။ ကျွန်ုပ်ရဲ့ နဂါလုလင် လေးယောက်ကို လိုက်အပို့ခိုင်းလိုက်ပါမယ်။ ယမုန်နာ မြစ်ကနေ ဗာရာဏသီခရီးအထိ လိုက်ပို့ကြပါလိမ့်မယ်”

သောမဒတ္တသည် ပတ္တမြားမျက်ရှင်ကို တပ်မက်စွာ လှမ်းကြည့်ရင်းဖြင့်ပင် ဖခင်ဆွဲခေါ်ရာ နောက်သို့ ပါသွားလေသည်။

*

ယမုန်နာမြစ် နယ်နိမိတ်မှကျော်၍ ဗာရာဏသီ ခရီးအစပ်သို့ ရောက်သည်နှင့် နဂါးလုလင်တို့ ပြန်သွားကြသည်။

ပုဏ္ဏားကြီးကား အိမ်ပြန်ရောက်တော့မည် ဖြစ်၍ တက်ကြွပျော်ရွှင်နေသည်။ နှုတ်သွက်လျှာသွက် ဖြစ်နေသည်။ ဗာရာဏသီ နယ်နိမိတ်အဝင်တွင် တစ်လမ်းလုံး စကားတွေ ပြောလေသည်။

“ငါ့သား သောမဒတ်၊ ဟောဟို တောအုပ်ဟာ ငါတို့ သမင်လိုက်တဲ့ တောအုပ်ပေါ့ကွ။ တွေ့လား၊ ဟိုဘက်က နွံအိုင်တွေ ထူထပ်တဲ့နေရာ တွေ့လား၊ အဲဒါက တောဝက်တွေကို သတ်တဲ့နေရာ၊ ဒီနေရာတွေဟာ မင့်အဘ ငါ မုဆိုးခြေရာချင်း ထပ်ခဲ့တဲ့ နေရာတွေပေါ့၊ လာပါကွ ... ခရီးလမ်းကို ငါ ကျွမ်းပြီးသားပါ”

သောမဒတ္တကား နဂါးပြည်တွင် ဆက်မနေရခြင်းကြောင့်တစ်ကြောင်း၊ ပတ္တမြားရှင်

ကို ပေးနေပါလျက် ဂုဏ်သိက္ခာဆည်ကာ ငြင်းခဲ့ခြင်းကြောင့်တစ်ကြောင်းတို့ကြောင့် ဖခင်အပေါ် စိတ်ကွက်ကာ တစ်လမ်းလုံး စကားမပြောဘဲ လိုက်လာလေသည်။

ဤသို့ဖြင့်ပင် တောအုပ်တစ်ခု အလွန်၌ ရေအိုင်တစ်အိုင်ကို တွေ့ကြသည်။

"သောမဒတ်၊ တစ်ညလုံး တစ်နေ့ခင်းလုံး ခရီးပြင်းနှင်လိုက်ကြတာ အတော် မောသွားပြီ။ အိမ်ပြန်အဝင်မှာ လန်းလန်းဆန်းဆန်းလေး ရှိသွားအောင် ဟောဟိုက ရေအိုင်မှာ ရေချိုးလိုက်ကြဦးစို့ကွာ၊ ဘယ်နှယ့်လဲ"

"အဘ သဘော"

နဂါးပြည်က ပါလာသော ဝတ်စားတန်ဆာတို့ကို ချွတ်လျက် ရေအိုင်တွင်းသို့ ဆင်းချိုးကြသည်။ အားရအောင် ရေချိုးပြီးမှ ပြန်တက်ခဲ့ကြသည်။

"ဟင် ... အဘ၊ ဟိုမှာကြည့်ပါဦး"

သောမဒတ္တက ထိတ်လန့်အံ့သြစွာ ရေရွတ်လိုက်သည်။

"ဘာလဲ၊ ဘာတွေ့လို့လဲကွ"

"ဘာမှ မတွေ့တော့လို့ပေါ့။ ကျုပ်တို့ ချွတ်ထားခဲ့တဲ့ အဝတ်တန်ဆာတွေ မရှိတော့ဘူး။ ပျောက်ခြင်းမလှ ပျောက်သွားပြီ"

"ဟာ ... ဟုတ်သားပဲ။ ဘယ်ရောက်သွားတာလဲ။ ဒီတောကြီးထဲမှာ ဘယ်သူမှလည်း ခိုးမသွားနိုင်ပါဘူး"

သားအဖနှစ်ယောက် တအံ့တသြရှိနေကြချိန်မှာ နောက်ထပ် အံ့သြစရာများ ဖြစ်ပေါ်လာသည်။

"ဟာ ... အဘ၊ ကြည့်စမ်း။ အဘကိုယ်ပေါ်မှာ ကျုပ်တို့အိမ်က ထွက်လာတုန်းကအတိုင်း အဝတ်အစားတွေ ပြန်ရောက်နေပါလား"

"အေး ... ဟုတ်ပါရဲ့။ ဟား ... ဟား ... မင်းကိုယ်ပေါ်မှာလည်း အိမ်က ဝတ်လာတဲ့ ဖန်ရည်ဆိုး ပုဆိုးပိုင်းလေး ရောက်နေပြီ"

"ဟော ... ဟော ... ဒါ အဘ ကိုင်ခဲ့တဲ့ လေးမြားနဲ့လုံ"

သောမဒတ္တသည် ချက်ချင်းပင် အဖြစ်မှန်ကို သိသွားသည်။ နဂါးပြည်မှ ပါလာသော အဖိုးထိုက် အဖိုးတန် နတ်ဝတ်တန်ဆာတို့သည် အလိုလို ပျောက်သွားခဲ့ကြပေပြီ။ ထိုအခါ သမင်လိုက်မုဆိုးသားအဖတို့၏ ပကတိဘဝမှန်ကို အလုံးစုံ ပြန်ရောက်သွားကြပေပြီ။

ညစ်ပေစုတ်ချာသော ပုဆိုးနံ့ငယ်ပိုင်း၊ ထို့နောက် မုဆိုးတန်ဆာ လေးမြား လုံ့လက်နက်များ၊ နံ့ချာသော မူလဘဝ။

http://www.cherrythitsar.org



သောမဒတ္တသည် ဝမ်းပန်းတနည်းဖြစ်ကာ ရှိုက်ကြီးတငင် ငိုချလိုက်လေတော့သည်။

"အဘ ... ဒါ ခင်ဗျားကြီးကြောင့်၊ စည်းစိမ်ချမ်းသာတွေကြားမှာ နေနိုင်ပါရက်နဲ့ အဘ ဆတ်ဆော့လို့ ကျုပ်တို့မှာ အခု ဒုံရင်း ပြန်ရောက်ရပြီ။ စည်းစိမ်ချမ်းသာ ပျက်စီးရပြီ"

နေသာဒပုဏ္ဏားလည်း စိတ်ထိခိုက်သွားသည်။ သား၏ စွပ်စွဲချက်ကိုလည်း ပြန်မချေသာတော့။ သို့သော် အမြဲတစေ ဟန်ကိုယ့်ဖို့ ရှိထားသူဖြစ်သည့် အလျောက် စိတ်မချမ်းမသာဖြစ်မှုကို မျိုသိပ်လျက် သားအား ဖျောင်းဖျအားပေးလိုက်သည်။

"ဒါတွေ စွဲလမ်းမနေစမ်းပါနဲ့ကွာ။ ဟောဒီမှာ ဒီတောကြီးရှိနေသရွေ့ သမင်မရှားဘူး။ သမင်တွေ ရှိနေသရွေ့ ငါတို့ အသက်မွေးမှု မပူရပါဘူး။ မင့်အဘပါကွ။ ကိုင်း ... ကိုင်း ... အိမ်အရောက် ပြန်ကြစို့။ ငိုမနေစမ်းပါနဲ့"

*

သို့ဖြင့်ပင် သားအဖနှစ်ယောက် အိမ်ပြန်ရောက်ခဲ့ကြသည်။ ပုဏ္ဏေးမကြီးနှင့် သားသမီးများက ကြိုဆိုကြသည်။ တောလည်ရင်း မျက်စိလည်သွား၍ ကြာမြင့်ခဲ့ရသည်ဟု နေသာဒပုဏ္ဏားက ပြောပြီး ထမင်းစားကာ အိပ်ပျော်သွားသည်။ ပုဏ္ဏေးမကား လင်ဖြစ်သူကို ယုံကြည်သူမဟုတ်။ ထို့အပြင် သား သောမဒတ္တ၏ မျက်နှာမှာလည်း တစ်ခုခုကို လျှို့ဝှက်ထားကြောင်း တွေ့နေရသည်။

ထို့ကြောင့် ပုဏ္ဏားကြီး အိပ်ပျော်နေစဉ် ပုဏ္ဏေးမသည် သောမဒတ္တကို စကားအစ်လေတော့သည်။ သောမဒတ္တကား နဂိုကပင် ဖခင်အပေါ် မကျေမနပ်ဖြစ်နေခဲ့လေရာ မိခင်ကြီးကို အကုန်အစင် ဖွင့်ပြောလိုက်တော့သည်။

"အဲဒါပဲ အမေရဲ့။ အဘက မပျော်ဘူး ပြန်ပါရစေဆိုတာနဲ့ ကျုပ်တို့ ပြန်လာကြရတာ"

အိမ်လွမ်း၍ ပြန်လာခဲ့ခြင်းကိုတော့ ပုဏ္ဏေးမကြီး သဘောကျသွားသည်။ သို့သော် ဤမျှနတ်စည်းစိမ်ဖြင့် နေခဲ့ပြီးနောက် အပြန်ခရီးတွင် ဘာတစ်ခုမှ ပါမလာခြင်းကိုမူ မကျေနပ်။

"နေစမ်းပါဦး၊ နဂါးပြည်က ပြန်လာခဲ့ပြီး ဘာရတနာပစ္စည်းမှ မပါလာခဲ့ဘူးလား ... ဟဲ့"

"မပါလာလို့ မတွေ့ရတာပေါ့ အမေရာ"

"နင်တို့ ဘူရိဒတ် နဂါးမင်းကကော ဘာမှလက်ဆောင်လေး ဘာလေး မပေးလိုက်ဘူးလား"

သောမဒတ္တသည် မကျေနပ်မှုများကို ဖွင့်ချလိုက်လေသည်။

http://www.cherrythitsar.org



"ဘယ် မပေးဘဲရှိမလဲ အမေရာ။ နဂါးမင်းက ပတ္တမြားမျက်ရှင်ကြီး တစ်လုံး ပေးပါသကော။ အဲဒါကို အဘရယ်ပေါ့။ အမေ့ယောက်ျားကြီးက လူ့ပြည်ရောက်ရင် ရဟန်းဝတ်မှာမို့ မယူပါဘူးလို့ ငြင်းပစ်ခဲ့တယ်လေ။ ကောင်းကြသေးလား"

"ဩော် ... ဩော် ... ဒီလိုတဲ့လား။ တွေ့ကြသေးတာပေါ့ နေသာဒရယ်"

ပုဏ္ဏေးမကြီးသည် အိမ်နောက်ခန်းတွင်းသို့ ဝင်သွားသည်။ ပြန်ထွက်လာသောအခါ လက်ထဲ၌ စပါးမွှေသော ယောက်မကို ကိုင်လျက် –

"မယားနဲ့ သားသမီးတွေကို ပစ်သွား၊ နဂါးပြည်မှာ စည်းစိမ်ခံလို့ ဝတော့မှ ပြန်လာ။ ဟင် ... ငါ့မှာဖြင့် ဒီကလေးတွေ တစ်လှေကြီးနဲ့ ဒုက္ခတွေ ရောက်လိုက်တာ။ ရှာကြံကျွေးလိုက်ရတာ။ သင်းကတော့ တစ်ကိုယ်ကောင်းကြံပြီး အဆီယစ်လို့ အားရပြီးမှ ရဟန်းပြုတော့မယ်လေး ဘာလေးနဲ့။ ဟင် ... ပြုလိုက်ဦးဟဲ့။ ပြုလိုက်ဦးဟဲ့"

ပုဏ္ဏေးမ၏ ယောက်မသည် အိပ်ပျော်နေသော နေသာဒပုဏ္ဏားကြီး၏ ကျောပေါ်သို့ အချက်ပေါင်းများစွာ ကျသွားသည်။

ထိတ်လန့်စွာ နိုးထလာသော ပုဏ္ဏားကြီးသည် ယောက်မကို ရှောင်ရင်း တဟဲ့ဟဲ့ဖြင့် တောင်းပန်သည်။ ပုဏ္ဏားမ၏ ဒေါသကား ဆင့်ကဲ ဆင့်ကဲ။

"ဟင် ... ဘူရိဒတ်က ပေးလိုက်တဲ့ ပတ္တမြားကိုတော့ မယူခဲ့ဘူး ဟုတ်လား။ သိက္ခာတွေလုပ်၊ ဟန်တွေဆောင်ပြီး ငြင်းခဲ့သတဲ့။ ဘာတဲ့ လူ့ပြည်ပြန်ရောက်ရင် ရဟန်းပြုတော့မယ်တဲ့လားဟဲ့ ... နေသာဒပုဏ္ဏားရဲ့။ ရဟန်းပြုမယ်ဆိုပြီး ဘာကြောင့် ငါ့အိမ်ကို ပြန်လာရသေးသလဲ ဟင်။ သွား ... အိမ်ပေါ်က ဆင်း ... တော်ရာသွား။ နင့်ဟာနင် ရဟန်းပြု။ ငါ့အိမ်မှာ မနေနဲ့။ ဆင်းဟဲ့ ... အခုဆင်းဟဲ့"

သားသမီးများက ဝိုင်းဝန်းဖျန်ဖြေလိုက်သဖြင့် ထိုတစ်ဖက်သတ် ရန်ပွဲပြီးဆုံးသွားသည်။ ပုဏ္ဏားကြီးက ကျောပေါ်မှ ယောက်မ ဒဏ်ရာများကို ပွတ်သပ်ရင်း ကတုန်ကယင် တောင်းပန်သည်။

"ဒေါသမကြီးပါနဲ့ ရှင်မရယ်၊ စိတ်ပြေပါတော့။ ငါရဟန်းလည်း မပြုတော့ပါဘူး။ တောမှာ သမင်မရှားပါဘူး။ ငါ မုဆိုးအလုပ်ကို အရင်ထက် နှစ်ဆတိုး လုပ်ရင်း မင်းတို့ကို ရှာကျွေးပါ့မယ်ကွာ"

*

## နဂါး ဂဠုန် တောင်ဟုန်ပြင်းပြင်း

တောင်သမုဒ္ဒရာ၏ အဆုံးမဲ့ ရေပြင်ကျယ်ကြီးသည် အစိမ်းရောင် တောက်နေသည်။ အထောင်အသောင်းသော လှိုင်းအိလေးများဖြင့် ညင်သာစွာ လူးလွန့်နေပုံမှာ မြကမ္ဗလာထက်သို့ လေညင်းသုတ်ဖြူးနေသည့်နှယ်ပင်။

သမုဒ္ဒရာကမ်းခြေရှိ ကျောက်ဆောင်ကြီးများက ပြန့်ပြူးငြိမ်သက်သော ရေအပြင်ကို မိုးမိုးမားမား စီး၍ ကြည့်နေကြသည်။ တိမ်ကင်းစင်သော ကောင်း ကင်ပြင်ကြီးကမူ သမုဒ္ဒရာနှင့် ကျောက်ဆောင်တို့၏ ငြိမ်းချမ်းမှုကို ဂုဏ်ပြုနေ သည်ဟု ထင်ရသည်။

တိတ်ဆိတ်ငြိမ်သက်သော၊ ငြိမ်းအေး ချမ်းမြေ့သော အလှ။

အစိမ်းရောင်နှင့် အပြာရောင်တို့ဖြင့် ဖွဲ့စည်းထားသော အလှ။

ထိုစိမ်းလဲ့လဲ့ သမုဒ္ဒရာရေပြင်၏ အောက်ဝယ်နွေးထွေးသော ရေငွေ့စီး ကြောင်းများကို ခိုလှုံပြီး နဂါးများ မြူးထူးကျက်စားနေကြသည်။

နဂါးများသည် ရေအောက်တွင် မြူးထူးနေကြရင်းဖြင့် သာတောင့်သာ ယာ သမုဒ္ဒရာ မျက်နှာပြင်ထက်သို့ တက်လာတတ်ကြသည်။ စိမ်းဖန့်ဖန့် ကိုယ် လုံးကြီးများကို မြှုပ်ချည်ဖော်ချည် ပြုလျက် ရေအပြင်တွင် စိတ်ရှိတိုင်း ကူးခပ်ကြ သည်။ အချို့နဂါးများကမူ အေးမြသော ရေနက်ပိုင်းအထိ ငုပ်လျှိုးပြီးမှ အရှိန် အဟုန်ဖြင့် ရေမျက်နှာပြင်ပေါ်သို့ ဘွားခနဲ ထိုးတက်ကာ ဦးခေါင်းကို ယမ်းခါပစ် တတ်ကြသည်။ ထို့နောက် ရေနက်ပိုင်းသို့ တဟုန်ထိုး ပြန်ငုပ်သွားကြပြန်သည်။

တောင်သမုဒ္ဒရာကြီးကား ရင်သွေးငယ်တို့အား မိမိရင်ခွင်တွင် မြူးထူး ပျော်ပါးစေသော မိခင်တစ်ဦးလို နဂါးတို့၏ စိတ်ထင်တိုင်း ကူးခပ်ကျက်စားနေကြ သည်ကို ခွင့်ပြုထားတတ်လေသည်။

http://www.cherrythitsar.org



တောင်သမုဒ္ဒရာ၏ ဤဒေသတစ်ဝိုက်ကား နဂါးတို့အတွက် လွတ်လပ်အေးချမ်းသော နယ်၊ ဘေးအန္တရာယ် ကင်းရှင်း၍ ပျော်ခြင်းမက ပျော်ကြသည့် နယ်ပင် ဖြစ်လေသည်။

*

လွတ်လပ်ငြိမ်းချမ်းခြင်းသည် ရုတ်ခြည်းပင် ပြိုကွဲသွားသည်။

ဦးစွာ ကျောက်ဆောင်ကြီးများဆီမှ တရှီရှီအသံများ ပေါ်လာသည်။ ရေမျက်နှာပြင်ပေါ် ရောက်နေသော နဂါးများက အံ့အားသင့်စွာဖြင့် ကျောက်ဆောင်ကြီးများဆီသို့ လှမ်းကြည့်ကြသည်။

ကျောက်ဆောင်သည် အသံမပြုတတ်၊ သို့ပါလျက် တရှီရှီ အသံများက အဆက်မပြတ် ထွက်ပေါ်နေသည်။ နဂါးတို့သည် ရေမျက်နှာပြင်ကို တစ်ပြေးညီ အကြည့်ဖြင့် ဝန်းကျင်ဝဲယာသို့ စူးစမ်းကြည့်ကြပြန်သည်။ မိုးသက်မုန်တိုင်းလည်း မဟုတ်။ တောင်သမုဒ္ဒရာတွင် ဤအချိန်ကာလမျိုး၌ လေပြင်းမုန်တိုင်း ကျလာစရာ အကြောင်းလည်း မရှိ။

ကောင်းကင်ပြင်မှာလည်း ပကတိ ကြည်လင်လျက်။ အပြာရောင်တောက်ပလျက်။ သို့သော် အသံများက အဆက်မပြတ် ပေါ်နေသည်။

နားမလည်နိုင်စွာဖြင့် နဂါးများသည် အံ့အားသင့်နေကြသည်။

တရှီရှီ အသံက တစ်စတစ်စ ကျယ်လောင်လာသည်။

ငြိမ်သက်နေသော ရေမျက်နှာပြင်ထက်မှာ လေပြင်းစီးကြောင်းများက တိုးဆောင့်လာသည်။ သမုဒ္ဒရာ၏ မျက်နှာပြင်ထက်မှာ ဝဲကတော့လို အချိုင့်အခွက်များ ပေါ်လာသည်။ တရှီရှီ အသံက ပို၍ ကျယ်လောင်လာသည်။

ထိုမျှသာမက –

တဝုန်းဝုန်း ရိုက်ခတ်သံများပါ ပေါ်လာသည်။

ကောင်းကင်ထက်မှ လာသော အသံ။

အန္တရာယ်၏ အငွေ့အသက်ကို နဂါးများ သိလိုက်ကြပေပြီ။

တရှီရှီ အသံကား ကျောက်ဆောင်များဆီက ပဲ့တင်မြည်ဟည်းလာသော အသံ။ ထိုအသံ၏ မူလဖြစ်ပေါ်ရာ နေရာကား –

တောင်ပံခတ်သံ။

ရန်သူဟူသော အသိကို နဂါးများ အားလုံး တစ်ပြိုင်တည်းလိုလို ရလိုက်ကြသည်။ ထိုအခိုက်မှာပင် တောင်သမုဒ္ဒရာ၏ ငြိမ်းချမ်းသာယာမှုသည် ချက်ချင်း ပြိုကွဲ ပျက်စီးသွားတော့သည်။

ကောင်းကင်တွင် မည်းနက်သော အရိပ်သဏ္ဌာန်ကြီး တစ်ခု ထင်လာသည်။ တောင်ပံခတ်သံများက တဒီးဒီး တဟီးဟီး ကျယ်လောင်လာသည်။

http://www.cherrythitsar.org



ရေမျက်နှာပြင်သည် အထက်ဆီမှ တောင်ပံခတ်သံ၏ ပြင်းထန်သော လေအရှိန်ကြောင့် အချိုင့်အခွက်ကြီးများ ပေါ်လာသည်။ နိမ့်ဟိုက်သွားသော တွင်းကြီးများက ရေမျက်နှာပြင်ပေါ်တွင် တစ်နေရာပြီးတစ်နေရာ ပေါ်လာသည်။

'ဂဠုန်' တစ်ကောင်၏ ထိုးဆင်းဝဲပျံလာမှုအောက်တွင် နဂါးတို့၏ ငြိမ်းချမ်းသော ကမ္ဘာ ပျက်စီးသွားလေသည်။ ရေမျက်နှာပြင်ပေါ်တွင် မြူးထူး ကူးခပ်နေကြသော နဂါးများ ကြောက်လန့်တကြား ငုပ်သွားကြသည်။ အချို့မှာ သွေးရူးသွေးတန်းဖြင့် အဝေးသို့ ကူးပြေးကြသည်။

ဂဠုန်သည် တောင်ဟုန်ပြင်းစွာဖြင့် ရေမျက်နှာပြင်ပေါ်တွင် နီးကပ်စွာ နိမ့်ဆင်း ဝဲပျံနေပေပြီ။ မနားတမ်း တောင်ပံခတ်နေသလို စူးရှချွန်မြ ခြေသည်းများကို အစွမ်းကုန် ဖွင့်ထုတ်ကာ တဝုန်းဝုန်း ပြေးလွှားနေကြသော နဂါးများကို မိရာ နေရာများ၌ ကုတ်ဆွဲဖမ်းယူရန် ကြိုးစားသည်။

ဂဠုန်၏ တောင်ဟုန်ရိုက်ဟပ်ခြင်း၊ နဂါးတို့၏ အသက်လု ရုန်းကန်ကြခြင်းဖြင့် ရေမျက်နှာပြင်သည် လှိုင်းထန်သွားသည်။ လှိုင်းလုံးများ ဝဲကတော့များအကြားတွင် ပြေးလွှားနေသော နဂါးများကို လှည့်ပတ်ပျံဝဲရင်း ဂဠုန်သည် သုတ်ချီရန် ကြိုးစားသည်။

ပြင်းထန်သော ရုန်းရင်းဆန်ခတ်သံကြီး ပေါ်လာသည်။ အကြောက်လွန်ကာ ဦးခေါင်းကို ရေမျက်နှာပြင်ပေါ်တွင် ဖော်ထားမိသည့် နဂါးတစ်ကောင်သည် ဂဠုန်၏ခြေသည်းများ အကြားတွင် အလူးလူး အလွန့်လွန့်ဖြင့် ပါသွားဖြစ်လေသည်။

*

ဦးခေါင်းပိုင်းကို ကုတ်ချီလျက် ဂဠုန်သည် ကျောက်ဆောင်များပေါ်မှ ဖြတ်ကျော်ကာ ဟိမဝန္တာဆီသို့ ပျံတက်သွားသည်။ ကံဆိုးသော နဂါးကား တွန့်လိမ်ကွေ့ကောက်ကိုယ်လုံးကြီးကို အစွမ်းကုန် ရုန်းကန်လျက် လွတ်မြောက်ဖို့ကို ကြိုးစားရင်း ပါသွားသည်။

တစ်စ တစ်စ ဟိမဝန္တာတောသို့ ရောက်လာသည်။

ဂဠုန်သည် မြင့်မားစွာ ပျံသန်းရင်းမှ အနိမ့်ပိုင်းဆီသို့ ဆင်းသက် ဝဲပျံခဲ့သည်။ နဂါး၏ အသက် ဇီဝိန်ကို အပြီးအပြတ် ခြွေကာ နဂါးအဆီကို စားသုံးရန် အသင့်ပြင်လိုက်သည်။

ထိုအခိုက်မှာပင် နဂါးသည် အောက်သို့ နိမ့်ကျလာသော အဟုန်ကြောင့် ကြောက်လန့်ခြင်း ကြီးစွာဖြင့် ရမိရရာ ဖမ်းဆွဲရစ်ပတ်လိုက်သည်။ နဂါးဖမ်းဆွဲရစ်ပတ်လိုက်သည်မှာ ပညောင်ပင်ကြီး တစ်ပင်၏ ခွဆုံဖြစ်သည်။ နဂါး

http://www.cherrythitsar.org


သည် ရှိသမျှ ခွန်အားကို ထုတ်ကာ ပဒေါင်ပင်ခွကို မြီးထူးဖြင့် ဆွဲရစ်လိုက်သည်။

သို့သော် အစာရမွက်ဖြင့် လည်းကောင်း၊ ဒေါသဖြင့်လည်းကောင်း အဆမတန် အင်အားကြီးနေသော ဂဠုန်က နဂါးကို အပြီးတိုင် သတ်ဖြတ်ရန် တောင် ဟုန်ကို မြှင့်ပျံလိုက်သည်။

ပဒေါင်ပင်ခွ၌ နဂါးမြီးထူးဖြင့် ရစ်ပတ်လိုက်သည်ကို ဂဠုန်မသိ။ နဂါးကလည်း မိမိ၏အသက်ချမ်းသာရရေးကို နောက်ဆုံးအကြိမ်အဖြစ် ကြိုးပမ်း ရတော့မည်ကို သိသဖြင့် ပဒေါင်ခွကို မလွှတ်တမ်း ရစ်ပတ်ထားသည်။

ထိုအခါ ပဒေါင်ပင်ကြီးသည် ဖျစ်ဖျစ်မြည်ဟည်း တုန်လှုပ်ကာ အမြစ်နှင့်တကွ မြေမှ အုံကြွကျွတ်ထွက်လာလေသည်။

နဂါးနှင့်တကွ ပဒေါင်ပင်ကြီး ပါလာသည်ကို ဂဠုန်မသိ။ လက်ပံပင် တစ်ပင်သို့ ဆောင်ယူလျက် နဂါး၏ ဝမ်းဗိုက်ကို ပေါက်ခွဲလိုက်သည်။ ထို့နောက် နဂါးဆီကို အောင်သေအောင်သား စားသောက်ပြီးမှ သမုဒ္ဒရာထဲသို့ ပစ်ချလိုက်သည်။

ထိုအခါမှပင် သမုဒ္ဒရာထဲသို့ နဂါး အသေကောင်နှင့်အတူ ဖရိုဖရဲ လွင့်စဉ်ကျသွားသော ပဒေါင်ပင်ကို ဂဠုန်တွေ့လိုက်သည်။

ထိုအခါမှပင် ဂဠုန်သည် အဘယ်သို့သော အရပ်ဒေသမှ ပဒေါင်ပင် ကို မိမိ ဆွဲနုတ်ယူလာမိသနည်းဟု တွေးတောမိလေသည်။

*

## ဆေးနှင့်မန္တန်

ကာသိကရာဇ်တိုင်းနှင့်တကွ လူတို့ရပ်ရွာဒေသ ရှိရှိသမျှ သံယောဇဉ် တို့ကို ဖြတ်တောက်ပြီးနောက် ဟိမဝန္တာသို့ ခိုဝင်ကာ တစ်ကိုယ်တည်း နေလောက် စရာ ကျောင်းသင်္ခမ်းလေးတစ်ခု တည်ဆောက်၍ ရသေ့ရဟန်းဘဝဖြင့် တရားရှာ ခဲ့သည်မှာ ကြာမြင့်ခဲ့ပေပြီ။

တရားဘာဝနာဖြင့် မွေ့လျော်ခဲ့သည့် အချိန်မှစပြီး သူ၏ ကျောင်း သင်္ခမ်းတွင်လည်းကောင်း၊ ဟိမဝန္တာတောတစ်ဝိုက်တွင် လည်းကောင်း မည်သို့ သော အကြောင်းထူးကြီးငယ်ကိုမျှ မကြုံဖြစ်ခဲ့။

သို့သော် ကြုံမယ့်ကြုံဖြစ်တော့လည်း ကျောင်းသင်္ခမ်း၏ စင်္ကြံဦးအနီးရှိ ပဒေါင်ပင်ကြီးတစ်ပင်လုံးပျောက်ခြင်း မလှ ပျောက်သွားသည့် အဖြစ်။

ပဒေါင်ပင်ကြီးနေရာတွင် တွင်းကြီးတစ်တွင်း ကျန်ရစ်ခဲ့သည်။ မြေစိုင် ခဲများ ဖွာလံကျဲလျက်ရှိသည်။ သစ်ရွက်သစ်ခက် အစအနများက တွင်းတစ်ဝိုက် တွင် မြင်မကောင်း။ ပဒေါင်ပင်ကြီးကား အမြစ်နှင့်တကွ ပျောက်ဆုံး သွားခဲ့လေ သည်။

သို့သော် ရသေ့သည် ပဒေါင်ပင်ကြီးကိစ္စကို အထူးအထွေ တွေးမနေ တော့ဘဲ တွင်းကြီးကိုသာ မြေဖို့လျက် တလင်းပြင်ညီအောင် ညှိရင်း ဤမျှကြီးမား သော ပဒေါင်ပင်ကြီး အမြစ်ပါ ကျွတ်ထွက်သွားရခြင်းမှာ ဂဠုန်နှင့် နဂါးတို့၏ တိုက်ပွဲကြောင့်ဖြစ်ကြောင်း ဆင်ခြင်သုံးသပ်နေလိုက်သည်။

ထိုအခိုက်တွင် လုလင်တစ်ယောက်သည် ရသေ့ထံသို့ ရောက်ရှိလာ ကာ လက်အုပ်ချီလျက် သင့်တင့်သော အရပ်မှာ တည်လာလေသည်။

http://www.cherrythitsar.org



"အရှင်ဘုရား ယခု တလင်းပြင် ညိုနေတဲ့ နေရာဟာ ဘယ်လိုနေရာမျိုး ပါလဲ။ ဘာကြောင့် တလင်းညိုနေတာလဲ ဘုရား"

ရသေ့သည် လုလင်၏ မေးလျှောက်ချက်ကို အေးဆေးစွာ တုံ့ပြန်ဖြေကြားသည်။

"ဂဠုန်ဟာ သူ့အစာအတွက် နဂါးတစ်ကောင်ကို သုတ်ချီခဲ့တယ်။ နဂါးက သူ့လွတ်မြောက်ရေးအတွက် ပညောင်ပင်ကို မြီးထူးနဲ့ ရစ်ပတ်လိုက်တယ်။ ဒါပေမဲ့ ခွန်အားကြီးလွန်းတဲ့ ဂဠုန်ဟာ နဂါးကိုရော ပညောင်ပင်ကိုပါ ကောင်းကင်ကို ယူဆောင်သွားတယ်။ ပညောင်ပင် ပါသွားမှန်း ဂဠုန်မသိဘူး။ ဒကာ အခုတွေ့နေရတဲ့ ကျွန်ုပ် တလင်းညိုနေတဲ့ နေရာဟာ ပညောင်ပင်ရှိခဲ့တဲ့ နေရာပဲ ဖြစ်တယ်"

လုလင်သည် အံ့အားသင့်ဟန် မရှိဘဲ ဆက်လက် မေးလျှောက်သည်။

"အရှင်ဘုရား ဒါဆိုရင် အဲဒီဂဠုန်မှာ အပြစ်ရှိပါသလား"

"ဒကာ အကယ်၍ ဂဠုန်မှာ ပညောင်ပင်ကိုပါ အမြစ်မှ ကျွတ်ထွက်အောင် ပါစေလိုတဲ့ စေတနာ မရှိဘူးဆိုရင်တော့ အပြစ်မရှိပေဘူး"

"ဒါဆိုရင် နဂါးမှာရော အပြစ်ရှိပါသလား ဘုရား"

"ဒကာ နဂါးဟာ ပညောင်ပင်ကို ဖျက်ဆီးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရစ်ပတ်တာ မဟုတ်ဘဲ၊ သူ့အသက် လွတ်မြောက်ရေးအတွက် ရစ်ပတ်ခဲ့တာဆိုရင် နဂါးမှာလည်း အပြစ်မရှိပေဘူး"

ထိုခဏမှာင် လုလင်၏ အသွင်သည် ကွယ်ပျောက်ကာ ချွန်မြကွေးကောက်သော နှုတ်သီး၊ သန်မာသော ခြေတော်အစုံ၊ တွဲရရွဲချထားအပ်သော အတောင်ပံတို့ဖြင့် ဂဠုန်၏ ပကတိအသွင် ဖြစ်ပေါ်လာသည်။

"အရှင်ဘုရား နဂါးကို အစာအလို့ငှာ သုတ်ချီခဲ့တဲ့ ဂဠုန်ဟာ တပည့်တော်ပဲ ဖြစ်ပါတယ်။ အစာကို စားပြီး သမုဒ္ဒရာထဲ ပစ်ချလိုက်တော့မှ နဂါးရဲ့ မြီးထူးမှာ ရစ်ပတ်ပါလာတဲ့ အမြစ်နဲ့တကွသော ပညောင်ပင်ကြီးကို တပည့်တော် တွေ့မြင်ရပါတော့တယ်။ နဂါးရဲ့ မြီးထူးနဲ့ ရစ်ပတ်လျက်သား ဒီပညောင်ပင်ကြီးပါလာတာကို တပည့်တော် မသိခဲ့ရိုး အမှန်ပါဘုရား၊ သို့သော်လည်း အရှင်ဘုရား သီတင်းသုံး အမှီပြုရာ ပညောင်ပင်ကို ဖျက်ဆီးမိခဲ့ပြီလား၊ အပြစ်ဖြစ်ပြီလားလို့ တပည့်တော် စိုးရိမ်ထိတ်လန့်ခဲ့ပါတယ်။ ဒါကြောင့် ပြဿနာတင်ကာ အရှင်ဘုရားထံ ယခုလို လာရောက်စူးစမ်းရခြင်း ဖြစ်ပါတယ်။ အခုတော့ အရှင်ဘုရားရဲ့ အဖြေကြောင့် တပည့်တော်မှာ နှစ်သက်ဝမ်းမြောက်ရခြင်း ဖြစ်ပါတယ် ဘုရား"

ရသေ့က ထူးခြားဟန် မရှိဘဲ ဂဠုန်ကို အေးဆေးစွာ ကြည့်နေသည်။ ဂဠုန်သည် ရိုကျိုးပျပ်ဝပ်လျက် လျှောက်တင်ပြန်သည်။

http://www.cherrythitsar.org



"တပည့်တော်ရဲ့ ပြဿနာကို ဖြေရှင်းပေးတဲ့အတွက် အရှင်ဘုရားကို ကျေးဇူးတုံ့ ပူဇော်ပါရစေဘုရား"

ရသေ့ကား ခပ်မဆိတ် နေမြဲပင်။

"အရှင်ဘုရားဟာ နက်လှတဲ့ တောကြီးထဲမှာ သီတင်းသုံးနေသူ ဖြစ်ပါတယ်"

"ဒီလို ဒေသမျိုးမှာ မြွေနဂါးတို့ရဲ့ ဘေးအန္တရာယ် ထူပြောလှပါတယ်။ တပည့်တော်မှာ မြွေနဂါးတို့ တားမြစ်နိုင်ရုံသာမက အလမ္ပာယ် တန်ခိုးများနဲ့ ပြည့်စုံတဲ့ ဆေးမန္တာန်ရှိပါတယ်။ ဒီဆေးနဲ့ မန္တာန်ကို အရှင်ဘုရားအား ဆရာတစ်ဆူပြု၍ ပေးလှူပါစေ ဘုရား"

ထိုအခါ ရသေ့သည် စကားတုံ့ဆိုသည်။

"သင့် မန္တာန်ကို ကျွန်ုပ် မလိုပါဘူး။ ရသေ့ ရဟန်းများအတွက် မြွေနဂါး အန္တရာယ်လည်း မကျရောက်နိုင်ပါဘူး။ မြွေနဂါးများကို အလမ္ပာယ် အတတ်နဲ့ နှိုင်းစရာလည်း မလိုပါဘူး။ ရှိပါစေ ဒကာ"

"အရှင်ဘုရားတို့မှာ လိုအပ်သည် မလိုအပ်သည် တပည့်တော် မသိပါ ဘုရား။ အရှင်ဘုရားကို ကျေးဇူးရှင် ဆရာတစ်ပါးအနေနဲ့ တပည့်တော် လှူဒါန်း ပူဇော်ခြင်း ဖြစ်ပါတယ်။ လက်ခံတော်မူပါ ဘုရား"

အကြိမ်ကြိမ် ငြင်းဆိုသော်လည်း ပေးလှူသူ၏ စေတနာနှင့် သဒ္ဓါကို မတားမြစ်စကောင်းသဖြင့် နောက်ဆုံးတွင် ရသေ့သည် ဂဠုန်၏ ဆေးနှင့် မန္တာန်ကို လက်ခံလိုက်ရလေသည်။

*

'ကြွေးထူမပူ သန်းထူမယား' ဆိုသော စကားကို မိုက်မိုက်ကန်းကန်း ပင် အားကိုးလျက် သူသည် ကြွေးမှန်သမျှ ယူခဲ့သည်ချည်း ဖြစ်သည်။ မြို့ရှင်တို့ ကလည်း သူ့ကို သနားသဖြင့် ကြွေးမြီချပေးခဲ့ကြသည်။ အစပိုင်းတုန်းကတော့ သူသည် ကြွေးမြီများကို ကတိတည်စွာ ဆပ်ခဲ့သည်ချည်း။

တစ်စတစ်စနှင့် သူသည် ကြွေးယူရခြင်းကို မွေ့လျော်ကာ ဘာအလုပ် မှ မလုပ်တော့ဘဲ ကြွေးယူလိုက် ပြန်ဆပ်လိုက်နှင့် ကြွေးသံသရာမှာ လုံးချာလိုက် ခဲ့သည်။

စင်စစ်ပုဏ္ဏားမျိုးဖြစ်သော သူသည် ပုဏ္ဏားတို့၏ အသက်မွေးဝမ်း ကျောင်း လုပ်ငန်းများကို အထိုက်အလျောက် တတ်မြောက်ထားသူ ဖြစ်သည်။ ဆုတောင်းခြင်း၊ ရွတ်ဖတ်ခြင်း၊ အလှူခံခြင်း၊ ဗေဒင်ဟောခြင်း စသည့် အလုပ်တွေ ကို သူလုပ်တတ်သည်။ သို့သော် ကြွေးသံသရာတွင် ပျော်ရွှင်စွာ ကူးခပ်ရင်း ကြွေးယူကြွေးဆပ် ကိစ္စကို ကျွမ်းကျင်လာသောအခါ အခြား လုပ်သင့်လုပ်ထိုက်

သော အလုပ်များကို မလုပ်ချင်တော့။ သို့ဖြင့် သူသည် ပုဏ္ဏားတို့ တပ်အပ်သော ပညာမှန်သမျှကို စွန့်ပစ်ကာ ကြွေးယူချေးငှား စားသောက်ခြင်းကိုသာ တစ်ခု တည်းသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းအဖြစ် သူက စောက်ချလုပ်ကိုင် တော့သည်။

ဤသို့ဖြင့် ကြွေးတည်းဟူသော ဝဲသြဃကြီးသည် သူ့ကို မသိမသာ စုပ်ယူနစ်မြုပ်လာခဲ့ရာ သူ့ကိုယ်သူ သတိရလိုက်သော အချိန်တွင် ပုဏ္ဏားသည် ကြွေးနွံအိုင်ကြီးထဲ၌ မလှုပ်နိုင် မရှားနိုင် ဖြစ်နေလေပြီ။

သူ့မှာရှိသမျှ ကိုယ်ပိုင်ပစ္စည်းများလည်း အားလုံး ကုန်ခဲ့ပြီ။ လှည်းနှင့် နွားက မြီရှင်ထံ အဆုံးခံလိုက်ရပြီ။ ခြံ မြေနှင့် အိမ်ဝိုင်းကလည်း အခြားမြီရှင်ထံမှာ အပေါင်ဆုံးသွားပြီ။ ယုတ်စွအဆုံး အိုးခွက်ပန်းကန်က အစမြီရှင် လာရောက်သိမ်း ယူသွားခဲ့ပြီဖြစ်၍ သူ့မှာ ကိုယ်ပိုင်ပစ္စည်းဟူ၍ ဘာတစ်ခုမှ မရှိတော့။

ပုဏ္ဏားတစ်ယောက်အဖြစ် သူအသက်ရှင်သန် နေထိုင်နေခြင်းဟူသော ဘဝမှလွဲ၍ သူ့မှာ ဘာတစ်ခုမှ မရှိတော့ပေ။

အကယ်၍ သူနှင့်သက်ဆိုင်သော အရာဟူ၍ ရှိနေသေးသည် ဆိုပါက လည်း ထိုအရာမှာ ဆပ်မကုန်နိုင်သေးသော ကြွေးမြီများသာ ဖြစ်လေသည်။ တစ်နည်းအားဖြင့် ဆိုလျှင် သူသည် ကြွေးမြီဖြင့် တည်ဆောက်ထားသော လူ သား တစ်ယောက်သာ ဖြစ်နေတော့သည်။

မြီရှင်များ၏ ဖြန့်ထားသော လက်ဝါးများက သူ့ဝဲယာ ရှေ့နောက်ဝန်း ကျင်တွင် အလျှိုလျှို ပေါ်ပေါက်နေဆဲ။

ဟော့ ... မြီစားပုဏ္ဏား ယူထားတဲ့ ကြွေးကိုဆပ်။ ဟော့ ... ပုဏ္ဏား မြီ စားဆိုတာ ကြွေးမြီကို ကုန်အောင် ဆပ်ရတယ်ကွ။ ဟော့ ... ငါ့တို့ ကြွေးကိုဆပ် ငါတို့ ကြွေးကိုဆပ် မင်းယူထားတဲ့ ကြွေးတွေကို အခုဆပ်။

မြီရှင်တွေ ဝိုင်းဝိုင်းလည်နေသော သူ့မှာမူ ဘာဆိုဘာတစ်ခုမှ မရှိတော့။ ယုတ်စွ အဆုံး ကိုယ်ပေါ်မှ ခါးဝတ်သည်ပင် အပေါင်ပစ္စည်း ဖြစ်နေပြီ။

နောက်ဆုံးတွင် ပုဏ္ဏားသည် ဗာရာဏသီမှ ထွက်ပြေးလာခဲ့တော့ သည်။ သူ၏ဦးတည်ရာမှာ ဟိမဝန္တာတော ဖြစ်လေသည်။

*

"လောကမှာ ငါဟာ ကံအဆိုးဆုံးလူ ဖြစ်တယ်။ မြီရှင်နှိပ်စက်လို့ ထွက်ပြေးခဲ့ရတဲ့ ငါ့ဘဝမှာ ငါ ဘာလုပ်ရမလဲ။ လူ့ရပ်လောကကိုလည်း ဘယ် တော့မှ ပြန်မဝင်နိုင်တော့ဘူး။ ဗာရာဏသီက လူတွေအားလုံးဟာ ငါ့ရဲ့ မြီရှင်တွေ ဖြစ်ကုန်ပြီ။ ယူထားတဲ့ ကြွေးမြီတွေကို တစ်ခုမှ ငါပြန်မဆပ်နိုင်တော့ဘူး။ ဒီတော့ ငါ ဘာလုပ်ရမလဲ။ ငါ အသက်ရှင်နေလို့ကော ဘာထူးဦးမှာလဲ။ ဒီတော့ ..."

ပုဏ္ဏားသည် သူ့ကိုယ်သူ သတ်သေရန် ဆုံးဖြတ်လိုက်လေသည်။

"လူ့ပြည်ကြီးမှာ နေရတာ ဘာမှ အဓိပ္ပာယ်မရှိတော့ဘူး။ ဟိမဝန္တာ တောထဲဝင်ပြီး ကိုယ့်ကိုယ်ကို သတ်သေလိုက်တော့မယ်။ ပြီးရော၊ မြီရှင်တွေ မလိုက်လာနိုင်တဲ့ နေရာ၊ ဘယ်သူ့ကြွေးမြီကိုမှ ဆပ်စရာမလိုတော့တဲ့ နေရာ၊ မရဏနိုင်ငံကိုပဲ ငါသွားတော့မယ်"

မိမိကိုယ်မိမိ အဆုံးစီရင်ရန် နည်းလမ်းများကို သူရှာသည်။ သစ်ပင်၌ နွယ်ကြိုးဖြင့် ကြိုးဆွဲချသေဖို့၊ ရေအိုင်ထဲ ဆင်းဖို့၊ သားရဲတိရစ္ဆာန်ဂူတစ်ခုခုထဲ ဝင်သွားဖို့။

တကယ်တမ်း သတ်သေတော့မည် ဆိုသောအခါ ပုဏ္ဏားသည် သေရမှာကို ကြောက်လာပြန်သည်။ အသက်ရှင်သန်နေထိုင်လိုခြင်းဟူသော ဘဝတဏှာ၏ ကပ်ငြိတွယ်တာခြင်းကို ဖယ်ရှားခွာ၍မရ။ နည်းလမ်းတစ်ခုပြီးတစ်ခု ရွေးချယ်ရင်း နောက်ဆုံးတွင် ပုဏ္ဏားသည် အားတင်းလိုက်သည်။

"အို ... ဘာမှ တွေးကြောက်မနေနဲ့တော့၊ ဆုံးဖြတ်လိုက်။ သတ်သေမယ်၊ ဟောဟိုက ချောက်ကမ်းပါးကြီးပေါ်ကနေ ခုန်ချလိုက်တော့မယ်။ ဖြစ်ချင်ရာ ဖြစ်စေတော့"

မြင့်လှစွာသော ကမ်းပါးကြီးထိပ်သို့ တက်ခဲ့သည်။ အောက်ဘက်တွင်ကား အသူတစ်ရာချောက်ကြီး။ ကမ်းပါးထိပ်တွင် လေတဟူးဟူး တိုက်နေသည်။

ပုဏ္ဏားသည် ကမ်းပါးထိပ်မှနေ၍ လောကကြီးကို နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်လိုက်လေသည်။

"ကိုင်း ... မြီရှင်တွေနဲ့ ပြည့်နေတဲ့ လောကကြီး၊ ကျုပ်နောက်ဆုံးအနေနဲ့ နှုတ်ဆက်ခဲ့ပါတယ်။ ဟောဒီ အသူတစ်ရာ ချောက်ကြီးထဲကို ငါ ခုန်ချလိုက်တော့မယ်။ ကိုင်း ... လာလေ့ ... အလို ... ဟို ... ဟိုဟာက ဘာပါလိမ့်"

ခုန်ချခါနီးဆဲဆဲတွင် ပုဏ္ဏားသည် အဝေးတစ်နေရာ တောင်ပူစာလေး တစ်ဖက်ဆီမှ စိမ်းလန်းသော နေရာလေးတစ်ခုကို တွေ့လိုက်ရသည်။

"ဟာ ... သာယာလိုက်တဲ့ နေရာလေးပါလား၊ ဟင် ... ဟိုမှာက ဘယ်သူလဲ။ ဩော် ... ရသေ့တစ်ပါးပါလား။ ကြည့်စမ်း ... တောထဲ တောင်ထဲမှာ ကျောင်းသခ်မ်းလေးနဲ့ တစ်ကိုယ်တည်း တရားအားထုတ်နေတာပါလား။ ငါ ... ငါ ... သူ့ဆီသွားပြီး ..."

နဂိုကပင် သေရမည်ကို ကြောက်နေသော ပုဏ္ဏားသည် ကမ်းပါးထိပ်မှ ခုန်မချဖြစ်တော့ဘဲ အဝေးတွင် မြင်နေရသော ကျောင်းသခ်မ်းဆီသို့ ရှေ့ရှုသွားခဲ့ပြန်လေသည်။

http://www.cherrythitsar.org



ဂဠုန်နှင့် နဂါးတို့ကြောင့် ပသောင်ပင်ကြီး အမြစ်မှ ကျွတ်ထွက်သွားပြီး နောက် ဂဠုန် ရောက်လာကာ မိမိအား ဆေးနှင့် မန္တာန် ပူဇော်သွားခဲ့သည်ကို ပြန်ပြောင်းတွေးတောမိရင်း ရှင်ရသေ့သည် လောကဘုံဓလေ့ကို ဆင်ခြင်သုံးသပ်မိ နေသည်။

ထိုအချိန်မှာပင် ပုဏ္ဏားတစ်ယောက် ရောက်လာပြန်ကာ ကျောင်း သခ်မ်း၌ ခိုလှုံခွင့် တောင်းပြန်သည်။ ထိုပုဏ္ဏားမှာလည်း မီးရှင်များလက်မှ ထွက် ပြေးလာကာ တောထဲတွင် မိမိကိုယ်မိမိ သတ်သေရန် ကြံစည်ခဲ့ပြီးမှ မိမိ၏ ကျောင်းသခ်မ်းကို တွေ့ရှိပြီး ခိုလှုံဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရှိပြန်သည်။

ရှင်ရသေ့သည် နေကုမ္မပါရမီ ဖြည့်ဆည်းလျက် ဇကစာ ကျင့်သုံးရန် ဟိမဝန္တာထဲ ထွက်လာခဲ့ပြီးမှ လောကီလူမှု ဒုက္ခသည်တွေကိုချည်း တွေ့နေရလေ သည်။ ကာသိကရာဇ်တိုင်း၌ာနေ ဇာတိမြေကို စွန့်ခွာခဲ့ပြီး လူသူလေးပါး ကင်း ဝေးရာကို ရှာမှီးခဲ့သော်လည်း ဒုက္ခသည်တွေက မိမိထံသို့ ရောက်ရောက်လာကြ သည်။

မည်သို့ဖြစ်စေ၊ ကရုဏာတရားရှေ့ထားပြီးနှင့်သူ ဖြစ်သည့်အလျောက် ဗာရာဏသီမှ မီးစားပုဏ္ဏားကိုလည်း နှင်မထုတ်ရက်တော့။ သို့ဖြင့် အသက်တစ် ချောင်း ကယ်ကောင်းသည့်အနေနှင့် ပုဏ္ဏားကို လက်ခံလိုက်သည်။ မီးစားပုဏ္ဏား လည်း ရှင်ရသေ့ထံတွင် အသစ်တစ်ဖန် ပြန်လည်မွေးဖွားလာသော ဘဝဖြင့် ဝတ်ကြီး ဝတ်ငယ် ပြုစုလျက် နေထိုင်ခဲ့လေသည်။

ထိုသို့ဖြင့် ရက်လ အချိန်သမယများ ကုန်ဆုံးသွားသည်။

ဗာရာဏသီ ပုဏ္ဏားသည် ဘဝဟောင်းကို မေ့ပျောက်လျက် ရှင်ရသေ့၏ ဝတ်ကြီးဝတ်ငယ် မှန်သမျှကို အစွမ်းကုန်ပြုစုရင်း ဟိမဝန္တာတွင် ပျော်ပိုက်နေခဲ့လေသည်။

တစ်နေ့သောအခါ သောက်သုံးရေများကို ဖြည့်ခပ်နေသော ပုဏ္ဏားကို ကြည့်ရင်း ရှင်ရသေ့၏ စိတ်ထဲ၌ အတွေးတစ်ခု ပေါ်ပေါက်လာသည်။ အခြား မဟုတ်။ ဝတ်ကြီးဝတ်ငယ် မှန်သမျှကို သိမ်းကျုံးလုပ်ကြွေး ခစားလာခဲ့သော ပုဏ္ဏားအား ကျေးဇူးအတုံ့ပြုရန်ပင် ဖြစ်သည်။

ရေမိုးသန့်စင်ပြီးချိန်တွင် ရှင်ရသေ့က စကားစသည်။

"ဒကာပုဏ္ဏား ... သင့်ကျေးဇူး ကျွန်ုပ်အပေါ်မှာ ရှိပေတယ်"

သစ်သီးဝလံများကို ပြင်ဆင်နေရင်းမှ ပုဏ္ဏားက ပြန်လျှောက်တင် သည်။

"အရှင်ဘုရား တပည့်တော်ရဲ့ ကျေးဇူးဆိုတာ ဘာကို ဆိုလိုပါသလဲ"

"ကျွန်ုပ်ထံ ရောက်လာတဲ့နေ့ကစပြီး သင်ဟာ ကျွန်ုပ်ရဲ့ ဝေယျာဝစ္စ

http://www.cherrythitsar.org



ဝတ်ကြီးဝတ်ငယ် မှန်သမျှကို အချိန်ပြည့် လုပ်ကိုင်ပြုစုပေးခဲ့တယ်။ ကျောင်းသင်္ခမ်းတစ်ဝိုက်ကိုလည်း သင် တာဝန်ယူ စောင့်ရှောက်ခဲ့တယ်။ ဒါတွေဟာ ကျွန်ုပ်အပေါ်မှာရှိတဲ့ သင့်ကျေးဇူးတွေပဲပေါ့"

"အရှင်ဘုရား တပည့်တော်ရဲ့ ဘဝသစ် တစ်ဖန် ပြန်လည် ရှင်သန်ရခြင်းနဲ့စာရင် ဒီဝေယျာဝစ္စ ဝတ်ကြီးဝတ်ငယ်တွေဟာ မပြောပလောက်ပါဘူး ဘုရား။ ကျေးဇူးဆိုတဲ့ စကားနဲ့ မထိုက်တန်ပါဘူး"

"သည်လို မဟုတ်သေးဘူး ဒကာ၊ ကျေးဇူးတရားဆိုတာ နိုင်တဲ့ ဝန်နဲ့အမျှ ထမ်းရွက် လုပ်ကျွေးနေခြင်း အပေါ်မှာ မူတည်တယ်"

"အရှင်ဘုရား ဘာကို မိန့်လိုပါသလဲ ဘုရား"

ရှင်ရသေ့အဖို့ ဂဠုန်ပေးခဲ့သော ဆေးနှင့် မန္တန်ကို အတန်တန် ငြင်းသည့်ကြားက လက်ခံခဲ့ရသည် ဖြစ်လေရာ ယခုအခါသည် ဒကာတစ်ယောက် ပူဇော်ထားသည့်အရာကို အခြား ဒကာတစ်ယောက်အား လှူဒါန်းပေးရန် အခွင့်အခါ အကောင်းဆုံးဟု ဆုံးဖြတ်ပြီးပေပြီ။

"သင့်ကျေးဇူးကို ကျွန်ုပ် အတုံ့ပြုလိုတယ် ဒကာ"

"မိန့်တော်မူပါ အရှင်ဘုရား"

"အလမ္ပာယ်အတတ်ကို ကျွန်ုပ် ရထားတယ်။ အဲဒီအတတ်ကို သင့်ပေးဖို့ ကျွန်ုပ် စိတ်ကူးတယ်"

ပုဏ္ဏားသည် မိမိ၏ ငြိမ်းချမ်းသော ဘဝလေး ပြိုပျက်သွားမည်ကို စိုးရိမ်သွားလေသည်။

"ရှိပါစေတော့ ဘုရား၊ တပည့်တော် ဘာအတတ်မှ မလိုချင်ပါဘူး"

ခါးခါးသီးသီးပင် ငြင်းပယ်လိုက်သည်။

သို့သော် ...

"ဒကာရဲ့ လုပ်ကျွေးမှုကို ဆရာက ခံယူရင် ဆရာရဲ့ စွန့်ကြဲမှုကိုလည်း ဒကာက ခံယူအပ်တယ်။ သင်ငြင်းပယ်မယ်ဆိုရင် ကျွန်ုပ်ရဲ့ ကျေးဇူးတုံ့ပြန်မှု၊ စွန့်ကြဲလှူဒါန်းမှုကို သင် ဟန့်တား ပိတ်ပင်ရာ ရောက်လိမ့်မယ် ဒကာ"

နောက်ဆုံးတွင်မူ ပုဏ္ဏားသည် ရှင်ရသေ့၏ အလိုကို လိုက်လျောရတော့သည်။

သို့ဖြင့်ပင် ဂဠုန်ပေးခဲ့သော ဆေးနှင့် မန္တန်သည် ရှင်ရသေ့ထံမှ တစ်ဆင့် ပုဏ္ဏားထံသို့ ရောက်သွားခဲ့လေသည်။

*

"နဂါးတွေကို အစိုးရတဲ့၊ တန်ခိုးထက်တဲ့ဆေး၊ ပြီးတော့ ... မန္တန်၊ အစွမ်းရှိတဲ့ ဆေးနဲ့ မန္တန် ..."

ဗာရာဏသီ ပုဏ္ဏားၡ၏စိတ်သန္တာန်သည် ပြောင်းလဲစ ပြုလာသည်။ မိမိဘဝ ကုသိုလ်ကံ၏ အကျိုးပေး ကြီးမားစွာ ပြောင်းလဲပုံကိုလည်း တစိမ့်စိမ့်တွေးကာ အကျေနပ်ကြီး ကျေနပ်သည်။

မိမိကိုယ်မိမိ သတ်သေတော့မည်ဟု ဆုံးဖြတ်ခဲ့ရာ ယခုအခါ အစွမ်းထက်သော ဆေးနှင့် မန္တန်ကို ပိုင်ဆိုင်သူ ဖြစ်လာခဲ့သည်။

ဤလောကကြီးသည် နေဖို့မကောင်း။ သေဖို့သာ ကောင်းတော့သည်ဟု တွေးထင်ခဲ့ရာမှ ဤလောကကြီးသည် အစွမ်းရှိသူများအတွက် ထိုက်တန်သော တစ်နေရာကို ရရှိပေသည်ဟု အမြင်သစ် မြင်လာခဲ့သည်။

"ဆေးနဲ့ မန္တန်ကို ငါရနေပြီ။ အလမ္ပာယ်အတတ်ကို ငါ တတ်နေပြီ။ ဒီပညာဟာ တစ်ထောင်တစ်ယောက်၊ တစ်သောင်းတစ်ယောက် ရှိခဲပိုင်ခဲတဲ့ ပညာ။ ဒါကို ငါက လက်ဝယ်ပိုင်ပိုင် ဆုပ်ကိုင်ထားနိုင်ခဲ့တဲ့ အဖြစ် ကြည့်စမ်း။ သတ်သေတော့မယ့် မြီစား ငနွား ဆင်းရဲသားဟာ အခုတော့ အလမ္ပာယ်အတတ်ပညာရှင် တန်ခိုးရှင်ကြီး ဖြစ်နေပါရောလား"

ပုဏ္ဏား၏ အတွေးအခေါ်တို့သည် ရက်ပိုင်းအတွင်းမှာ အပြောင်းကြီးပြောင်းသွားလေသည်။ မန္တန်ကို ပိုင်ပိုင်နိုင်နိုင် ရွတ်ဖတ်တတ်ပြီးနောက် သုံးရက်အကြာတွင် ပုဏ္ဏားသည် ရသေ့ကို စကားဆိုသည်။

"အရှင်ဘုရား ... တပည့်တော်မှာ ဗာရာဏသီ နေစဉ်ကတည်းက လေနာရောဂါ ရှိခဲ့ပါတယ်။ ဒီကျောင်းသင်္ခမ်းကို ရောက်လာပြီး အတန်ကြာသက်သာနေရာက အခု ဒီရောဂါ ပြန်ပေါ်လာပါတယ်။ တောတောင်ထဲဆိုတော့ တပည့်တော်မှာ ဆေးမရှိ ဝါးမရှိ အတော် ဒုက္ခကြီးလှပါတယ်။ ဒါကြောင့် ဆေးဖော်ပြီး မှီဝဲရအောင် တပည့်တော် ဗာရာဏသီပြည်သွားဦးမှ တော်ပါမယ်။ ဗာရာဏသီ မပြန်တောင် တခြားရပ်ရွာဒေသတစ်ခုခုဆီသွားမှ ဖြစ်ပါတော့မယ်၊ ခွင့်ပြုပါ ဘုရား"

"ဒကာ၊ ကျွန်ုပ်ရဲ့နေရာဟာ မလာနဲ့ ပိတ်ပင်ထားတာလည်း မဟုတ်။ မသွားနဲ့လို့ တားမြစ်ထားတာလည်း မဟုတ်၊ ဒကာ့အကြောင်းနဲ့ ဒကာ သင့်ရာသာ ပြုနိုင်ပါတယ်"

ဟိမဝန္တာ ကျောင်းသင်္ခမ်းကို ပုဏ္ဏား စွန့်ခွာခဲ့လေသည်။ လာစဉ်က လောကကြီးတွင် အသက်ရှင်နေရန်အတွက်ပင် စိတ်ကုန်ခမ်းနေခဲ့သူ ပုဏ္ဏားသည် အပြန်တွင်မူ အလမ္ပာယ်အတတ်ကို ကိုင်စွဲလျက် ထွက်ခွာသွားလေတော့သည်။

ယမုန်နာမြစ်ကမ်း သဲသောင်ပြင်သည် ညနေခင်းတွင် နီမြန်းသော နေရောင်ဖြင့် တောက်ပနေရာမှ တစ်စတစ်စ အနီလင်းမှိန်ဖျော့လာသည်။

http://www.cherrythitsar.org



နေလုံးကြီးက အနောက်ဘက် သမုဒ္ဒရာရေပြင်ထဲသို့ အပြီးတိုင် ငုပ်လျှိုးသွားချိန်တွင်မူ အမှောင်ထုကြီးကသာ သောင်ပြင်တစ်စပ်သို့ ဖုံးလွှမ်းသွားသည်။ လမိုက်ည ဖြစ်သဖြင့် အရှေ့တွင် လ,ဝန်းလည်း မပေါ်လာသေး။ ထိုအခါ မျက်စိတစ်ဆုံး သောင်ပြန့်ပြင်ကျယ်ကြီးသည် နက်မှောင်သော ကမ္ဗလာကြီး ဖြန့်ခင်းလိုက်သလို ပကတိ အမိုက်တိုက်ကြီး ဖြစ်သွားသည်။

သို့သော် မြင်ကွင်းသည် ရုတ်ခြည်းပင် ပြောင်းလဲသွားသည်။

သောင်ပြင်ပေါ်၌ တစ်ခဲနက် ဖုံးအုပ်နေသော အမှောင်ထုကြီးသည် ရုတ်တရက် လင်းထိန်သွားသည်။ ဆီမီး အရာအထောင်ကို နေရာအနှံ့ ထွန်းညှိ စိုက်ထူလိုက်သလို အလင်းရောင်များ ဖြာထွက်လာကာ သဲပွင့်လေးများ၏ တလက်လက် တဖျတ်ဖျတ် တောက်ပခြင်းကိုပင် အတိုင်းသား တွေ့နေရသည်။

ထိုမျှသာမက စောစောက အမှောင်ထုအောက်တွင် တိတ်ဆိတ်ငြိမ်သက်နေခဲ့သော သောင်ပြန့်ပြင်ကျယ်ကြီးသည် တီတီတာတာ အသံများဖြင့် ဆူညံသွားသည်။

ရုတ်တရက် လင်းထိန်သွားသော သောင်ပြင်ထက်တွင် အသံများ ပေါ်ပေါက်လာပြီးနောက် ရေအောက်မှ ပြိုးပြက် တောက်ပသော သဏ္ဌာန်များလည်း ပေါ်လာသည်။ ထိုသဏ္ဌာန်တို့သည် ဝင်းလက်နေသော သောင်ပြင်ကြီး ထက်တွင် နေရာအနှံ့ ပြည့်နှက်သွားသည်။

ထိုသဏ္ဌာန်များမှာ နဂါးမပျိုများ ဖြစ်လေသည်။

ထိုနဂါးမပျိုများကား ဘူရိဒတ်၏ အလုပ်အကျွေး မောင်းမမိဿံများ ပင် ဖြစ်လေသည်။

အသက်သခင် ဘူရိဒတ်နဂါးမင်းထံ ခွင့်ပန်လျက် နဂါးတို့သည် ယမုန်နာ သဲသောင်ပြန့်ဝယ် စိတ်လွတ်ပျော်ပါး ကစားမြူးထူးရန် ရေအောက်မှ တက်လာခဲ့ကြသည်။ ညအမှောင်ထုကို နေ့ခင်းနှင့်မခြား ဖန်တီးရန်အတွက် ဘူရိဒတ်ထံမှ ပတ္တမြားရှင်ကိုလည်း ဆောင်ယူခဲ့ကြသည်။

သောင်ပြင်၏ အမှောင်တိုက်ကြီးကို ဖြိုခွဲကာ လင်းထိန်တောက်ပနေသော အလင်းရောင်များမှာ ထိုပတ္တမြားမှ ကွန့်မြူးဖြာထွက်နေသော အလင်းရောင်ပင် ဖြစ်သည်။

ပတ္တမြားရှင်ကို သောင်ပြင်တစ်နေရာတွင် ထားလိုက်ပြီးနောက် နဂါးမပျိုတို့သည် ညဉ့်သုံးယံပတ်လုံး ရေကစားမြူးထူးပျော်ပါးကြခြင်း ဖြစ်သည်။

အရုဏ်တက်ချိန်ရောက်မှ နဂါးမပျိုတို့သည် ဝတ်စားတန်ဆာတို့ကို ပြန်လည်ဝတ်ဆင်ကာ ပတ္တမြားရှင်ကို ဝန်းရံလျက် နေရာယူလိုက်ကြသည်။

http://www.cherrythitsar.org



ယမုန်နာသောင်ပြင်၏ နေအရဏ်တက်ချိန်ကာလ လှပတင့်တယ်သော ရှုခင်းကို တမေ့တမော ခံစားပြီးမှ နဂါးမများ နဂါးပြည်သို့ ပြန်ကြမည် ဖြစ်လေသည်။

ထိုအချိန်မှာပင် ဟိမဝန္တာကို စွန့်ခွာခဲ့သော မန္တန်ရှင်ပုဏ္ဏားလည်း ယမုန်နာမြစ်ကမ်းသို့ ရောက်လာလေသည်။ နဂါးမများကား လင်းအရဏ်၏ ရောင်ခြည်ဦး အောက်ဝယ်ပတ္တမြားရှင်ကို ဝန်းရံကာ အသရေသွန်း၍ ကြည်နူးယစ်မူးနေကြဆဲ။

ပတ္တမြားရှင်ကို ဝိုင်းရံလျက် အရဏ်တက် ကာလ၏ အရသာကို ယစ်မူးခံစားနေကြသော နဂါးပျိုမများ၏ ငြိမ့်ညောင်းသော အသရေ အလျှဉ်သည် မကြာမီပင် ပျက်စီးသွားသည်။

အလမ္ပာယ် ပုဏ္ဏားက ယမုန်နာ မြစ်ကမ်းတွင် မန္တန် ရွတ်နေသည်။ ထိုမန္တန် ရွတ်သံသည် နဂါးမများ၏ နားမှတစ်ဆင့် အသွေးအသားထဲအထိ ထိုးဖောက်သွားသည်။ နဂါးမတို့အဖို့ မန္တန်ရွတ်သံသည် ဂဠုန်၏ တောင်ဟုန်သံ ဖြစ်နေသည်။ ယခုပင်လျှင် ကောင်းကင်ယံ၌ ဝဲပျံရာမှ တစ်ဟုန်ထိုး ဆင်းသက်ကာ မိမိတို့ ဦးခေါင်းထိပ်ထက်ကို ကုတ်ခြစ်ဆွဲမ,တော့မည့်အလား မိမိတို့၏ အဆီ အသွေးကို ဖောက်ခွဲစားသောက်တော့မည့်အလား တုန်လှုပ်ခြင်းမက တုန်လှုပ်သွားကြသည်။

အလမ္ပာယ် ပုဏ္ဏား၏ မန္တန်ရွတ်သံက နီးကပ်လာလေလေ နဂါးမများ၏ ထိတ်လန့်မှုက ကြီးမားလာလေလေ။

သောင်ခုံစပ်သို့ ပုဏ္ဏားရောက်ရှိလာသည်တွင် နဂါးမတို့သည် ပုဏ္ဏားကို ဂဠုန်ဟု မြင်ကြလျက် ကစဉ့်ကလျား ပြေးလွှားငုပ်လျှိုးသွားကြတော့သည်။

သဲအပြင်ပေါ်၌ တင်ထားသော ပတ္တမြားရှင်ကို နဂါးမများ ယူမသွားနိုင်ကြတော့။

အလမ္ပာယ် ပုဏ္ဏားသည် သောင်ခုံပေါ်မှ အရောင်တဝင်းဝင်း ကွန့်မြူးနေသော ပတ္တမြားရှင်ကို မြင်သောအခါ ခြင်းရာခပ်သိမ်းကို သဘောပေါက်သွားသည်။ မိမိ၏ မန္တန်အစွမ်းနှင့်တကွ ပတ္တမြား၏ တန်ခိုးကိုလည်း သိသွားသည်။

"ငါဟဲ့နော် ... ပတ္တမြား ရတနာကို လက်ရ သိမ်းနိုင်တဲ့ အလမ္ပာယ်သူစွမ်း ငါဟဲ့"

ပုဏ္ဏားသည် သောင်ခုံပေါ်မှ ပတ္တမြားကို မိမိရရကြီး လှမ်းယူဆုပ်ကိုင်လိုက်လေတော့သည်။

*

## အပေးအယူ အလဲအလှယ်

"နောက်ဆုံးတော့လည်း ဒီဘဝ ပြန်ဆိုက်တာပဲ မဟုတ်လား အဖရဲ့။ လေးထမ်းမြားထမ်း၊ တစ်တောဝင် တစ်တောင်တက်နဲ့ သမင်လှည့်ရှာ၊ တစ်နေကုန် တစ်နေခန်း ပင်ပန်းလိုက်တာ လွန်ပါရော"

သောမဒတ်က နောက်မှလိုက်ရင်း မကျေမနပ် တတွတ်တွတ် ရေရွတ်နေသည်။ ရှေ့မှ သွားနေသော နေသာဒပုဏ္ဏားကြီးကမူ သူ့အပြစ်နှင့် သူမို့ သား၏ကဲ့ရဲ့ငြိုငြူစကားကို ပြန်မချေပနိုင်။

"အလကားပဲ၊ နဂါးပြည်မှာ ဆက်နေလိုက်ရင် ပြီးနေတဲ့ ဥစ္စာ၊ ဘူရိဒတ်နဂါးမင်းကလည်း ကျုပ်တို့ကို လိုလေးသေးမရှိအောင် ပြုစုထားတာ၊ အဲဒါထားဦး၊ ပြန်ခါနီးတော့ နဂါးမင်းပေးတဲ့ ပတ္တမြားသာ ယူခဲ့ရင် ကျုပ်တို့ အခုလို ပင်ပန်းဆင်းရဲရမှာ မဟုတ်ဘူး။ ခက်ပါတယ်။ အဖကြောင့် ခက်ပါတယ်ဗျာ။ ကျုပ်တို့ ဆင်းရဲတွင်းနက်နေတာဟာ အဖကြောင့်ချည်းပဲ"

တစ်လမ်းလုံး တဖျစ်တောက်တောက် ပြောဖန်များလာသောအခါ နေသောဒပုဏ္ဏားကြီး မခံမရပ်နိုင် ဖြစ်လာသည်။

ခြေကို တုံ့ရပ်လျက် သားဖြစ်သူအား လှမ်းပြောသည်။

"သောမဒတ် ... ကိုယ့်အဖကိုယ် ဒီလောက် မပြောသင့်ဘူးကွ။ မင့်ပတ္တမြားကို ငါရအောင်ပြန်ယူပေးမယ် သိလား"

"ဘယ်လို ပတ္တမြားကို ရအောင် ပြန်ယူမယ် ဟုတ်စ၊ တော်ပါတော့ အဖရာ၊ လုံးဝ မဖြစ်နိုင်တဲ့ ဟာကို"

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ။ ကိုင်း ... ဘူရိဒတ် နဂါးမင်းဆီ ပြန်သွားမယ်ကွာ။ အကျိုးအကြောင်း တောင်းပန်ပြီး ပတ္တမြားကို ပြန်တောင်းမယ်ကွာ။ အမှန်တော့ ဒီပတ္တမြားဟာ ငါတို့ရဲ့ ..."

နေသာဒပုဏ္ဏားကြီး စကားဆက်မပြောနိုင်ဘဲ ရပ်သွားသည်။ တောစပ်လမ်းဆီသို့ ငေးကြည့်ရင်း မျက်လုံးကြီးများ ပြူးလာသည်။

"ဟော့ ... ဟော့ ... သောမဒတ်၊ ဟိုမှာ ... ဟိုမှာ ကြည့်စမ်း"

"ဘာလဲဗျ ... အလန့်တကြား"

"ဟောဟိုမှာ တောလမ်းအတိုင်း လျှောက်လာတဲ့ ပုဏ္ဏားတစ်ယောက်၊ သူ့လက်ထဲကို ကြည့်လိုက်စမ်း"

အလမ္ပာယ် ပုဏ္ဏားကား နေသာဒတို့ သားအဖကို သတိမပြုမိသေး။

"သောမဒတ် ... သူ့လက်ထဲက ပတ္တမြား"

"ဟာ ... ဟုတ်တယ် အဖ၊ အဲဒါ ဘူရိဒတ် နဂါးမင်းက ကျုပ်တို့ကို ပေးလိုက်တဲ့ ပတ္တမြား၊ ဒီလူကြီး ဘယ်လိုလုပ်ရလာပါလိမ့်"

"သောမဒတ် ... သူဘယ်လို ရလာတယ်ဆိုတာ အရေးမကြီးဘူး။ သူ့လက်ထဲ ဘယ်ပုံရောက်လာတယ်ဆိုတာထက်၊ သူ့ လက်ထဲကဟာ ငါ့လက်ထဲ ဘယ်လိုရောက်အောင် လုပ်မလဲဆိုတာက ပိုအရေးကြီးတယ်။ လာစမ်း ... လာစမ်း"

တောလမ်း၏ ကျဉ်းမြောင်းသော အစပ်တစ်နေရာ၌ နေသာဒတို့ သားအဖနှင့် အလမ္ပာယ် ပုဏ္ဏားတို့ မျက်နှာချင်းဆိုင် လျှောက်လာကြရင်း တဖြည်းဖြည်း နီးလာသည်။

"သောမဒတ် ... ကြည့်နေ၊ ဒီပုဏ္ဏားလက်ထဲက ပတ္တမြားကို လှည့်စားပြီး ငါရအောင် ယူပြမယ်"

"အဖ ... မဟုတ်တာတွေ မလုပ်နဲ့ဗျာ။ ဘူရိဒတ် နဂါးမင်း ပေးတုန်းက မယူဘဲ ဘာကြောင့် အခုမှ လိုချင်နေရတာလဲ။ သူနဲ့ထိုက်လို့ သူရလာတာပဲ ဖြစ်မှာပေါ့။ ရှိပါစေတော့ဗျာ"

"အသာနေစမ်း ... သောမဒတ်၊ ဟိုလူကြားသွားမယ်"

မျက်နှာချင်းဆိုင် ရပ်မိကြလေပြီ။

နေသာဒပုဏ္ဏားကြီးက မျက်နှာကို အချိုဆုံးထား၍ စ, ပြောလိုက်သည်။

"မိတ်ဆွေ ... သင့်လက်ထဲက ပတ္တမြားက မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါပေတယ်။ မြတ်သော ဥစ္စာလည်း ဖြစ်ပါပေတယ်။ နှလုံးမွေ့လျော်ဖွယ်လည်း

http://www.cherrythitsar.org



ဖြစ်ပါပေတယ်။ ဒီပတ္တမြားကို သင် ဘယ်ကရလာသလဲဆိုတာလေးများ တဆိတ်လောက် ပြောမပြနိုင်ဘူးလား”

အလမ္ပာယ် ပုဏ္ဏားက ခပ်ကြွားကြွား ပြန်ပြောသည်။

“ဒီပတ္တမြားလား၊ ဟင်း ... ဟင်း ... မျက်စိနီနီရဲရဲနဲ့ နဂါးမတွေဆီက ပေါ့။ ယမုန်နာ မြစ်ကမ်းသောင်ပြင်မှာ ပတ္တမြားကို ဝန်းရံနေကြတုန်း ကျွန်ုပ်ကို လည်းတွေ့ရော ဘာပြောကောင်းမလဲ။ အကုန်ဝရုန်းသုန်းကားနဲ့ ထွက်ပြေးကြ တာပေါ့။ ပတ္တမြားကြီးကို ယူမသွားနိုင်ကြဘူးလေ။ ဒီတော့ ကျုပ်နဲ့ ထိုက်တဲ့ ပတ္တမြား ကျုပ် ရလာတာပဲပေါ့”

နေသာဒပုဏ္ဏားကြီးက ဘာကိုမဆို အကုန်သိမြင်သော ပညာရှိကြီး ဟန်ပန်လေသံမျိုးဖြင့် –

“မိတ်ဆွေ ... အင်း ... ရလာတာကတော့ ဟုတ်ပါပြီ။ သို့သော် ဒီလို ပတ္တမြားမျိုးဆိုတာ အမြတ်တနိုး ပူဇော်ရတယ်။ အထွတ်အမြတ်ထားပြီး ဆောင် အပ်တယ်။ တန်ဖိုးထားပြီး သိုမှီးအပ်တယ်။ ဒီလို လုပ်နိုင်ရင်တော့ ပတ္တမြားဟာ ကောင်းကျိုးချမ်းသာကို ပေးပေမှာပဲ။ အဲဒီလိုမှ မဟုတ်ဘဲ မရိုမသေ၊ မသန့်မစင်နဲ့ မလေးမစား ထားမိပြီလား ဆိုရင်ဖြင့် လက်ဝယ်ရှိသူကို ဒုက္ခအမျိုးမျိုး ပေးတတ် တာကလား ... အင်း”

နေသာဒသည် မျက်လုံးများကို မှေးစင်း ကြည့်ပြီးနောက် –

“သင့်ကြည့်ရတာ ပတ္တမြားကို ဆောင်ထားဖို့ မထိုက်ဘူး။ ပတ္တမြားကို ဆောင်ရမယ့် အစီအရင် နားလည်သူတစ်ယောက်ယောက်ထံ သင်ရောင်းချလိုက် ရင်ကောင်းမယ်”

အလမ္ပာယ် ပုဏ္ဏားသည် နေသာဒ ပုဏ္ဏားကြီး၏ ခန့်ညားသိုက်မြိုက် သော အမူအရာနှင့် လေသံကြောင့် ဇဝေဇဝါ ဖြစ်သွားသည်။

“ဘယ်လို ကျုပ်နဲ့ မထိုက်ဘူး ဟုတ်လား။ တစ်ယောက်ယောက်ကို ရောင်းချလိုက်ဖို့ ဟုတ်လား”

“ဟုတ်တယ် ပတ္တမြားကို ဆောင်ရမယ့် အစီအရင် သိသူတစ်ယောက်၊ အဲဒီပုဂ္ဂိုလ်ဟာ အခု သင့် ရှေ့မှာ ရောက်နေသူ ကျုပ်ပဲ။ ကျုပ်ကို ရောင်းလိုက်။ ရွှေအချိန် တစ်ရာပေးမယ်”

နောက်ပါးမှ သားဖြစ်သူ သောမဒတ် လှုပ်လှုပ်ရွရွ ဖြစ်သွားသဖြင့် နေသာဒပုဏ္ဏားကြီးက မသိမသာ မျက်စောင်းထိုးကြည့်လိုက်သည်။ သောမဒတ် မှာ ဖခင်၏အကြောင်းကို သိပြီးဖြစ်သည့်တိုင် ရွှေအချိန်တစ်ရာ မဆိုထားဘိ ရွှေတစ်ကျပ်မျှပင် မရှိသည်ကြောင့် ဖခင်စကားကို အထိတ်တလန့် ဖြစ်နေလေ သည်။

http://www.cherrythitsar.org



"ဘယ်နှယ်လဲ မိတ်ဆွေ၊ ရွှေအချိန်တစ်ရာလေ။ သင့်အတွက် ချက်ချင်း လက်ငင်း အကျိုးဖြစ်မယ့် ဥစ္စာဘဏ္ဍာလေ"

နေသာဒ ပုဏ္ဏားကြီးကမူ ရဲရဲဝံ့ဝံ့ပင် စိတ်ချယုံကြည်စွာ ပြောနေဆဲ။ စင်စစ် နေသာဒပုဏ္ဏားကြီး စိတ်ထဲ၌ ပတ္တမြားကို ရပြီးလျှင် ဦးခေါင်းကို ဆေး လျှော်ပြီး ပတ္တမြားရေဖြင့် ဖြန်းလျက် ရွှေအချိန်တစ်ရာ ပေးလော့ဟု တောင့်တ လိုက်မည်။ တန်ခိုးအာနိသင်ကြီးသော ပတ္တမြားကြီး၏ အာနုဘော်ဖြင့် ရွှေအချိန် တစ်ရာ လာရမည်ဟု အခိုင်အမာ ကြံစည်ဆုံးဖြတ်ထားပြီး ဖြစ်သောကြောင့် ရဲရဲတင်းတင်းပင် ဆိုနေခြင်း ဖြစ်လေသည်။

အလမ္ဗာယ်ပုဏ္ဏားသည် ရွှေအချိန်တစ်ရာ ဟူသော စကား၌ ရုတ် တရက် အငိုက်မိသွားဟန်ဖြင့် ခေတ္တမျှ တွေသွားသည်။ သို့သော် မျက်နှာထား တင်းတင်းဖြင့် ဣန္ဒြေဆည်လိုက်ပြီးနောက် –

"မိတ်ဆွေ ... ကျုပ်ရဲ့ပတ္တမြားကို ဘယ်လိုဝတ္ထုပစ္စည်းမျိုး၊ ဘယ်လို ရတနာမျိုးနဲ့မှ မရောင်းနိုင်ဘူး။ မလဲနိုင်ဘူး။ ဒါ ... ကျုပ်ရဲ့ နောက်ဆုံးစကားပါပဲ" ဟု ပြောလိုက်သည်။

နေသာဒပုဏ္ဏားကြီးကား နောက်မဆုတ်တမ်းပင်။

"ဝတ္ထုပစ္စည်း၊ ရတနာနဲ့ မရောင်းဘူး၊ မလဲဘူးဆိုလည်း ရှိပါစေတော့။ တခြားကော ဘယ်လို အရာမျိုးနဲ့ ရောင်းနိုင်မလဲ။ သင် ဘာလိုချင်သလဲ။ စဉ်းစဉ်း စားစား ပြောစမ်း"

အလမ္ဗာယ်ပုဏ္ဏားမှာ နေသာဒ၏ ရဲဝံ့သော စကားကြောင့် ထပ်မံ၍ တွေဝေသွားပြန်လေသည်။ အတန်ကြာ တိတ်ဆိတ်နေပြီးမှ အလမ္ဗာယ်ပုဏ္ဏားက မဝံ့မရဲလေသံဖြင့် ပြောသည်။

"ပုဏ္ဏားကြီး ... ကျုပ်ရဲ့ ပတ္တမြားကို ဘယ်လိုဝတ္ထုပစ္စည်း ရတနာမျိုးနဲ့ မှ မလဲနိုင်ဘူး ဆိုသော်လည်း တစ်ခုတော့ရှိရဲ့"

"အင်း ... ပြော၊ လိုချင်တာ ပြော"

"တန်ခိုးကြီးပြီး ဘယ်သူမှ မကိုင်တွယ်နိုင်တဲ့ နဂါးရှိတဲ့နေရာကို ညွှန်ပြ နိုင်ရင်တော့"

နေသာဒ ပုဏ္ဏားကြီး၏ မျက်လုံးအစုံ တောက်ပသွားသည်။ သို့သော် မိမိ၏ဣန္ဒြေကို ပြန်လည်ထိန်းချုပ်လျက် –

"နဂါး ဟုတ်လား၊ တန်ခိုးကြီးတဲ့ နဂါး၊ ဘယ်သူမှ မကိုင်တွယ်နိုင်တဲ့ နဂါး၊ နေစမ်းပါဦး၊ သင်က နဂါးကို လိုချင်ရအောင် သင်ဟာ ပုဏ္ဏား အသွင် ဆောင်ထားတဲ့ ဂဠုန်လား၊ နဂါးကို အစာအဖြစ်လိုချင်တာလား"

အလမ္ဗာယ်ပုဏ္ဏားက ကသောကမျော ပြန်ပြောသည်။

http://www.cherrythitsar.org



"ဘယ်က ဂဠုန်ရမှာလဲ၊ ကျုပ် ဂဠုန်ကို မြင်တောင် မမြင်ဖူးဘူး။ ကျုပ်ဟာ မြွေဆိပ်ကျ မန္တာန်တတ်တဲ့ အလမ္ဘာယ်ဆရာ သက်သက်ပါ"

"အလမ္ဘာယ်ဆရာလား၊ ဒီမှာ မိတ်ဆွေ သင်က ဘယ်လောက်များ စွမ်းနေလို့လဲ။ ဘာအတတ်တွေများ တတ်နေလို့လဲ။ တန်ခိုး အင်မတန်ကြီးတဲ့ နဂါးမင်းကို သင် မလောက်မလေး သွားလုပ်လို့ မရဘူးနော်"

အလမ္ဘာယ် ပုဏ္ဏားသည် မိမိ၏ အဖြစ်သနစ် အစုံအလင်ကို ပြောပြလိုက်သည်။

"အဲဒါပဲ ... ရှင် ရသေ့ ပေးလိုက်တဲ့ နဂါးဆိပ်ကျ မန္တန်အစွမ်းနဲ့ ကျုပ်ဟာ ဘယ်လို နဂါးမျိုးကိုမှ မကြောက်ဘူး"

နေသာဒပုဏ္ဏားကြီး စဉ်းစားခန်း ဝင်လေသည်။ သစ်ရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက် ဝင်ရောက်ကြပြီး သားဖြစ်သူ သောမဒတ်ကို ခေါ်လိုက်သည်။ အလမ္ဘာယ်ပုဏ္ဏားကား ပင်စည်၏ အခြားတစ်ဘက်၌ ထိုင်ရင်း အဖြေကို စောင့်နေသည်။

"သောဒမတ် ... လာစမ်း၊ ဘာပဲဖြစ်ဖြစ် ပတ္တမြားကိုတော့ ငါတို့ အရယူရလိမ့်မယ်။ ကိုယ့်ဆီ ရောက်လာတဲ့ နတ်တန်ခိုးကို ဘာအကြောင်းနဲ့မှ စွန့်ပယ်ပစ်လို့ မဖြစ်ဘူးကွ။ ဒါကြောင့် ငါတော့ ဘူရိဒတ် နဂါးမင်း ဥပုသ်စောင့်တဲ့ နေရာကို ပြလိုက်တော့မယ် စိတ်ကူးတယ်။ ဘယ်နှယ့်လဲ"

သောဒမတ်ကား ဖခင်နှင့် နေရာတိုင်းတွင် ဆန့်ကျင်ခြားနားသူ ဖြစ်သည့်အပြင် ကျေးဇူးတရားကို စောင့်သိတတ်သူလည်း ဖြစ်သည်။ သောမဒတ်သည် ဖခင်၏စကားကို ခါးခါးသီးသီး ငြင်းပယ်လေသည်။

"အဖေ ... ဘူရိဒတ် နဂါးမင်းဟာ ကျုပ်တို့ သားအဖကို နတ်တို့ရဲ့ ကာမဂုဏ် စည်းစိမ်နဲ့ချီးမြှောက် ကျေးဇူးပြုခဲ့ဖူးတယ်။ ကျေးဇူးရှင်ကို ဘာကြောင့် အဖ ပြစ်မှားချင်ရတာလဲ။ ဥစ္စာပစ္စည်းကို လိုချင်တယ်ဆိုရင်လည်း ဘူရိဒတ် နဂါးမင်းဆီသွားပြီး တောင်းပေါ့။ နဂါးမင်းက အဖကို လိုသမျှ အကုန်ပေးမှာပဲ။ အခုလို စိတ်ကူးတာတော့ လုံးဝ မသင့်တော်ဘူးဗျာ"

နေသာဒပုဏ္ဏားက နှုတ်ခမ်းကို စေ့စေ့တင်း၍ ပြုံးနေသည်။

"သောမဒတ် ... မင်း ငယ်ပါသေးတယ်ကွာ။ လူရေးလူမှုကို မင်းမသိသေးပါဘူး။ လက်ထဲ ရောက်လာတဲ့ အစာ၊ ရှေ့မှောက်ရောက်လာတဲ့အစာဆိုတာ စဉ်းစားမနေနဲ့။ စားပစ်ဝါးပစ်ရတယ်ကွ။ အဝေးမှာရှိတဲ့ အစာကို တမ်းတမနေနဲ့၊ မျှော်ကိုးမနေနဲ့၊ အခုဟာက အပိုင်အနိုင်ကွ"

သောမဒတ်သည် ခေါင်းကိုသာ အတွင် ခါယမ်းလျက် –

http://www.cherrythitsar.org



"မဟုတ်ဘူး ... အဖ၊ လုံးဝ မဟုတ်ဘူး၊ ကိုယ့်အကျိုးကို ဆောင်တဲ့ အဆွေခင်ပွန်းကို ပြစ်မှားတယ် ဆိုတာ အင်မတန်ကြီးမားတဲ့ မကောင်းမှုပဲ။ ကောင်းကောင်းငရဲခံရမှာပဲ။ မြေမျိုမှာပဲ။ အသက်ရှင်နေလည်း ဆင်းရဲဒုက္ခရောက်မှာပဲ။ ဘူရိဒတ်နဂါးမင်းကို အဖ ပြစ်မှားရင်တော့ အဖ ကောင်းကောင်းကြီး ဒုက္ခရောက်တော့မယ်"

နေသာဒပုဏ္ဏားကြီးက တဟက်ဟက် ရယ်လိုက်သည်။

"သောမဒတ် ... မင်းနှယ်ကွယ် ပုဏ္ဏား မပီသလိုက်တာ၊ ငါတို့ ပုဏ္ဏား ဆိုတာ မကောင်းမှုကို ပြုမိမှားတယ်ပဲ ထားဦး၊ ယဇ်ပူဇော်လိုက်ရင် အဲဒီအပြစ်က လွတ်တာပဲကွ။ မကောင်းမှုတွေ ကျေပျောက်တာပဲကွ"

သောမဒတ်သည် မျက်စိအစုံကို တင်းတင်းကျပ်ကျပ် ပိတ်လိုက်သည်။ မျက်နှာတစ်ပြင်လုံး နီရဲလာသည်။ ဆတ်ဆတ်တုန်နေသော နှုတ်ခမ်းများ ပွင့်ဟလာသည်။ ထို့နောက် သောမဒတ်သည် မျက်နှာကို အပေါ်သို့ မော့ကြည့်လျက်–

"သမာဒေဝ နတ်ကောင်းနတ်မြတ်များဘုရား၊ ကျေးဇူးရှင်ကို ပြစ်မှားတော့မယ့် ဤဖခင်နှင့်အတူ ကျွန်ုပ်မသွားလာတော့ပါ။ ဤဖခင် ပြုသမျှ အမှုတို့သည်လည်း ကျွန်ုပ်နှင့် မည်သို့မျှ မသက်ဆိုင်တော့ပါ"

ဟု တိုင်တည်လိုက်သည်။ ထို့နောက် သောမဒတ်သည် မီးအလျှံတို့ တရှိန်ရှိန် တောက်လောင်နေသော မီးပုံကြီး အနီးတွင် မနေနိုင်တော့သည့်အလား ဖခင် နေသာဒ ပုဏ္ဏားကြီးအနီးမှ တစ်ဟုန်ထိုး ထွက်ပြေးသွားတော့သည်။

ဟိမဝန္တာ တောတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားသော သောမဒတ်ကို မျက်စိတစ်ဆုံး ကြည့်ရင်းနေသော ပုဏ္ဏားကြီးသည် သစ်ပင်ကြီး၏ အခြား တစ်ဘက်တွင် ထိုင်နေသော အလမ္ဗာယ်ပုဏ္ဏားထံသို့ လျှောက်ခဲ့သည်။

"ကဲပါ ... မိတ်ဆွေ၊ မလိမ်မိုး မလိမ္မာကလေးတွေကို ကြည့်ပြီး စိတ်ဆင်းရဲ မနေပါနဲ့၊ လူငယ် လူရွယ်တွေဆိုတာ ဒီလိုပဲ စိတ်ထင်ရာလျှောက်လုပ်ကြတာပါ။ ပတ္တမြားနဲ့ နဂါးကိစ္စက ကျုပ်နဲ့သာ သက်ဆိုင်တာပါ။ ကိုင်း ... လာ ... လာ၊ နဂါးရှိတဲ့ နေရာ ကျုပ်လိုက်ပြမယ်"

*

နေသာဒပုဏ္ဏားကြီးက တောချုံအုပ်ကြီးအတွင်းမှ နေ၍ ညွှန်ပြလိုက်သည်။

"ဟောဟိုမှာ တွေ့လား မိတ်ဆွေ၊ တောင်ပို့ထက်မှာ ရစ်ခွေနေတဲ့ နဂါးကြီး၊ ပိုးပန်ရလိုအဆင်းမျိုးနဲ့ ချင်းချင်းနီတဲ့ ဦးခေါင်းနဲ့ တွေ့ရဲ့လား။ ကဲ ... တွေ့ပြီလား နဂါး၊ ပေးတော့ ပတ္တမြား"

http://www.cherrythitsar.org



အလမ္ပာယ် ပုဏ္ဏားကား တောင်ပို့တက်၍ ရစ်ခွေနေသော ဘူရိဒတ် နဂါးမင်းအား မျက်စိများ ကျွတ်ထွက်မတတ် ငေးကြည့်နေရင်းမှ လည်စလုတ်ကြီးတစ်လျှောက် နိမ့်မြင်လှုပ်ရှားသွားသည်အထိ တံတွေးကို မျိုချနေလေသည်။

"ရော့ ပတ္တမြား၊ ရော့ နဂါးနော် မိတ်ဆွေ"

တောင်ပို့ထက်တွင် ရစ်ခွေနေသော ဘူရိဒတ် နဂါးမင်းသည် နေသာဒ ပုဏ္ဏားကြီး၏ စကားသံကို ကြားလိုက်သဖြင့် မျက်စိကို ဖွင့်ကြည့်သည်။

ဘူရိဒတ် နဂါးမင်း၌ ဤသို့ စိတ်အကြံ ဖြစ်ပေါ်လာလေသည်။

"သြ ... နေသာဒပုဏ္ဏားပါလား၊ ငါ့ရဲ့ ဥပုသ်ကို အန္တရာယ်ပြုမှာ စိုးတဲ့အတွက် သူတို့သားအဖကို ငါ နဂါးပြည်သို့ ခေါ်ဆောင်ခဲ့တယ်။ စည်းစိမ်ချမ်းသာ ကြီးစွာနဲ့ စောင့်ရှောက်ချီးမြှင့်ခဲ့တယ်။ သည်မျှမက လူ့ပြည် လူ့ရပ်သူတို့ ပြန်မယ်ဆိုတဲ့အခါမှာလည်း ပတ္တမြားကို ငါပေးခဲ့တယ်။ ဒီတုန်းကတော့ ငါပေးခဲ့တဲ့ ပတ္တမြားကို မယူ၊ အခုတော့ မြွေအလမ္ပာယ် သမားကို သူခေါ်လာခဲ့ပြီ"

အလမ္ပာယ်သမားနှင့် ခြေဟန်လက်ဟန်ပြကာ စကားပြောနေသော နေသာဒ ပုဏ္ဏားကို ကြည့်ရင်း ဘူရိဒတ်သည် နောက်ကျိသွားသော စိတ်နှလုံးကို ချက်ချင်းပင် သန့်စင်ငြိမ်သက်အောင် တည်ဆောက်လိုက်သည်။

"နေသာဒပုဏ္ဏားဟာ ခင်ပွန်းကို ပြစ်မှားသူ စစ်စစ်ဖြစ်ဘိတယ်။ ဒါပေမဲ့ နေသာဒပုဏ္ဏားကို ငါ အမျက်ထွက်မိရင် ငါ့အဖို့ရာမှာသာ သီလပျက်ရလေတော့မယ်။ ရှေးမဆွကပင် ငါဟာ အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဥပုသ်ကို စောင့်ထိန်းဆောက်တည်ခဲ့တယ်။ နေသာဒပုဏ္ဏား အပေါ် အမျက်ထွက်ခြင်းအားဖြင့် ငါ့ရဲ့ သီလကို အပျက်မခံနိုင်ဘူး။ ငါဥပုသ်အကျိုးမခံနိုင်ဘူး"

ထိုအချိန်တွင် အလမ္ပာယ် ပုဏ္ဏားသည် ဘူရိဒတ် ရှိရာသို့ တပ်မက်ခြင်း ကြီးစွာဖြင့် လှမ်းကြည့်နေဆဲ။ နေသာဒ ပုဏ္ဏားကလည်း အလမ္ပာယ် ပုဏ္ဏားလက်ထဲမှ ပတ္တမြားကို တပ်မက်ခြင်းကြီးစွာဖြင့် ကြည့်နေဆဲ ဖြစ်လေသည်။

ဘူရိဒတ် နဂါးမင်း၏ နှလုံးအိမ် အတွင်း၌ကား သီလကို အကျိုးပေါက်မခံနိုင်သော အတွေးများ ဆက်လက်ကွန့်မြူးလျက် –

"မြွေသမားဟာ ငါ့ကို ပိုင်းဖြတ်လိုလည်း ပိုင်းဖြတ်စေတော့။ ချက်ပြုတ်လိုလည်း ချက်ပြုတ်စေတော့၊ တံစို့ထင်းဝါးနဲ့ ထိုးလိုလည်း ထိုးစေတော့၊ အလမ္ပာယ် ပုဏ္ဏားမြွေသမားကို စိုးစဉ်းမျှ အမျက်ဒေါသ မဖြစ်ပေါ်အောင် နေမယ်"

အလမ္ပာယ်သမားသည် တောင်ပို့ရှိရာသို့ တဖြည်းဖြည်း တိုးလာသည်။ နေသာဒပုဏ္ဏားကြီးကလည်း "နဂါးကို ပြပြီးပြီလေ၊ ပတ္တမြားကြီး ပေးတော့လေ" ဟု တတွတ်တွတ် ရေရွတ်ကာ လိုက်ပါလာသည်။

http://www.cherrythitsar.org



ဘူရိဒတ် နဂါးမင်းသည် ပုဏ္ဏား နှစ်ယောက်ကို မျက်စိဖွင့်မကြည့်တော့ပေ။ အမျက်ဖြင့် ကြည့်လိုက်မည် ဆိုပါက ထိုသူနှစ်ယောက်တို့သည် နေရာမှာပင် လောင်မြိုင်လျက် ပြာမှုန်ကဲ့သို့ ညက်ညက်ကြေကြေလေမည် ဖြစ်သည်။ သို့သော် ဥပုသ်သီလအကျိုးမခံဟု သံဓိဋ္ဌာန်ချထားသော ဘူရိဒတ်နဂါးမင်းသည် ငါ့အား ပုတ်ခတ်နှိပ်စက်သော်မှပင် အမျက်မထွက်ပြီ။ ငါ မကြည့်ပြီဟု မျက်စိမှိတ်ထားလိုက်လေသည်။

အဓိဋ္ဌာန်ပါရမီကို ရှေ့သွားဖြစ်စေချက် အခွေကြား၌ ဦးခေါင်းကို ထိုးသွင်းကာ မတုန်မလှုပ် အိပ်နေသော ဘူရိဒတ်ကို မြင်သောအခါ ပုဏ္ဏားနှစ်ယောက်လည်း ပိုမို အတင့်ရဲစွာ အနီးသို့ ကပ်လာကြသည်။

နေသာဒပုဏ္ဏားကြီး၏ လိုချင်တပ်မက်စိတ်ဇောဆန္ဒကား အခေါင်အဖျားသို့ ရောက်နေပေပြီ။

"မိတ်ဆွေ ... နဂါးကို ဖမ်းတော့လေ၊ ကျုပ်ကိုလည်း ပတ္တမြား ပေးတော့လေ"

ဘူရိဒတ် နဂါးမင်းထံမှ မျက်စိမခွာနိုင်သော အလမ္ပာယ်ပုဏ္ဏားသည် နေသာဒ ပုဏ္ဏားကြီးကို လှည့်မကြည့်အားနိုင်တော့ဘဲ –

"ပတ္တမြားလား ... ရော့ ... ရော့ ... ယူလိုက်စမ်းပါတော့ အင့်"

ဟု ဆိုကာ လှမ်းပစ်ပေးလိုက်သည်။

နေသာဒပုဏ္ဏားကြီးက ဝမ်းသာအားရ လှမ်းဖမ်းလိုက်သည်။ သို့သော် တန်ခိုးကြီးသော ပတ္တမြားရှင်ကား နေသာဒ၏ လက်ဖဝါးပြင်၌ မနေဘဲ လျှောသွားပြီးမှ မြေတွင်းထဲသို့ ကျသွားသည်။ ထို့နောက် တစ်မုဟုတ်ချင်းပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။ ပတ္တမြားကား နဂါးပြည်သို့ ပြန်လည်ဆိုက်ရောက်သွားခဲ့ပေပြီ။

ထိုအခါမှပင် ပတ္တမြားလည်း ဆုံး၊ ဘူရိဒတ်နဂါးမင်းနှင့် အဆွေခင်ပွန်းအဖြစ်ကိုလည်းဆုံး၊ သား သောမဒတ္တကိုလည်းဆုံး၊ သုံးခုသော ဆုံးရှုံးခြင်းတို့ကိုသာ အဖတ်တင်ရရှိလိုက်သည့် နေသာဒပုဏ္ဏားကြီး နောင်တမီးဖြင့် ပူလောင်တော့သည်။

"ဆုံးပြီ၊ အားလုံးကွယ်ပျောက်သွားပြီ။ သား သောမဒတ်စကား နားမထောင်ခဲ့တာ မှားပြီ။ အခုတော့ အားလုံး ခြေလွတ် လက်လွတ် ဖြစ်ကုန်ပြီ"

ကယောင်ကတမ်း အော်ဟစ်ငိုကြွေးလျက် နေသာဒပုဏ္ဏားကြီး လာလမ်းအတိုင်း ပြန်ပြေးသွားတော့သည်။

"အိမ်ပဲ ပြန်ရတော့မယ်။ ဘာမှ မရလိုက်တဲ့ လူမိုက်ကြီး ငါ၊ အိမ်ကိုပဲ ပြန်ရတော့မယ်"

# နှိပ်စက်ခြင်းကို ခံစားခြင်း

အလမ္ပာယ် ပုဏ္ဏားသည် ဆေးမြစ်ကို သွေးထားသော အရည်ဖြင့် တစ်ကိုယ်လုံး လိမ်းကျံလိုက်သည်။ ထို့နောက် တောင်ပို့ထက်မှ ဘူရိဒတ်ကို ခပ်တွေတွေ လှမ်းကြည့်ရင်း ငြိမ်သက်စွာ စဉ်းစားခန်း ဝင်သည်။ ခဏကြာသော အခါ ရသေ့ဆီမှ ရခဲ့သော မန္တန်ကို စိပ်သည်။

စိတ်တိုင်းကျ ပြင်ဆင်စီမံပြီးမှ အားရကျေနပ်သော အသွင်ဖြင့် တောင်ပို့ ဆီသို့ ချဉ်းကပ်လာသည်။ ဘူရိဒတ်ကား မျက်စိအစုံကို မှိတ်လျက် ဥပုသ်သီလ တွင် စူးစူးနစ်နစ် နှလုံးပိုက် ဆင်ခြင်ရင်း ပကတိ ငြိမ်သက်နေဆဲပင်။

ပုဏ္ဏားသည် လက်နှစ်ဖက်ကို ရှေ့တွင် ဆန့်ထုတ်လျက် လက်ချောင်း များကိုလည်း အသင့်ပြင်ထားသည်။ သူ့လက်ချောင်းများမှာ အပိုင်အနိုင် ဆုပ် ကိုင်ကုပ်ဆွဲတော့မည့် အနေအထားဖြင့် ကွေးကောက်နေကြလေသည်။

တောင်ပို့နှင့် အနီးဆုံးရောက်သည်တွင် ပုဏ္ဏား၏ ထိုလက်ချောင်းများ က ဘူရိဒတ်၏ ဦးခေါင်းတွင်တစ်ချက်၊ အမြီးတွင် တစ်ချက် ဖမ်းဆုပ်လိုက်သည်။ မြဲမြံတင်းကျပ်လှသော လက်ချောင်းများပင် ဖြစ်သည်။ ထို့နောက် ပကတိ မလှုပ်မယှက် ရှိနေသော ဘူရိဒတ် နဂါးမင်း၏ ခံတွင်းကို ဖြဲဖွင့်ကာ မိမိ၌ ပါလာ သော ဆေးရည်ဖြင့် သုတ်လိုက်သည်။ ထို့နောက် ဘူရိဒတ်၏ ခံတွင်းထဲသို့ တံတွေးထွေးချသည်။

"နဂါးသော ဘာသော ညာသော၊ ရှိသမျှ လျှာစက်အာစက်၊ လျှာဆိပ်၊ အာဆိပ်တွေ ပျက်စမ်းဟေ့၊ ပြယ်စမ်းဟေ့"

စင်စစ် ပုဏ္ဏားအနေဖြင့် ထိုသို့ ဆေးရည်လိမ်းကျံခြင်း၊ ဆေးမြစ်ဖြင့် ခံတွင်းကို သုတ်ခြင်း၊ ခံတွင်းထဲသို့ တံတွေးထွေးချခြင်းများ မပြုလုပ်သည့်တိုင် ဘူရိဒတ် နဂါးမင်းအနေဖြင့် မိမိ၏ဥပုသ်ကို မကျိုးမပေါက်စေခြင်းငှာ အမျက်ကို မထွက်စေဘဲ သီလဖြင့် စောင့်ထိန်းချုပ်တည်းထားခြင်းကြောင့် တစ်စုံတစ်ရာ အန္တရာယ်မဖြစ်နိုင်ကြောင်းကိုကား အလမ္ပာယ်ပုဏ္ဏား မသိပေ။

ပုဏ္ဏားကား မိမိ၏ဆေးတန်ခိုး၊ မန္တန်တန်ခိုးတို့ကြောင့် နဂါးမာန်ကျလျက်၊ အဆိပ်အတောက် ကင်းချေပြီဟု ယုံမှတ်ကာ အားရဝမ်းသာစွာဖြင့် အားရဝမ်းသာစွာဖြင့် တစ်ဆင့် တက်လေတော့သည်။

မန္တန်ကို ဆက်စိပ်ရင်း ဘူရိဒတ်၏ အမြီးမှ ဆွဲကိုင်လိုက်သဖြင့် တောင်ပို့ကို ရစ်ပတ်ထားသော အခွေတို့သည် အလိုက်သင့် ပြေလျော့သွားကြသည်။

"ဟား ... ဟား နဂါးမင်းတဲ့ ဘာမှ မတတ်နိုင်တော့ဘူး မဟုတ်လား"

အမြီးမှ ဆွဲကိုင်ရင်း ကိုယ်လုံးကို ဦးစိုက်ထားကာ ဦးခေါင်းကို တွဲရရွဲ လှုပ်ယမ်းပစ်လိုက်သည်။ ဘူရိဒတ်ကား မျက်စိအစုံကိုပင် မဖွင့်။ ဆေးမြစ်၊ မန္တန်ကို ကြောက်ခြင်း မဟုတ်ဘဲ၊ သီလပျက်မည်ကို ကြောက်သော အကြောက် တရားဖြင့် ဘူရိဒတ်သည် ပုဏ္ဏားလက်ထဲတွင် ပြုသမျှ စင်းခံလေသည်။

"ကိုင်းလေ ... စားထားတဲ့ အစာတွေ အန်ထုတ်လိုက်စမ်း"

အမြီးမှ ဆွဲကိုင်ကာ ပြင်းထန်စွာ လှုပ်ခါချသည်။

"အဲ ... ဟုတ်ပြီ၊ နောက်တစ်မျိုး"

ဘူရိဒတ်၏ ကိုယ်လုံးကို အလျားလိုက် ခင်းဖြန့်လိုက်သည်။ ထို့နောက်တွင်ကား အဖုံးဖုံး တဖျင်းဖျင်း အသံများ ထွက်လာတော့သည်။

"ကဲ ... သားရေနယ်ကိုင်သလိုပေါ့ကွာ"

အလျားလိုက် စင်းစင်းဖြန့်ခင်းလျက်သား ရှိနေသော ဘူရိဒတ်၏ ကိုယ်လုံးပေါ်သို့ ခြေဖနောင့်ဖြင့် နေရာအနှံ့အပြား၊ အခြားအလပ်မကျန်ရအောင် ဆောင့်နင်းသည်။ ဦးခေါင်းပိုင်းမှသည် အမြီးဖျားသို့၊ အမြီးဖျားမှသည် ဦးခေါင်းပိုင်းသို့ ထက်အောက်ပြန်လှန် စုန်ဆန်လျက် နင်းတက်ဆောင့်လေသည်။

အရိုးတို့ မှုန့်မှုန့်ညက်ညက် ကြေအံ့ရှိလေပြီ။

ဘူရိဒတ်ကား မျက်စိမဖွင့်ဘဲ ပြုသမျှ စင်းခံလေသည်။

"ကိုင်း ... သည်တစ်ခါ ပိုပြီး မှတ်လောက်သားလောက် ရှိသွားအောင်"

စိတ်ရှိတိုင်း နင်းခြေပေါက်ဆောင့်ပြီးသောအခါ မြီးထူးမှ ဆွဲကိုင်မြှောက်ယူလိုက်သည်။ နာကျင်ခြင်းဖြင့် ပျော့ခွေနေသော ကိုယ်လုံးက အလိုက်သင့်ပါလာသည်။

http://www.cherrythitsar.org



"ကိုင်းဟော့ ..."

တဖုံးဖုံးအသံများ ပေါ်လာသည်။

ပုဆိုးအဝတ်ကို လွှဲရိုက်၍ လျှော့ဖွပ်သလို မြီးထူးမှ ကိုင်ကာ မြေအပြင်တွင် ရိုက်ဆောင့်ခြင်း ဖြစ်သည်။

"နင်လားဟဲ့ ... နဂါး၊ ရှိသမျှအားတွေ ကုန်စမ်းဟာ၊ အဆိပ်တွေ ထွက်စမ်းဟာ၊ မာန်စွယ်တွေ ကျိုးစမ်းလဟာ"

မြီးထူးမှ ဆွဲကိုင် ရိုက်ဖွပ်လိုက်၊ လေထဲတွင် ဖျစ်ဖျစ်မြည်အောင် ဝှေ့ယမ်းလိုက်၊ ကိုယ်လုံးပေါ်ခြေဖြင့် ခုန်ဆောင့်နင်းလိုက်ဖြင့် မိမိမောလောက်အောင် နှိပ်စက်ပြီးမှ –

"ကိုင်း ... ဖွတ်ဖွတ်ညက်ညက် ကြေသွားပြီ မဟုတ်လား၊ ရှိသမျှအားတွေ ကုန်ပြီ မဟုတ်လား။ အဲ ... ဒီလောက်ဆိုရပြီ၊ ဒီတော့ ..."

"မင်း ... ဒီနား ခဏ နေလိုက်စမ်း"

ပုဏ္ဏားလွှတ်ပစ်ချလိုက်သော နေရာတွင် ဘူရိဒတ်သည် ကစဥ့်ကလျား ကျသွားပြန်သည်။ သွေးချင်းချင်းနီလျက် အရေခွံတို့ စုတ်ပြတ်လျက် အကြေးလွှာတို့ ကွဲအက်လျက် အရိုးတို့ ကျိုးကြေလျက် မြင်မကောင်းအောင် ဖြစ်နေလေသည်။

ပုဏ္ဏားသည် အနီးအနားရှိ ကြိမ်ဝါးတို့ဖြင့် ပခြုပ်ရက်သည်။

"ကဲ ... ပခြုပ်ထဲ ဝင်လိုက်စမ်းကွာ"

ပခြုပ်က သေးငယ်ပြီး ဘူရိဒတ်၏ ကိုယ်လုံးက ကြီးနေသဖြင့် မဆန့်နိုင် ဖြစ်နေပြန်သည်။ ပုဏ္ဏားသည် ဘူရိဒတ်၏ တစ်ကိုယ်လုံး ဝင်အောင် ထိုးသိပ်ထည့်ရင်း ဒေါသထွက်လာပြန်သည်။

"အံမာ ... ငါ့ပခြုပ်ထဲမှာ သင်းက မဆန့်ဘူးတဲ့လား။ ဟင်း ... ဟင်း၊ ဆန့်အောင် လုပ်ရမှာပေါ့။ ကိုင်း ... ဟာ"

ခြေဖနောင့်ဖြင့် ဆောင့်ကန်ထိုးသွင်းပြန်သည်။

"ကိုင်းဟာ ... ကိုင်းဟာ ... ဆန့်စမ်းကွာ။ ဝင်စမ်းကွာ"

ပခြုပ်တွင်းသို့ ရောက်သွားပေပြီ။

ပုဏ္ဏားသည် ချွေးသံများကို သုတ်လျက်၊ အမောအပန်း ဖြေပြီးမှ ပခြုပ်ကို ပခုံးပေါ် ပင့်ထမ်းလိုက်သည်။

"ကိုင်းဟော့ ... နဂါးတိရစ္ဆာန်တော်ရဲ့၊ လုပ်ငန်းစလိုက်ကြစို့လား။ အလမ္ပာယ်ပွဲဆိုတာ၊ ဒီလို တောထဲတောင်ထဲမှာတော့ ဘာမှ လုပ်လို့မရဘူး။ ဒါကြောင့် လူတွေရှိတဲ့ ဒေသကို သွားရမယ်။ ဟဲ ... ဟဲ ... အလမ္ပာယ်ဆရာ ဘယ်လောက် စွမ်းသလဲဆိုတာ ကြည့်ဖို့သာ ပြင်ထားကြပေရော့"

http://www.cherrythitsar.org



ခိုက်ခိုက်တုန်အောင် နာကျင်နွမ်းနယ်နေသော ဘူရိဒတ်သည် ပုဏ္ဏား၏ပခုံးထက် ပခြုပ်တွင်း၌ သီလကိုသာ အာရုံပြုရင်း လိုက်ပါသွားရလေသည်။

ပုဏ္ဏားသည် ပခြုပ်နားသို့ ကပ်၍ စကားဆိုလိုက်သည်။

"ဟဲ ... ဟဲ ... နဂါးကြီး၊ သင့်ကို ဖမ်းပြီး ကျွန်ုပ်က အလမ္မာယ်ကခိုင်းမှာပါ။ အလမ္မာယ်ပွဲကနေ ဥစ္စာတစ်ထောင်လောက် ရရင်တော့ ပြန်လွှတ်ပေးမှာပါလေ။ ဟဲ ... ဟဲ့"

*

# အလမ္ပာယ်ပြပွဲ

"နဂါး ကတာကို ကြည့်ချင်သူများ လာကြနော်။ လာကြ၊ နဂါး အက နော်၊ မြွေ မဟုတ်ဘူး။ နဂါး၊ နဂါး အလမ္ပာယ်ပြပွဲ၊ အလမ္ပာယ် ဆရာတို့ရဲ့ အဓိပတိ မြွေသမားတို့ရဲ့ အခေါင်အချုပ်၊ ဆရာကလည်း တကယ့်ဆရာ၊ နဂါး ကလည်း တကယ့်နဂါး၊ ကြားဖူး နားဝရှိထားသူများ၊ မျက်စိနဲ့ တပ်အပ်မြင်ရစေ မယ်။ နဂါး အလမ္ပာယ်ပွဲနော်"

ပခြုပ်အဖုံးကို တစ်ပိုင်းတစ်စ ခပ်ဟဟသာ ဖွင့်ထားသည်။ အဖုံး အောက် ပခြုပ်နှုတ်ခမ်းပေါ်တွင် ဘူရိဒတ်၏ ဦးခေါင်းကို တစ်စွန်းတစ်စ ထုတ်ပြ ထားသည်။ ပုဏ္ဏား၏ အောင်ပွဲခေါ်သံ ကြော်ငြာသံကား၊ ရွာလယ်လမ်းဆုံတွင် စောစောဆူညံနေလေသည်။

မကြာမီမှာပင် ရွာရှိ လူကုန်နီးပါး စုဝေးရောက်ရှိလာကြသည်။

ပုဏ္ဏားက ဝိုင်းအုံလာသူများကို စည်းဝိုင်းသဏ္ဍာန် နေရာယူခိုင်းလိုက် ပြီး အနား မကပ်ရန် သတိပေးလိုက်သည်။

"သူသူငါငါ မြွေသမားတွေ ပြကြတဲ့ မြွေအလမ္ပာယ်ပြပွဲ မဟုတ်ဘူး။ ဘာမှတ်သလဲ။ ဒါဟာ နဂါး၊ သမုဒ္ဒရာအောက်မှာနေတဲ့ နဂါး၊ ကုန်းပေါ်တက်၊ တောင်ပို့ထိပ်တက် ရစ်ခွေနေတုန်း အစွမ်းပြဖမ်းလာရတဲ့ နဂါး၊ မျက်စောင်းတစ် ချက် ဝင်လိုက်ရုံနဲ့ မီးဟုန်းဟုန်းတောက်ပြီး ပြာဖြစ်သွားမယ်။ ဘာမှတ်သလဲ။ အနားမကပ်နဲ့။ ကျုပ် သတ်မှတ်ပေးထားတဲ့ စည်းဝိုင်း အပြင်ဘက်ကနေ ကြည့်၊ ခြေကျူးဖို့ မဆိုထားနဲ့ ဒူးတောင် မကျော်စေနဲ့ ဘာမှတ်သလဲ"

http://www.cherrythitsar.org



ပုဏ္ဏားၡ အာဝဇ္ဇန်းကလည်း ဆွဲဆောင်ပြန်၊ ပခြုပ် အဖုံးအောက်တွင် တစ်စွန်းတစ်စ တွေ့နေရသော ဘူရိဒတ်၏ ဦးခေါင်းပိုင်းကိုလည်း တွေ့မြင်နေကြရပြန်သဖြင့် ရွာသူရွာသားများမှာ အလွန်အမင်း စိတ်ဝင်စားနေကြသည်။

ပရိသတ်၏ အာရုံစူးစိုက်မှုကို အကဲခတ်လိုက်ပြီးနောက် ပုဏ္ဏားက ပခြုပ်အဖုံးကို ဖွင့်လိုက်သည်။ နဂါးဦးခေါင်းကို ထင်ထင်ရှားရှားကြီး တွေ့လိုက်ကြရသည်တွင် ပရိသတ်ထံမှ အာမေဍိတ်သံကြီး တစ်ပြိုင်တည်း ပေါ်လာလေသည်။

"ကိုင်း … အလမ္မာယ် စတော့မယ်။ ဦးစွာ ပထမ သင်တို့ အားလုံး အခုပဲ နဂါး တစ်ကိုယ်လုံးကို တွေ့ရစေမယ်။ ဟဲ့ … နဂါးကြီးထွက်တဲ့ ထွက်စမ်းလဟဲ့"

ပခြုပ်တွင်းမှ ဘူရိဒတ်သည် ပုဏ္ဏား၏မာန်ပြင်းသော ငေါက်ငမ်းသံကို ကြားသောအခါ သီလကို အာရုံပြုရင်းခြင်း ဆင်ခြင်လေသည်။

"နဂါးကြီးထွက်လို့ ငါ့ကို ခိုင်းနေပြီ။ ပရိသတ်တွေလည်း စုရုံးရောက်ရှိနေကြပြီ။ သူဆိုတိုင်း လူတွေအလယ်မှာ ငါထွက်ပြီး သူ့အမိန့်အတိုင်း နာခံမယ်ဆိုရင်ဖြင့် ပုဏ္ဏားဟာ ဆုလာဘ်ဥစ္စာ များစွာ ရလေမယ်။ ဥစ္စာများစွာရတဲ့အတွက် နှစ်သက်ဝမ်းမြောက်ပြီး ငါ့ကို လွှတ်ပေးနိုင်ကောင်းရဲ့။ ဒါကြောင့် သူဆိုတိုင်း ငါနာခံမယ်"

ဘူရိဒတ်သည် ပခြုပ်ထဲမှ လျှောထွက်လိုက်လေသည်။

စိမ်းဖန့် ကိုယ်လုံးနှင့် အကြေးများ တောက်ပလျက်ရှိသော ဘူရိဒတ်ကို တွေ့သောအခါ ပရိသတ်အားလုံး ဟယ်ခနဲ ဖြစ်သွားကြသည်။

"ကိုင်း … တွေ့ပြီလား နဂါး၊ မီးအလျှံကို အာခံတွင်းကနေ ထုတ်လွှတ်နိုင်တဲ့ နဂါး၊ ဒါပေမဲ့ မကြောက်ကြပါနဲ့။ ဆရာ့ အမိန့်ကို နဂါးကြီးက နာခံတယ်။ ဆရာ့ကို နဂါးကြီး မလှန်နိုင်ဘူး။ ကိုင်း … ပြောနေကြာတယ်။ ဆရာ့ အစွမ်းပြမယ်။ ဟဲ့ … နဂါးကြီး၊ ကိုယ်လုံး သဏ္ဌာန် ဆတစ်ပြန်၊ ဧကန်ဖွံ့ထွား ကြီးမားပြလိုက်စမ်း"

ဘူရိဒတ်၏ ကိုယ်လုံးသည် ကြီးမားလာလေသည်။

"ဟုတ်ကပြီ၊ ကဲ … သည်တစ်ခါ မြေအပြင်မှာ အလျားခင်းပြီး ပြားပြား ဝပ် စင်းလိုက်စမ်း ဟဲ့ …"

ပုဏ္ဏားဆိုတိုင်းပင် ဘူရိဒတ်သည် မြေအပြင်၌ ဝပ်လျှိုရပြန်သည်။

"ရှေ့ … ဟုတ်ကပြီ၊ သည်တစ်ချီတော့ ပါးပျဉ်းအက ပြလိုက်စမ်း၊ ပါးပျဉ်းဖြန့်ကာ ဖားဖားကြီးဖြစ်အောင် ဖွင့်၊ စွင့်ကလိုက်စမ်း"

အမိန့်အတိုင်းပင် ပါးပျဉ်းကို ဖွင့်ပြရသည်။

http://www.cherrythitsar.org



"ဟုတ်လိုက်လေ ... ဟုတ်လိုက်လေ၊ ကိုင်း ... တွေ့ကြရဲ့ မဟုတ်လား။ ဆရာ့ပညာ၊ ဆရာ့အာဏာ၊ ဒါတင်ဘယ်ကလိမ့်မတုန်း၊ ပါးပျဉ်း တစ်ခုတည်း မကြိုက်ဘူး ဟေ့။ ပါးပျဉ်းနှစ်ခု လုပ်စမ်း"

မိမိ တန်ခိုး အစွမ်းဖြင့်ပင် ဘူရိဒတ်သည် ပါးပျဉ်းနှစ်ခု ဖြစ်အောင် လုပ်ပြလိုက်သည်။

"အဲ့ ... အဲဒါထက် စွမ်းတာတွေ လာဦးမယ်၊ ကိုင်းဟေ့ ... နဂါးကြီး ပါးပျဉ်း သုံးခု"

ဤသို့ဖြင့် ပါးပျဉ်းသုံးခု လေးခုမှသည် ဆယ်ခုအထိ စွန့်ကားပြရပြန်လေသည်။

ပုဏ္ဏားၡ၏ အမိန့်များကား တစ်ခုပြီးတစ်ခု မရပ်မနား။

"ထင်ရှားသော ကိုယ်လုံး ပြစမ်းဟေ့"

"မထင်မရှား ထက်ဝက်သော ကိုယ်လုံးပြစမ်းဟေ့"

"ကိုယ်လုံးခန္ဓာ အညိုရောင် ပြောင်းလဟဲ့"

"ရွှေရောင်အဆင်းလို ဝင်းဝါတဲ့ အရောင်ဟဲ့"

"အနီရောင် ပြောင်းစမ်း"

"အဖြူရောင် ပြောင်းစမ်း"

"ညိုညိုမောင်းမောင်း အရောင်ပြောင်းစမ်း"

"အလျှံခြောင်းခြောင်း လွှတ်ပြလိုက်စမ်း ကျွန် နဂါးကြီး"

"အခိုးထောင်းထောင်း ထုတ်ပြလိုက်စမ်း ကျွန် နဂါးကြီး"

"ပါးပျဉ်းခွက်ပြီး ဦးခေါင်းဝဲယာ တိမ်းယိမ်းနေပြစမ်း"

"ပါးပျဉ်းသိမ်းပြီး ဦးခေါင်းနှိမ့်ချ တုပ်ကွလိုက်စမ်း"

"ကိုယ်လုံးသဏ္ဌာန်၊ ဘယ်ညာပြန်၊ လှိုင်းလိုထန်ပြလိုက်စမ်း"

"ခံတွင်းဟဖြဲအထဲက အစွယ်မြင်သာအောင် ထုတ်လိုက်စမ်း"

"ပခြုပ်ထဲဝင် မရှင်မသေဟန်နဲ့ ခွေပြလိုက်စမ်း"

"ပခြုပ်ထဲကထွက်၊ စက်ဝိုင်းသဏ္ဌာန် ဝိုင်းပတ်ရံပြလိုက်စမ်း"

ပုဏ္ဏားကား ပါးစပ်ထဲ တွေ့ရာကိုပင် အမိန့်ပေး၍ အမျိုးမျိုး ခိုင်းလေတော့သည်။ ဘူရိဒတ်သည်လည်း ပုဏ္ဏား၏ အမိန့်များအတိုင်း တန်ခိုးဖြင့် ဖန်ဆင်းလျက် ခိုင်းသမျှလုပ်ပြသည်။

"ကိုင်း ... ကိုင်း ... ဒီနေရာ၊ ဒီပရိသတ်၊ ဒီမျှနဲ့ ရပ်ပြီး တော်လောက်ပြီ။ ဟဲ့ ... နဂါးကြီး၊ ပခြုပ်ထဲ ပြန်ဝင်၊ ငါသခင်ရဲ့ အမိန့်"

ဘူရိဒတ် ပခြုပ်ထဲ ပြန်ဝင်ပြီးနောက်တွင် ပုဏ္ဏားသည် ပခြုပ်အဖုံး ပြန်ပိတ်လိုက်သည်။

http://www.cherrythitsar.org



"ကဲ ... အနုံညာတ သာမည မြွေသမား မဟုတ်ဘူးဆိုတာ သိကြပြီ မဟုတ်လား။ ဒီတော့ သာမန်အလမ္ပာယ် ဆရာတွေလို ပဝါပိုင်းကလေး၊ ခွက်ကလေးနဲ့၊ အသပြာကို ထိုးခံတောင်းရမ်း မနေဘူး။ ကျုပ်ရဲ့ နဂါးအလမ္ပာယ် ပြပွဲကို မျက်ဝါးထင်ထင် တွေ့မြင်နှစ်သက်တယ်ဆိုရင် ဆုလာဘ် ဥစ္စာကိုလည်း ကိုယ့်သဘောနဲ့ကိုယ် ချီးမြှင့်ကြ၊ ထိုက်တန်တယ် ထင်မှ ပေးကြနော် ... ဟင်း ... ဟင်း"

ကောင်းချီးပေး ဟစ်ကြွေးသံများနှင့်အတူ ရွှေငွေ အသပြာများ၊ အဝတ်ပုဆိုး၊ ပဝါပိုင်းများ တဖွဲဖွဲ ကျရောက်လာကြသည်။ ပုဏ္ဏားသည် အသပြာ ရွှေငွေများကိုချည်း ဦးစွာ ကောက်ယူရင်း နှုတ်မှ မနားတမ်း ရေတွက်သည်။

"ဟာ ... ဟ ... ဟန်ကျလိုက်တာ၊ တစ်ထောင် တစ်ထောင်တော့ အနည်းဆုံး၊ အဝတ်တွေ၊ ပုဆိုးတွေ၊ ပဝါပိုင်းတွေ မပါသေးဘူး။ အသပြာချည်းပဲ တစ်ထောင် ... တစ်ထောင်၊ ဒါ ... ဒီတစ်ပွဲပဲ ရှိသေးတယ်။ ဒါ့ထက်မကရဦးမှာ ... ထောင်ပေါင်းများစွာ ရဦးမှာ၊ အလမ္ပာယ်တွေ တစ်ပွဲပြီး တစ်ပွဲ ... အသပြာတွေလည်း တသဲသဲ ... မစဲ ... ဟီ ... ဟီ"

ဥစ္စာတစ်ထောင်ရလျှင် သင့်ကို လွှတ်ပေးမှာပါ ဟူသော ကတိစကားကို ပုဏ္ဏား မေ့သွားပေပြီ။ ဥစ္စာရမှုက် နှိပ်စက်လျက် လောဘဇောတက်ကာ ပုဏ္ဏားသည် ပခြုပ်ကို ကောက်ထမ်းလိုက်လေသည်။

"ကြည့်စမ်း ... ငါ့အခြေအနေ ချက်ချင်းပဲ ပြောင်းသွားလိုက်တာ၊ ဒါ ပထမဆုံးပွဲပဲ ရှိသေးတယ်။ နောက် အများကြီးရှိသေး၊ အဲ ... သည်တော့ ဘာလုပ်ရမလဲ။ ပွဲပိုလှအောင် ဒီပခြုပ်အစား ရတနာ ပခြုပ်အသစ်တစ်ခု ထပ်လုပ်ရမယ်။ ဒီပခြုပ်က ဝါးကြိမ်နဲ့ ဖြစ်ကတတ်ဆန်း လုပ်ခဲ့ရတာ၊ ရတနာပခြုပ်နဲ့ဆိုတော့ ပရိသတ် ပိုပြီး အထင်ကြီးမယ်။ ငါ့ အလမ္ပာယ်ပွဲ ပိုပြီး ဝင့်ထည်သွားမယ်။ ဟုတ်လိုက်လေ ရတနာပခြုပ်၊ အံမာ ... ဒါတင် ဘယ်ဟုတ်ဦးမလဲ။ ဇမ္ဗူတလူ သူမတူတဲ့ ငါ့အတွက် ကျန်တဲ့ အဆောင်အယောင်တွေလည်း လုပ်ရဦးမှာပေါ့"

သို့ဖြင့်ပင် ရတနာပခြုပ်တစ်ခု ထပ်လုပ်သည်။ ထိုပခြုပ်တွင် ဘူရိဒတ်ကို ထည့်သည်။ ပုဏ္ဏား ကိုယ်တိုင်ကလည်း ခြေလျင် မသွားတော့ဘဲ ယာဉ်ရထား ငှားသည်။ ထို့နောက် အလမ္ပာယ်ပွဲ အခြံအရံများအဖြစ် ရွာသားများကို အခပေး၍ ငှားရမ်းလိုက်သည်။

ယာဉ်ရထားကို စီးလျက် ရထားပေါ်တွင် ပခြုပ်ကို လူတိုင်း မြင်သာအောင် ထားလျက် ရထားနောက်မှ အခြံအရံများ လိုက်ပါစေလျက် တစ်ရွာဝင် တစ်ရွာထွက် အလမ္ပာယ်ကပွဲ ဆက်ခဲ့လေတော့သည်။

## မယ်တော် သမုဒ္ဒရာ၏ အိပ်မက်

မျက်ခွံသားများက မီးကျီးခဲသို့နှယ် နီကြန်ကြန်။

ထိုမျက်ခွံသားများ၏ အောက်မှ မျက်လုံးအစုံသည် အပြင်သို့ ပေါက်ထွက်မတတ် ပြူးကျယ်လျက် ထိုမျက်လုံးအစုံ၏ မျက်သားများက အစိမ်းရောင်တောက်နေသည်။ မျက်ဆန်အိမ်အစုံကမူ ပတ္တမြားခဲအလား ချင်းချင်းနီနေသည်။

နီရဲမျက်ခွံများကို ပြူးကျယ်စွာ ဖွင့်လျက် ထွားကျိုင်းလှသော ခန္ဓာကိုယ်ကြီးဖြင့်၊ ထိုကိုယ်လုံးတီးပလာ ယောကျ်ားကြီးသည် ဘယ်အရပ်ဆီက ရောက်လာမှန်းမသိ။ တစ်ဟုန်ထိုး အရှိန်ဖြင့် ခုန်ပေါက် ဝင်ရောက်လာသည်။

သူ့လက်ထဲမှာ တလက်လက် ဖြစ်နေသော သန်လျက်ကြီးကို ကိုင်စွဲထားသည်။ သန်လျက် အသွားသည် ဝှေ့ယမ်းလိုက်တိုင်း အလျှံ တပြောင်ပြောင်ထွက်နေသည်။

သန်လျက်ကို ဝှေ့ယမ်းလိုက်ခြင်းနှင့်အတူ မိမိ၏ လက်ယာလက်ရုံး တစ်ခုလုံး ပြတ်ပါသွားသည်။ သွေးစက်တန်းလန်း လက်ရုံးကို ကိုင်ဆောင်လျက် သွေးစများ ပေကျံနေသော သန်လျက်ကြီးကို ဝင့်ရင်း ယောကျ်ားကြီးသည် တစ်ခဲနက် ဟစ်အော်ကာ ခုန်ပေါက် ပျောက်ကွယ်သွား လေသည်။

ထိုသူ့လက်ထဲ၌ လက်တစ်ဘက်ပြတ် ပါသွားခဲ့လေပြီ။ မိမိ၏ လက်ယာပခုံး၌ကား သွေးစိမ်းရှင်ရှင် အိုင်ထွန်းလျက် ငုံးတိတိ ဖြစ်ကျန်ရစ်ခဲ့တော့သည်။

*

သမုဒ္ဒရာ မိဖုရားသည် ရှူးရှူးဝါးဝါး အော်ဟစ်ကာ လန့်နိုးလာသည်။ ချွေးသီးချွေးပေါက်များ ရွှဲနစ်နေသည်။ တစ်ကိုယ်လုံး အေးစက်နေသည်။ သွေး

http://www.cherrythitsar.org



စက်တန်းလန်း သန်လျက်ကြီးနှင့် မျက်စိနီရဲ ယောကျ်ားကြီး၏ သဏ္ဌာန်သည် အာရုံထဲက ပျောက်ပြယ်မသွားသေး။

လက်ဝဲလက်ဖြင့် လက်ယာဘက် လက်ကို စမ်းကြည့်လိုက်သည်။

"ဘုရား ... ဘုရား ... အိပ်မက်ပါလား။ အလိုလေ ... ကြောက်စရာ ကောင်းလိုက်တဲ့ အိပ်မက်၊ လက်ယာလက်ရုံးတစ်ဘက်ကို အဖြတ်ခံ လိုက်ရတဲ့ အိပ်မက် ... ဘုရား ... ဘုရား"

အိပ်မက်မှန်းသိပြီးနောက်တွင် အကြောက်ပြေသွားသော်လည်း မယ်တော် သမုဒ္ဒဇာ၏ နှလုံးထဲကို စိုးရိမ်သောကများက ထုထည်ကြီးစွာ တိုးဝင်လာကြတော့သည်။ ထိုစိုးရိမ်သောက၏ နောက်ကွယ် မိခင်တို့၏ မေတ္တာတရားက တစ်သားတည်း လိုက်ပါလာသည်။

"အို ... ဘုရား ... ဘုရား ... ငါ့သားတော် လေးပါး"

မိန်းမသားတို့၏ ချစ်ခြင်းစိတ်က ကပ်ငြိမိပြန်သည်။

"ဒီလိုမှ မဟုတ်ရင် တေရဋ္ဌ နဂါးမင်းများ တစ်ခုခု ဖြစ် ..."

နောက်ဆုံးတွင်မှ မိမိကိုယ်တိုင်ကို သတိရတော့သည်။

"ဒါမှမဟုတ် ... ငါကိုယ်တိုင်ပဲ ဘေးအန္တရာယ် တစ်ခုခု ကျရောက်မှာ လား"

ဗလောင်ဆူနေသော သောက ဂယက်များသည် အနှံ့အပြား တပွက်ပွက် ထနေရာမှ တဖြည်းဖြည်းချင်း တစ်နေရာတည်းကို စုဝေးရောက်ရှိသွားကြသည်။

"သားတော် ဘူရိဒတ်၊ အို ... ဘုရား ... ဘုရား ... သားတော်လေးပါး အနက်မှာ ကျန်တဲ့သားတော် သုံးပါးတို့ဟာ နဂါးပြည်မှာသာ နေထိုင်ကြတယ်။ ငါ့သား ဘူရိဒတ္တကတော့ သမုဒ္ဒရာက တက်ပြီး လူ့ရပ်လူ့ရွာမှာ ဥပုသ်သီတင်း သီလ ဆောက်တည်ဖို့ ပြင်ပ လူ့ကမ္ဘာကို သွားနေထိုင်တဲ့သူ။

"အလိုလေး ... ကြောက်စရာ သည်အိပ်မက်ဟာ ငါ့သား ဘူရိဒတ် အတွက် နိမိတ်ဆိုး အတိတ်ဆိုးလေများလား၊ သား ဘူရိဒတ်ဟာ မြွေ သမားနဲ့ တွေ့နေပြီ ထင်ရဲ့။ ဒါမှမဟုတ် ဂဠုန်သတ္တဝါရဲ့ အစာအဖြစ် အဖမ်းခံရပြီ ထင်ရဲ့။ ဘုရား ... ဘုရား ... သား ဘူရိဒတ် အန္တရာယ် ကင်းပါစေ၊ လိမ္မာလှတဲ့ သား လေး ဘေးမသီ ရန်မခရှိပါစေ"

မယ်တော် သမုဒ္ဒရာဇာ၏ ကြောက်စရာ ထိုအိပ်မက် မြင်မက်သောနေ့ ကား ဘူရိဒတ်ကား အလမ္ဗာယ် ပုဏ္ဏား ဖမ်းယူခဲ့သော နေ့ပင် ဖြစ်ကြောင်း မယ်တော် မသိရှာ။

http://www.cherrythitsar.org



အိပ်မက်ဆိုးကိုပင် တဝဲလည်လည် ပြန်လည် မြင်ယောင်လျက်သား ဘူရိဒတ်အား အန္တရာယ် ကင်းပစေကြောင်း ဆုတောင်းရင်းဖြင့်ပင် အပူမီးကို ရင်ဝယ်ပွေ့ပိုက်ကာ တစ်ဆယ့်ငါးရက်သော လဝက်ကာလတို့ ကုန်ဆုံးလွန်မြောက်ခဲ့လေသည်။

ထုံးစံအားဖြင့် ဆိုလျှင် ဘူရိဒတ်သည် လခွဲတစ်ကြိမ် ခမည်းတော် မယ်တော်တို့ထံ အဖူးမြော် အခစား ဝင်ရောက်စမြဲ ဖြစ်လေသည်။ ယခုကား လခွဲအချိန် လွန်ခဲ့ပြီဖြစ်သော်လည်း သားတော်ကား မရောက်လာ။

"လခွဲလွန်ကာလမှာ သား ဘူရိဒတ် အခစား မဝင်လာပါလား။ ဒီအချိန် ဒီကာလအထိ သားဟာ မိဘများနဲ့ မကင်းကွာခဲ့ဘူး။ အခုတော့ အို ... ဧကန်မုချ ငါ့သားမှာ ဘေးအန္တရာယ် တွေ့နေပါပြီ။ ကြီးစွာသော ဘေးဖြစ်နေပါပြီ"

သောကအပူမီးသည် မယ်တော် သမုဒ္ဒရာဇာ၏ နှလုံးအိမ်ကို ကြီးစွာ လောင်မြိုက်လေတော့သည်။ ဝေဒနာ၏ နှိပ်စက်ခြင်းဖြင့် မယ်တော်မိဖုရားကြီး သည် ရေသွေ့သော ကြာပမာ ကြုံလှီ ညှိုးချုံးလာသည်။ မျက်လုံးအိမ်မှ မျက်ရည်တို့ကား စဲသည်မရှိတော့ဘဲ ကျိန်းစပ်ပူလောင်သော မျက်စိများဖြင့် သားလာရလမ်းကိုသာ ငေးမျှော်လျက် နေတော့သည်။ သို့ဖြင့် တစ်လ လွန်မြောက်သွားခဲ့သည်။

ရီဝေကျိန်းစပ်နေသော မျက်လုံးများဖြင့် မယ်တော်သမုဒ္ဒဇာသည် မြို့နန်းဝဆီသို့ ငေးမျှော်နေသည်။ ထိုအချိန် ဗာရာဏသီပြည်၌မူကား တစ်မြို့လုံး အုံးအုံးကျွက်ကျွက် ဖြစ်နေလေသည်။ အကြောင်းမူ အလမ္ဗာယ်ပုဏ္ဏားသည် ရွာစဉ် ကြီးငယ်အတိုင်း အလမ္ဗာယ် ပြသလာခဲ့ပြီး ဗာရာဏသီပြည်သို့ ရောက်ရှိလာခဲ့သောကြောင့် ဖြစ်လေသည်။

"ကိုင်း ... နဂါးရဲ့၊ နင့်ကို ငါ ရတနာ ပခြုပ်နဲ့ လဲထားတယ်။ ပျားရည်နယ်ထားတဲ့ ပေါက်ပေါက်ကိုလည်း ကျွေးတယ်။ ဒါတင်မကဘူး။ နင်တို့ နဂါး အစာဖြစ်တဲ့ သားကောင်ကိုလည်း သတ်ပေးတယ်။ စားစမ်း၊ အဲဒီလိုနေ၊ အဲဒီလို စားပြီး အားမွေးစမ်း။ အခု ဗာရာဏသီမြို့တံခါးအပြင် ရွာဇနပုဒ်တွေမှာ လှည့်ခဲ့ပြီးလို့ မြို့နန်းအတွင်း ဝင်တော့မှာဟဲ့ ... သိရဲ့လား"

နှိပ်စက်ခြင်း၊ ခိုင်းစေခြင်းမျိုးစုံကို ညက်ညက်ကြေအောင် ခံစားခဲ့ရပြီး နွမ်းနယ်ညှိုးချုံးလျက်ရှိသော ဘူရိဒတ်ကား ပခြုပ်ထဲမှာပင် ပကတိ ငြိမ်သက်နေလေသည်။ ဘူရိဒတ်သည် ပုဏ္ဏားကျွေးသော အစာကို မစား။ သားကို သတ်ကျွေးသော်လည်း မစားဘဲ ဥပုသ်ကိုသာ မကျိုးမပျက် စောင့်ထိန်းမြဲပင်။ ယင်းသည်တိုင် ဥပုသ်သီလတန်ခိုးကြောင့် ဘူရိဒတ်သည် ဆာလောင် မွတ်သိပ်ခြင်း အလျဉ်းမခံ။

http://www.cherrythitsar.org


သို့ဖြင့်ပင် တစ်ဆယ့်ငါးရက်မြောက်သော ဥပုသ်နေ့သို့ တိုင်ခဲ့လေသည်။

"ကိုင်း ... ဒီနေ့တော့ ရွာငယ် ရွာကြီး မြို့စွန်မြို့ပဒေသတွေ ကျော်လွှား၊ ဗာရာဏသီ မြို့နန်းထဲအထိ ဝင်ပြီး ဘုရင်မင်းတရားကြီး ရှေ့တော်မှောက်မှာ အလမ္ပာယ်ပြပော့၊ ကဲဟေ့ ... ငါ့လူများ"

ပုဏ္ဏားက အခြံအရံ အခိုင်းအစေများကို လှမ်းခေါ်လိုက်သည်။

"ဗာရာဏသီမင်းကြီးထံ အခစား ဝင်ကြစမ်း။ ပြီးတော့ သံတော်ဦးတင်လိုက်ကြစမ်း။ ဇမ္ဗူဒိတ်မှာ သူမတူအောင်စွမ်းတဲ့ အလမ္ပာယ်ဆရာတို့ အဓိပတိငါက နဂါးအလမ္ပာယ်က,ပွဲကို မကြုံဖူးလောက်အောင် တင်ဆက်မယ်လို့"

အနယ်နယ် အရပ်ရပ်မှ အုတ်အော်သောင်းနင်း သတင်းစကားများကို ကြားပြီးဖြစ်သော ဗာရာဏသီမင်းကြီးသည် တစ်ပြည်လုံးကို စည်လည်စေလိုက်သည်။ မင်းရင်ပြင်၌ အဆင့်ဆင့်သော ပွဲကြည့်ခုံများ ဖွဲ့စေပြီး နဂါး ကပွဲအတွက် အဆင်သင့် ပြင်ဆင်စေသည်။

ဗာရာဏသီပြည်သား ပြည်သူတို့လည်း မင်းရင်ပြင်ထက် ဘုရင့်ရှေ့တော်မှောက်၌ ပြသမည့် အလမ္ပာယ်ပွဲကို ကြည့်ရန် အလုအယက် ရောက်ရှိလာကြလေတော့သည်။

ထိုအချိန်၌ မယ်တော် သမုဒ္ဒရာဇာ မိဖုရားကြီးကား ဓတရဋ္ဌမင်းကြီး၏ နဂါးပြည်မှနေ၍ သားတော် ဘူရိဒတ် အခစားလာရာလမ်းကို ငေးမျှော်လျက်ရှိဆဲပင်။

"အချိန်ကာလ တစ်လလွန်ခဲ့ပြီ။ သားတော် ဘူရိဒတ် မရောက်လာသေးပါလား"

မျက်ရည်တို့ဖြင့် အိုင်ဖွဲ့ ဝန်းရံနေသော မယ်တော်၏ မြင်ကွင်းထဲတွင် အဝေးဆီမှ လှုပ်လှုပ်ရှားရှား သဏ္ဍာန်များကို တွေ့လိုက်ရလေသည်။

"အလို ... ဟိုး အဝေးမှာ အခြွေအရံ အသင်းအပင်းတွေနဲ့ ငါ့သား ဘူရိဒတ် အခစားဝင်လာပြီနဲ့ တူရဲ့"

မယ်တော် သမုဒ္ဒဇာသည် မျက်ရည်များကို ဖယ်ရှားကာ နန်းတော်မုခ်ဝဆီသို့ လှမ်းကြည့်လိုက်သည်။

ရောက်ရှိလာသူကား ဘူရိဒတ်မဟုတ်။ သားတော် လေးပါး အနက် သားတော်ကြီး သုဒဿန ဖြစ်လေသည်။

သားတော် ဘူရိဒတ်ဟု ထင်မှတ်ထားခဲ့သော မယ်တော် သမုဒ္ဒဇာ၏ မျှော်လင့်ဝမ်းသာခြင်းများသည် သားကြီး သုဒဿနကို တွေ့ရသောအခါ ပြိုကွဲသွားသည်။ ဤတွင် သားကြီးကိုလည်း သားကြီးအလျောက် ချစ်ခင်ရိုးရှိပါ

http://www.cherrythitsar.org



လျက် မယ်တော်၏ စိတ်နှလုံးသည် အမှောင်ထုအောက် ရောက်သွားကာ သားတော်ကြီးအား စကားလည်း မဆို၊ ကြိုဆိုသမှုလည်း မပြု။ ယုတ်စွအဆုံး မျက်နှာကိုလည်း မကြည့်တော့ဘဲ မှိုင်းအုံ့သော အသွင်ဖြင့် မတုန်မလှုပ် ရှိနေလေသည်။

သုဒဿနကား မယ်တော်ကြီး၏အဖြစ်ကို မသိ။ ပြာသဒ်ထက်သို့ တစ်ယောက်တည်း တက်လာကာ ခါတိုင်းသို့ပင် မယ်တော်ကို ရှိခိုးနှုတ်ဆက်လျက် လျှောက်ပတ်သောနေရာမှ ခစားလေသည်။

မယ်တော်ကား သားကြီးကို မသိမမြင်သိသည့်အလား ခပ်မဆိတ်သော အမူအရာဖြင့် အဝေးဆီသို့ မှုန်ရီစွာ ငေးနေဆဲ။ ပိုင်းခြားဝေဖန်တတ်သော အသိဉာဏ်ရှိသည့် သုဒဿနသည် မယ်တော်၏ အသွင်ကိုကြည့်ကာ ခါတိုင်းလို နှုတ်ခွန်းစကားမဆို။ ဝမ်းမြောက်ရွှင်လန်းခြင်းကိုလည်း မပြသည့် အဖြစ်ကို သိကာ မယ်တော်ကြီးသည် နှလုံးမသာမယာ ရှိနေပြီဟု နားလည်လိုက်လေသည်။

"မယ်တော်ဘုရား ... အလိုခပ်သိမ်းတို့နဲ့ ပြည့်စုံစွာဖြင့် ရောက်လာတဲ့ သားတော်ကြီးကို မြင်ပါရက်ကနဲ့ မယ်တော့် မျက်နှာဟာ လက်နဲ့ ဆုပ်နယ်လိုက်တဲ့ ပဒုမ္မာကြာလို ညှိုးနွမ်းလှပါကား မယ်တော်ဘုရား"

သုဒဿန၏ ကြင်နာသော အမေးစကားတွင် မယ်တော်သည် ပြကတေ့ မတုန်မလှုပ်ရှိဆဲပင်။

သားလိမ္မာ သုဒဿနသည် မယ်တော်၏ အမူအရာ သိသိသာသာ ပျက်ယွင်းပုံကို စေ့ငုကာ ငါ့မိခင်သည် တစ်ယောက်ယောက်နှင့် ခိုက်ရန် ဖြစ်သလော၊ ဘေးအန္တရာယ်တစ်ခုခု ရှိပြီလားဟု ဆင်ခြင်ပြန်ကာ ထပ်မံမေးလျှောက်ပြန်လေသည်။

"မယ်တော်ဘုရား ... မယ်တော့်ကို ဘယ်သူမျိုးက ထိခိုက်နစ်နာအောင် ညှဉ်းဆဲပါသလဲ။ ဒါမှမဟုတ် အဘယ်သို့သော ရောဂါဝေဒနာများ စွဲကပ်ပါသလဲ။ သို့လည်းမဟုတ် ဘေးအန္တရာယ်တစ်စုံတစ်ရာ ရှိနေပါသလား မယ်တော်။ သားကြီး ရောက်လာကာမျှနဲ့ မယ်မယ့် မျက်နှာတော် ညိုမည်းအုံ့မှောင်သွားတာ ဘာကြောင့်ပါလဲ"

သားကြီး၏ ကရုဏာအငွေ့တွင် မယ်တော် သမုဒ္ဒဇာသည် ဆက်လက် တင်းမာ ဆည်တန့်မနေနိုင်တော့ပေ။ ကြေကွဲသော အသံများက မယ်တော်၏ နှုတ်မှ ထွက်ကျလာကြတော့သည်။

"သားကြီး ... သုဒဿန၊ မယ်မယ် မနေ့ညက အိပ်မက် မက်ခဲ့တယ်"

"ဘယ်လို အိပ်မက်များပါလဲ မယ်ဘုရား"

http://www.cherrythitsar.org



"သိပ် ဆိုးတဲ့ အိပ်မက်၊ သိပ်ကြောက်စရာကောင်းတဲ့ အိပ်မက်။ မျက်စိတွေ နီရဲနေတဲ့ ယောကျ်ားတစ်ယောက်ဟာ မယ်မယ့် လက်ယာလက်မောင်းကို ဖြတ်၊ သွေးအလိမ်းလိမ်းကပ်ပြီး မယ်မယ် ငိုကြွေးရစဉ်မှာပဲ မယ်မယ့် လက်မောင်းကို ဆောင်ယူသွားတယ်"

"အို ... ထိတ်လန့်စရာ အိပ်မက်ပါလား ... မယ်မယ်"

"သားကြီး၊ မင်းရဲ့ညီတော် ဘူရိဒတ်ဟာ လခွဲ တစ်ကြိမ် ကာလရောက်တိုင်း နဂါးမင်းသမီး ရံရွေတော်တွေ ခြံရံလို့ ဓားသန်လျက်စွဲတဲ့ နဂါး လုလင်တွေ စောင့်ကြပ်လို့ ကြီးကျယ်တဲ့ သဘင်ဆင်ယင်ပြီး မယ်မယ့်ထံ အခစားဝင်မြဲ မဟုတ်လား"

"ဟုတ်ပါတယ် မယ်မယ်"

"အခု ဘူရိဒတ် မရောက်လာဘူး။ သူမလာတာ ကြာခဲ့ပြီ"

မယ်တော် သမုဒ္ဒဇာသည် စကား ဆက်မဆိုနိုင်တော့ဘဲ ဆို့နစ်သွားသော ငိုရှိုက်သံ ဗလုံးဗထွေးဖြင့် –

"သား ဘူရိဒတ်မှာ ဘေးအန္တရာယ် ဖြစ်နေပါပြီကွယ် ... သေချာပါ တယ်"

ရင့်ကျက်လိမ္မာသော သုဒဿနက မယ်တော်၏ သောကအစိုင်အခဲများ ပျောက်ကြွေသွားစေမည့် မျက်ရည်များကို အားရလောက်သည်အထိ ငိုကြွေးခွင့်ပြုရင်း ငြိမ်သက်စွာ စောင့်စားနိုင်သည်။

အားရအောင် ငိုကြွေးပြီးမှ မယ်တော်သည် သတိတရားဖြစ်လျက် ဆက်လက် မိန့်မြွက်လေသည်။

"သားကြီး သုဒဿန၊ ဘူရိဒတ်ရဲ့ စံအိမ်တော်ကို အခုပဲ သွားကြစို့"

*

# ရှာပုံတော်

ဘူရိဒတ်၏ စံအိမ်မှ အခြွေအရံ ကိုယ်လုပ်နဂါးမတို့မှာ ဥပုသ်ဆောက်တည်ရာတောင်ပို့၌ အရှင်သခင် ဘူရိဒတ်ကို မတွေ့သောအခါ မယ်တော်ကြီး စံအိမ်တော်မှာ ရှိနေမည်ဟု စိတ်ချလက်ချ ကြောင့်ကြမဲ့စွာ နေခဲ့ကြသည်။

ယခု မယ်တော်သခင်မကြီးကိုယ်တိုင် သားကို လာရှာသည်ဟု သိရသောအခါတွင်မှ ဘူရိဒတ် ပျောက်ဆုံးနေသည်မှာ တစ်လလွန်ခဲ့ပြီဖြစ်ကြောင်း အပြန်အလှန် သိသွားကြတော့သည်။

ကိုယ်လုပ်တော် နဂါးမတို့သည် မယ်တော်ကြီး၏ ခြေရင်းတွင် ပစ်လဲသွားကြသည်။ မိန်းမသားတို့၏ ငိုကြွေးသံတို့က စံအိမ်တော်အတွင်း ပွက်ပွက်ညံသွားသည်။ မယ်တော်ကြီးသည် သားတော်စံရာ ပြဿဒ်ထက်သို့ တက်ကာ သားငယ်အိပ်ရာနေရာကို ကြည့်ပြန်သည်။

ပြန့်ပြူးသော အိပ်ရာဇလာကို ကြည့်လျက် မယ်တော်ကြီးမှာ အပူလုံးဆို့ရပြန်လေသည်။

"သားငယ်ကို သူသတ်သမားတို့ သတ်သွားပြီ၊ ရင်သွေးမဲ့တဲ့ အသိုက်ကို တွေ့ရတဲ့ ငှက်မနဲ့ အခြားပါလား။ မယ်မယ် ရင်ကွဲရပြီးသားရယ်။ မယ်မယ့်ရင်ထဲမှာ ပန်းပဲဖို ထိုးသလို ရှိရပြီကော"

မယ်တော်ကြီး၏ ရင်တွင်းမှ ခြစ်ခြစ်ပူလောင်သော ငိုကြွေးမြည်တမ်းသံသည် စံအိမ်တော် တစ်ခုလုံးကို ကူးစက်သွားကာ အုတ်အုတ်ကျက်ကျက် ဖြစ်ရပြန်သည်။ စံအိမ်အလုံးသည် ယုဂန္ဓိုရ်လေခတ်၍ တိမ်းတိမ်းမူးမူး လူးလူးလဲ

လဲ ရှိလေသော အင်ကြင်းပျိုပင် တောအုပ်အလား ငိုသံ၊ မြည်တမ်းသံ၊ ဟစ်ကြွေးသံတို့ဖြင့် ဆူဝေပွက်လျှံသွားတော့သည်။

ထိုအချိန်မှာပင် မယ်တော်ထံသို့ အခစား ဝင်လာပြီးနောက် မယ်တော်ကို မတွေ့ရသောကြောင့် ဘူရိဒတ်စံအိမ်သို့ လိုက်လာကြသည့် သုဘောဂနှင့် အရိဋ္ဌမင်းသား ညီနောင်တို့လည်း ရောက်ရှိလာကြပြန်သည်။

သုဒဿန၊ သုဘောဂနှင့် အရိဋ္ဌတို့က မယ်တော်ကြီးအား အနည်းနည်း အဖုံဖုံ နှစ်သိမ့်ကြပါသော်လည်း သားသုံးယောက် စုံညီတွင် သားတစ်ယောက် ပျက်ကွက်နေခြင်းက သိသာလွန်းသဖြင့် မယ်တော်ကြီးမှာ ပို၍ ပူလောင်ပြင်းပြဖြစ်ရလေတော့သည်။

"သားတို့ရဲ့၊ သတ္တဝါတို့ရဲ့ ဖြစ်ခြင်း ပျက်ခြင်းကို မယ်မယ် သိပါတယ်။ ဒါပေမဲ့ ဘူရိဒတ်ကို မတွေ့ရလို့ လောင်မြိုက်တဲ့ ရင်တွင်းမီးကို မယ်မယ် ဘယ်လိုငြိမ်းသတ်ရပ့ါမလဲ။ သားကြီး သုဒဿန မင်းရဲ့ညီကိုမှ ဒီညဥ့် မယ်မယ် မတွေ့ရရင် မယ်မယ် အသက်ဆုံးပြီ၊ သုဘောဂ အရိဋ္ဌမင်းတို့ နောင်တော် ဘူရိဒတ်ကို ဒီကနေ့ အချိန်ကုန်လို့မှ မယ်မယ် မမြင်ရရင် မယ် မယ် သေပွဲဝင်ပြီသာ မှတ်ပေတော့ကွယ်"

မိခင်၏ အဆုံးစွန် စကားကို ကြားရသော် ညီတော် နောင်တော်များသည် ထိတ်လန့်စိုးရိမ်ခြင်းကြီးစွာဖြင့် ဝိုင်းဝန်း နှစ်သိမ့်ကြရပြန်သည်။

"ဘူရိဒတ်ကို သားတို့ မတွေ့တွေ့အောင် ရှာမှာပေါ့ မယ်မယ်၊ တောတောင် လျှိုမြောင်၊ ရွာ နိဂုံး မင်းနေပြည်မှန်သမျှ နေရာအနှံ့ သားတို့ လိုက်ရှာပါ့မယ်။ ဒီနေ့ကစပြီး ခုနစ်ရက် မြောက်နေ့မှာ ဘူရိဒတ်ကို မယ်မယ် ရှေ့မှောက် သားတို့ အရောက်ပို့ပါမယ်"

ရင့်ကျက်လိမ္မာသော အသိဉာဏ်ဖြင့် ပြည့်စုံသည့် သားတော်ကြီး သုဒဿနသည် မိခင်အား ချော့မော့နှစ်သိမ့်ရင်း တစ်စုံတစ်ရာကို လေးနက်စွာ ဆင်ခြင်ဟန်ဖြင့် ငြိမ်သက်သွားသည်။ ထို့နောက် ညီနှစ်ယောက်အား ခေါ်လိုက်သည်။

"သုဘောဂနဲ့ အရိဋ္ဌ ... လာစမ်း"

ညီတော်နှစ်ယောက်ကို လေးနက်စွာ ကြည့်ရင်း –

"ငါတို့ ညီနောင်သုံးယောက် တစ်စုတည်း တစ်နေရာတည်း ရှာနေကြရင် အချိန်ကြာမြင့်လိမ့်မယ်။ ဒါကြောင့် ကိုယ့်အစုကိုယ့်အပိုင်းနဲ့ခွဲပြီး ရှာကြရအောင်"

"နောင်တော် စီမံပါ။ ညီတော်တို့ လိုက်နာပါ့မယ်"

"အင်း ... ကောင်းပြီ"

သုဒဿနသည် ခေတ္တမျှ ငြိမ်သက်စွာ စဉ်းစားပြန်သည်။

http://www.cherrythitsar.org



"နတ်ပြည်ကိုတစ်ယောက်၊ ဟိမဝန္တာ တောဒေသကိုတစ်ယောက်၊ လူ့ပြည်ကိုတစ်ယောက် ခွဲပြီး ရှာရလိမ့်မယ်။ အင်း ... ဒါပေမဲ့ ဘယ်သူ့ကို ဘယ်နေရာ လွှတ်ရမလဲ။ အငယ်ဆုံး ညီတော် ကာဏာရိဋ္ဌဟာ အမျက်စောင်မာန်ကြီးတယ်၊ ခက်ထန်ကြမ်းတမ်းတယ်၊ သူ့ကို လူ့ပြည်လွှတ်လို့ အကယ်၍များ လူ့ပြည်မှာ ဘူရိဒတ်ကို တွေ့ခဲ့သော် ကာဏာရိဋ္ဌဟာ တွေ့ရာဒေသကို မှုန့်မှုန့်ညက်ညက် ဖျက်ဆီးမှာ သေချာတယ်။ အင်း ... သည်တော့ ..."

သုဒဿနသည် ညီအငယ်ဆုံး၏ တစ်ဘက်လပ်လျက်ရှိသော မျက်စိကို မသိမသာ ကြည့်လိုက်ပြီး –

"ကာဏာရိဋ္ဌ"

"နာခံလျက်ပါ နောင်တော်"

"မင်း နတ်ပြည်ကို သွား၊ ဘူရိဒတ် တရားနာချင်လို့ နတ်တွေကများ ခေါ်ဆောင်သွားကြသလား မသိဘူး။ နတ်ပြည်မှာ တွေ့ခဲ့ရင် အသာအယာ ခေါ်ဆောင်ခဲ့"

"ကောင်းပါပြီ နောင်တော်"

ကာဏာရိဋ္ဌ ထွက်သွားလေသည်။

"သုဘောဂ ... လာစမ်း"

ညီတော်လတ် သုဘောဂက ရိုကျိုးစွာ နာခံလျက် –

"မင်းက ဟိမဝန္တာကို သွား၊ မြစ်ကြီးငါးစင်းမှာ ဘူရိဒတ်ကို ရှာ"

"ကောင်းပါပြီ နောင်တော်"

သုဘောဂ ထွက်သွားသည်။ သုဒဿန ဆက်လက်၍ ဆင်ခြင်ပြန်သည်။

"ငါကတော့ လူ့ပြည်ကို အရှာထွက်ရလိမ့်မယ်။ အင်း ... လုလင်ငယ်အသွင်နဲ့ ငါသွားရင် လူတွေက ငါ့ကို ချစ်ခင် မြတ်နိုးခြင်း ရှိမှာ မဟုတ်ဘူး။ ရသေ့အသွင် ဆောင်သွားရင်တော့ ငါ့ရဲ့အရှာခရီး ပြီးစီးအောင်မြင်နိုင်တယ်။ လူတွေက ရသေ့ ရဟန်းတို့ကို ကြည်ညိုမြတ်နိုး တတ်ကြပေတယ်"

သုဒဿနသည် ရသေ့အသွင် ဖန်ဆင်းလိုက်လေသည်။

*

## အဇမုခီ

အဇမုခီသည် နဂါးပြည်ရှိ နဂါးမအပေါင်းတို့တွင် အခြားသော နဂါးမများနှင့်မတူ။ တစ်မူထူးခြားသူ ဖြစ်သည်။ အဇမုခီသည် စိတ်နှလုံး နူးညံ့သိမ်မွေ့သည်နှင့်အမျှ ထိခိုက်ခံစားလွယ်တတ်သည်။ မိမိ၏အမျိုးအနွယ်နှင့် ဉာတိသင်္ဂဟတို့အပေါ်မှာလည်း အလွန်သံယောဇဉ် ကြီးသူဖြစ်သည်။ သို့ဖြစ်၍ မိတ်ဆွေသင်္ဂဟ၊ သွေးချင်းတို့၌ ပြဿနာ တစ်စုံတစ်ရာ ပေါ်ပါက အဇမုခီသည် ကာယကံရှင်နှင့်မခြား ထပ်တူထိခိုက် ခံစားကာ ကိုယ်ထိလက်ရောက် ကူညီတတ်သူလည်း ဖြစ်သည်။

ဘူရိဒတ်ကို ရှာရန် သုဒဿန၊ သုဘောဂနှင့် အရိဋ္ဌမင်းသား ညီနောင်တို့ အရပ်ဒေသ ဖြန့်ကြက် ခရီးထွက်ကြပြီဟူသော သတင်းသည် နဂါးပြည်အနှံ့ ချက်ချင်း ပြန့်သွားသည်။

ထိုသတင်းကြားရသော အဇမုခီ နဂါးမသည် ကြားကြားချင်းပင် မိမိစံရာ ဗိမာန်မှ ထွက်လေသည်။ အဇမုခီအတွက် ဘူရိဒတ်ကို အရှာထွက်သော ခရီးတွင် မိမိပါဝင်ရေးသည်သာ အဓိကအရေးဖြစ်သည်။ အကြောင်းမူ အဇမုခီသည် ဘူရိဒတ်နှင့် ခမည်းတူ၊ မယ်တော်ခြား မောင်နှမလည်းဖြစ်ကာ အခြားသော မောင်ဘွားတို့ထက် ဘူရိဒတ်ကို အချစ်ခင်ဆုံး သံယောဇဉ် အကြီးဆုံးလည်း ဖြစ်သောကြောင့်ပင်။

အဇမုခီသည် ခရီးထွက်ရန် အသင့်ပြင်နေသော သုဒဿနနှင့် တွေ့ဆုံလေသည်။

http://www.cherrythitsar.org



"မောင်ကြီးဘုရား၊ မောင်ကြီး ဘူရိဒတ်ကို အရှာထွက်တဲ့ခရီးမှာ နှမလေးလည်း လိုက်ပါရစေ"

အဇမုခီ၏ အသွင်မှာ စိတ်အားထက်သန်ခြင်းနှင့် စိုးရိမ်ပူပန်ခြင်း နှစ်ခု ရောပြွမ်းကာ လှုပ်လှုပ်ရှားရှား ဖြစ်နေလေသည်။

"မောင်ကြီး ဘူရိဒတ်ကို နှမလေး ဘယ်လောက် သံယောဇဉ်ကြီးတယ် ဆိုတာ မောင်ကြီးဘုရား အသိဆုံးပါ။ သူပျောက်ဆုံးနေတယ်ဆိုတဲ့ သတင်း ကြားရကတည်းက နှမလေးအပူမီးတောက်ခဲ့ရပါတယ်။ အခု မောင်ကြီးဘုရား နှင့်အတူ လိုက်ပါဖို့ နှမလေး ဆုံးဖြတ်ပြီးပါပြီ၊ နှမလေးကို ခေါ်သွားပါ။ ဘူရိဒတ် ကို နှမလေးလည်း ရှာပါ့မယ်"

သုဒဿနသည် ဆုတ်ဆိုင်းဆိုင်း ဖြစ်သွားသည်။ ထို့နောက် သက်ပြင်းရှိုက်လျက် –

"အဇမုခီ၊ သင့်သံယောဇဉ်အပူမီးကို ငါသိပါတယ်။ ဒါပေမဲ့ ငါနဲ့ အတူ လိုက်လို့မဖြစ်ဘူး။ ငါက ရသေ့ရဟန်းအသွင် ဖန်ဆင်းပြီး သွားမှာ။ သွားမယ့် နေရာက လူ့ပြည်ရပ်ရွာဒေသ၊ ရသေ့ရဟန်းနဲ့အတူ မိန်းမတစ်ယောက် လိုက်ပါ လာလို့ မဖြစ်ဘူး"

အဇမုခီက မဆိုင်းမတွပင် ပြန်ပြောလိုက်သည်။

"မောင်ကြီးဘုရား၊ နှမလေး မိန်းမအသွင်နဲ့ မလိုက်ပါဘူး။ ဖားမ အသွင် ဖန်ဆင်းပြီး မောင်ကြီးဘုရားရဲ့ ဆံကျစ်အကြားမှာ လိုက်ခဲ့မှာပါ။ မဖြစ် နိုင်စရာ မရှိပါဘူး"

အဇမုခီ၏ ထက်သန်ခြင်းကို သုဒဿန မငြင်းသာတော့ပေ။

"ကောင်းပြီလေ၊ နှမလေး လိုက်ခဲ့ပေတော့"

*

ဘူရိဒတ်၏ အခြွေအရံ နဂါးမတို့ ညွှန်ပြချက်အရ ဦးစွာ သမုဒ္ဒရာ ကမ်းခြေရှိ ဘူရိဒတ် ဥပုသ် စောင့်ရာ တောင်ပို့မှစ၍ အရှာခရီး ထွက်သည်။ တောင်ပို့တစ်ဝိုက်တွင် သုဒဿနနှင့် အဇမုခီတို့ စေ့စေ့စပ်စပ် စူးစမ်းကြသည်။

ခက်ခက်ခဲခဲ ရှာစရာပင် မလိုချေ။ အလမ္ဗာယ်ပုဏ္ဏား ညှဉ်းဆဲထားခဲ့ သော လက်စလက်န သဲလွန်စများကို တွေ့ကြရပေပြီ။ သွေးစ သွေးနများသည် တောင်ပို့တစ်ဝိုက်တွင် စွန်းထင်းလျက် ဘူရိဒတ်ကို ပခြုပ်သွင်းရန် ခုတ်ပိုင်းဖြတ် တောက်ခဲ့သော ဝါးကြိမ်နွယ် အပိုင်းအစများကလည်း အနီးတစ်ဝိုက်တွင် ပြန့် ကြဲလျက် –

"အဇမုခီ နှမလေး၊ မင်း မောင်ကြီး ဘူရိဒတ်တော့ အလမ္ဗာယ်သမား ဖမ်းသွားပြီ"

http://www.cherrythitsar.org


သုဒဿန၏ မချိတင်ကဲ အသံနှင့်အတူ အဇမုခီသည် ငိုရှိုက်လျက် နေလေသည်။

"ကိုင်း ... ငိုနေလို့ မပြီးဘူး အဇမုခီ၊ သဲလွန်စကို ခြေရာခံပြီး ဆက်ရှာကြစို့ရဲ့၊ ဘူရိဒတ် ဘာဖြစ်တယ်ဆိုတော့ ဘယ်လို တွေ့အောင်ရှာပြီး ဘယ်လို ကယ်ရမလဲဆိုတာ ပိုပြီး နီးစပ်လာတာပေါ့ကွယ်။ လာ ... နမလေး"

မောင်နှမ နှစ်ယောက်သည် တောအုပ်အတွင်းမှ အစဉ်တစိုက် ခြေရာခံလိုက်ခဲ့ကြရာ ရွာတစ်ရွာသို့ ရောက်လာကြသည်။ ထိုရွာကား အလမ္ဗာယ်သမားက ဘူရိဒတ်အား ပထမဆုံး အလမ္ဗာယ် ကစားရာရွာပင် ဖြစ်လေသည်။

"နဂါးနဲ့ အလမ္ဗာယ် ပြတဲ့ မြွေသမားတစ်ယောက် ဒီရွာ ရောက်လာသလား"

ရွာသားတို့က အဖြေပေးကြသည်။

"နဂါး အလမ္ဗာယ်လား၊ အသေအချာ ရောက်ခဲ့တာပေါ့ ရှင်ရသေ့။ ပြီးခဲ့တဲ့ လကပဲ လာသွားတယ်။ အလမ္ဗာယ်အစွမ်း အမျိုးမျိုး ပြတယ်။ နဂါးကြီးကလည်း လိမ္မာလိုက်တာ မပြောပါနဲ့တော့။ အလမ္ဗာယ်ဆရာ ပုဏ္ဏားကလည်း စွမ်းလိုက်တာ မပြောပါနဲ့တော့။ တပည့်တော်တို့ အဲဒီပွဲကို ဘယ်မေ့နိုင်ပါ့မလဲ။ ဒီရွာကပဲ ပုဏ္ဏားဟာ အသပြာတစ်ထောင် ရသွားတယ်။ ပြီးတော့ အရှေ့စူးစူးကို ထွက်သွားတာပဲ။ အံမာ ... သူ ပါလာတဲ့ ဝါးကြိမ်နွယ် ပခြုပ်အစား ရတနာပခြုပ် လုပ်ပြီး အသစ်ဆောင်သွားသေး။ တကယ် တော်တဲ့ ဆရာပဲ ရှင်ရသေ့ရဲ့"

အစဉ်အတိုင်း တစ်ရွာပြီးတစ်ရွာ ရောက်ခဲ့ကြပြန်သည်။ အဆင့်ဆင့်သာ သတင်းများ အရ ခြေရာခံ လိုက်ခဲ့ရာ နောက်ဆုံးတွင် သုဒဿနနှင့် အဇမုခီတို့သည် ဗာရာဏသီပြည်သို့ ရောက်ခဲ့ကြလေသည်။

သုဒဿနတို့မောင်နှမ ဗာရာဏသီပြည်၊ မင်းကြီးနန်းတော်တံခါးဝကို ရောက်သည့်အချိန်ကား ပုဏ္ဏား၏ တောင်းဆိုမှုအရ မင်းကြီး နန်းရင်ပြင်၌ အလမ္ဗာယ်ပွဲ ပြရန်နှင့် ပြည်သူပြည်သား အပေါင်းတို့အား စည်လည် စဝေးစေကာ တစ်မြို့လုံး တစ်နန်းတော်လုံး အုံးအုံးကျွက်ကျွက် ဖြစ်နေချိန်ပင်တည်း။

"အဇမုခီ ... ငါတို့နွဲ့ရမယ့်ပွဲ ရောက်ပြီ။ ဘူရိဒတ်ကို တို့ အရကယ်ထုတ်ရတော့မယ်။ ငါ့ဆံကျစ်အကြားမှာပဲ ခုအတိုင်း ဖားမအသွင်နဲ့ ပုန်းအောင်းလိုက်ခဲ့။ အလမ္ဗာယ်ပွဲ လာတဲ့ ပရိသတ်အကြား ငါ ဝင်မယ်"

"ကောင်းပြီ မောင်ကြီး"

အဇမုခီ၏ အသံမှာ စိတ်လှုပ်ရှားမှုများဖြင့် တုန်ယင်နေတော့သည်။

*

## ပြိုင်ပွဲနှင့် အရှုံးအနိုင်

အလမ္ဗာယ်ပုဏ္ဏားသည် ပန်းပေါင်းဆီနှင့် နှင်းရည်တို့ ရောစပ်ထားသော ရေတွင် တစ်ဝကြီး စိမ်ချိုးလိုက်သည်။ အားရအောင် ရေစိမ်ချိုးပြီးမှ နံ့သာလိမ်းကျံသည်။ အဖိုးထိုက်တန်သော ပုဆိုးနီနီရဲရဲ အသစ်ကျပ်ချွတ်ကို ဝတ်ဆင်သည်။ လက်ဝတ်ရတနာများကိုလည်း အပြည့်ဆင်ယင်လိုက်သည်။

"ငါ့အတွက်၊ ပရိသတ်အတွက် အကြီးအကျယ်ဆုံး အလမ္ဗာယ်ပွဲ ဖြစ်စေရမယ်"

ပုဏ္ဏားသည် ကြေးမုံပြင်တွင် မိမိမျက်နှာကို ပြန်ကြည့်ရင်း ကြုံးဝါးလိုက်သည်။ ထို့နောက် နန်းရင်ပြင်ဆီမှ တိုးဝှေ့နေရာယူနေကြသော ပရိသတ်တို့၏ သဲသဲလှုပ်လှုပ်သံကို အရသာခံ၍ နားစွင့်ရင်း နန်းတော် ခန်းမဆီသို့ ထွက်လာခဲ့လေသည်။

"အလမ္ဗာယ်သမား၊ နဂါးနှင့်တကွ ဝင်စေ ... နဂါးက ကစေ" ဟု မင်းကြီးက အမိန့်တော်ရှိလိုက်သည်။

အရာအထောင်သော ဗာရာဏသီပြည်သားပြည်သူ ပရိသတ်တို့ အလယ်သို့ ပုဏ္ဏား ဝင်လာသည်။ မင်းကြီးနှင့် မိဖုရား၊ သားတော် သမီးတော်များ၊ အိမ်ရှေ့ဥပရာဇာနှင့် အမှူးအမတ်ဗိုလ်ပါ နန်းတွင်းသူ နန်းတွင်းသားများက သတ်မှတ်ထားသော နန်းဆောင်တွင် နေရာယူထားကြသည်။

အလယ်ဗဟို ကွက်လပ်တွင် ရပ်ပြီးနောက် အလမ္ဗာယ်ပုဏ္ဏားသည် ရဲရဲနီသော ကတ္တီပါစကြီးကို ခင်းဖြန့်လိုက်သည်။ ထို့နောက် တောက်ပစွာ ဝတ်ဆင်ထားသော နောက်လိုက် လေးယောက်တို့အား လက်ခုပ်တီး၍ အမိန့်ပေးလိုက်ရာ နောက်လိုက်လေးယောက်တို့က ရတနာပချြုပ်ကိုပင့်မ ယူလာကြသည်။

http://www.cherrythitsar.org



ကတ္တီပါခင်းပေါ်တွင် ပခြုပ်ကိုချထားပြီး နောက်လိုက်များ ထွက်သွားကြသည်။ ပုဏ္ဏားသည် ပခြုပ်ကို မထိသေးဘဲ လှည့်ပတ်လျှောက်ရင်း ပရိသတ်ကို ဝေ့ဝိုက်ကြည့်သည်။ ထိုပရိသတ်ထဲတွင် ထူးခြားသော အသားအရေရှိသည့် ရသေ့တစ်ပါး ရောက်ရှိနေကြောင်းကိုကား အလမ္ပာယ်ပုဏ္ဏား သတိထားမိစရာ အကြောင်းမရှိချေ။

ပရိသတ်၏ စိတ်ဝင်စားမှုကား လှုပ်ရှားမှု အလျဉ်းကင်းသော တိတ်ဆိတ်ခြင်းနှင့် အမြင့်ဆုံးသို့ ရောက်ရှိနေသည်။ ရာပေါင်းများစွာသော မျက်လုံးအစုံတို့က အလမ္ပာယ်ပုဏ္ဏား၏ လှုပ်ရှားမှုနောက်သို့ တစ်ညီတစ်ညွတ်တည်း လိုက်ပါနေသည်။

ပရိသတ်အားလုံး၏ စူးစိုက်ကျရောက်မှုကို စိတ်တိုင်းကျ ရရှိပြီးသည့်နောက်တွင်မှ ပုဏ္ဏားသည် လက်ကို ဆန့်တန်းကာ ရေရွတ်လိုက်လေသည်။

"ဟဲ့ ... နဂါးကြီး ထွက်စမ်း"

ရေရွတ်သံနှင့် မရှေးမနှောင်းမှာပင် ပုဏ္ဏားက ရတနာပခြုပ် အဖုံးကို ဖွင့်လိုက်သည်။

"ထွက်စမ်းလဟဲ့ ... ငါသခင်ရဲ့ အမိန့်၊ ကျွန်နဂါး ဖိန့်ဖိန့်တုန်၊ ဗိုလ်ပရိသတ် ဆတ်ဆတ်ရှူစား ... ဟဲ့ ... နဂါး ထွက်စမ်း"

တစ်နန်းတော်လုံး အသက်ရှူသံပင် မကြားရလောက်အောင် ထုထည်ကြီးစွာ တိတ်ဆိတ်နေစဉ် ပခြုပ်နှုတ်ခမ်းဝ၌ ဘူရိဒတ်၏ ဦးခေါင်းပေါ်လာသည်။ ဘူရိဒတ်သည် ရတနာပခြုပ်နှုတ်ခမ်းပေါ်၌ ဦးခေါင်းဖော် မေးတင်၍ ပရိသတ်ကို ဝေ့ဝိုက်ကြည့်လိုက်သည်။

ဤကား နဂါးတို့၏ သဘာဝဓမ္မတာ၊ အကြောင်းနှစ်ပါးတို့ဖြင့် ကြည့်ခြင်းပင် ဖြစ်သည်။ နဂါးတို့မည်သည်မှာ ရန်သူကို အကြောင်းပြုလျက်လည်း ကြည့်တတ်သည်။ အဆွေအမျိုးကို အကြောင်းပြုလျက်လည်း ကြည့်တတ်သည်။ ဂဠုန်ဘေးကို စူးစမ်းသော အကြည့်၊ အဆွေအမျိုးတို့ကို ရှာဖွေ သော အကြည့်၊ ဤအကြည့်မျိုးဖြင့် ဘူရိဒတ် ကြည့်ခြင်း ဖြစ်လေသည်။

"ကိုင်း ... အဦးအစ ပဏာမမှာ ဦးခေါင်းစွင့်မတ်၊ ကိုယ်လှည့်ပတ်ပြီး အကနဲ့ အသုံးတော် ခံလိုက်စမ်းဟဲ့ နဂါးကြီး"

တိတ်ဆိတ်နေသော နန်းရင်ပြင်၌ ပုဏ္ဏား၏ အသံဝါကြီးက ဟိန်းထွက်လာသည်။ ပရိသတ်ကား တုတ်တုတ်မျှ မလှုပ်ရဲကြ။

ဘူရိဒတ်သည် ဦးခေါင်းကို ထောင်၍ ပရိသတ်ကို ထပ်မံကြည့်ရှုလိုက်သည်။ ရွှေရောင် ငွေရောင် တောက်ပနေသော မင်းမိဖုရား အပါအဝင် နန်းတွင်း

ပရိသတ်များ၊ ထို့နောက် ဝါနီပြာ အသွေးစုံ ရောယှက်နေသော ဗာရာဏသီပြည်သား ပရိသတ်များ။

ထိုပရိသတ်များအကြား တစ်ခုသော ရှေ့တန်းစင်မြင့်နေရာ၌ သစ်ခေါက်ဆိုး သင်္ကန်းရောင်တစ်ခုကို ဘူရိဒတ် မြင်လိုက်ပေပြီ။

အလို ... နောင်တော် သုဒဿန။

ဘူရိဒတ်၏ ရင်တွင်း၌ ပေါက်သွားသော အာမေဍိတ်သံဖြစ်သည်။

"ဦးခေါင်းစွင့်မတ်၊ တိုက်လှည့်ပတ်၊ တရစပ် မနားတမ်း အသုံးတော် ခံလိုက်စမ်း ... ကလိုက်စမ်း ... ကစမ်းလဟဲ့ ... နဂါးကြီး"

ပုဏ္ဏားဓ၏ အမိန့်ပေးသံက ကျယ်လောင်စွာ ထွက်ပေါ်နေဆဲ –

သို့သော် ဘူရိဒတ်ကား မကတော့ပြီ။

နဂါးတို့ ခလေ့အရ ရန်သူဖြစ်သော ဂဠုန်ကို တွေ့မြင်လျှင် အကြောက်တရားကြောင့် ကခုန်ခြင်းမပြု။ အဆွေအမျိုးဖြစ်သော နဂါး အချင်းချင်းကို တွေ့မြင်လျှင်လည်း အရှက်တရားကြောင့် ကခုန်ခြင်း မပြု။

အကြောင်းရင်း အခြေအနေကို မသိသော ပုဏ္ဏားကမူ အမိန့်ပေးဆဲ။

"ကလေ ... ကလိုက်စမ်းလေ။ အမောက်ကို ဝင့်၊ လည်ကို စွင့် ... ခံတွင်းကို ဖွင့် ... ပါးပျဉ်းကိုပင့်၊ နင့်သခင် ငါဆရာပုဏ္ဏား မိန့်ကြားနေတယ်။ ကလဟဲ့ ... ကစမ်းလဟဲ့"

နောင်တော် ရှိရာသို့ မလှုပ်မယှက် ကြည့်နေသော ဘူရိဒတ်၏ မျက်လုံးအစုံမှ မျက်ရည်များ အသွယ်သွယ် စီးကျလာသည်။ ထို့နောက် ပခြုပ်ထဲမှ တစ်ကိုယ်လုံး လျှောထွက်လိုက်သည်။ ထို့နောက် နောင်တော် သုဒဿနထံ ရှေ့ရှုလျက် နန်းရင်ပြင်တစ်လျှောက်၊ လှေကားထစ်များ တစ်လျှောက်၊ ပွဲကြည့်စင်များတစ်လျှောက် တလူးလွန့်လွန့် တိုးထွက်သွားသည်။

ပရိသတ်ကား ရုတ်ခြည်းပင် ကသောင်းကနင်း ဖြစ်သွားလေတော့သည်။

"ဟာ ... နဂါးကြီး တက်လာပြီ"

"ပြေးဟေ့ ... နဂါးကြီး လာပြီ"

"ကယ်တော်မူကြပါ နဂါးကြီး လိုက်နေပါတယ်"

ပွဲကြည့်စင်ရှိ ပရိသတ်အားလုံး ပြေးကြလွှားကြ၊ အော်ကြ ဟစ်ကြဖြင့် အလဲလဲ အပြိုပြို ရှုပ်ထွေးသွားလေသည်။

ထိုပရိသတ် အကြားတွင် အစွဲအမြဲ ရပ်လျက်ရှိသော သုဒဿနဆီသို့ ဘူရိဒတ်သည် တိုးဝင်သွားကာ နောင်တော်၏ ခြေဖမိုးပေါ်၌ ဦးခေါင်း တင်လေသည်။

http://www.cherrythitsar.org



ဘူရိဒတ်၏ မျက်လုံးအိမ်မှ မျက်ရည်များကား အဆက်မပြတ် ယိုစီးလျက် ရသေ့အသွင် ယူထားသော သုဒဿနာ၏ ပါးပြင်နှစ်ဖက်တွင်လည်း မျက်ရည်တို့ တလိမ့်လိမ့် ဆင်းလျက်၊ သုဒဿနာ၏ ဆံကျစ်အကြားမှ ဖားမသဏ္ဍာန် အဇမုခီလည်း ငိုရှိုက်လျက်။

ဘူရိဒတ်သည် နောင်တော်၏ ခြေဖမိုးတွင် ဦးခေါင်းတင်လျက် ငိုကြွေးပြီးနောက် လာလမ်းအတိုင်း ပြန်ဆုတ်ကာ ပခြုပ်တွင်းသို့ ပြန်ဝင်လိုက်လေသည်။

ဘူရိဒတ်၏ လှုပ်ရှားမှု အလုံးစုံကို ပရိသတ်သည် ကြက်သေ သေကာ ကြည့်နေကြသည်။ ဘူရိဒတ်ကား နောင်တော်၏ ခြေဖမိုးထက်၌ ဦးခေါင်းတင်လျက် ငိုကြွေးပြီး လာလမ်းအတိုင်း ဆုတ်နစ်ကာ ပခြုပ်ထဲသို့ အသာအယာဝင်နေလိုက်လေသည်။

ပကတိ ငြိမ်သက်သွားသော ပရိသတ်ထုကြီးထဲတွင် လှုပ်လှုပ်ရှားရှား ဖြစ်လာသူမှာ အလမ္ဗာယ် ပုဏ္ဏားတစ်ယောက်တည်းသာ။

ပုဏ္ဏားသည် ပရိသတ်အကြားရှိ သုဒဿနထံသို့ လျှောက်သွားကာ မျက်နှာချင်းဆိုင် ရပ်လိုက်လေသည်။

"ရှင်ရသေ့ ... နဂါးဟာ ကျွန်ုပ် ထိန်းချုပ်ထားတဲ့ကြားထဲက လွတ်ထွက်သွားခဲ့တယ်။ သင့်ခြေဖမိုးပေါ် ရောက်သွားတယ်။ သင့်ကို နဂါး ကိုက်လိုက်ပြီနဲ့ တူရဲ့။ ဒါပေမဲ့ ဘာမှမကြောက်ပါနဲ့ ရှင်ရသေ့။ ကျွန်ုပ်ရဲ့ နဂါးဆိပ်ကျ မန္တန်က အစွမ်းထက်ပါတယ်။ သင် မသေစေရပါဘူး"

ရသေ့အသွင် ယူထားသော သုဒဿနက တည်ငြိမ်စွာ တုံ့ပြန်သည်။

"အလမ္ဗာယ်သမား သင့်မြွေဟာ ငါ့ကို မကိုက်ဝံ့ဘူး။ စင်စစ် မြွေသမားတကာတို့မှာ ငါ့ထက် တတ်သော မြွေသမားဆိုတာ မရှိဘူး"

အလမ္ဗာယ်ပုဏ္ဏား ရှုံ့ခနဲ အမျက်ချောင်းချောင်း ထွက်လိုက်ပုံမှာ မြွေတစ်ကောင် အလားပင် ထင်ရသည်။

"သင် ... ဘယ်သူလဲ၊ အပြောအဆို အမူအရာ ရှန့်ရင်းကြမ်းတမ်းလှပါကလား။ စော်ကားမော်ကား နိုင်လှပါကလား၊ ရသေ့ရဟန်းအသွင်နဲ့ ငါ့ အလမ္ဗာယ်ပွဲကိုလာပြီး နှောင့်ယှက်တာပဲ။ သင် ဘယ်သူလဲ ... ဘယ်သူလဲ"

သုဒဿနကား ရဲဝံ့စူးရှသော မျက်လုံးများဖြင့် ပုဏ္ဏားကို စေ့စေ့ကြည့်နေလေသည်။ ပုဏ္ဏားသည် သုဒဿန၏ မျက်လုံးကို ရင်မဆိုင်ရဲတော့ဘဲ အကြည့်လွှဲကာ ပရိသတ်ဘက်သို့ လှည့်လိုက်သည်။

"ပရိသတ်တို့ ... ပရိသတ်တို့ ... ကျုပ်ပြောမယ်။ ဒီရသေ့ဟာ..."

ပုဏ္ဏား၏ ကယောင်ချောက်ချား စကားကို သုဒဿနက အောင်မြင်သော အသံဖြင့် နင်းဖြတ်လိုက်သည်။

http://www.cherrythitsar.org



"အလမ္ဗာယ် မြွေသမား၊ သင်နဲ့ငါ ပညာချင်း ပြိုင်ကြမယ်"

ပရိသတ်ထုကြီးမှာ ဝေါခနဲ အာမေဍိတ်သံများဖြင့် တစ်ချက် လှုပ်သွားပြီးနောက် ပြန်လည်ငြိမ်သက်သွားပြန်သည်။ သုဒဿနန၏ စိန်ခေါ်သံက ပီသပြတ်သားစွာ ဆက်လက် ထွက်ပေါ်လာသည်။

"ပြိုင်ပွဲရဲ့ စည်းကမ်းချက်ကို သတ်မှတ်မယ်။ ပုဏ္ဏား ... သင်က သင့်မြွေနဲ့ ငါ့ကိုတိုက်၊ ငါက သင့်ကို ငါ့ရဲ့ ဖားမနဲ့ တိုက်မယ်။ အနိုင်အရှုံးအတွက် လောင်းကြေးက အသပြာ ငါးထောင်"

အလမ္ဗာယ်ပုဏ္ဏား၏ မျက်နှာသည် ဒေါသဖြင့် နီရဲနေရာမှ ပြုံးယောင်သမ်းလာသည်။ ပြူးကျယ်သော မျက်လုံးအိမ်များ၌ လောင်းတမ်းကြေး အသပြာငါးထောင်တည်းဟူသော ဥစ္စာကို တပ်မက်သည့် လောဘအငွေ့များဖြင့် တောက်ပြောင်လာသည်။ ထို့နောက် ထူအမ်းစွတ်စိုသော နှုတ်ခမ်းများကို လျှာဖြင့် လိမ်းသပ်လျက် ပြောလေသည်။

"ရသေ့ငယ် ... စဉ်းစဉ်းစားစား ပြောနော၊ ငါက ဓနဥစ္စာ ကြွယ်ဝတဲ့သူ၊ သင်က သူဆင်းရဲ၊ သင် ဘယ်မှာ အသပြာရနိုင်မလဲ။ ဘယ်လိုလုပ် လောင်းကြေးထပ်မလဲ၊ သင့်မှာ သင့်ဘက်မှာ အာမဝန္တာဝန်ခံမယ့် သူကော ရှိလို့လား။ ငါ့မှာက အသပြာလဲရှိတယ်။ ဝန်ခံမယ်သူလည်း ရှိတယ်။ အင်း ... ဝန်ခံသူရှိရင်တော့ သင် စိန်ခေါ်တဲ့ လောင်းတမ်းအတိုင်း ပြိုင်ကြတာပဲ"

သုဒဿနာက တုန်လှုပ်ခြင်း အလျဉ်းမရှိ တုံ့ပြန်လိုက်သည်။

"အသပြာငါးထောင် လောင်းကြေးထပ်မယ်"

ထိုသို့ဆိုပြီး သုဒဿနသည် ဗာရာဏသီမင်းကြီး စံစားနေသော နန်းတော်သို့တက်ကာ မင်းကြီးရှေ့မှောက်၌ ခြေစုံရပ်လိုက်လေသည်။

"အရှင်မင်းကြီးအား စည်းစိမ်သုခ တိုးတက်ပြန့်ပွားများပြားပါစေ။ ကျွန်ုပ် အလိုရှိတိုင်း ကူညီမစနိုင်ပါစေ"

"ရသေ့ငယ် ... သင် ဘာအလိုရှိသလဲ"

"ကျွန်ုပ် အသပြာငါးထောင် အလိုရှိပါတယ်။ ကျွန်ုပ်ဘက်မှ သင်မင်းကြီး ဝန်ခံစေလိုပါတယ်"

ဗာရာဏသီမင်းသည် သုဒဿန၏ ရဲတင်းသော တောင်းဆိုမှုကြောင့် အံ့အားသင့်သွားသည်။

"အလို ရသေ့ငယ် အသပြာ ငါးထောင်တဲ့လား။ များပြားလှပါကလား။ သင့်ရဲ့မိဘ ဘိုးဘွားပိုင်ပစ္စည်းဥစ္စာတွေကို ကျွန်ုပ်က သိမ်းပိုက်ယူငင်ထားမိလို့ ပြန်လည်ရယူလိုမှုနဲ့ တောင်းဆိုနေတဲ့ အတိုင်းပါလား။ ဘယ်လို အကြောင်းများ ရှိလို့လဲ ရသေ့ငယ်"

http://www.cherrythitsar.org



"အလမ္မာယ်ပုဏ္ဏားနဲ့ ကျွန်ုပ် ပညာချင်း ပြိုင်ကြပါမယ်။ သူ့ရဲ့ နဂါးနဲ့ ကျွန်ုပ်ရဲ့ဖား၊ တိုက်ခိုက်ကြမယ်။ ဒီတိုက်ပွဲရဲ့ လောင်းကြေးက အသပြာ ငါး ထောင်ပါပဲ။ သင်မင်းကြီး ကိုယ်တော်တိုင် ယခုပဲ ကျွန်ုပ်နဲ့အတူ လိုက်ပါရှုစား လှည့်ပါ"

သုဒဿနရဲ့ ရဲဝံ့ခိုင်မာသော စကားကို မင်းကြီး မငြင်းသာဘဲ နန်း တော်ထက်မှ ဆင်း၍ လိုက်ပါလာခဲ့သည်။

မင်းကြီးနှင့်အတူ သုဒဿန ပြန်လာသည်ကို အလမ္မာယ်ပုဏ္ဏား တွေ့ သောအခါ ပုဏ္ဏားရဲ့ စိတ်၌ စိုးရိမ်သောကများ ဖိစီးလာပြန်လေသည်။

"အလိုလေး ... ဘုရင်မင်းမြတ် ကိုယ်တော်တိုင်ကို ဝန်ခံစေပြီး အတူ အပါ ခေါ်လာပါလား။ တန်တော့ ဒီရသေ့ငယ်က မင်းဆရာနဲ့ တူရဲ့"

ပုဏ္ဏားသည် သုဒဿနအနီးသို့ ချဉ်းကပ်သွားပြန်သည်။ သုဒဿန သည် မင်းဆရာဖြစ်လေမည်လား ဟူသော အတွေးကြောင့် ပုဏ္ဏားရဲ့ အမူအရာ သည် စောစောကလို တင်းမာခက်ထန်ခြင်း မရှိတော့ဘဲ ပျူပျူငှာငှာ ပျာပျာ သလဲ ဖြစ်နေပြန်လေသည်။

"ဒီမှာ ... ဒီမှာ ... ရှင်ရသေ့ ... တစ်ခုတော့ နားလည်ထားပါနော်။ ကျွန်ုပ်က ပညာဂုဏ် မောက်ပြီး အရှင့်ကို မခန့်မညား စော်ကား မော်ကား လုပ်တာ မဟုတ်ပါဘူး။ အဲ ... ရှင်ရသေ့ကသာ ကျွန်ုပ်ရဲ့ အဆိပ်ပြင်းတဲ့ နဂါးကို မလောက်လေးမလောက်စား လုပ်ခဲ့တာကလား။ အခုဖြစ်ရတဲ့ ဒီအရေးမှာ ကျွန်ုပ် ဖက်က အလွန်အကျူး မရှိဘူးနော်"

ပရိသတ်စုံအညီရှေ့ နန်းရင်ပြင် ကွက်လပ်တွင် ဒုတိယအကြိမ် ဆုံမိကြ လေပြီ။ အကဲမရသော အမူအရာဖြင့် တတွတ်တွတ် ပြောနေသော ပုဏ္ဏားကို စူးစူးရဲရဲ ကြည့်ကာ သုဒဿနက တစ်လုံးချင်း ပြတ်သားစွာ ဆိုလိုက်သည်။

"အလမ္မာယ်သမား ငါဟာ အတတ်ဂုဏ်ကို ကိုးစားပြီး မလောက်လေး မလောက်စား ပြုတာ မဟုတ်ဘူး။ အမှန်ကတော့ သင်ဟာ အဆိပ်မရှိ ပကတိ မာန်စွယ်ကျိုးနှင့်ပြီးဖြစ်တဲ့ နဂါးကို ပြပြီး လူတွေကို လှည့်စားလိမ်ညာ စီးပွားရှာ နေတာ ဖြစ်တယ်"

ပုဏ္ဏားရဲ့မျက်နှာမှာ မည်းခနဲ ဖြစ်သွားရဲ့။

သုဒဿနရဲ့ စကားလုံးများက မိုးသီးမိုးပေါက်များပမာ တရစပ် သွန် ကျလာသည်။

"အလမ္မာယ်သမား သင့်နဂါးအကြောင်းကို ငါသိတယ်။ သင့် နဂါးမှာ အဆိပ်မရှိဘူး။ ဒီအကြောင်းကို ငါသိသလို လူအပေါင်း သိသွားရင် သင်ဟာ ဥစ္စာပစ္စည်းရဖို့ အသာထား၊ ဖွဲတစ်ဆုပ်သော်မှ ရမှာ မဟုတ်တော့ဘူး"

အလမ္ပာယ်ပုဏ္ဏားကား ပေါက်ကွဲလေပြီ။

"ကြမ်းတမ်းတဲ့ သစ်နက်ရေကိုဝတ်၊ ဆံကျစ်ထုံးပြီး ပရိသတ်ရှိရာ ရောက်လာတဲ့ ရသေ့၊ ငါ့နဂါးကို အဆိပ်မရှိလို့ သင် မထီမဲ့မြင် ပြောသလား။ ကောင်းပြီ၊ ဝံ့ရင် ငါ့နဂါးအနီး သင်ကပ်ခဲ့စမ်း။ ငါ့နဂါးက သင့်ကို ဖွဲပြာဖြစ်အောင် လုပ်စေမယ်။ ဝံ့ရင် ချဉ်းခဲ့စမ်းပါလေ ... ချဉ်းခဲ့စမ်းပါ"

ပုဏ္ဏား၏ အမျက်ဒေါသကို သုဒဿနက သက်သက်သာသာ တုံ့ပြန်သည်။

"အလမ္ပာယ်သမား၊ ကျိူင်းကောင်၊ မြက်လျှော၊ ရေမြွေ၊ မြွေစိမ်းတွေမှာ အဆိပ်ရှိတယ်ဆိုရင်တောင် ဟုတ်လိမ့်ဦးမယ်။ ဦးခေါင်းနီတဲ့ သင့် နဂါးဟာ အဆိပ်မရှိဘူး"

မိမိ၏ယောက်ယက်ခတ်သွားသော အဖြစ်ကို ပုဏ္ဏား သတိပြုမိသွားကာ ဣန္ဒြေကို ကြိုးစား တည်ဆောက်လိုက်ပြီး မိမိကိုယ်မိမိ ကြီးကျယ်ခမ်းနားသော အမူအရာဖြစ်အောင် မာန်သွင်းပြန်သည်။

"ရှင်ရသေ့ ... ကိုယ်နှုတ်နှလုံး သုံးပါး စောင့်စည်းတဲ့ ရသေ့ရဟန်းတွေကို အလှူပေးတဲ့အတွက် ဒါယကာတွေဟာ နတ်ပြည်လားကြတယ်လို့ ကျုပ် ကြားဖူးတယ်။ အဟင်း ... အဲဒါ ဒါယကာတွေအတွက်ပေါ့။ ရှင်ရသေ့ အတွက်လည်း ဒီနည်းတူပ ါပဲလေ။ သင့်မှာပေးစရာ၊ လှူစရာ ဥစ္စာပစ္စည်း ရှိတယ်ဆိုရင် အသက်ရှင်နေတုန်းလေးမှာ ပေးလှူလိုက်ဖို့ ကောင်းတယ်။ တန်ခိုးကြီးတဲ့ ငါ့နဂါးက သင့်ကို ကိုက်ပြီး သင်သေပွဲမဝင်ခင် ... ဟင်း ... ဟင်း ... ဖွဲမှုန့်ပြာစ ဖြစ်မသွားခင်လေးမှာ၊ သင် နတ်ပြည် နတ်ရွာရောက်ကြောင်း ကောင်းမှုလေး ဘာလေး ပြုသွား ကြားလား"

သုဒဿနသည် ကိုယ်ရုံသစ်ခေါက်ဆိုး အဝတ်အတွင်းမှ လက်ကို ဆန့်တန်းထုတ်ကာ ဖော့ယမ်းလိုက်သည်။

"အလမ္ပာယ်သမား၊ ကိုယ်နှုတ်နှလုံး သုံးပါး စောင့်စည်းသော ရသေ့ရဟန်းတွေကို ပေးလှူတဲ့အတွက် ဒါယကာတို့ နတ်ပြည် လားကြရတယ်ဆိုတာ ငါလည်း ကြားသိနေတယ်။ အမှန်ကတော့ သင့်မှာ ပေးလှူစရာ ဒါနဝတ္ထုရှိခဲ့ရင် သင်သာ အသက်ရှင်စဉ်ခဏ ပေးလှူသင့်တယ်"

စကားလုံးတိုင်းကို ထိထိမိမိ တုံ့ပြန်နေသော သုဒဿန၏ အမူအရာသည် တစ်မုဟုတ်ခြင်း ပြောင်းလဲသွားသည်။ ဖားလျားကျသော ကိုယ်ရုံအဝတ်သည် စစ်ပွဲဝင်အံ့ သေနာပတိ တစ်ဦး၏ ကမ္ဗလာ ဝတ်ရုံကဲ့သို့ ဝဲလွင့်သွားသည်။ ထို့နောက် စူးရှအောင်မြင်သော အသံဝါကြီးက နန်းဆောင်အတွင်း မြည်ဟီးလာသည်။

http://www.cherrythitsar.org



"အလမ္ပာယ်သမား၊ ငါ့ရဲ့ ဖားမငယ်ဟာ အဇမုခီ အမည်ရှိတယ်။ ပြင်းထန်သော အဆိပ်ရှိတယ်။ အဇမုခီ ဖားမငယ်နဲ့ သင့်ကို တိုက်မယ်။ သင် ဖွဲပြာဖြစ်တော့မယ်။ ငါ့ရဲ့ဖားမငယ်ကို နှယ်နှယ်ရရ သင်မှတ်သလား"

သုဒဿနဏ် ကြုံးဝါးသံမှာ မိုးကြိုးလျှပ်စီး ထစ်ချုန်းရိုက်ဟီးသံနှယ် ပင်။

"ငါ့ရဲ့ဖားမငယ်က ဓတရဋ္ဌ နဂါးမင်းကြီးရဲ့ သမီးတော် ဖြစ်တယ်။ ငါ့မိထွေးတော်ရဲ့ သမီးတော်လည်း ဖြစ်တယ်။ ငါ့ရဲ့နှမတော်ဖြစ်တယ်။ ထက်စွာသော အစွယ်တို့မှာ အဆိပ်ရည် အဆိပ်ငွေ့များ အပြည့်ရှိတယ်။ ငါ့ရဲ့နှမ အဇမုခီ ဖားမငယ်ဟာ အခုပဲ သင့်ကို ကိုက်ခဲတော့မယ်"

သုဒဿနသည် ယာလက်ကို ဆန့်တန်းလျက် လက်ဝါးပြင်ကို တင်းတင်းပြန့်ပြန့် ဖြန့်လိုက်လေသည်။

"နှမ အဇမုခီ ငါ့ဆံကျစ်အကြားက ထွက်ပြီး ငါလက်ဝါးပြင်မှာ တည်စမ်း"

သုဒဿနဏ် အမိန့်သံအဆုံးတွင် ဆံကျစ်အကြားမှ ထူးဆန်းသော အော်မြည်သံ ထွက်ပေါ်လာသည်။ အာခေါင်ဏ် ခြစ်သံ၊ ပါးစောင်ဏ် လိုဏ်သံ၊ စူးစူးရဲရဲလည်း မြည်သော အုပ်အုပ် ဆိုင်းဆိုင်းလည်း ကျယ်သော ထိုအသံ သုံးကြိမ်တိုင် ထွက်ပေါ်လာပြီးသည့်နောက်တွင်ကား သုဒဿနဏ် ဆံကျစ်အကြားမှ စိမ်းဖန့်တောက်ပြောင်သော အဆင်းရှိသည့် အဇမုခီ ဖားမငယ်သည် သုဒဿနဏ် ပခုံးထက်သို့ ဦးစွာ ခုန်ဆင်းလာသည်။

ပခုံးထက်တွင် ဆွေ့ဆွေ့ခုန်ကာ တကျစ်ကျစ် တကျိကျိ အော်မြည်ပြီးမှ အဇမုခီသည် အစ်ကိုတော် သုဒဿန အသင့်ခင်းဖြန့်ထားသော လက်ဝါးပြင်ပေါ်သို့ ခုန်ဆင်းသည်။

ထို့နောက် တွတ်တွတ်နီမြန်းသော ခံတွင်းကို ဖွင့်သည်။ ဈေးဈေးနီရဲသော လျှာက ခံတွင်းနှုတ်ခမ်းကိုလွန်လျက် ထွက်ပေါ်လာသည်။ စွတ်စိုတောက်ပသော မျက်လုံးအစုံထဲမှ အနက်ရောင် မျက်ဆံအစင်းကြောင်း တစ်စုံသည် မျက်ဝန်းအိမ်ထဲတွင် လည်ပတ် လှုပ်ရှားနေသည်။

ထို့နောက် စိမ်းဖန့်ချွန်မြသော ဦးခေါင်းသည် ဆတ်ခနဲ ဆုတ်ခနဲ လှုပ်ယမ်းသည်။ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်တိုင်တိုင်။

သုံးကြိမ်တိုင် လှုပ်ခတ်တုန်ခါပြီးနောက် ဖားမငယ်သည် လက်ဝါးပြင်ထက်မှ ဗွေ့ခနဲ ခုန်ချကာ သုဒဿနဏ် ဆံကျစ်အကြားသို့ ပြန်လည်ဝင်ရောက်သွားတော့သည်။

http://www.cherrythitsar.org



မင်းပရိသတ်အားလုံး မျက်ဝါးထင်ထင် တွေ့မြင်နေရသော သုဒဿန၏ လက်ဝါးပြင်ပေါ်တွင်ကား မြရောင်တောက်လက်နေသော အစက်သုံးစက်။

လက်ဝါးပြင်ကို အပြင် အလျားလိုက် ပင့်ယူလျက် ဦးခေါင်းထက်၌ ဖော့ယမ်းကာ သုဒဿနသည် တစ်ခဲနက်သော အသံဝါကြီးဖြင့် ဟစ်ကြွေးကြုံးဝါးလိုက်လေသည်။

"ဗာရာဏသီတိုင်း ပျက်စီးတော့မယ်။ ဗာရာဏသီတိုင်း ပျက်စီးတော့မယ်"

သုဒဿန၏ အော်ဟစ်သံသည် တစ်ဆယ့်နှစ်ယူဇနာရှိသော ဗာရာဏသီပြည်အလုံးသို့ ရိုက်ခတ် လွှမ်းပတ်သွားတော့သည်။

*

## အဆိပ်ရည်စက်များ၏ တန်ခိုး

မင်းပရိသတ်အားလုံး ချောက်ချား တုန်လှုပ်နေကြသည်။

"ဗာရာဏသီတိုင်း ပျက်စီးတော့မယ်" ဟူသော သုဒဿနာ၏ ဟစ်အော်သံသည် အထပ်ထပ်သော ပဲ့တင်ရိုက်မြည်သံများဖြင့် ဆက်ခါဆက်ခါ ထွက်ပေါ်နေဆဲ။

ဗာရာဏသီ မင်းကြီးသည် မိမိထိုင်နေသော အဆောင်ထက်မှ ထရပ်ကာ ကတုန်ကယင် အသံဖြင့် မေးလိုက်သည်။

"ရှင်ရသေ့ ဘာကြောင့် ဗာရာဏသီပြည် ပျက်ရမှာလဲ"

သုဒဿနသည် အဆိပ်ရည်သုံးစက်ရှိနေသော လက်ဝါးပြင်ကို သတိကြီးစွာ ဖြန့်ခင်းလျက် –

"အရှင်မင်းကြီး၊ ကျွန်ုပ်ရဲ့နှမ အဇမုခီ ဖားမငယ် သွန်အန်ချသွားတဲ့ ဟောဒီ အဆိပ်ရည်စက်တွေကို စွန့်ပစ်ဖို့အရပ် ကျွန်ုပ် မမြင်ဘူး"

အဆိပ်တို့၏ အာနိသင်ကို မသိသော မင်းကြီးက "ရှင်ရသေ့၊ မြေပြင်ကျယ်ပါသကော၊ မြေကြီးမှာ သွန်ပါတော့လား" ဟု ဆိုသည်။

သုဒဿန၏နှုတ်မှ စကားလုံးတို့သည် မြားတံများနှယ် တဖြည်းဖြည်း ထွက်ကျလာလေသည်။

"ဗြဟ္မဒတ်မင်းကြီး၊ ဒီအဆိပ်ကို မြေမှာ သွန်ချရင် မြေပြင်အားလုံး နှယ်မြက်ချုံပုတ်၊ သစ်ပင်တစ်ငုတ်မှ မကျန် ခြောက်သွေ့ လောင်ကျွမ်းပျက်စီးသွားမယ်"

http://www.cherrythitsar.org



"ရှင်ရသေ့ ... ဒီလိုဆိုရင် ကောင်းကင်ယံသို့ ပစ်လိုက်ပါလား"

"မင်းကြီး ... ကောင်းကင်ယံပစ်ရင် နှင်းတစ်ပေါက်သော်မျှမကျ၊ ခုနစ်နှစ် ကာလတိုင်တိုင် မိုးခေါင်လိမ့်မယ်"

"ရှင်ရသေ့ ... ဒီလိုဆိုရင် ရေသို့သွန်ပါလား"

"မင်းကြီး ... ရေ၌သွန်ရင် ရေမှာကျက်စား ရေသတ္တဝါများစွာတို့ လောင်ကျွမ်းပျက်စီးသေဆုံးကုန်မယ်။ စင်စစ် ဒီအဆိပ်ရည် သုံးစက်ကို ပစ်ချရာ အရပ် ကျွန်ုပ် မမြင်ဘူး"

ထိုအခါမှပင် ဗြဟ္မဒတ်မင်းကြီးနှင့်တကွ ဗာရာဏသီပြည်သူပြည်သား အားလုံးတို့မှာ ဆောက်တည်ရာမရ ချောက်ချား ထိတ်လန့်ကုန်ကြတော့သည်။

"ရှင်ရသေ့ ... အဆိပ်သွန်ရာ အရပ်ကို ကျွန်ုပ်တို့ မသိနိုင်တော့ပါ။ ကျွန်ုပ်ရဲ့ တိုင်းပြည် မပျက်စီးရအောင် သင် ရှင်ရသေ့သာ ကြံဆောင်ကယ်တင်ပါတော့"

မင်းကြီး၏ တောင်းပန်စကားနှင့်အတူ ပရိသတ်များလည်း ကယ်ပါ ယူပါ တစာစာ အသနား ခံကြလေသည်။

သုဒဿနသည် လက်ဝါးပြင်ထက်မှ အဆိပ်ရည်တို့ကို ပကတိ အတိုင်း ရှိစေလျက် အမိန့်ပေးလိုက်သည်။

"အရှင်မင်းကြီး၊ အစဉ်အတိုင်း တွင်းနက်ကြီးများ သုံးခုတူးပါ"

ကြောက်ရွံ့တုန်လှုပ်ခြင်း ကြီးစွာဖြင့် မင်းနှင့်တကွ ပြည်သူတို့သည် သုဒဿန အမိန့်အတိုင်း တွင်းနက်ကြီး သုံးခုကို အဆောတလျင် တူးကြသည်။

ထို့နောက် သုဒဿန၏ အမိန့်အတိုင်း ပထမတွင်းထဲ၌ အထူးထူး အပြားပြား ဆေးဝါးများဖြင့် ပြည့်စေသည်။ ဒုတိယတွင်း၌ နွားချေးတို့ဖြင့် ပြည့် စေကာ၊ တတိယတွင်း၌ နတ်တို့၏ဆေးဖြင့် ပြည့်စေသည်။

တွင်းသုံးခုကို ထိုသို့ စီရင်ပြီးနောက် သုဒဿနသည် ပထမတွင်းထဲသို့ အဆိပ်ရည်စက်တို့ကို ချလိုက်သည်။ တွင်းတစ်ခုလုံး အငွေ့အချောင်းချောင်း ထကာ ဖြူဆွတ်သော မီးခိုးလုံးများ တလိပ်လိပ် ထလာသည်။ မီးခိုးလုံးများ အစဲတွင် စိမ်းဖန့်ဖန့် အခိုးအလျှံများ လျှံတက်လာကာ ထိုအခိုးအလျှံတို့သည် နွားချေးအတိပြီးသော ဒုတိယတွင်းထဲသို့ စွဲဝင်သွားသည်။

ထိုခဏတွင် ဒုတိယတွင်း၌ နီရဲသော အလျှံများ တဖွားဖွား တက်လာ ပြန်ပြီး အလျှံငွေ့များသည် တတိယ နတ်ဆေးတွင်းထဲသို့ စွဲဝင်သွားသည်။ တတိယတွင်းထဲမှ နတ်ဆေးများနှင့် ထိတွေ့သည်တွင် ပြိုးပြက်သော အရောင် အဝါများ ထတောက်ကာ ပေါက်ကွဲသံများ ပေါ်လာသည်။ ဖျပ်ဖျပ်တောက်ပ သော အလင်းစက်များဖြင့် ပေါက်ကွဲပြီးနောက် တတိယတွင်းထဲမှ နတ်ဆေးများ

http://www.cherrythitsar.org



ကြေပျက်သွားသည်။ နောက်ဆုံးတွင် အဆိပ်ရည်စက်တို့လည်း အငွေ့ထောင်း ထောင်း ထလျက် အားလုံးရှေ့မှာပင် လွင့်ပြယ်ပျောက်ကွယ်သွားလေသည်။

တွင်းသုံးတွင်း၌ အဆင့်ဆင့် ကူးပြောင်း လောင်ကျွမ်းသော အဆိပ်ရည်စက်တို့၏ အချင်းအရာကို ပရိသတ်အားလုံး အံ့သြတုန်လှုပ်ခြင်း ကြီးစွာ ငေးမောကြည့်နေကြပြီး တတိယတွင်း၌ အဆိပ်ရည်စက်တို့ ကြေပျက်သွားချိန်မှာပင် သွေးပျက်မခန်း အော်သံကြီးတစ်ခု ထွက်ပေါ်လာလေသည်။

ထိုအော်သံကား အလမ္ပာယ်ပုဏ္ဏားထံမှာပင် ဖြစ်သည်။

အလမ္ပာယ်ပုဏ္ဏားသည် အစဉ်တစိုက်ပင် တွင်းများအနီး၌ ရှိနေခဲ့လေရာ မည်သူမျှ သူ့အား သတိမထားမိကြ။ ယခု အော်သံကြီး ထွက်ပေါ်လာတော့မှ ပုဏ္ဏားအား သတိရပြီး လှမ်းကြည့်လိုက်ကြသည်တွင် –

ပုဏ္ဏားသည် မြေပေါ်၌ အရပ်အနားမရှိ လူးလိမ့်နေသည်။

တစ်ကိုယ်လုံးမှ အငွေ့ချောင်းချောင်း ထနေပြီး ပရိသတ်အားလုံး ကြည့်နေစဉ်မှာပင် မယုံနိုင်စရာ ထူးဆန်းသော ကြောက်မခန်းလိလိ ဖြစ်ရပ်ကို တွေ့လိုက်ကြရတော့သည်။

ပုဏ္ဏား၏ မျက်နှာပြင်၊ လည်ပင်း၊ ပခုံး၊ ဝမ်းဗိုက်၊ ကျောကုန်း၊ လက်၊ ခြေ၊ တစ်ကိုယ်လုံးရှိ အသားအရေများ၌ အဆုပ်လိုက် အဆုပ်လိုက် အဖုအပိန့်ကြီးများ အကွက်ထလာသည်။ ထိုအနီကွက်ကြီးများသည် ချက်ချင်းပင် ဖူးယောင်လာကာ အရေပြားများ တင်းမာလာပြီးနောက် တစ်ဖောက်ဖောက် ကွဲပေါက်သွားသည်။

သားငန်ရည်များ၊ အရိအရွဲများ ထွက်ကျလာပြီး ပုဏ္ဏား၏ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူသွားသည်။ အနာကြီးရောဂါကဲ့သို့သော အနီကွက်၊ အဖြူကွက်များ တစ်နေရာပြီးတစ်နေရာ ပေါက်လာကာ ပုဏ္ဏားသည် ရုပ်ပျက် ဆင်းပျက် ဖြစ်သွားလေသည်။

လူသားတစ်ယောက်နှင့်ပင် မတူတော့လောက်အောင် ရုပ်ဆင်း အင်္ဂါ အပျက်ကြီး ပျက်သွားသော ပုဏ္ဏားသည် သားရဲတိရစ္ဆာန် တစ်ကောင်၏ အသံမျိုးဖြင့် လူးလိမ့်အော်ဟစ်နေသည်။

“နဂါးမင်းကို ငါ လွှတ်ပေးပါ့မယ်”

“နဂါးမင်းကို လွှတ်လိုက်ပါပြီ။ နဂါးမင်းကို လွှတ်ပေးလိုက်ပါပြီ”

သွေးပျက်ခမန်း ထိတ်လန့်ချောက်ချားဖွယ် အဖြစ်ကို မင်းနှင့်တကွ ပရိသတ်တို့ တွေ့ကြရပြီးနောက် ကြက်သီးမွေးညင်းထဖွယ် အံ့သြရှုမောစရာ မြင်ကွင်းကို ဆက်လက်တွေ့ကြရပြန်သည်။

http://www.cherrythitsar.org



အလမ္မာယ်ပုဏ္ဏားရဲ၏ အာခေါင်ခြစ်လျက် စူးစူးဝါးဝါး အော်ဟစ်လိုက်သော အသံနက်ကြီး အဆုံးတွင် ဘူရိဒတ်သည် ရတနာပခြုပ်ထဲမှ လျှောထွက်လာသည်။ ထို့နောက် သုဒဿနရှိရာသို့ တရွေ့ရွေ့ တိုးဝင်သွားသည်။ သုဒဿနက လက်အစုံဖွင့်၍ ကမ်းလင့်သည်။ ညီနောင်တို့ ဆုံမိကြပြီး နောက်တွင်ကား–

ဘူရိဒတ်၏ စိမ်းဖန့်သော နဂါးကိုယ်လုံးကြီးသည် အားလုံးမျက်မှောက်မှာပင် လျင်မြန်စွာ မှုန်ဝါးပျောက်ကွယ်သွားပြီး ဖက်ဖူးနုရောင် အခိုးအငွေ့များ ချောင်းချောင်းထလာသည်။ အခိုးအငွေ့များသည် ထူထပ်သိပ်သည်းများပြားလာပြီးနောက် ဘူရိဒတ်နှင့် သုဒဿနတို့ကို ဖုံးအုပ်သွားသည်။ ထို့နောက် ဖက်ဖူးနုအရောင်မှ ဆွတ်ဆွတ်ဖြူသော ဘော်ငွေရောင် အငွေ့များ အဖြစ်ပြောင်းလဲသွားပြန်သည်။ အငွေ့ဖြူဖြူများအဖြစ် အရောင်ပြောင်းသွားပြီးနောက်တွင် ထူထပ်သိပ်သည်းမှုက ပြန်လည်ပါးလျားလာသည်။

နောက်ဆုံးတွင်ကား အခိုးအငွေ့များ လုံးဝ ကင်းစင်သွားသော မြင်ကွင်းသည် ပကတိ ကြည်လင်သွားတော့သည်။

ထိုကြည်လင်သော မြင်ကွင်းထဲ၌ စိမ်းဖန့်တောက်ပြောင်သော အကြေးကွက်ကြီးများ အထပ်ထပ် ရှိနေသည့် ဘူရိဒတ်၏ နဂါးသဏ္ဌာန်သည် လည်းကောင်း၊ သစ်ခေါက်ဆိုးလျှော်တေ ဆင်မြန်းထားသည့် သုဒဿန၏ ရသေ့အသွင်သည်လည်းကောင်း၊ စွတ်စို တောက်ပသော အဇမုခီ၏ ဖားမငယ်အသွင်သည် လည်းကောင်း ပျောက်ကွယ်သွားကြကာ –

အထူးထူးသော တန်ဆာကို ဆင်ယင်အပ်သည့် တင့်တယ်လှပသော သဏ္ဌာန်သုံးခု ရောက်ရှိနေတော့သည်။ နတ်သိကြားတို့၏ တင့်တယ်တောက်ပမှုဖြင့် ဝင်းထိန်နေသော ဘူရိဒတ္တ၊ သုဒဿနနှင့် နှမတော် အဇမုခီတို့ မောင်နှမသုံးဦးသည် ကျက်သရေရှိစွာ ရပ်တည်နေကြသည်။

ဗြဟ္မဒတ် မင်းကြီးမှာ မိမိ၏ အံ့ဩမှုကို ရာဇက္ကန္ဓေဖြင့် ကြိုးစားချုပ်တည်းလိုက်ရသော်လည်း နန်းရင်ပြင်ရှိ ပရိသတ်ထံမှမူ ဟယ်ခနဲ အာမေဍိတ်သံကြီးက တစ်ညီတည်း ထွက်ပေါ်လာလေသည်။

နတ်ဒေဝတာ၏ ကျက်သရေဖြင့် စံပယ်ရပ်တည်နေရာမှ နောင်တော်ကြီး သုဒဿနသည် တည်ကြည်လေးနက်သော အမူအရာဖြင့် စတင် ပြောဆိုလိုက်သည်။

“အရှင်မင်းကြီး ကျွန်ုပ်တို့ကို မင်းကြီး သိပါရဲ့လား။ နန်းရင်ပြင်မှာ တည်ရပ်နေကြတဲ့ ကျွန်ုပ်တို့ကို မည်သူမည်ဝါရဲ့ သားသမီးတွေလဲဆိုတာ မင်းကြီး မသိသေးပါ”

http://www.cherrythitsar.org



"သင်တို့ကိုယ်တိုင် ရှင်းလင်းပြောဆိုမှ ကျွန်ုပ်သိရတော့မယ်ပ။ နတ်လုလင်၊ နတ်မိမယ်များအလား ကိုယ်ရောင်ဝင်းဝါ ဖန်းဆင်းလာတဲ့ သင်တို့အကြောင်းကို ပြောပြပါဦး"

သုဒဿနသည် မဆိုစလောက် အပြုံးဖြင့် ခေါင်းညိတ်ကာ –

"ကာသိကရာဇ် မင်းကြီးရဲ့သမီးတော်ဖြစ်တဲ့ သမုဒ္ဒဇာအား ဓတရဋ္ဌနဂါးမင်းထံ ပေးအပ်ခဲ့သော အဖြစ်ကို သင်မင်းကြီး မှတ်မိပါရဲ့လား"

"မှတ်မိပါသော်ကော နတ်လုလင်။ သမုဒ္ဒဇာဟာ ကျွန်ုပ်ရဲ့ နှမတော်ပေပဲ"

သုဒဿနသည် မိမိရင်အုံကို လက်ဝါးဖြင့်အုပ်လျက် ဘူရိဒတ်ထံသို့ ကျန်လက်ဖြင့် ညွှန်လျက် ထိုမှ တစ်ဆင့် အဇမုခီထံသို့ ဆက်လက်ညွှန်ပြလျက် တစ်လုံးချင်း ပီသစွာ ပြောလိုက်သည်။

"ကျွန်တော်တို့ မောင်နှမ သုံးဦးဟာ မောင်တော် သမုဒ္ဒဇာသားသမီးတွေ ဖြစ်တယ်။ သင် မင်းကြီးဟာ ကျွန်ုပ်တို့ရဲ့ ဦးရီးတော် ဖြစ်ပေတယ်"

"အို ... ဒီလိုလား၊ သင်တို့ဟာ တူတော် တူမတော်တွေ"

ဗြဟ္မဒတ်မင်းကြီးသည် ရာဇပလ္လင်္ကို ထိန်းသိမ်းရန် မေ့လျော့သွားချေပြီ။ သွေးသား သံယောဇဉ်တည်းဟူသော ထိခတ်မှု ကြိုးမျှင်၏ တုန်ခါမှုဖြင့် မင်းကြီးသည် လှုပ်လှုပ်ရှားရှား ဖြစ်သွားတော့သည်။

တူတော် တူမတော်များဆီသို့ လှမ်းဝင်သွားကာ လည်ဖက်ယမ်း ပခုံးကိုဆွဲကိုင်၊ လက်မောင်းတို့ကို ဆုပ်နယ်လျက်။

"သမုဒ္ဒဇာရဲ့သားသမီးတွေ၊ ငါ့နှမလေးရဲ့ ရင်သွေးတွေ၊ ငါ့ရဲ့တူတော်တူမတော်တွေ၊ အို ... ငါ့ဆီကို ငါ့တူတော် တူမတော်တွေ ရောက်လာပုံတာ ဆန်းကြယ်လိုက်ပါဘိတော့၊ သွေးရင်းသားရင်းတွေ တွေ့ကြရပုံက နင့်နင့်နဲနဲ ရှိလိုက်ပါဘိတော့။ အို ... ပြန်ဆုံကြရပုံ အသည်းတုန် အူတုန် ဖြစ်စရာပါလား"

သံယောဇဉ်ကြီးတတ်ပြီး ထိခိုက်ခံစားလွယ်တတ်သော အဇမုခီ သည် မျက်ရည်မဆည်နိုင်တော့။

အစ်ကိုတော် ဘူရိဒတ်ကို စတင်တွေ့စကပင် ရင်၌ဆို့နင့်နေခဲ့ပြီ ဖြစ်လေရာ အဇမုခီသည် ဝမ်းသာဝမ်းနည်း ဖြစ်လျက် သည်းထန်စွာ ငိုကြွေးလေတော့သည်။

နှမငယ်လေး အဇမုခီ၏ မျက်ရည်များကို တွေ့ရသောအခါ စိတ်ထားနူးညံ့သော ဘူရိဒတ်လည်း မျက်ရည်များ ဝိုင်းလာသည်။ နောင်တော်ကြီး သုဒဿန၏ မျက်လုံးအိမ်များလည်း စွတ်စိုတောက်ပလာသည်။ ဗြဟ္မဒတ်မင်းကြီး၏ နှုတ်ခမ်းများလည်း တဆတ်ဆတ် လှုပ်နေသည်။

http://www.cherrythitsar.org

## ဗာရာဏသီကို နှုတ်ဆက်ခြင်း

တူဝရီး ဆွေမျိုးသားတို့ လွတ်လပ်စွာ စကားပြောနိုင်ကြရန် မင်းကြီးက ဘူရိဒတ်တို့ မောင်နှမကို ပြသာဒ်ဆောင်သို့ ခေါ်လာခဲ့သည်။

ထို့နောက် ပူဇော်သက္ကာရလည်း မည်သော ပြုစုခြင်းဖြင့် ပြုစုလျက် မင်းကြီးသည် တူတော် ဘူရိဒတ်အား စကားစမြည် ဆိုလေသည်။

"သားတော် ဘူရိဒတ္တ၊ သင်ဟာ သည်ရွှေ့ သည်မျှသော ဘုန်းတန်ခိုးနဲ့ ပြည့်စုံပါလျက် ဘာကြောင့်များ အလမ္ပာယ် အဖမ်းခံရပါသလဲ သားတော်ရယ်"

ဘူရိဒတ်က အကြောင်းစုံကို ပြောပြလိုက်သည်။ နေသာဒပုဏ္ဏားနှင့် သောမဒတ္တတို့ သားအဖအကြောင်း၊ အလမ္ပာယ်ပုဏ္ဏားအကြောင်း၊ ပတ္တမြားမျက်ရှင်အကြောင်းတို့ကို ထိုအခါမှပင် မင်းကြီးနှင့်တကွ သုဒဿန၊ အဇမုခီတို့ပါ ကြားသိကြရသည်။

အကြောင်းစုံကို သိရပြီးနောက် ဗြဟ္မဒတ်မင်းကြီးသည် တုန်ယင်လှိုက်လှဲစွာ ရေရွတ်လေသည်။

"အတိုင်းမသိ အံ့သြစရာပါလား။ ချီးကျူး ဂုဏ်ဖွဲ့စရာ စကားလုံး ရှာမရနိုင်လောက်အောင်ကို ကြည်ညိုလေးမြတ်စရာပါလား သားတော်ရယ်။ အင်္ဂါလေးပါးနဲ့ ပြည့်စုံတဲ့ ဥပုသ် ကျိုးပေါက်မှာ စိုးတာနဲ့ ဒီလိုအထိ အဖြစ်ခံသတဲ့လား။ ကြည့်စမ်းပါဦး၊ အမျက်ဒေါသနဲ့ ကြည့်လိုက်ရုံမျှနဲ့ပဲ ဟိုပုဏ္ဏားတွေဟာ ပြာမှုန့်လို ညက်ညက်ကြေမှာ မုချ။ ဒါကြောင့် သတ်လိုလည်း သတ်၊

http://www.cherrythitsar.org



ဖြတ်လိုလည်းဖြတ်၊ တံစို့ထိုးလိုလည်း ထိုးဆိုပြီး မျက်စိအစုံမှိတ် အဓိဋ္ဌာန်ပါရမီ ရှေ့သွားပြုပြီး အခွေကြားမှာ ဦးခေါင်းသွင်းပြီး မတုန်မလှုပ် စင်းစင်းကြီး ခံနေခဲ့သတဲ့လား။ ထူးမြတ်လှပါဘိ သားတော် ဘူရိဒတ်ရယ်"

ဦးရီးတော်မင်းကြီး၏ အံ့ဩတုန်လှုပ်ခြင်း၊ နှမတော် အဇမုခီ၏ ငိုရှိုက်ခြင်းများကို သုဒဿနသည် တည်ငြိမ်စွာဖြင့် နှစ်သိမ့်စကားဆိုပြီးနောက် အားလုံးသူတို့ကို ဆို့ဆို့နစ်နစ် ရှိလှသော စကားဝိုင်းထဲမှ ဆယ်တင်ရန် ကြိုးစားလိုက်သည်။

"ဦးရီးတော်မင်းကြီး၊ ဘူရိဒတ်ရဲ့ ဖြစ်ကြောင်းကုန်စင်ကို သိခွင့်ရခဲ့ကြပြီ။ ယခု ကျွန်ုပ်တို့ ရှေ့ရေးများကို စီမံကြပါစို့လား"

"ဆိုပါ ... သားတော်ကြီး သုဒဿန"

"ကျွန်ုပ်တို့ရဲ့ မယ်တော်ဟာ ဘူရိဒတ်ကို လခွဲတစ်ကြိမ်မြင်မြဲ မမြင်ရတဲ့အတွက် ဒုက္ခကြီးစွာ ရောက်နေပါတယ်။ သားရဲ့ သတင်းကို အားတင်းစိတ်ခဲပြီး စောင့်မြဲစောင့်လျက်ရှိနေပါတယ်။ ဦးရီးတော်ထံမှာ ကျွန်ုပ်တို့ ကြာရှည်လေးမြင့် နေခွင့်မသာပေဘူး ဦးရီးတော်"

"အင်း ... ဟုတ်ပေတယ် သားတော်ကြီး သုဒဿန၊ အမိအဖတို့ရဲ့ ချစ်ခြင်းကို ကျွန်ုပ် နားလည်နိုင်ပါရဲ့။ ကျွန်ုပ်ရဲ့ ဖခမည်းတော်ကြီးဆိုရင်လည်း သမုဒ္ဒဇာကို ဝေရဠမင်း ယူဆောင်သွားပြီးနောက်မှာ သောကဖိစီးရှာတဲ့ အတွက် ကျွန်ုပ်ကို တိုင်းပြည်ထီးနန်း အပ်နှင်းပြီး ရဟန်းပြု တောရပ်မှီသွားခဲ့ပေတယ်"

"အားလုံးစုံညီ တွေ့ကြဖို့အခါ ရောက်ပါပြီ ဦးရီးတော်၊ အဆင်သင့်လှပါတယ်။ ကျွန်ုပ်ရဲ့ မယ်တော်ကြီးဟာလည်း အစ်ကိုနဲ့ ဖခင်တို့ကို ဖူးမြော်လိုမှာအမှန်ပါပဲ။ ကျွန်ုပ်တို့ ကိုယ်တိုင်လည်း ဘိုးတော်မင်းကြီးကို ဖူးမြင်လိုလှပါတယ်။ ဒါကြောင့် ဦးရီးတော် အနေနဲ့ပဲ ဘိုးတော်ထံကို နေ့ရက်အခါ ချိန်းချက်ပြီး ကြွတော်မူပါ။ ကျွန်ုပ်တို့က မယ်တော်ကြီးကို ဆောင်နှင်းပြီး ဘိုးတော်ထံ လာခဲ့ပါမယ်။ ဒီအခါမှာပဲ ဆွေတော် မျိုးတော်တွေအားလုံး စုံစုံညီညီ တွေ့ဆုံကြရမှာပါ"

"ကောင်းပြီ သားတော်ကြီး သုဒဿန။ စုံညီတွေ့ဆုံကြဖို့အတွက် အခုနေမှာ ခွဲခွာကြဦးစို့ရဲ့ကွယ်"

ပြဿဒ်ဆောင်၊ မင်းစံအိမ် နန်းတော်ထက်မှ မောင်နှမသုံးဖော်တို့ ဆင်းခဲ့ကြသည်။ ဗြဟ္မဒတ်မင်းကြီးက တူတော် တူမတော်တို့အား လှေကားရဲ တံတိုင်းအောက် မြေပြင်စပ်အထိ ဆင်းပို့သည်။

"အားလုံးစုံညီတွေ့ဆုံကြဖို့ ခွဲခွာကြဦးစို့"

ဝမ်းသာဝမ်းနည်း နှုတ်ဆက်သံများအဆုံးတွင် သုဒဿန၊ ဘူရိဒတ္တနှင့် အဇမုခီတို့သည် ဗာရာဏသီမြေပြင်၌ ငုပ်လျှိုးပျောက်ကွယ်သွားကြလေသည်။

http://www.cherrythitsar.org

## ထုံခါးမှူးကာကာရီဌ

နဂါးပြည်တစ်ခုလုံး အုတ်အုတ်ကျက်ကျက် ဖြစ်နေသည်။

"ဘူရိဒတ္တမင်းသား ပြန်ရောက်လာပြီတဲ့"

ဟူသော သတင်းကလည်း ချက်ချင်း ပြန့်သွားသည်။ ဘူရိဒတ်အပေါ် ချစ်မြတ်နိုးရင်းစွဲရှိကြလေသော နဂါးအပေါင်းတို့သည် ဘူရိဒတ် ပြန်ရောက်လာခြင်းကြောင့် ဝမ်းသာနိုင်ဖို့ကို ဦးစွာ မစဉ်းစားကြသေးဘဲ ဖြစ်ရလေခြင်း၊ ကြုံရလေခြင်းဟူသော ဝမ်းနည်းစိတ်ဖြင့် ငိုကြွေးကြပြန်သည်။

မျက်ရည်များ၊ ငိုရှိုက်သံများဖြင့် ခင်းအပ်သော ပြည်တော်ဝင် အကြိုခရီးသည် ဘူရိဒတ်အား စိတ်နှလုံး ထိခိုက်စေတော့သည်။ အလမ္ပာယ်ပခြုပ်ထဲ၌ တစ်လပတ်လုံး ပင်ပန်းခဲ့ရပြီးနောက် ဗာရာဏသီနန်းရင်ပြင် ပညာပြိုင်ပွဲ၌ တုန်လှုပ်စရာများကို ကြုံတွေ့ခဲ့ရသော ဘူရိဒတ်မှာ ပြည်တော်ဝင်မှာလည်း ဆို့နင့်စရာများနှင့် ရင်ဆိုင်ရပြန်သည်။ ဘေးဒုက္ခအန္တရာယ်ကြီးမှ လွတ်မြောက်ခဲ့ပြီဖြစ်သော်လည်း ချောက်ချားဖွယ် အဖြစ်သနစ်ကြီးက ဂယက်ရိုက်ထဆဲ။ နဂါးတစ်ပြည်လုံး၏ ငိုကြွေးသံများအကြားတွင် ဘူရိဒတ် မိန်းမောရပြန်သည်။

"ဘူရိဒတ္တဟာ ခံနိုင်စွမ်းရည်နဲ့ မမျှလောက်အောင် အဆမတန် ပင်ပန်းဆင်းရဲခဲ့တယ်။ သူကောင်းကောင်း အနားယူဖို့လိုပါတယ်။ သူ့ကို နားနေခွင့်ပေးကြပါ"

နောင်တော်ကြီး သုဒဿနက နဂါးပြည်သူပြည်သားများအား တောင်းပန်စကားဆိုရှာသည်။

"အရှင့်သား အနားယူပါစေ။ အရှင့်သား အားမွေးပါစေ"

http://www.cherrythitsar.org



နဂါး အခြွေအရံတို့ကလည်း မေတ္တာရပ်ခံကြသည်။

သို့သော် မိမိတို့ချစ်မြတ်နိုးလှသော ဘူရိဒတ္တအကြောင်းကို တစ်ဆင့်စကား တစ်ဆင့်နားကြားပြီးကြကုန်သော နဂါးအပေါင်းတို့မှာ ဘူရိဒတ်ကိုအားပေးရန်၊ ကြည့်ရှုရန်၊ နှစ်သိမ့်စကားဆိုရန်၊ ကရုဏာလက်ဆောင်ပေးရန်စသည်ဖြင့် သူ့ထက်ငါသာ ဝင်လာမစဲတွေ့ခွင့်တောင်းနေကြသည်။

မိမိ၏ ဆင်းရဲမှုမှန်သမျှတို့ထက် အခြားတစ်ပါးသူတို့၏ အလိုဆန္ဒမှန်သမျှကိုသာ ဖြည့်ဆည်းပေးရန် အစဉ်အမြဲ နှလုံးသွင်းတတ်သော ဘူရိဒတ်ကား သတင်းမေးလာသူ မှန်သမျှကို မငြင်းစတမ်း လက်ခံတွေ့ဆုံလေသည်။ ထိုသူတို့၏ ငိုကြွေးနှုတ်ဆက်ခြင်းများကိုလည်း ဒဏ်ရာအနာတရကြားမှပင်နှစ်သိမ့်ပြန်သေးသည်။

"ဘူရိဒတ်ကို သည်အတိုင်း ထားလို့ မဖြစ်တော့ဘူး။ သူ့အပေါ် ချစ်ခင်လေးစားပြီး သနားစိတ်နဲ့ လာတွေ့ကြတာတော့ မှန်ရဲ့။ သူ့မှာ လာသမျှနဂါးပြည်သူတိုင်းကို လက်ခံတွေ့ဆုံ နေလို့ကတော့ ဗုန်းဗုန်းလဲကျသွားလိမ့်မယ်။ သူကလည်း သူတစ်ပါး အလိုကို လိုက်တတ်သူဆိုတော့ ငြင်းပယ်မှာ မဟုတ်ဘူး။ သည်တော့ ဘူရိဒတ် သက်သာရာ ရရာရကြောင်း အတွက် တစ်ခုခု စီမံကြမှဖြစ်တော့မယ်"

နောင်တော်ကြီး သုဒဿနနှင့် နှမတော် အဇမုခီတို့ တိုင်ပင်ကာ ဘူရိဒတ်ကို နန်းပြဿဒ်အဆောင်ပေါ်သို့ နေရာရွှေ့ပေးလိုက်ကြသည်။ နန်းပြဿဒ်ဆောင်တွင် ပြဿဒ်ဆောင် တံခါးတွင် တံခါးမှူးများကိုလည်း အစောင့်ချလိုက်ကြသည်။

သို့သော် ဘူရိဒတ်အား လာတွေ့ကြသော ပရိသတ်ကိုကား တားဆီး၍ မရနိုင်ခဲ့။ တံခါးမှူး နဂါးလုလင်တို့သည်လည်း ဝင်တွေ့ရန် လာကြသည့်နဂါးပြည်မှ တန်ခိုးအရှိန်အဝါကြီးသူများအား တားဆီးရန် မဝံ့ကြ။ ဘူရိဒတ်ကိုယ်တိုင်ကလည်း –

"လာကြပါစေကွယ်။ သူတို့ဟာ ငါနဲ့ ထပ်တူထပ်မျှ စိတ်နှလုံး ဒဏ်ရာရခဲ့ကြသူတွေပါ။ မေတ္တာ ကရုဏာကို ပွေ့ပိုက်လာသူတွေပါ။ သူတို့ကို မတားပါနဲ့၊ နှင် မလွှတ်ပါနဲ့"

ဟု အမှာစကား ထားပြန်လေသည်။ ထိုသို့ ပြောနေစဉ်မှာလည်း ဘူရိဒတ်မှာ လေသံယဲ့ယဲ့မျှသာပင်။

နောက်ဆုံးတွင်ကား ထိုအခက်အခဲကို ဖြေရှင်းပေးနိုင်မည့်သူ တစ်ဦးပေါ်ပေါက်လာသည်။ စင်စစ် နဂါးတစ်ပြည်လုံးတွင် ထိုသူတစ်ဦးသာ ဤပြဿနာကို ဖြေရှင်းပေးနိုင်သူ ဖြစ်သည်။

http://www.cherrythitsar.org



ထိုသူကား အခြားမဟုတ်။ သုဒဿန၊ ဘူရိဒတ္တ၊ သုဘောဂ၊ အရိဋ္ဌ တည်းဟူသော ညီတော် နောင်တော် လေးပါးတို့တွင် အငယ်ဆုံးဖြစ်သော အရိဋ္ဌ ပင် ဖြစ်လေသည်။ အရိဋ္ဌကား ငယ်စဉ်က မယ်တော်၏ ရင်ခွင်မှာနေရင်း မြွေ သဏ္ဍာန် ဖန်ဆင်းမိသောကြောင့် ထိတ်လန့်သွားသော မယ်တော်၏ လက်ဖြင့် ပုတ်ခတ်မိရာမှ မျက်စိတစ်ဘက် ပျက်သွားကာ 'ကာဏာရိဋ္ဌ' အမည်ရခဲ့သူပင်။

ကာဏာရိဋ္ဌသည် ညီနောင် လေးပါးတို့တွင် အငယ်ဆုံးဖြစ်သလို စိတ် လည်း အထက်ဆုံးဖြစ်သည်။ ချင့်ချင့်ချိန်ချိန်ရှိသော နောင်တော်ကြီး သုဒဿန၊ နူးညံ့သိမ်မွေ့လွန်းသော ဘူရိဒတ္တ၊ အေးအေးဆေးဆေး နေတတ်သော နောင် တော်ငယ် သုဘောဂတို့နှင့် ပီဘိခြားနားစွာပင် စိတ်ကြမ်းကိုယ်ကြမ်းသမား ဖြစ် သည်။ တစ်ယူသန်ခက်ထန်သူလည်း ဖြစ်သည်။

ထို ကာဏာရိဋ္ဌသည် ဘူရိဒတ်၏ သတင်းကို ကြားသောအခါ နန်း ပြဿဒ်ဆောင်ပေါ် ရောက်လာလေသည်။

"ဟာ ... ဒီလိုနေလို့ ဘာဖြစ်မလဲ။ နောင်တော်ဟာ သေတွင်းထဲက ထွက်လာတာ။ ဒီ နဂါးတွေကိုသာ အခုလို လက်ခံတွေ့ဆုံနေမယ်ဆိုရင် ရန်သူ လူသားတိုင်းပြည်မှာ မသေဘဲ ကိုယ့်နဂါးပြည် ကိုယ်ပြန်ရောက်တော့မှ ဇီဝိန် ချုပ်လိမ့်မယ်။ ဒီလိုလုပ်၊ ကျုပ်ပြောမယ်"

ကာဏာရိဋ္ဌ၏ တစ်ဖွတ်ထိုး စရိုက်ကြမ်းကို နောင်တော်များ လက်ခံ လိုက်ကြရသည်။

"အခုရှိနေတဲ့ တံခါးမှူးတွေ အစောင့်တွေ အားလုံးကို ဖယ်ရှားပစ် လိုက်။ နောင်တော် ဘူရိဒတ်ရဲ့ ပြဿဒ်ဆောင်မှာ ကျုပ် တံခါးမှူးလုပ်မယ်။ နဂါးတစ်ပြည်လုံး သိသွားအောင်လည်း ကြေညာလိုက်ကြ။ ဘူရိဒတ္တရဲ့ အဆောင်မှာ ကာဏာရိဋ္ဌ စောင့်နေတယ်လို့၊ ဒီအထဲက မစာမနာ မထောက် မညှာဘဲ ဘူရိဒတ္တကို ဝင်တွေ့ချင်တယ်ဆိုရင် တံခါးမှူး ကာဏာရိဋ္ဌနဲ့ ဦးဆုံး တွေ့ကြရစေမယ်လို့လည်း ကြေညာလိုက်ကြ"

ကာဏာရိဋ္ဌ၏ ခပ်ကြမ်းကြမ်းကိုင်တွယ် တာဝန်ယူလိုက်မှုက မည် သို့ပင်ဖြစ်စေ အထမြောက်သွားသည်။

"ကာဏာရိဋ္ဌလား၊ သူ့နောင်တော် ပျောက်ဆုံးခဲ့စဉ်က နတ်ပြည်တက် ရှာဖို့ တာဝန်ယူခဲ့တဲ့ ကာဏာရိဋ္ဌလား၊ အမလေး ... သူ့များတော့ သွားမစမ်း လေနဲ့ကွယ်"

"သခင်လေး ကာဏာရိဋ္ဌတံခါးမှူး ဝင်လုပ်နေတယ်ဟေ့၊ ဟင်း ... ဟင်း ... နဂါးချင်းအတူတူ သူက ပိုပြီး မာန်အဆိပ် ပြင်းတယ်နော်။ တစ်ဘက်

http://www.cherrythitsar.org



လပ်နေတဲ့ သူ့မျက်စိဟာ ဒီပြင် နဂါးတွေရဲ့ အစုံသော မျက်စိထက် ပိုပြီး အခိုး ပြင်းတယ်။ ယောင်လို့မှ အနားမသီကြလေနဲ့"

"ကာဏာရိဋ္ဌ ကိုယ်တိုင် တံခါး စောင့်သတဲ့ဟေ့။ အရှင့်သား ဘူရိဒတ် ကို နောက်မှပဲ အေးအေးဆေးဆေး သွားသတင်းမေးကြစို့။ ကာဏာရိဋ္ဌ ဆိုတာက သူ့မျက်စိတစ်ဘက်တည်းနဲ့ လောကကြီးကို တစ်ဖောက်ကန်း မြင်တာ"

ကာဏာရိဋ္ဌ တံခါးမှူး တာဝန်ယူလိုက်တော့မှပင် ဘူရိဒတ်လည်း ချမ်း သာစွာ နားနေပန်းဖြေခွင့် ရသွားလေသည်။

*

## နောင်တော်ကိုယ်စား လက်တုံ့ပြန်ခြင်း

ထိုအချိန်တွင် ဘူရိဒတ်၏အောက် တတိယ သားတော်ဖြစ်သော သုဘောဂနှင့် ပတ်သက်သော ဖြစ်ရပ်တစ်ခုက နဂါးပြည်အလုံး၌ သိမ့်သိမ့်တုန်သွားပြန်သည်။

သုဘောဂသည် ဘူရိဒတ် ပျောက်ဆုံးနေစဉ်က ဟိမဝန္တာနှင့် မြစ်ကြီးငါးစင်းတို့၌ အရှာထွက်ရန် တာဝန်ယူခဲ့သူ ဖြစ်သည်။ ဟိမဝန္တာတောတောင်အနှံ့ကို ရှာဖွေခဲ့ပြီး နောင်တော်ကို မတွေ့ရသောအခါ သုဘောဂသည် မြစ်ကြီးငါးစင်းတို့၌ ဆက်လက်အရှာထွက်ခဲ့သည်။

သို့ဖြင့် သုဘောဂသည် ယမုန်နာမြစ်သို့ ရောက်ခဲ့လေသည်။

သုဘောဂ မြစ်ကမ်းနားသို့ ရောက်ချိန်တွင် နေသာဒပုဏ္ဏားကြီးကား ထိုအချိန်၌ သွေးရူးသွေးတမ်း ကယောင်ချောက်ချား ဖြစ်နေပေပြီ။ ဗာရာဏသီနန်းရင်ပြင်ပညာပြိုင်ပွဲတွင် လမ္ဗာယပုဏ္ဏား ရှုံးနိမ့်ပြီး ကြောက်စရာ ရုပ်ဆင်းပျက်စီး နူရှုံသွားခဲ့သည့်အဖြစ်ကို နေသာဒပုဏ္ဏားကြီး ကြားခဲ့ပြီဖြစ်သည်။

ထို့ကြောင့် ကြောက်လန့်တကြား ယမုန်နာမြစ်ဆိပ်သို့ အပြေးအလွှား ဆင်းခဲ့ခြင်း ဖြစ်ပေသည်။

ဟိမဝန္တာ၌လည်းကောင်း၊ မြစ်ကြီးမြစ်ငယ် အနှံ့အပြားတို့၌လည်းကောင်း နောင်တော်ကို လှည့်လည်ရှာဖွေခဲ့ပြီး ခြေကုန်လက်ပန်းကျနေသော သုဘောဂသည် ယမုန်နာမြစ်ဆိပ်တွင် နေသာဒပုဏ္ဏားကြီးအား တွေ့တွေ့ချင်း ထူးခြားသော အသွင်ကို သတိထားမိလိုက်သည်။

http://www.cherrythitsar.org



နေသာဒပုဏ္ဏားကြီးကား မြစ်ဆိပ်တွင် ဒူးထောက်လျက် မြစ်ပြင်ဘက်သို့ မျှော်ရင်း လက်အစုံကို ဆန့်တန်းရေရွတ်လေသည်။

"အလမ္ဗာယ်ပုဏ္ဏားတော့ ဘူရိဒတ် နဂါးမင်းကို ဖမ်းတဲ့အတွက် နူရွဲသွားပြီ။ အလိုလေး ... ကယ်တော်မူကြပါဦး။ ငါလည်း ပတ္တမြားကို တပ်မက်မိတဲ့ လောဘရမ္မက်ကြောင့် ကျေးဇူးရှင်ကို ပြစ်မှားမိခဲ့တယ်။ ဘူရိဒတ် နဂါးမင်း အလမ္ဗာယ် ပုဏ္ဏား ဖမ်းလို့ရအောင် ငါ ပြခဲ့တာ။ ဘူရိဒတ်ရှိတဲ့ နေရာကို ငါ လမ်းညွှန်ခဲ့တာ။ အဆွေခင်ပွန်းကောင်းကို ပြစ်မှားတဲ့ မကောင်းကျိုးဟာ ငါ့အပေါ် ကျရောက်တော့မယ်။ မုချငါခံရတော့မယ်။ ငါပြေးလို့ မလွတ်တော့ဘူး။ ရှောင်လို့ မရတော့ဘူး။ အမယ်လေး ... မကယ် နိုင်ကြတော့ဘူးလား"

သုဘောဂသည် ပို၍ သဲသဲကွဲကွဲ ကြားနိုင်ရန် ပုဏ္ဏားကြီး မမြင်သာသော နေရာဆီသို့ တိုးကပ် နားစွင့်လိုက်သည်။

နေသာဒ ပုဏ္ဏားကြီးကား ကယောင်ကတမ်း ရေရွတ်နေဆဲ။

"အဲဒီ မကောင်းမှု ဒဏ်တွေ လွတ်အောင် ကျွန်တော်မျိုး ငမိုက်သားကြီး ယခု ယမုန်နာမြစ်ဆိပ်ဆီ လာခဲ့ပါပြီ။ ယမုန်နာ ပယာဂဆိပ်မှာ အပြစ်တွေကို ဆေးကြောပါတော့မယ်။ ဘူရိဒတ် နဂါးမင်းလို အဆွေခင်ပွန်းကောင်းကို ပြစ်မှားမိခဲ့တာတွေ ပြေဖို့ ယမုန်နာမြစ်ရေမှာ ကျွန်တော်မျိုးကြီး ရေငုပ်ပြီး ဆေးကြောသန့် စင်ပါ့မယ်။ အပြစ်တွေ ကျေပါစေ။ မကောင်းမှုတွေ စင်ပါစေ"

နေသာဒပုဏ္ဏားကြီး မြစ်ထဲဆင်းပြီး ရေငုပ်သည်။ ရေပေါ်ပြန်တက်၍ တတွတ်တွတ် ရေရွတ်ကာ နောက်တစ်ကြိမ် ငုပ်ပြန်သည်။

ထိုအချိန်တွင် သုဘောဂသည် မြစ်ကမ်းသို့ ဆင်းလာခဲ့ပေပြီ။

နောက်တစ်ကြိမ် နေသာဒပုဏ္ဏားကြီး ရေထဲမှ ပြန်အပေါ်တွင် သုဘောဂသည် နဂါးအသွင်ယူလျက် နေသာဒ၏ ခြေကို မြီးထူးဖြင့် ရစ်လျက် ဦးစိုက်ကျွမ်းပြန် လုပ်ပစ်လိုက်သည်။

ဇောက်ထိုးမိုးမျှော် ဖြစ်သွားသော ပုဏ္ဏားကြီးသည် အလန့်တကြား အော်ဟစ်လျက် ရုန်းကန်လေတော့သည်။

သုဘောဂသည် စင်စစ်နောင်တော်ကြီး သုဒဿနပြီးလျှင် အအေးဆေးဆုံး၊ သည်းခံစိတ်အရှိဆုံး၊ သဘောမနောကောင်းသူ ဖြစ်သည်။ သို့သော် နောင်တောင်ကို ရှာမတွေ့သော ပူပင်သောကကြောင့် တစ်ကြောင်း၊ နေသာဒ ပုဏ္ဏားကြီး ရေရွတ်သည်ကို နားနှင့် ဆတ်ဆတ်ကြားရသည်က တစ်ကြောင်း တို့ကြောင့် သုဘောဂသည် အသားဆတ်ဆတ် တုန်အောင် ဒေါသထွက်နေပေပြီ။

http://www.cherrythitsar.org



နေသာဒ ပုဏ္ဏားကြီး၏ ခြေကို မြီးထူးဖြင့် တင်းကျပ်စွာ ရစ်ပတ်ကာ ရေထဲဆွဲနှစ်၊ ပြန်၍ဖော်၊ နောက်တစ်ခါ ပြန်၍နှစ်၊ ပြန်ဖော်၊ ကြိမ်ဖန်များစွာ အခါခါ ပင် သုဘောဂသည် ဒေါသကို ဖောက်ခွဲလိုက်တော့သည်။

နေသာဒပုဏ္ဏားကြီး၏ ထိတ်လန့်တုန်လှုပ်မှုကား ပြောဖွယ်ရာ မရှိ တော့ပြီ။ တဂူးဂူး တဝါးဝါး အော်ဟစ်ကာ တဝုန်းဝုန်း တဗွမ်းဗွမ်း ရေလုံးများ အကြားတွင် ဆောက်တည်ရာမရ ဖြစ်နေသည်။

သုဘောဂကား မြီးထူးဖြင့် ရစ်ပတ်ကာ ဆောင့်ဆွဲလိုက်ဖော့ယမ်းလိုက်၊ နှုတ်ကလည်း အဆက်မပြတ် ရေရွတ်လိုက် –

"သူယုတ်မာ ... ကျေးဇူးကန်း၊ ပတ္တမြား လောဘနဲ့ ငါ့အစ်ကိုကို အလမ္ပာယ် လက်ထဲ အပ်တဲ့ ငမိုက်သား နင့်အသက်ကို အရှင်မထားဘူး။ ငါ့ အကြောင်းကို နင်သိစေရမယ်"

ရေမွန်းသဖြင့် သေမတတ် ကြောက်နေသော နေသာဒပုဏ္ဏားကြီးသည် ကယ်ပါ ယူပါ ဗလုံးဗထွေး အော်ဟစ်တော့သည်။ သုဘောဂလည်း ပုဏ္ဏားကြီး ရေမွန်းပြီး သတိလစ်ခါနီးလျှင် ပြန်ဖော်၍ အတန်ငယ် အမောပြေလျှင် ရေထဲပြန် နှစ်သည်။

ထိုသို့ ကြိမ်ဖန်များစွာ စိတ်ရှိတိုင်း ပြုနေဆဲမှာပင် နေသာဒပုဏ္ဏားကြီး သည် အကြောက်တရား၏ နှိုးဆော်ခြင်းဖြင့် ရေပေါ် အပေါ်၌ ဂါထာ တစ်ပုဒ် သံကုန်အော်ဟစ်လေသည်။

"ယမုန်နာ ဆိပ်ကမ်း ငါလှမ်းခဲ့ ...
ပယာဂဆိပ်ကမ်း ငါလှမ်းခဲ့ ...
မကောင်းမှုဒဏ် အမှန်ဆေးကြော ... ငါစိတ်စောခဲ့ ...
ရေချိုးရေငုပ် အပြစ်နုတ် ...
ငါ့အလုပ်ငါလုပ် ... ငါရေငုပ် ...
နှိပ်စက်ကလူ အို ... ဘယ်သူ ...
သည်းအူပြတ်ဆွေး ... ကြောက်လှပါရဲ့လေး"

ပုဏ္ဏား၏ခြေထောက်ကို သုဘောဂသည် မြီးထူးဖြင့် ရစ်ပတ်ဖော့ယမ်း ရင်း ချောင်းချောင်းထသော အသံနက်ကြီးဖြင့် ကြုံးဝါးလိုက်သည်။

"နဂါးပြည်ကို အစိုးရတဲ့ နဂါးမင်း၊ စည်းစိမ်ချမ်းသာနဲ့ ပြည့်စုံတဲ့ နဂါးမင်း၊ ဗာရာဏသီပြည် အလုံးကို ထက်ဝန်းကျင် ဖုံးအုပ်ရစ်ပတ် ပါးပျဉ်းနဲ့ လွှမ်း တတ်တဲ့ နဂါးမင်း၊ ဒီလို နဂါးမင်းကြီး နင်မသိဘူးလား။ အဲဒီ နဂါးမင်းရဲ့ သား တော်၊ ငါ သုဘောဂ ဆိုတာ နင်မသိဘူးလား"

'သုဘောဂ' ဟူသော အမည်နာမ ကြုံးပသံကို ကြားလိုက်ရသည်နှင့် နေသာဒပုဏ္ဏားကြီးသည် တစ်ကိုယ်လုံးရှိ လှည့်ပတ်နေသော သွေးများ ရပ်တန့်သွားမတတ် အေးခဲထိတ်လန့်သွားသည်။

အထပ်အထပ်သော အကြေးခွံများဖြင့် အတိပြီးသည့် ကိုယ်လုံးကြီးကလည်း မိမိကို တင်းကျပ်စွာ ရစ်ပတ်ထားဆဲ။ စွေးစွေးနီသော အာခံတွင်းကလည်း မိမိ၏ ဦးခေါင်းလည်မျိုတစ်ဝိုက်တွင် ယိမ်းထိုးရစ်ဝဲနေဆဲ။ ထိုခံတွင်းထဲမှ ချွန်မြထက်ရှ သွားစွယ်များ လှုပ်ယမ်းနေသော လျှာနှစ်ခု။ အကြိမ်ကြိမ် အဖန်ဖန် နှစ်မြုပ်လိုက်၊ ပြန်ဖော်လိုက်ဖြင့် စိတ်ရှိတိုင်း အလုပ် ခံထားရသောကြောင့် ရေမွန်းခြင်း ဝေဒနာကလည်း အဆမတန် နှိပ်စက်လှပြီ။

ကြောက်လွန်းသဖြင့် မိမိနှလုံးသွေးရပ်ကာ သေဆုံးသွားပါက မည်မျှကောင်းလေမည်နည်းဟု ပုဏ္ဏားကြီး ဆုတောင်းမိသည်။ သို့သော် မိမိသေဆုံးမသွားသေး။ အမှောင်ထုကြီးအောက်သို့ စုံးစုံးမြုပ် ဒုတ်ဒုတ်ထိ ဆိုက်ရောက်သွားခြင်းမျှသာ။ သေချင်ပါလျက် မသေသေးသော အဖြစ်ကိုသိရသည်တွင် ဆက်လက် အသက်ရှင်နေသေးချင်သော ဆန္ဒက ပေါ်ပေါက်လာသည်။

"သုဘောဂ ... ဆိုပါလား။ ဘူရိဒတ် နဂါးမင်းရဲ့ ညီပါလား။ ဒါဆိုရင်တော့ သူ စိတ်ထင်တိုင်း ငါ့ကို နှိပ်စက်ညှဉ်းပန်းပြီးရင် ငါ့ကို ကိစ္စတုံး စီရင်တော့မှာ သေချာတယ်။ အလိုလေး ... ငါမသေချင်သေးဘူး။ ငါမသေပါရစေနဲ့ဦး ကွယ်ရို့"

အသက်ရှင်နေလိုသေးသည့် ဆန္ဒက နေသာဒ ပုဏ္ဏားကြီးတွင် လွှမ်းမိုးလာသည်။ ဉာဏ်နီဉာဏ်နက်များက ရှင်သန်နေလိုသည့် ဆန္ဒ၏ တွန်းအားဖြင့် တဖျတ်ဖျတ် နိုးကြားလာပြန်သည်။ သေရမည့်အတူတူ လွတ်လိုလွတ်ခြင်း ကြိုးစားကြည့်ချင်လာသည်။

ပုဏ္ဏားကြီးသည် သေးငယ်သော သူငယ်အိမ် မျက်လုံးအစုံကို ပုတ်ခတ်ပုတ်ခတ်လုပ်လျက် –

"နဂါးကြီး သင်ဟာ မြွေတကာတို့ထက် မြင့်မြတ်တဲ့ မြွေများဘုရင် နဂါးများသခင် ကာသိကရာဇ် မင်းကြီးရဲ့သားဆိုရင် ကျုပ်ပြောတာလေး နားဆင်ပါဦး၊ သင့် ဖခမည်းတော်ဟာ တန်ခိုးအကြီးဆုံး နဂါးမင်း၊ သင့်မိခင်ဟာလည်း လူတိုင်းပြည်မှာ အတုမရှိတဲ့ ကာသိကရာဇ် မင်းကြီးရဲ့ သမီးတော်၊ ဟုတ်တယ် ဟုတ်စ အလိုလေးလေး ... ဒီလို တန်ခိုးကြီးတဲ့ မိဘမျိုးရိုး၊ ကျော်ကြားထင်ရှားပြီး စိတ်နှလုံး မြင့်မြတ်တဲ့ မိဘမျိုးနွယ်တို့ကနေ ပေါက်ဖွားလာတဲ့ သင်ဟာ ပုဏ္ဏားတွေရဲ့ ကျွန်ကို ရေမှာ မနှစ်ထိုက်ပါဘူး နဂါးကြီးရယ်"

http://www.cherrythitsar.org



နေသာဒ၏ စကား အရာမထင်ချေ။ ပုဏ္ဏား ချီးမြှောက်လိုက်သော စကားများကို သုဘောဂက ပယ်ရှားခါချလိုက်သည်။

"ပုဏ္ဏားယုတ်၊ ငါ့ကို လှည့်ပတ်ပြီး အသက်ရှင်မယ် မှတ်သလား။ သင့်ကို အသေသတ်ရမှာပဲ"

ပြောရင်းဖြင့်ပင် သုဘောဂ၏ ဒေါသသည် လေအဝှေ့အပင့်ကို ကောင်းစွာရရှိသော မီးအလျှံကဲ့သို့ အရှိန်ကောင်းလာသည်။

"သင် လုပ်ခဲ့တာတွေကို သင် မှတ်မိရဲ့လား။ ဟင် ... ပုဏ္ဏားယုတ်၊ ရေသောက်ဆင်းတဲ့ သမင်ကို လေးနဲ့ပစ်ခဲ့တယ်။ မြားထိထားတဲ့သမင်ဟာ မြားတန်းလန်းနဲ့ ထွက်ပြေးသွားခဲ့တယ်။ မြားဒဏ်ကြောင့် ဝေးဝေးမပြေးနိုင်တော့တဲ့ သမင်ကို လိုက်ဖမ်းပြီး ပြန်အလာညဥ့်ချမ်းမှာ ပညောင်ပင်ဆီ ရောက်ခဲ့တယ်။ အဲဒီ ပညောင်ပင်အောက်မှာ ငါ့နောင်တော် ဘူရိဒတ်ဟာ နဂါးမတွေခြံရံပြီး စံပယ်နေတာကို သင် တွေ့ခဲ့ရတယ်။ ဟင် ... ဟုတ်ရဲ့လား။ မှတ်မိသေးရဲ့လား ပုဏ္ဏားယုတ်။ ငါ့နောင်တော်က သင့်ကို နဂါးပြည် ခေါ်သွားပြီး စည်းစိမ်ကြီးစွာနဲ့ ချီးမြှောက်ခဲ့တယ်။ ကျေးဇူးရှင်ဖြစ်တဲ့ ငါ့နောင်တော်ကို သင် ပြစ်မှားခဲ့တယ်။ ဟယ် ... သင် လုပ်ခဲ့တာတွေ သင်ပြန် စဉ်းစားစမ်း"

လွတ်လမ်းမရှိတော့ပြီဟု ပုဏ္ဏားကြီး တွေးနေဆဲတွင် သုဘောဂ၏ အသံက ခြိုးခြိုးရိုက် မြည်ထွက်ပေါ်လာပြန်သည်။

"အလမ္ပာယ် ပုဏ္ဏားလက်ထဲက ပတ္တမြားလိုချင်ဇောနဲ့ ငါ့နောင်တော်ကို သင် လက်ညှိုးထိုးပြခဲ့တယ်။ အကြီးအကျယ် ပြုခဲ့တဲ့ ကျေးဇူးကို သင်ဟာ အကြီးအကျယ်ပဲ ပြစ်မှားခဲ့တယ်။ အစွမ်းကုန်အောင် ကျေးဇူးကန်းခဲ့တယ်။ ငါ့နောင်တော်အပေါ် သင်ပြုခဲ့တဲ့ အမှုအတွက် ငါ တစ်သက် စိတ်မပြေဘူး။ သင့်ကို အသေသတ်မယ်။ လည်ကို ဆန့်ထုတ်ပြီး သင့် ဦးခေါင်းကို တောက်တောက် ဖြတ်ပစ်မယ်။ သင်နဲ့ အထိုက်တန်ဆုံး စီရင်ချက်ကတော့ အသေသတ်ခြင်းပဲ"

မိမိ အသတ်ခံရတော့မည်ဟု စိတ်ဒုန်းဒုန်း ချလိုက်သောအခါ ထူးခြားစွာပင် ပုဏ္ဏား၏ စိတ်သန္တာန်၌ စောစောက ဖြစ်ပေါ်နေခဲ့သော ထိတ်လန့်တုန်လှုပ်မှုများက လေပွေအဟှေ့မှ မြူမှုန်များလို ကင်းစင် လွင့်ပျောက်သွားသည်။

ကင်းမဲ့ ကွယ်ပသွားသော ကြောက်ရွံ့မှုများ နေရာတွင် နောက်ဆုံး အကြိမ် ကြိုးစားကြည့်အံ့မျှသော သေးမျှင်သည့် မျှော်လင့်ချက် အလင်းရောင်ကို ဖျတ်ခနဲ လှုပ်နှိုးလိုက်သည်။

အင်း ... ငါ့ကို အရှင်ထားမှာ မဟုတ်တော့ဘူးဆိုတာတော့ သေချာသွားပြီ။ သေရတော့မယ့်အတူတူ တစ်ခုခုတော့ ပြောမှပဲ ... ဤသို့ ကြံ၍ ပုဏ္ဏားကြီးသည် မျက်စိအစုံကို မှိတ်လိုက်သည်။ စင်စစ် သုဘောဂကို မကြည့်ရဲ

http://www.cherrythitsar.org



လောက်အောင်လည်း ချောက်ချားနေပြီဖြစ်သောကြောင့် မျက်စိမှိတ်လိုက်ခြင်း ဖြစ်သည်။

ထို့နောက် သဲ့သဲ့မျှသော လေသံက ပုဏ္ဏားကြီး၏သွားများ အကြားမှ ထွက်ပေါ်လာလေသည်။

"ပုဏ္ဏားတို့၏ သုံးပါးကြန်အင်
ဗေဒင်အတတ်ကို ငါတို့သင်၊
အလှူခံလှည့်၍ စားသောက်ခံမင်
မီးကိုပူဇော် ဝတ်ပြုနေစဉ်
ဤသုံးခုကို ထောက်ရှုဆင်ခြင်
ငါပုဏ္ဏားအား မသတ်အပ်ပါ သခင် ..."

နောက်ဆုံး ကောက်ရိုး တစ်မျှင်အဖြစ် ဖမ်းဆုပ်လိုက်သော ပုဏ္ဏားကြီး၏ဂါထာ မည်သည့် ကမောက်ကမ စကားလုံးများအဆုံးတွင် သုဘောဂသည် တွေခနဲ ဖြစ်သွားသည်။

ပုဏ္ဏားကြီးကမူ လည်မျိုပေါ်သို့ ကျလာတော့မည့် အစွယ်ကိုသာ မျက်စိမဖွင့်စတမ်း မှိတ်ရင်း စောင့်နေသည်။

သို့သော် အလှည့်အပြောင်းကား တစ်ဒင်္ဂအတွင်း ပေါ်ပေါက်ခဲ့ပေပြီ။

မိမိ၏ဦးခေါင်း ဘာကြောင့် မိမိကိုယ်မှ လွင့်စဉ်ထွက်မသွားသေး သနည်းဟူ၍ နေသာဒပုဏ္ဏားကြီးက မျက်စိဖွင့်ကြည့်လိုက်သောအခါ သုဘောဂ၏ ရဲရဲနီသော မျက်လုံးက မိမိအား စောစောကလို စူးစိုက်ကြည့်မနေဘဲ အဝေးသို့ မျှော်ငေးနေသည်ကို တွေ့လိုက်ရသည်။

သုဘောဂ၏ ထိုမျက်လုံးများ၌ တွေဝေယုံမှားသော အရိပ်အငွေ့များ လွှမ်းခြုံနေသည်ကိုလည်း ကောက်ကျစ်သလောက် ပါးနပ်သော ပုဏ္ဏားကြီး မြင်လိုက်သည်။

နောင်တော် ဘူရိဒတ်အတွက် အမျက်ချောင်းချောင်းထွက်နေသော သုဘောဂမှာ စင်စစ်မူ ပကတိအားဖြင့် စိတ်နှလုံး ခက်ထန်သူမဟုတ်။ သုဘောဂသည် အသိပညာ ရှာဖွေဆည်းပူးချင်သော သဘာဝရှိသူ ဖြစ်သည်။ မကြားဖူးသည်ကို ကြားရလျှင်၊ မမြင်ဖူးသည်ကို မြင်ရလျှင် အဘယ်ကြောင့် အဘယ်ဟူသော အချက်ကို သိချင်စူးစမ်းချင်သူ ဖြစ်သည်။

ယခုလည်း သုဘောဂ၏ အမျက်ဒေါသသည် နေသာဒပုဏ္ဏား၏ ဂါထာဆန်ဆန် စကားလုံးများကြောင့် အရှိန်အငွေ့တန့်သွားကာ စူးစမ်းလေ့လာချင်သည့် ပင်ကိုယ်သဘာဝက သုဘောဂ၏ ရင်တွင်း၌ ခေါင်းပြူ၍ နိုးထလာလေသည်။

http://www.cherrythitsar.org



"ပုဏ္ဏားတွေရဲ့ အကြောင်းသုံးပါးတဲ့။ ဗေဒင်အတတ်ကို သင်ခြင်း၊ အလှူခံ စားသောက်ခြင်း၊ မီးပူဇော်ခြင်းတဲ့။ ဒီလိုသုံးပါးသော အကြောင်းရှိတဲ့ ပုဏ္ဏားကို မသတ်အပ်ဘူးဆိုပါလား။ နေသာဒဟာ ငါ့အစ်ကိုအပေါ်မှာ ရက်စက် ယုတ်မာခဲ့တာတော့ အမှန်ပဲ။ ဒါပေမဲ့ သူဟာ ပုဏ္ဏားဖြစ်နေတယ်။ ပုဏ္ဏားဆိုတာ ဘယ်လိုအကြောင်းတွေများ ရှိနေသလဲ။ သူရေရွတ်လိုက် သလိုဆိုရင် အင်း ... ပုဏ္ဏားဆိုတာ မသတ်အပ်တဲ့ အမျိုးအစားထဲမှာ ပါနေရော့သလား"

သုဘောဂ ထိုသို့တွေးနေစဉ် နေသာဒ ပုဏ္ဏားကြီးမှာကား ပျောက် ကွယ်ချုပ်ငြိမ်းသွားပြီ ထင်ထားခဲ့သော မျှော်လင့်ချက်က ရောင်ခြည်သမ်းလာ သဖြင့် တထိတ်ထိတ် စောင့်စားရင်း ငြိမ်သက်နေသည်။

ပုဏ္ဏားဆိုတာ ဘယ်လိုဟာလဲ၊ ဘာအကြောင်းတွေ ရှိမလဲ ငါမသိ ဘူး။ နောင်တော် ဘူရိဒတ်မှသာ သိနိုင်မယ်။ ဟုတ်ပြီ ... နောင်တော်ကို ငါ မေးကြည့်ရမယ်။ ဒီပုဏ္ဏားကို နဂါးပြည် ခေါ်သွားမယ် ...။

သုဘောဂသည် ပုဏ္ဏားကြီး၏လည်မှ ရစ်ပတ်ဆုပ်ကိုင်လျက် ကြုံးဝါး လိုက်သည်။

"ငါ့ခမည်းတော် ဓတရဋ္ဌမင်းရဲ့ပြည်ဟာ ဟောဒီယမုန်နာမြစ်အောက်မှာ ရှိတယ်။ ဟိမဝန္တာနဲ့ ထိစပ်နေတယ်။ လာခဲ့စမ်း ပုဏ္ဏားယုတ်။ နင့်ကို အဲဒီခေါ်သွား ရမယ်"

ယမုန်နာမြစ် ရေပြင်ထက်၌ တဝုန်းဝုန်းအသံများ ပေါ်လာပြီးနောက် ရုတ်ခြည်းငြိမ်သက်သွားကာ လှိုင်းဂယက်ဝဲကတော့များသာ ကျန်ရစ်ခဲ့လေ သည်။

*

## ကာဏာရိဋ္ဌ၏ မိစ္ဆာဝါဒ

ဘူရိဒတ်၏ ပြဿဒ်ဆောင် တံခါး၌ တံခါးမှူးလုပ်ရင်း ဘူရိဒတ်ကို တွေ့ရန် လာကြသူများအား ငေါက်ငမ်းမာန်မဲ၍ နှင်ထုတ်နေသည်။ ထိုစဉ် ကာဏာရိဋ္ဌ၏ အကောင်းပကတိ ရှိနေသော မျက်လုံးတစ်ဘက်က ခပ်လှမ်း လှမ်းမှာ ဘွားခနဲ ရောက်လာသော အခြင်းအရာ တစ်ခုကို ကောင်းစွာ မြင် လိုက်သည်။

ကာဏာရိဋ္ဌ၏ စူးရှသော မျက်လုံးသည် ထိုအခြင်းအရာကို တွေ့လိုက် သည်နှင့် မျက်ခွံများက စဉ်းငယ်ကျဉ်းမေးသွားကြသည်။ ထို့နောက် ကာဏာရိဋ္ဌ သည် ခြေလှမ်းကြဲကြီးများဖြင့် ထိုနေရာသို့ လျှောက်သွားသည်။

နှောင်တော် ဘူရိဒတ် အနားယူခံစားနေရာ ပြဿဒ်ဆောင်၏ ဘေး ဘက်မုခ် တံခါးဝဖြစ်သော ထိုနေရာသို့ ရောက်လာကြသူများကို ကြိမ်းမောင်း နှင်ထုတ်ရန် ကာဏာရိဋ္ဌက အားယူလိုက်သည်။ သို့သော် အမျက်စောင်းမာန် ကြီးသော ကာဏာရိဋ္ဌ၏ မျက်ထောင့်နီနီများ၌ ဒေါသ အငွေ့က တစ်မုဟုတ်ချင်း ပျောက်သွားကာ အလွန့်အလွန် အံ့သြသော အရိပ်များက ဖုံးလွှမ်းသွားသည်။

ထိုအံ့သြမှုသည်လည်း ချက်ချင်းလိုပင် စိုးရိမ်ထိတ်လန့်သော အသွင် သို့ ကူးပြောင်းသွားပြန်သည်။

မုခ်တံခါးဝသို့ ရောက်လာသော သုဘောဂသည် ယခုတိုင် ဖမ်းဆုပ် ကုပ်ယူဆဲဖြစ်သော နေသာဒ ပုဏ္ဏားကြီးအား မလွှတ်တမ်း ဖိနှိပ်ထားလျက်မှပင် ညီဖြစ်သူ ကာဏာရိဋ္ဌအား အောင်မြင်သော အပြုံးများဖြင့် လှမ်းကြည့်နေသည်။ ကာဏာရိဋ္ဌအနီးသို့ ရောက်လာသောအခါ သုဘောဂက ဘူရိဒတ် ဒုက္ခရောက်

http://www.cherrythitsar.org



ခဲ့ရခြင်း၏ ပထမတရားခံဖြစ်သော ပုဏ္ဏားကြီးကို မိမိ လက်ရဖမ်းဆီးခဲ့နိုင်ပြီ ဖြစ်ကြောင်း အသိပေးစကားဆိုရန် အသင့်ပြင်လိုက်သည်။

သို့သော် သုဘောဂထံမှ စကားတစ်စုံတစ်ရာ ထွက်မလာသေးခင်မှာပင် အံ့ဩရာမှ စိုးရိမ်ထိတ်လန့်ပုံပေါက်နေသော ကာဏာရိဋ္ဌက ဦးစွာ စတင်ပြောဆိုလိုက်လေသည်။

"နောင်တော် သုဘောဂ၊ နောင်တော်ဟာ ပုဏ္ဏားတစ်ယောက်ကို ဖမ်းလာတယ် ... လား"

"ဟုတ်တယ်လေ ... သူဟာ"

"ဟာ ... မလုပ်နဲ့ ... မလုပ်နဲ့ နောင်တော်။ ပုဏ္ဏားဆိုတာ ဗြဟ္မာမင်းရဲ့ သားဖြစ်တယ်။ ပုဏ္ဏားကို ညှဉ်းဆဲ ဖမ်းဆီးရင် ဗြဟ္မာမင်းကြီးက ငါ့သားကို နဂါးတို့ ညှဉ်းဆဲရမလားဆိုပြီး အမျက်ထွက်လိမ့်မယ်။ ဗြဟ္မာမင်းအမျက်သင့်ရင် ကျုပ်တို့ နဂါးတစ်ပြည်လုံး ပျက်စီးလိမ့်မယ်"

"ညီတော် ... မင်း ဘာတွေပြော ..."

"နောင်တော် ... ပုဏ္ဏားဆိုတာ လောကမှာ မြင့်မြတ်တဲ့အမျိုး တန်ခိုးအာနုဘော်လည်း ကြီးတယ်။ ပုဏ္ဏားတို့ရဲ့ တန်ခိုးအာနုဘော်ကို နောင်တော် မသိဘူး။ ကျုပ် သိတယ်"

သုဘောဂသည် ညီကာဏာရိဋ္ဌကို တစ်ခါမျှ မမြင်ဘူးသကဲ့သို့ အံ့ဩတွေဝေစွာ ကြည့်မိလေသည်။ နေသာဒပုဏ္ဏားကြီးကား အကြောက်မပြေသေးဘဲ ဘာကိုမှ နားမလည်ဟန်ဖြင့် မျက်ကလဲဆန်ပျာ ဖြစ်နေသည်။

စင်စစ်ကား မျက်စိတစ်ဘက်ပျက်နေသော ကာဏာရိဋ္ဌသည် လွန်လေပြီးသော ဘဝ၌ ယဇ်ပူဇော်ခြင်းအမှုကို ကောင်းစွာ ပြုခဲ့သော ပုဏ္ဏားဖြစ်ခဲ့ဖူးချေသည်။ ထိုသို့သော အထုံအစဉ်ကြောင့် ကာဏာရိဋ္ဌ၌ ပုဏ္ဏားအစွဲသည် ဖြစ်တည်နေလေသည်။ သို့သော် ဤဘဝအဆက် အစွဲအလမ်းကို နောင်တော် သုဘောဂလည်း မသိ။ ကာဏာရိဋ္ဌကိုယ်တိုင်လည်း အတိတ်ဘဝက ပုဏ္ဏားဖြစ်ခဲ့ဖူးခြင်းကို မသိ။ သူ သိသည်ကား ပုဏ္ဏားတို့၏ ဝိသေသသဘောများသာ ဖြစ်လေသည်။

"နေစမ်းပါဦး ... အရိဋ္ဌရယ်။ နောင်တော် ပြောပါဦးမယ်"

သုဘောဂသည် ညီဖြစ်သူအား အများ ခေါ်လေ့ရှိသလို ကာဏာရိဋ္ဌ (မျက်စိတစ်ဘက်လပ်) ဟု နင့်နင်းသီးသီး မခေါ်ရက်ဘဲ အမည်ရင်းဖြစ်သော အရိဋ္ဌဟုသာ ခေါ်ဝေါ်သုံးစွဲတတ်သည်။

"နောင်တော် မပြောနဲ့။ ကျုပ်ပြောပါရစေ ... ဒီမှာ ..."

ကာဏာရိဋ္ဌကား မထိတ်သာ မလန့်သာဖြစ်နေတော့သည်။

http://www.cherrythitsar.org



"လူတွေမှာ ယဇ်ပူဇော်ခြင်းတို့၊ ဗေဒင်တို့ဆိုတာတွေ ရှိတယ်။ အမြဲရှိနေတယ်။ ယဇ်နဲ့ဗေဒင်ဟာ လူတွေရဲ့ ဘယ်သောအခါမှ ပျောက်ကွယ်သွားမှာမဟုတ်တဲ့ အလေ့ဓမ္မတာကြီးပဲ။ အမြဲတမ်းကား စည်ပင်နေမယ့် ကိစ္စကြီးတွေပဲ။ အဲဒီ ယဇ်နဲ့ ဗေဒင်နဲ့ အမြဲယှဉ်တွဲနေသူဟာ ပုဏ္ဏားတဲ့ နောင်တော်။ ပုဏ္ဏားတို့ကို မဖိနှိပ် မကဲ့ရဲ့အပ်ဘူး။ ဖိနှိပ်ကဲ့ရဲ့သူတွေမှာ သူတော်ကောင်းတရား ဆွံ့ပါးတတ်တယ်။ စည်းစိမ်ဥစ္စာ ဆုံးရှုံး လျော့ပါးတတ်သည်။ အမယ်လေး ပုဏ္ဏားတွေကို မစော်ကားလေနဲ့ နောင်တော်"

သုဘောဂမှာ ဘာ ပြန်ပြောရမှန်းမသိ ဖြစ်နေသည်။

ကာဏာရိဋ္ဌကမူ ပို၍ထက်သန်လာသော အမူအရာဖြင့် –

"ကိုင်း … ကျုပ် မေးစမ်းမယ်။ လူတွေကို ဘယ်သူ ဖန်တီးစီရင်သလဲ"

သုဘောဂ ချက်ချင်းပင် အဖြေပေးသည်။

"ငါ ဘယ်သိမလဲ အရိဋ္ဌ"

"နားထောင်စမ်း နောင်တော်၊ ညွှန်းချက်တွေ အသီးသီးနဲ့ ဖြစ်လာပုံက ဟောဒီလို။ ပုဏ္ဏားဟာ ဗေဒင်သင်ကြားတယ်။ မင်းဟာ မြေပြင်ကို အစိုးရအောင် မြင်တယ်။ သူကြွယ်တို့ဟာ လယ်ထွန်တယ်။ သူဆင်းရဲတွေကတော့ ပုဏ္ဏား၊ မင်း၊ သူကြွယ်ဆိုတဲ့ အမျိုးသုံးပါးတို့ကို လုပ်ကျွေးရတယ်။ ဒီလိုဗြဟ္မ၊ ခတ္တိယ၊ ဝဿ၊ သုဒ္ဒေဆိုတဲ့ အမျိုးလေးပါးတို့ကို ဗြဟ္မာမင်းက ဖန်ဆင်းစီရင်တယ်။ ဗြဟ္မာမင်းဆိုတာ ပုဏ္ဏားတို့ရဲ့ အဘိုး။ ဒါကြောင့် ပုဏ္ဏားဆိုတာဟာ ကြီးစွာသော ဂုဏ်နဲ့ပြည့်စုံတယ်။ ပုဏ္ဏားကို ကြည်ညိုတဲ့ စိတ်နဲ့ လှူဒါန်းရင် လှူသူဟာ နတ်ပြည်ရောက်တယ်။ သိရဲ့လား နောင်တော်"

ပင်ကိုယ်စရိုက် ခက်ထန်သော၊ အမျက်စောင် မာန်ကြီးသော၊ စကားနည်းသလောက် ခြေမြန်လက်မြန်ရှိလှသော ညီငယ် ကာဏာရိဋ္ဌထံမှ ဤကဲ့သို့ စီကာပတ်ကုံး စကားရှည်လျား မကြားဖူးသည့်အတွက် သုဘောဂမှာ အံ့အားအသင့်ကြီး သင့်နေသည်။ ထိုထက်မူ ကာဏာရိဋ္ဌ ပြောနေသော စကားများမှာ သူတစ်ခါမှ မကြားဖူးသည့် စကားဆန်းများ ဖြစ်နေသဖြင့် သုဘောဂသည် ဖမ်းယူလာခဲ့သော နေသာဒပုဏ္ဏားကြီးကိုပင် အာရုံမစိုက်မိတော့ဘဲ ဖြစ်သွားသည်။

ကာဏာရိဋ္ဌကား စကားမဆိုနိုင်သေး။

"နောင်တော် ကြားဖူးမှာပေါ့။ ဓာတာ၊ ဝိဓာတာ၊ ဝရုဏ၊ ကုဝေရ၊ သောမ၊ ယာမာ … စတဲ့ နတ်တွေ ရှိပါရောလား။ လ,နတ်၊ နေနတ်တွေလည်း အတူတူပဲ။ ဒီနတ်တွေဟာ ဗေဒင်တတ်တဲ့ ပုဏ္ဏားတွေကို ချီးမြှောက်လှူဒါန်းခဲ့လို့၊ ယဇ်ပူဇော်ခဲ့လို့ နတ်အဖြစ်ကို ရလာကြတာပဲ"

http://www.cherrythitsar.org



သုဘောဂ အံ့အားသင့်ကာ ကြက်သေသေ မင်တက်နေသည်ကိုပင် မိမိ၏စကားလုံးများတွင် ယုံကြည်သက်ဝင်ကာ ဘာမှ ပြန်မပြောနိုင်အောင် ဖြစ်သွားပြီဟု ကာဏာရိဋ္ဌ ယူဆလျက် ပို၍ အားတက်သရော ဆက်ပြောတော့သည်။

"အဇ္ဈုန အမည်ရှိတဲ့ ဘုရင်တစ်ပါးရှိတယ်။ အင်မတန် ခွန်အားကြီးတာ၊ အစင်းငါးရာသော လေးတို့ကို ငင်နိုင်တယ်။ စစ်အင်အားလည်း သိပ်ကြီးကျယ်တယ်။ လက်ရုံးတစ်ထောင်ရှိတယ်။ မြေအပြင်မှာတော့ အတုမရှိတဲ့ ဘုရင်ပေါ့။ အဲဒီ အဇ္ဈုနဘုရင်တောင်မှ မီးပူဇော်တယ် နောင်တော်ရဲ့ သိရဲ့လား။ ဗာရာဏသီမင်းတစ်ပါးဟာလည်း ပုဏ္ဏားတွေကို အင်တိုက်အားတိုက်လုပ်ကျွေးဆည်းကပ်တဲ့အတွက် တန်ခိုးကြီးတဲ့ နတ်ဖြစ်လာတယ်"

နေသာဒပုဏ္ဏားကြီးကား မိမိ၏ လည်ကုတ်ပေါ်မှ သုဘောဂ၏ အဆုပ်အကိုင်များ တဖြည်းဖြည်း ပြေလျော့လာနေသည်ကို ဝမ်းသာအားရ ဖြစ်နေသည်။ အာပေါင်အာရင်း သန်သန်ဖြင့် ပြောနေသော ကာဏာရိဋ္ဌကိုလည်း မျက်စိပေကလပ်ပေကလပ် ကြည့်ရင်း ကျိတ်၍ ကျေးဇူးတင်နေသည်။

ကာဏာရိဋ္ဌမှု ကောင်းစွာ စကားအရှိန်ရနေပေပြီ။

"ဗာရာဏသီပြည်က မုစလိန္ဒခေါ်တဲ့ ဘုရင်တစ်ပါးဟာလည်း ဒီလိုပဲ။ နတ်ပြည်သွားရာ လမ်းခရီးကို သိချင်လို့မေးတဲ့အခါ၊ ပညာရှိတွေပြောပြလို့ ပုဏ္ဏားတွေကို ပင့်ဆောင်ပူဇော်ရတယ်။ ပုဏ္ဏားတွေရဲ့ နတ်ဖြစ်တဲ့ မီးနတ်ကိုလည်း နွားနို့ ထောပတ်တွေနဲ့ ပူဇော်၊ မီးနဲ့ ပူဇော်ရတယ်"

သုဘောဂသည် တစ်စုံတစ်ခု ပြန်ပြောရန် ကြိုးစားသော်လည်း သူပြောခွင့် မသာအောင်ပင် ကာဏာရိဋ္ဌက ရေပက်မဝင် တတွတ်တွတ် ပြောနေသည်။

"သာဂရ အမည်ရှိတဲ့ ဘုရင်အကြောင်းကိုလည်း နောင်တော် နားထောင်ဦး။ သမုဒ္ဒရာအဆုံးက မြေကို ယူဆောင်ပြီး ရွှေအတိုင်ပြီးတဲ့ ယဇ်နဲ့ မီးနတ်ပူဇော်တဲ့အတွက် သာဂရမင်းဟာ တန်ခိုးကြီးနတ် ဖြစ်ခဲ့ရဖူးတယ်။ ဒါတင် ဟုတ်ရဲ့လား နောင်တော်။ အင်္ဂလိအမည်ရှိတဲ့ မင်းကြီးရဲ့ အာနုဘော်ကြောင့် ဂင်္ဂါမြစ်ဖြစ်လာတယ်။ နို့ဓမ်းဟာ သမုဒ္ဒရာ ဖြစ်လာတယ်။ အဲဒီ အင်္ဂလိမင်းကြီးက မီးနတ်ကို ပူဇော်လုပ်ကျွေးတဲ့အတွက် သိကြားမင်း ဖြစ်ခဲ့ပါရောလား။ သူ့စစ်သူကြီးဟာလည်း ပယောဂ ဆိပ်ကမ်းမှာ အညစ်အကြေး ဆေးလျှော်ပြီး ယဇ်ပူဇော်တဲ့အတွက် သိကြားမင်းရဲ့ စစ်သူကြီး တန်ခိုးကြီး နတ် ဖြစ်ခဲ့ပါရောလား"

"ယဇ်ပူဇော်တယ်။ မီးပူဇော်တယ် ဟုတ်လား"

သုဘောဂသည် လေသံတိုးတိတ်စွာ ရေရွတ်သည်ကို ကာဏာရိဋ္ဌက အောင်မြင်သော အသံဝါကြီးဖြင့် စကားစ, ဖြတ်နင်းလိုက်ပြန်သည်။

"အင်မတန် တန်ခိုးကြီးတဲ့ ဗြဟ္မာမင်းကြီးဟာ လူ့ပြည်ကို ဖန်ဆင်းတယ်။ တမလွန်ကိုလည်း ဖန်ဆင်းတယ်။ အို ... အင်္ဂါရတောင်၊ ဟိမဝန္တာတောင်၊ ဂိဇ္ဈတောင်တွေလည်း ဗြဟ္မာမင်း ဖန်ဆင်းတာပဲ။ မာလာဂီရိတောင်၊ သုဒဿန တောင်၊ ကောကဝေရတောင်၊ ဒါတွေအားလုံးဟာလည်း ယဇ်ပူဇော် သက္ကာတို့နဲ့ စီရင်ဖန်ဆင်းထားတာ။ ကိုင်း ... ကျုပ်မေးပါဦးမယ် နောင်တော်ရယ်။ ဟောဒီ သမုဒ္ဒရာရေဟာ ဘာကြောင့် မသောက်ကောင်းတဲ့ ဆားငန်ရေ ဖြစ်နေတာလဲ။ နောင်တော် သိလား"

"ငါ ... ငါမသိပါဘူး အရှင်ရှရယ်"

သုဘောဂက လေသံဖြင့် ပြောသည်တွင် ကာဏာရိဋ္ဌက အကောင်း ပကတိရှိသော မျက်စိတစ်ဘက် အထက်မှ မျက်ခုံးကို ပင့်တင်လိုက်ပြီး –

"အဲဒါပြောတာပေါ့ နောင်တော်။ နောင်တော်ဟာ ပုဏ္ဏားကို ညှင်းဆဲဖို့ပဲ သိတယ်။ ပုဏ္ဏားရဲ့ ဂုဏ်ကိုတော့ မသိဘူး။ မှတ်ထား နောင်တော်။ ဗေဒင် အတတ်ကိုလည်းတတ်၊ သီတင်းသီလကိုလည်း ရှာပြီး အလှူခံခြင်းနဲ့လည်း မွေ့ပျော်တဲ့ ပုဂ္ဂိုလ်လို့ သမုတ်အပ်တဲ့ ပုဏ္ဏားကို သမုဒ္ဒရာက လက်ခံတယ်။ ဂုဏ်ပြုပွေ့သပ် နှစ်မြုပ်ခေါ်ယူတယ်။ ဒါကြောင့် သမုဒ္ဒရာရေကို မသောက်ကောင်း ဘူး။ ဒီမှာ နောင်တော်ရဲ့။ ပုဏ္ဏားဆိုတာ ကောင်းမှုကုသိုလ်တည်းဟူသော မျိုးစေ့တို့ စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တယ်။ ဒီလောက မြေ အပြင်မှာ အရပ်လေးမျက်နှာတို့ရဲ့ နှစ်လိုဖွယ်ဖြစ်ခြင်းဟာ ပုဏ္ဏားကြောင့်သာ ဖြစ်တည်နေတာ သိရဲ့လား"

စကားလက်စ, သတ်လိုက်ပြီးနောက် မောပန်းသွားဟန်ဖြင့် ကာဏာ ရိဋ္ဌသည် တစ်ဝကြီး အသက်ရှူကာ ဝန်းကျင်ဝဲယာသို့ လှည့်ကြည့်သည်။

ထိုအခါမှပင် ကာဏာရိဋ္ဌ အံ့သြသွားသည်။

နေသာဒပုဏ္ဏားကြီးကို နောင်တော် သုဘောဂ တွန်းထိုးညှစ်ကုပ် ဖမ်း ယူဆုပ်ကိုင်လာသည်ကို တွေ့လိုက်သည်တွင် စိတ်လိုက်မာန်ပါဖြင့် ပုဏ္ဏားတို့၏ ဂုဏ်၊ ဗြဟ္မာမင်းကြီးအကြောင်း၊ ဗေဒင်ပညာ၊ ယဇ်ပူဇော်ခြင်း အစရှိသည်တို့ကို တစ်မျှင်တစ်တန်းကြီး ပြောချလာခဲ့ရာ ပြောချင်ဇော အားကြီးနှင့် ဝန်းကျင်ကို သတိမထားမိခဲ့။

ယခုစကားလက်စသတ်ပြီးတော့မှ ကာဏာရိဋ္ဌ သတိထားမိတော့ သည်။

မိမိရှင်းလင်းပြောကြားချက်များကို ထောက်ခံအားပေးကြသော၊ နှစ် သက်ယုံကြည်ကြသော နဂါးတို့သည် မိမိအနီးတွင် တစ်ခဲနက်စုရုံး ရောက်ရှိနေ ကြပေပြီ။

http://www.cherrythitsar.org



"ကာဏောရိဋ္ဌ် ပြောသွားတာ သိပ်ကောင်းတာပဲ။ အင်မတိ အင်မတန်ကို မှန်ပေတာပဲ"

ဟူသာ ချီးကျူးသံများကလည်း အုတ်အုတ် သဲသဲ။ ကာဏောရိဋ္ဌ်သည် ပရိသတ်၏ အားပေးမှုကို ရရှိသူပီပီ ...။

နောင်တော် သုဘောဂအား အောင်မြင်သူတို့ အပြုံးဖြင့် လှမ်းကြည့်လိုက်လေသည်။

*

http://www.cherrythitsar.org

## သမ္မာဒိဋ္ဌိအလင်းရောင်

ဘူရိဒတ်သည် ပြဿဒ် ဘုံဆောင်မြင့် စက်ရာပေါ်တွင် လဲလျောင်းနေရာမှ လွန့်လူးလိုက်သည်။ သတင်းစကားတို့ကား ရောက်ရှိကြပေပြီ။

ကာဏာရိဋ္ဌ်ဟာ ရဲရဲတောက် အမှန်တွေကို ပြောနေသတဲ့။ ကာဏာရိဋ္ဌ်ထံကို နဂါးများစွာ စုရုံးရောက်ရှိနေကြသတဲ့။ နဂါးအပေါင်းတို့က ကာဏာရိဋ္ဌ်ပြောသမျှကို ဟုတ်လှချည်ရဲ့။ မှန်လှချည်ရဲ့ ဖြစ်နေကြသတဲ့။

ဘူရိဒတ် မနေသာတော့ပြီ။ ရက်ပေါင်းများစွာ စိတ်ရောကိုယ်ပါ နာကျင်ဆင်းရဲခဲ့ရသော ဒဏ်ရာဒဏ်ချက်တို့ကိုလည်း ဂရုမထားနိုင်တော့ပြီ။ စင်စစ်အိပ်ရာထက်တွင် သက်သောင့်သက်သာ အနားယူကာ ပကတိအတိုင်း ပြန်လည်ကျန်းမာလာစေရန် အချိန်ယူ ကုသခံရဦးမည်ဖြစ်သော်လည်း ညီဖြစ်သူကာဏာရိဋ္ဌ်နှင့်တကွသော သူ၏ပရိသတ်ကိုသည်အတိုင်း လွှတ်ပေးထားဖို့မတော်တော့ဟု ဘူရိဒတ် ယူဆသည်။

မိစ္ဆာဒိဋ္ဌိ အယူသည် ပုဂ္ဂိုလ်ခင် တရားမင်လျက် စည်ပင်ပြန့်ပွားချေတော့မည်။ နောင်တော် သုဘောဂမှာလည်း အေးဆေးတည်ငြိမ်သူဖြစ်ပြီး သူတစ်ထူးနှင့် ပဋိပက္ခဖြစ်ရမည်ကို တတ်နိုင်သမျှ ရှောင်ကွင်းတတ်သူ ဖြစ်သည်။ နောင်တော် သုဘောဂကတော့ တစ်ခွန်းမှ ပြန်လည်ချေပမည်မဟုတ်။

ကာဏာရိဋ္ဌ်ကား သူ၏တစ်ဘက်ပျက် တစ်ဘက်မြင် စကားများ အတိုင်းဓမ္မကိုတစ်ဖက်သတ် အယူသီးရှုမြင်သူ။ ထို့ပြင် ကာဏာရိဋ္ဌ်သည်အမျက်စောင်မာန်ကြီးသူ။ ပင်ကိုအားဖြင့်ပင် သူတစ်ပါးတို့အပေါ် လွှမ်းမိုးသြဇာသက်ရောက်နိုင်သူ၊ ကာဏာရိဋ္ဌ်၏ ဘုရင့်သားတော်အဖြစ်ကိုလည်း ခန့်ညားကြ၊

http://www.cherrythitsar.org



ထန်ပြင်းမာန်တင်းသော စရိုက်ကိုလည်း ကြောက်ရွံ့ကြကုန်သော နဂါးအပေါင်းတို့သည် ကာဏာရိဋ္ဌ၏ တရားများကို စွဲလန်းယုံကြည်သွားကြတော့မည်။

အကောင်းပကတိ မဖြစ်သေးသော မိမိ၏ဒဏ်ရာ ဒဏ်ချက်များနှင့် ဖျော့တော့ ဆုတ်ယုတ်နေသေးဆဲ ခွန်အားများကို ဘူရိဒတ် လျစ်လျူရှုလိုက်တော့သည်။ မိစ္ဆာဒိဋ္ဌိကို သမ္မာဒိဋ္ဌိဖြင့် ဖြိုခွင်းရန် နဂါးအပေါင်းတို့ကို အမှောင်မှ ဆွဲထုတ်၍ အလင်းသို့ ပို့ဆောင်ရန်မှာ ဤနဂါးပြည်ဝယ် မိမိတစ်ဦးတည်းသာ ရှိကြောင်း ဘူရိဒတ် ဆုံးဖြတ်လိုက်သည်။

*

ခပ်သိမ်းသော တန်ဆာတို့ဖြင့် ဆင်ယင်အပ်သည့် ပလ္လင်ထက်၌ ဘူရိဒတ် ဖွဲ့ခွေထိုင်သည်။ ကျောက်သံပတ္တမြား ရတနာရွှေငွေတို့၏ ပြိုးပြိုးပြက်ရောင်စုံများတွင် အဖြူရောင်သည် အတောက်ပဆုံးနှင့် အလွှမ်းမိုးဆုံး အရောင်ဖြစ်နေသည်။

တရားပလ္လင်ထက်တွင် ဘူရိဒတ် နေရာယူချိန်၌ နဂါးပရိသတ်အပေါင်းတို့သည်လည်း တရားသဘင် ခန်းမကြီးထဲတွင် အသီးသီး ခစားပျက်ဝပ်နေကြသည်။ အားလုံးစုံညီစုဝေးရောက်ရှိကြပြီးနောက်တွင် ဘူရိဒတ်က အမိန့်ပေးလိုက်လေသည်။

"ကာဏာရိဋ္ဌကို ခေါ်ခဲ့ကြ"

နဂါးပရိသတ်အချို့က ဘူရိဒတ္တ ကိုယ်တော်သည် အားလုံး စုံညီရှေ့မှောက်၌ မိမိကြုံတွေ့ခံစားခဲ့ရသော နှလုံးတုန်ဖွယ် အဖြစ်ဆိုးကြီးကို ပြန်ပြောင်းဖောက်သည်ချတော့မည်ဟု ထင်ကြသည်။ အချို့ကလည်း ကာဏာရိဋ္ဌကို ဆင့်ခေါ်ခိုင်းခြင်းမှာ ပရိသတ်အလယ်တွင် ညီဖြစ်သူ၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော်ချီးကျူးလိုသောကြောင့် ဖြစ်မည်ဟု ဆိုကြသည်။ အချို့ကမူ သွေးဆုတ်ဖြူရော်နေထိုင်မကောင်းရှိလျက်နှင့် အားလုံးစုံညီစုဝေးကာ ညီကာဏာရိဋ္ဌကိုလည်း ခေါ်ခိုင်းခြင်းမှာ ဘူရိဒတ်ကိုယ်တော်တွင် အရေးတကြီး တစ်စုံတစ်ခု ဆိုစရာရှိ၍သာ ဖြစ်မည်။ ထိုတစ်စုံတစ်ခုမှာ ဘာမှန်းတော့ မသိဟု တီးတိုးပြောနေကြလေသည်။

ကာဏာရိဋ္ဌ ရောက်လာသည်။

အကြောင်းပေါင်း မသင့်ခဲ့၍ တစ်ဘက်လပ်ကွယ်ခဲ့ရသော မျက်စိရှိသူ ကာဏာရိဋ္ဌသည် တရားသဘင်ခန်းမထဲသို့ ရဲဝံ့စွာပင် ဝင်ရောက်လာသည်။ သို့သော် နောင်တော်ကို ချစ်ကြည်ညိုရင်းစွဲရှိသူ ဖြစ်သောကြောင့် ဘူရိဒတ် ရှေ့မှောက် အခစားရောက်ချိန်တွင်ကား ကာဏာရိဋ္ဌသည် သူ၏ ကြွားရွှားဟန်အမူအရာကို ဖယ်ရှားကာ ကျုံ့ရုံ့အသွင်ကို ဆောင်လေသည်။

*

"ညီတော် အရိဋ္ဌ"

ဘူရိဒတ်၏အသံသည် နွမ်းနယ်မှုအလျဉ်းမရှိဘဲ ကြည်လင်အောင်မြင် ပြတ်သားစွာ ထွက်ပေါ်လာသည်။ တစ်ဘက်လပ်ဟု အဓိပ္ပာယ်ရသော ကာဏာရိဋ္ဌဟူသည့် အများခေါ်အမည်ကို မသုံးဘဲ ငယ်နာမည်ရင်း အရိဋ္ဌဟုသာ သုံးလိုက်ခြင်းဖြင့် ဘူရိဒတ်သည် ညီတော်အပေါ် မေတ္တာစာတ် လွှမ်းမိုးခြုံပေးလိုက်သည်။

"အရိဋ္ဌ သင်ဟာ မဟုတ်မမှန်သည်ကို ဆိုပြီး ဗေဒင်ကို၊ ယဇ်ပူဇော်ခြင်းကို၊ ပုဏ္ဏားကို ချီးမွမ်းတယ်။ ရှိစေ အရိဋ္ဌ။ ပုဏ္ဏားတို့ဟာ ဗေဒင်ကို စီရင်တယ်။ သို့သော် ယဇ်ပူဇော်ခြင်းဟာ မကောင်းမှုပဲ ဖြစ်တယ်။ ဒီအလေ့ဟာ နတ်ရွာသို့ ဆောင်တဲ့ အလေ့မဟုတ်ဘူး။ သင် အယူလွဲမှားနေပေတယ်"

ပရိသတ်အပြင်၌ တဝေါဝေါ အသံများ လှိုင်းထသွားပြီးမှာ ငြိမ်သက်သွားသည်။ ကာဏာရိဋ္ဌကား စကားတုံ့မဆိုဘဲ တိတ်ဆိတ်နေသည်။ ဘူရိဒတ်သည် တစ်လုံးချင်း ပြတ်သားစွာ ဆက်ပြောလေသည်။

"အရိဋ္ဌ ... ဗေဒင်အတတ်ဆိုတာ ပညာရှိတို့အဖို့ အရှုံးချည်းသာ ဖြစ်တယ်။ သူမိုက်တို့အဖို့ အောင်ကြောင်း အယူဖြစ်တယ်လို့ ယုံကြည်ကြပေမဲ့ ဆင်ခြင်မှုနဲ့ မယှဉ်တဲ့အတွက် တံလှပ်ပမာသာ ဖြစ်တယ်။ လှည့်ပတ်တတ်တဲ့ သဘောရှိသော ဗေဒင်ကို ပညာရှိတို့ မဆောင်ရွက်ကြဘူး။ အစ်ကိုညီတော်၊ ခင်ပွန်းကို ပြစ်မှားတတ်၊ အစီးအပွားကို ဖျက်ဆီးတတ်တဲ့ သူကို ဗေဒင်ဟာ မစောင့်ရှောက်ဘူး။ ယဇ်ပူဇော်ခြင်းနဲ့ လုပ်ကျွေးတဲ့ မီးဟာလည်း မကောင်းမှုပြုသူ၊ ပြစ်မှားသော နှလုံးရှိသူကို မစောင့်ရှောက်ဘူး။ လူတွေဟာ ဥစ္စာပစ္စည်းတွေကို ထင်းမြက်တွေနဲ့ရောပြီး မီးတိုက်တဲ့အမှုပြုတယ်ဆိုရင် ထိုလောင်ကျွမ်းတဲ့ မီးရဲ့ အရှိန်အဟော်ဟာ ဘယ်တော့မှ ရောင့်ရဲခြင်း မရှိဘူး၊ အတောမသတ်ဘူး။ အဲဒီမီးကို ဝလင်ပြည့်စုံအောင် ဘယ်သူပြုနိုင်ပါ့မလဲ အရိဋ္ဌ"

ကာဏာရိဋ္ဌ အားပါးတရ ကြွေးကြော် ထောက်ခံခဲ့သော ယဇ်ပူဇော်ခြင်းကိစ္စ၊ ပုဏ္ဏားတို့၏ဗေဒင်အတတ် ကိစ္စတို့ကို ဘူရိဒတ်သည် အတိအလင်း ငြင်းဆိုဖယ်ရှားခြင်းဖြင့် တရားစကား ဖွင့်လိုက်သည်။ ကာဏာရိဋ္ဌကား မျက်နှာအောက်ချလျက် နားစိုက်ထောင်နေလေသည်။ ပရိသတ်လည်း အသံလုံးဝမပြုဘဲ တိတ်ဆိတ်စွာ နာကြားလျက် ရှိလေသည်။

"ဥပမာပြမယ် ညီတော် အရိဋ္ဌ၊ နို့ရည်ဟာ နို့ဓမ်းလည်း ဖြစ်နိုင်တယ်။ ဆီဦးလည်း ဖြစ်နိုင်တယ်။ ဒါကြောင့် နို့ရည်ဟာ ဖောက်ပြန်သော သဘောဆောင်တယ်။ မီးဟာလည်း ဤအတိုင်း ဖောက်ပြန်တဲ့သဘော ဆောင်တယ်။ ခြောက်သွေ့ကြွပ်ရွနေတဲ့ သစ်ကိုင်း သစ်ရွက်တို့ထဲမှာ မီးဟာ ကိန်းဝပ်နေတယ်။ သို့သော်

ပွတ်ကျေး ပွတ်ခုံတို့နဲ့ မပွတ်ဘဲ မဖြစ်လာဘူး။ ပွတ်တိုက်ခြင်း အမှုမရှိဘဲ ဖြစ်မလာဘူး။ သစ်တောတွေကို ကြည့်၊ ခြောက်သွေ့ သစ်တော သစ်ပင်တွေမှာ မီးဟာ တောက်လောင်နေတယ်။ မီးရဲ့ သဘောကို သင်ယခုလို စဉ်းစားပြီးရင် တစ်ဆင့်တက် တွေးစမ်းအရှင်"

"ထင်းမြက်တို့နဲ့ အခိုးအလျှံရှိတဲ့ မီးကို လောင်စာကျွေးသူဟာ သင်ယူဆထားသလို ကောင်းမှုပြုသူဖြစ်တယ်ဆိုရင် မီးသွေးဖုတ်သမား၊ ဆားချက်သမား၊ စားဖိုသည်၊ လူသေကောင် ဖုတ်သမားတွေဟာ ကောင်းမှုပြုသူတွေ ဖြစ်မနေဘူးလား"

တစ်ထပ် တစ်ပတ်ရစ်ပတ်လာသော နှောင်ကြိုးများကဲ့သို့ ဘူရိဒတ်၏ ကျိုးကြောင်းဆင်ခြင်ယှဉ်သည့် စကားလုံးများက ကာဏာရိဋ္ဌ၏ အယူလွဲကို တင်းတင်းကျပ်ကျပ် ရစ်နှောင်ကြသည်။ ကာဏာရိဋ္ဌ မလှုပ်နိုင်။

"မီးသွေးဖုတ်သမား၊ ဆားချက်သမား၊ စားဖိုသည်၊ လူသေကောင် ဖုတ်ကျည်းသူတို့ဟာ ကောင်းမှုကုသိုလ်ပြုတယ်လို့ မဆိုနိုင်ဘူး။ ထို့အတူ မီးကို အစာကျွေးသူဖြစ်တဲ့ ပုဏ္ဏားတို့ဟာလည်း ကောင်းမှုကုသိုလ်ပြုသူ မဟုတ်ဘူး။ စဉ်းစားစမ်း အရှင်၊ ပုပ်ဟောင်နံစော်သော အနံ့ရှိတဲ့ ခွေးကောင်ပုပ်၊ မြွေကောင်ပုပ်တွေကို လူတွေဟာ မီးရှို့ကြတယ်။ ဒါတွေကို မီးပူဇော်တယ်ဆိုပြီး သင် ဘာကြောင့်မှ မစားဘူး မဟုတ်လား"

ကာဏာရိဋ္ဌသာမက သူ့တရားစကားများ၌ မှင်တက်မှိုင်းမိခဲ့ကြသော နဂါးများသည်လည်း ခေါင်းငိုက်စိုက်ကျနေကြသည်။ ဘူရိဒတ်၏ တရားသဘောများကား တသွန်သွန် စီးဆင်းနေဆဲပင်။

"မီးကို နတ်လို့ အချို့က ဆိုတယ်။ အချို့က ရေကို နတ်လို့ ဆိုတယ်။ ချွတ်လွဲတဲ့ ဒီစကားမျိုးကိုဆိုပြီး အယူသီး ယုံကြည်ကြတယ်။ မီးဟာ နတ်မဟုတ်ဘူး။ ရေဟာ နတ်မဟုတ်ဘူး။ ကိုယ်စိတ်လည်း မရှိ၊ ဣန္ဒြေလည်း မစပ်၊ ကိုယ့်သဘော ကိုယ်ဆောင်တဲ့ ထိုမီးကို လုပ်ကျွေးပြီး မကောင်းမှု ပြုနေသူဟာ နတ်ပြည်နတ်ရွာ ဘယ်မှာလားရပ်မလဲ အရှင်"

ကရားနှုတ်ရေအသွင် သွန်ကျစီးဆင်းနေရာမှ ဘူရိဒတ်၏ စကားလုံးများသည် မိုးသီးမိုးပေါက်များပမာ ဖြစ်လာသည်။

"အသက်မွေးဝမ်းကျောင်းဖို့ ရည်ရွယ်ချက်နဲ့ ပုဏ္ဏားတွေက ဆိုတယ်။ ဗြဟ္မာမင်းဟာ ခပ်သိမ်းလောကကို အစိုးရတယ်။ မီးကို လုပ်ကျွေးအပ်တယ်။ မီးသာလျှင် မိမိအလိုသို့ လိုက်တယ်။ ဒီလိုဆိုရင်းနဲ့ ဘာကြောင့် မိမိမဖန်ဆင်းဘဲ သူတစ်ပါး ဖန်ဆင်းတဲ့ မီးကို ရှိခိုးသလဲ။ သင်ယုံနေတဲ့ ပုဏ္ဏားတွေရဲ့ စကားဟာ ဆင်ခြင်နဲ့ မယှဉ်ဘူး။ အချည်းနှီး ရယ်ဖွယ်သာဖြစ်တယ်။ မှတ်သား နာယူစမ်း

http://www.cherrythitsar.org



အရှင်။ ပုဏ္ဏားတွေဟာ ရှေးက လာဘ်ပူဇော် သက္က မရှိတဲ့အတွက် လာဘ်ကို လိုချင်တဲ့အတွက် ယဇ်ကျမ်းကို စီရင်ကြ တယ်။ အသီးအသီး ညွှန်းတဲ့အတိုင်း ပုဏ္ဏားဟာ ဗေဒင်သင်ရမယ်။ မင်းဟာ မြေအပြင်ကို အစိုးရ အောင်မြင်ရမယ်။ သူကြွယ်တွေဟာ ကုန်သွယ်လယ် လုပ်ရမယ်။ သူဆင်းရဲတို့က အဲဒီအမျိုးသုံးပါး ကို လုပ်ကျွေးရမယ်။ ဒီလို ပုဏ္ဏား၊ မင်း၊ သူကြွယ်၊ ကျွန်အမျိုးလေးပါးကို ဗြဟ္မာမင်း စီရင်ဖန်ဆင်းတယ်လို့ ပုဏ္ဏားတွေက ဟောကြားကြတယ်။ စဉ်းစား ကြည့်စမ်း အရှင်”

ကြောင်းကျိုး ဆင်ခြင်ဉာဏ်ဖြင့်ယှဉ်သော တရားစကားများက ရဲရဲ တောက် ပေါ်ထွက်လာကြပြီဖြစ်သည်။

“ပုဏ္ဏားတို့ ဆိုတိုင်းသာ ဒီစကားမှန်ရင် မင်းမျိုးမဟုတ်သူဟာ မင်း အဖြစ်ကို မရရာဘူး။ ပုဏ္ဏားမဟုတ်သူ ဗေဒင် မသင်ရာဘူး။ သူကြွယ် မဟုတ်သူ ကုန်သွယ်လယ်လုပ် မပြုရာဘူး။ သူဆင်းရဲတို့လည်း တစ်ပါးသူ အစေအပါးက မလွတ်ရာဘူး။ လောကမှာ ဒီလိုမဟုတ်ဘူး အရှင်၊ မင်းမျိုး မဟုတ်သူ မင်းအဖြစ် ရတယ်။ ပုဏ္ဏား မဟုတ်သူ ဗေဒင်သင်တယ်။ သူကြွယ် မဟုတ်သူ ကုန်သွယ် တယ်။ သူဆင်းရဲတို့လည်း သူ့အစေအပါးက လွတ်တယ်။ လောကမှာ ဒီလို ထင်ရှားရှိတဲ့အတွက် ပုဏ္ဏားစကား မမှန်ဘူး။ ဝမ်းဝရေးအတွက် မဟုတ်မမှန် လှည့်ပတ်ပြောဆိုခြင်းသာ ဖြစ်တယ်။ ဒီစကားတွေကို ပညာနည်းသူတွေသာ ယုံတယ်။ ပညာရှိတို့ မယုံဘူး။ မင်းတို့ဟာ သူကြွယ်ဆီက အခွန်တောင်းယူ တယ်။ ပုဏ္ဏားတွေက ဓားလုံလက်နက် စွဲကိုင်တယ်။ ဒီလို မညီမညွတ် ချောက် ချောက်ချားချား လူအများ အကျိုးပျက်စီး ယုတ်လျော့ကြောင်း အဖြစ်သနစ် တွေကို သူတို့ပြောတဲ့ ဗြဟ္မာက ဘာကြောင့် ဖြောင့်မှန် ညီညွတ်အောင် မဖန်ဆင်း မစီရင်ရတာလဲ”

ကာဏာရိဋ္ဌ်သည် ထိုတရားရေစင် အလျှံကို ခုခံငြင်းဆန်နိုင်ရန် အင်အား မရှိတော့။

“ညီတော် အရှင် ... ဗြဟ္မာမင်းဟာ ခပ်သိမ်းသော လောကကို အစိုးရ ၏ ဆိုတဲ့ ပုဏ္ဏားတို့ စကားမှန်ရင် ဘာကြောင့် လူအပေါင်းတို့ရဲ့ ဆင်းရဲခြင်းကို ပြုသလဲ၊ လူတို့ရဲ့ အရှင်သခင်မှန်လျှင် ချမ်းသာကိုသာ ပြုရမယ် မဟုတ်လား။ လှည့်ပတ်ခြင်း၊ မဟုတ်မမှန် ပြောဆိုခြင်း၊ မေ့လျော့ခြင်း၊ မတရားခြင်းတွေနဲ့ ဘာကြောင့် လူတွေကို အကျိုးစီးပွားမဲ့ ပြုသလဲ ...။

“ဗြဟ္မာမင်းဟာ အဓမ္မကို ကျင့်ပါကလား အရှင်။ ပေါက်ဖတ်၊ ကင်း၊ သန်း၊ နှံ၊ မြွေ၊ ဖား၊ ငါး၊ ယင်၊ မှတ်၊ ပိုးရွ၊ ခြပုန်းကောင်တို့ကို သတ်ရင် စင်

http://www.cherrythitsar.org



ကြယ်တယ်ဆိုတဲ့ သင်ပြောနေတဲ့ အခမ္ဘဝါဒဟာ ချွတ်လွဲတဲ့ တိုင်းသားတွေရဲ့ ဝါဒသာ ဖြစ်တယ်"

အယူဝါဒလွဲမှ ယိမ်းယိုင် ချောက်ချားလာပြီဖြစ်သော ကာဏာရိဋ္ဌနှင့် သူ၏တရားတို့၌ သက်ဝင် ယောင်မှားခဲ့ကြသော ပရိသတ်တို့သည် တုတ်တုတ်မျှ မလှုပ်နိုင်ဘဲ ဝပ်စင်းဆွံ့အကုန်ကြပေပြီ။

"ညီတော်အရှင်၊ အကြင်သူဟာ သတ်ခြင်း အမှုကိုပြုတယ်။ ထိုသူဟာ အပြစ်မှ စင်ကြယ်တယ်ဆိုရင် နတ်ပြည် ရောက်တယ်ဆိုရင် ပုဏ္ဏားတို့ဟာ မိမိ အချင်းချင်း သတ်ကုန်ရာပြီ။ ယုံသူ လူအပေါင်းတို့လည်း အချင်းချင်း သတ်ကုန် ရာပြီ။

"ယဇ်ပူဇော်ခြင်းကြောင့် တမလွန်ဘဝမှာ အလိုပြည့်စုံ ချမ်းသာမယ် လို့ဆိုပြီး နွားချေးစုမှာစိုက်တဲ့ ယဇ်တိုင်ကို အဆန်းတကြယ် စီရင်ကြတယ်။ ကြည်ညိုဖွယ်မျက်နှာကို ဆောင်ကြတယ်။ ယဇ်တိုင်မှာ ရတနာကျောက်မျက် တွေကို ပူဇော်ရင် နတ်ပြည်ရောက်တယ်ဆိုရင် ပုဏ္ဏားတွေဟာ အဆန်းတကြယ် စီရင်ကြမှာပဲ။ အခုတော့ အဲဒီလို ရတနာ ကျောက်မျက်တွေကို ပုဏ္ဏားတွေ မဆင် ယင် မချိတ်ဆွဲကြဘူး။ မပူဇော်ကြဘူး။ ဖြားယောင်း ပြီးတော့သာ ငါတို့ကို ပေးလှူရင် အလိုခပ်သိမ်း ပြည့်စုံချမ်းသာလိမ့်မယ်လို့ ဆိုတယ်။ ဆိုပြီးတော့ မီး ပူဇော်ရာ အုံအတွင်း ဝင်ကြတယ်။ ဆံမုတ်ဆိတ်၊ ခြေသည်း၊ လက်သည်းလှီး ဖြတ်ပြီး မီးထဲ ထည့်တယ်။

"ကျီးတွေဟာ ခင်ပုပ် ငှက်တစ်ကောင်ကို ခြံရံပြီး အစာရေစာ စား သောက်ပြည့်စုံကြသလို ပုဏ္ဏားတွေဟာ တစ်ယောက်တည်းသော မင်းကို ဝန်းရံ လှည့်ပတ်လုယက်ပြီး မျက်ဝါးထင်ထင် မသိရတဲ့ နတ်ပြည်နတ်ရွာနဲ့ ဖြားယောင်း ကြတယ်"

ကာဏာရိဋ္ဌ၏ လွဲမှားသော အယူကို တစ်စစီ ပဲ့ကြွေပျက်စီးလေပြီ ဟု သိနေသော်လည်း ဘူရိဒတ်သည် အပြီးတိုင် သန့်စင် ချေချွတ်ရန် ဆက်လက် အားထုတ်လေသည်။

"နားထောင်ဦး အရှင်၊ ပေါက်ပင်ကိုင်းဟာ သိကြားမင်းရဲ့ လက်ရုံးလို့ ပုဏ္ဏားတွေက ပြောပြီး ယဇ်ပူဇော်ရာမှာ သုံးကြတယ်။ ဒီစကား မှန်တယ်ဆိုရင် ယဇ်ပွဲမှာ ပြတ်ခဲ့တဲ့ ပေါက်ကိုင်းကြောင့် သိကြားမင်း လက်ရုံးပြတ်ခဲ့ပြီ။ လက် ရုံးပြတ်တဲ့ သိကြားမင်းဟာ အသုရာတို့ကို ဘယ်နှယ့်လုပ် အောင်မြင်ပါတော့ မလဲ။ လှည့်ပတ်ဖြားယောင်း စကားတွေကို သင်မြင်ပြီလား အရှင်"

တိတ်ဆိတ်စွာပင် ကာဏာရိဋ္ဌလည်း ဝန်ခံအရှုံးပေးနေသည်။

"မာလာဂီရိတောင်၊ ဟိမဝန္တာတောင်၊ ဂိဇ္ဈတောင်၊ သုဒဿနတောင်၊ နီသဘောဂတောင်၊ ကုဝေရတောင် စတဲ့ တောင်တွေကို ပုဏ္ဏားကြီးတွေက ယဇ်ပူဇော်တဲ့အခါ အုတ်နဲ့စီပြီး ဆောက်လုပ်ကြတယ်။ ဒီအုပ်တွေကို ယူပြီး ယဇ်ပူဇော်သူတွေဟာ စီရင်ကြတယ်။ တောင်တွေဟာ အုတ်မဖြစ်ဘူး။ တောင်တွေဟာ မတုန်မလှုပ်ဘဲ ရှိကြတယ်။ အုတ်ဟာ ဘယ်လောက်ကြာကြာ ကျောက် မဖြစ်ဘူး။ ကြေးဟာ ဘယ်လောက်ကြာကြာ သံမဖြစ်ဘူး။ ဒါပေမဲ့ အုတ်နဲ့ စီရင်ပူဇော်တာဟာ ကောင်းတယ်လို့ပဲ ပုဏ္ဏားတွေက ဆိုကြပြန်တယ်"

တစ်ခုပြီးတစ်ခု ချေဖျက် ပယ်ဖျက်ခဲ့ရင်းဖြင့် ဘူရိဒတ်သည် ကာဏာရိဋ္ဌ၏ အယူအဆ နောက်တစ်ခုကို တိုက်ခိုက်ရန် ကိုင်စွဲလိုက်ပြန်သည်။

"အရိဋ္ဌ သမုဒ္ဒရာမှာ ရေသွန်တဲ့ ပုဏ္ဏားကို သမုဒ္ဒရာဟာ နှစ်မိတယ်။ ဒါကြောင့် သမုဒ္ဒရာရေကို မသောက်ကောင်းလို့ သင်ဆိုခဲ့တယ်။ အရိဋ္ဌ ဗေဒင်ပုဏ္ဏားတို့ကို အထောင်မကတဲ့ မြစ်တွေဟာလည်း မျှောခဲ့တာပဲ။ အဲ့ဒီမြစ်ရေတွေကိုတော့ မသောက်ကောင်းဘူးလို့ မဆိုပါလား။ ဘာကြောင့်  သမုဒ္ဒရာရေကိုသာ မသောက်ကောင်းဆိုသလဲ အရိဋ္ဌ။ ဆားငန်ရေ  အတိရှိတဲ့ တွင်းများဟာ ပုဏ္ဏားတွေကို မနှစ်ပါလား။ ဒီလို မနှစ်ပါဘဲလျက် ဒီတွင်းရေတွေကိုတော့ ဘာကြောင့် မသောက်ကောင်းတာလဲ"

သမုဒ္ဒရာ ရေမသောက်ကောင်းသည်မှာ ပုဏ္ဏားတို့နှင့် ဘာမှမဆိုင်။ ဆားငန်ရေနှင့်သာ သက်ဆိုင်ကြောင်း ရှင်းလင်းပြဆိုပြီးသောအခါ ဘူရိဒတ်သည် ရှေ့ဆက်ပြန်လေသည်။

"ဗေဒင်ကို သင်ယူ၊ ဗေဒင်ကို စကားနဲ့ ကြံစည်ဖွဲ့ဆို၊ ကဗျာလင်္ကာတွေ ရေးစပ်တဲ့ ပုဏ္ဏားဟာ လာဘ်သပ်ပကာကို လိုတဲ့အတွက် ဒီလို ပြုတာပဲဖြစ်တယ်။ သူမိုက်တွေ ပညာနည်းသူတွေသာ ဒီဗေဒင်တွေကို ယုံကြည်ကြတယ်။ ခြင်္သေ့၊ သစ်၊ ကျား၊ လူယောကျ်ားတွေဟာ အားနဲ့ ပြည့်စုံသူတွေ ဖြစ်တယ်။ ဒီလိုအားမျိုး ပုဏ္ဏားမှာ မရှိဘူး။ လူ့အဖြစ်ကို နွားကဲ့သို့ ရှုတယ်။ အဲ့ဒီပုဏ္ဏားတွေရဲ့ ပညာမရှိသော အပြစ်သည်သာ နွားနဲ့တူတယ်။

"ဥစ္စာပစ္စည်းအတွက် သူကြွယ်တွေဟာ ထွက်ယက်စိုက်ပျိုး ကုန်သွယ်လယ်လုပ်အမှုပြုကြတယ်။ ဒီအတိုင်းပဲ ပုဏ္ဏားတွေ၊ သူဆင်းရဲတွေလည်း ဥစ္စာပစ္စည်းအတွက် ထွန်ယက်စိုက်ပျိုး ကုန်သွယ်လယ်လုပ်အမှုပြုကြတယ်။ ယတြာစတဲ့ ကျမ်း၊ ဗေဒင်သုံးပုံ စတဲ့ကျမ်းတွေက ဘယ်ပဲ ကွဲပြား ကွဲပြား အနက်အားဖြင့် ဓာတ်တူကြတယ်။ လာဘ်ရခြင်း၊ မရခြင်း၊ အခြံအရံရှိခြင်း မရှိခြင်းစတဲ့ လောကဓံ တရားလေးပါး၊ အခြားလေးပါး၊ ရှစ်ပါးတို့သာလျှင် အလုံးစုံ ခြုံလွှမ်းတဲ့ တရားတွေ ဖြစ်တယ်"

http://www.cherrythitsar.org



"အရိုင္အ စင်စစ်တော့ မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ ဆင်းရဲသား၊ အမျိုးလေးပါးတို့ဟာ ဇာတ်တူပဲဖြစ်တယ်။ မပြတ်ကြောင့်ကြခြင်း၊ ကာမဂုဏ်နဲ့ယှဉ်ခြင်း၊ မြေကြီး၌ အမှုများစွာပြုခြင်း၊ လောကဓံ ရှစ်ပါးနဲ့ ကြုံဆုံကျင်လည်ခြင်း၊ ဒီအရာတွေမှာ အနက်တူပဲ။ ပညာနည်းတဲ့ ပုဏ္ဏားတွေဟာ ဒါတွေကို မသိ၊ တရားမှ ကျင့်ကြောင်း ဝေးကွာကြပေတယ် ညီတော် အရိုင္အ"

ဘူရိဒတ်သည် သမ္မာဒိဋ္ဌိအလင်းပြ ဆုံးမစကားကို နိဂုံးချုပ်လိုက်လေသည်။ ကာဏာရိဋ္ဌ၏အသွင်မှာ တိမ်ညိုစင်သော လဝန်းသို့နှယ် ကြည်လင်လာသည်။ နဂါးပရိသတ်အပေါင်းလည်း အုံ့အဲသိမ့်သိမ့် တစိမ့်စိမ့် ဝမ်းမြောက်ကြသည်။

တွေဝေယုံမှား အမိုက်တိုက်သည် လုံးဝ ကင်းစင် လွင့်ပျောက်သွားခဲ့ပြီ။

*

## ဆာမေရီသို့ထူးထူးခြား

နေသာဒပုဏ္ဏားကြီးကို နဂါးပြည်မှ နှင်ထုတ်လိုက်သည်။

ဘူရိဒတ်လည်းကောင်းစွာ ကျန်းမာလာပြီး ပကတိအခြေသို့ ရောက်လာသည်။

ရက်ပေါင်းအတန် ကြာညောင်းခဲ့သည်။ ထို့နောက် မူကား အချိန်းအချက် နေ့ရက်သို့ ရောက်လာခဲ့သည်။ သုဒဿန၊ အဇမုခီနှင့် ဦးရီးတော် မင်းကြီးတို့ ဘိုးတော်ထံတွင် ဆွေတော်မျိုးတော် စုံညီ ဆုံတွေ့ဖူးမြင်ကြရန် အချိန်းအချက်ပြုခဲ့ကြသည့်နေ့။

ထိုနေ့တိုင်ခဲ့ပေပြီ။

သာဂရဗြဟ္မဒတ်မင်းကြီးသည် စစ်အင်္ဂါ လေးပါးဖြင့် ဖခမည်းတော်နေရာအရပ်သို့ ချီတက်သောနေ့မှာပင် ဘူရိဒတ်လည်း ယမုန်နာမြစ်မှ ထွက်ခဲ့သည်။

အထောင်အသောင်းသော လူပရိသတ်နှင့် အထောင်အသောင်းသော နဂါးပရိသတ်တို့သည် ကာသိကရာဇ် မင်းကြီး၊ နေကွမ္မပါရမီ ဖြည့်ဆည်းကျင့်သုံးလျက်သော ကျောင်းသင်္ခမ်းအရပ်ဆီသို့ သီးခြားစီသော ခရီးဖြင့် ထွက်လာခဲ့ကြလေသည်။

ဦးရီးတော် သာဂရဗြဟ္မဒတ်နှင့် မင်းကြီးက ကျောင်းသင်္ခမ်းသို့ ဦးစွာရောက်နှင့်နေသည်။ နောက်မှ ရောက်လာသော နဂါးပရိသတ်တို့နှင့် အလျင်ရောက်နှင့်သော လူပရိသတ်တို့ဖြင့် ကျောင်းသင်္ခမ်းကလေးသည် သဲသဲလှုပ်လှုပ်ဖြစ်သွားသည်။

http://www.cherrythitsar.org



ဘူရိဒတ်သည် နဂါးပရိသတ် အလယ်တွင် တင့်တယ်စွာ လိုက်ပါလာသည်။ ကျောင်းသခ်မ်း ပရဝုဏ်တွင်း မဝင်မီကပင် စည်ကြီးသံ၊ မုရိုးစည်သံ၊ ခရုသင်းသံ၊ ထက်စည်သံတို့က ပွဲတင်မြည်ဟည်းနေသည်။

ဦးရိုးတော် မင်းကြီးသည် တူတော် ဘူရိဒတ်ကို မမှတ်မိ။ နန်းရင်ပြင်တွင် သုဒဿနနှင့် အလမ္ဗာယ် ပုဏ္ဏားတို့ အစွမ်းပြိုင်ကြစဉ် တွေ့ဆုံခဲ့ရစဉ်က ဘူရိဒတ်သည် ဒဏ်ရာဒဏ်ချက်များဖြင့် ညှိုးငယ်လျက်ရှိခဲ့သည်။ ယခုအခါ တင့်တယ်ခြင်း ခပ်သိမ်းဖြင့် ရောက်ရှိလာသော ဘူရိဒတ်အား မင်းကြီး မမှတ်မိတော့ပေ။

ခမ်းနား သိုက်မြိုက်လွန်းလှသော အခြွေအရံ ပရိသတ်တို့အလယ်မှ တင့်တယ်စွာသော ဘူရိဒတ်ကို အဝေးမှ ကြည့်ရင်း သာဂရမင်းသည် ဖခမည်းရှင်ရသေ့ကြီးထံ ချဉ်းကပ်၍ မေးမြန်းလေတော့သည်။

"အရှင် အဘရသေ့၊ လျှပ်ပန်း လျှပ်နွယ် အဆင်းရှိတဲ့ ရွှေသင်းကျပ်မျက်နှာရှိတဲ့၊ ငယ်နုတောက်ပ အသရေအပေါင်း ရွှန်းမြတဲ့ ထိုသူဟာ ဘယ်သူပါလဲ။ သူ့မျက်နှာဟာ ရှားမီးကျီးဖိုထဲက ရွှေအဆင်းလို ဝင်းလက် ထွန်းပလှတဲ့ ထိုသူဟာ ဘယ်သူပါလဲ"

"ဇမ္ဗူရာဇ်ရွှေဖြင့် ပြီးတဲ့ အချင်းရှိသော ထီးဖြူဟာ ဘယ်လိုဘုရင်ရဲ့ ထီးဖြူပါလဲ။ ရှုကြည့်ပါဦး အရှင် အဘရသေ့၊ ရတနာစီခြယ် သားမြီးယပ်ကို ဝဲယာနံပါးနှစ်ဘက်တို့မှာ ဦးခေါင်းထက်မှာ တငြိမ့်ငြိမ့် လှုပ်ခတ်ပြီး တင့်တယ်စွာ လိုက်ပါလာသူဟာ ဘယ်သူပါလဲ။ ရွှေပတ္တမြား အရိုးတပ်တဲ့ ဥဒေါင်းယင်ယပ်တို့ အကြား သက်သောင့်သက်သာ စံပယ်လိုက်ပါလာသူဟာဘယ်သူပါလဲ၊ ရှုကြည့်ပါဦး အရှင်အဘရသေ့။ သူ့ပါးနှစ်ဘက်မှာ ဦးသစ်ရွှေနားဋ္ဌောင်းရောင်ဟာ ထွန်းပလို့ နေပါလား။ မည်းနက်နူးညံ့တဲ့ ဆံပင်ခွက်တို့ဟာ တိမ်တိုက်က တက်တဲ့ လျှပ်စစ်လို သူ့မျက်နှာပြင် နဖူးပြင်ကို တင့်တယ်စေပါလား။ အလျားရှည်တဲ့ မျက်စိ၊ ကြီးမားတဲ့ မျက်ဝန်းတွေနဲ့ ကျက်သရေရှိလှပါလား။ ခရုသင်းလို ဖြူဖွေးတောက်ပတဲ့ သွားအစုံတို့ဟာ နှုတ်ခံတွင်းဝမှာ လှပစေ့စပ်လှပါလား။ တင့်တယ်ပြေပြစ်တဲ့ ခြေလက်တွေဟာ ချိပ်ရည်နဲ့ တူလှပါလား။ ကျီးအာသီးမှည့်နဲ့တူတဲ့ နှုတ်သီးရှိသူ၊ နေလုလင်ကဲ့သို့ တင့်တယ်သူ၊ ထိုသူဟာ ဘယ်သူပါလဲ အဘရသေ့။ ဟိမဝန္တာမှာပွင့်တဲ့ ဆီးနှင်းစပ်သော အင်ကြင်းပင်နဲ့တူစွာ ထိုသူဟာ ပုဆိုးဖြူဝတ်သော အသုရာကိုအောင်မြင်တဲ့ သိကြားမင်းလို တင့်တယ်လှတယ်။ ရှုကြည့်ပါဦး အဘရသေ့။ ရွှေသားအတိ ပတ္တမြားအပြည့်နဲ့ သန်လျက်ကိုစွဲပြီး ပရိသတ်အတွင်းဝင်၊ ပခုံးကနေ ချွတ်လိုက်တယ်။ အို … ကြည့်ပါဦး အဘရသေ့၊

http://www.cherrythitsar.org



ရွှေခတ်သော ခြေနင်းတို့ကို ချွတ်ပြီး သူဟာ အဘရသေ့ကို ရှိခိုးနေပြီ အဘရသေ့”

ဖခမည်းတော် ဘိုးတော် ရှင်ရသေ့ကြီးက တည်ငြိမ်စွာ ဖြေသည်။

“ချစ်သား ဗြဟ္မာဒတ်၊ သူတို့ဟာ ငါ့သမီး သမုဒ္ဒဇာရဲ့သားတွေ ဖြစ်တယ်။ ဓတရဋ္ဌ နဂါးမင်းရဲ့ သားတွေ ဖြစ်တယ်။ တန်ခိုးကြီးတယ်။ အခြံအရံပေါ များတယ်။ သူတို့ဟာ ဘုန်းအာနုဘော်နဲ့ ပြည့်စုံတဲ့နဂါးတွေ ဖြစ်တယ်”

မင်းပေါင်းစုံကြပေပြီ။

နဂါး ပရိသတ်၏ အဦးအစီး ခေါင်းဆောင်ဖြစ်သော ဘူရိဒတ်ကို ရှေ့ရှုပြုလျက် သုဒဿန၊ သုဘောဂ၊ အရိဋ္ဌနှင့် နမတော် အဇမုခီတို့ မောင်တော် နှမတော်များသည် အစီအရီ ဝင်ရောက်လာကြသည်။

ဘိုးတော် ရသေ့ကြီးကို လက်အုပ်ချီလျက် သင့်တင့်လျောက်ပတ်စွာ နေရာယူကြသည်။ မယ်တော် သမုဒ္ဒဇာသည် ရှင်ရသေ့ကြီး၏ ခြေဖမိုးထက်တွင် ပါးပြင်ပွတ်သပ်ကာ ငိုယို ခစားလေသည်။

အတိတ်ကာလ တွေ့ကြုံကြုံ၊ ဆုံကြကွဲကွာကြပုံများကို မဆုံးနိုင်အောင် စားမြုံ့ပြန်ပြောဆို တိုင်တည်ကြသည်။ မျက်ရည်များနှင့် အပြုံးများ ရောယှက်သွားကြသည်။ အလမ္ဗာယ် ပုဏ္ဏား၊ နေသာဒ ပုဏ္ဏားတို့ အကြောင်းများကို တစ်ဆင့်စကား ပြောကြားကြရင်း အံ့ဩထိတ်လန့် စုတ်သပ်ကြသည်။

နာကြည်းမှု၊ ကြေကွဲမှု၊ တုန်လှုပ်မှုများ အားလုံး၏ စီးဝင်ရာကား ဘူရိဒတ်၏ မြဲမြံခြင်းမက မြဲမြံလှစွာသော သီလတရားပင် ဖြစ်လေသည်။

ကွေကွင်းကွဲကွာခဲ့ရခြင်းများ၏ ဇာတ်သိမ်းဖြစ်သော ပြန်လည်ဆုံတွေ့ကြရခြင်း အလျဉ်၌ ဘိုးတော်၊ မြေးတော်၊ ခမည်းတော်၊ သမီးတော်၊ အစ်ကိုတော် နှမတော်များ၊ ဆွေတော်မျိုးတော်များသည် ညွတ်နူးစွာ မွေ့လျော်ကြသည်။

သို့သော် ထိုပြန်လည် တွေ့ဆုံခြင်းသည်လည်း ရပ်တန့်ကုန်ဆုံးမနေ။

ပြန်လည်ကွဲကွာခြင်းသို့ ထပ်မံ ရွေးရှုလျက်ရှိချေသည်။

ထိုအရာကား အနိစ္စတရားပင် ဖြစ်လေသည်။

သမီး သမုဒ္ဒဇာသည် ခမည်းတော် ရသေ့ကြီးကို ရှိခိုးလျက် နဂါးပရိသတ်နှင့် တကွ နဂါးပြည်သို့ ပြန်သွားသည်။

ထို့နောက် နဂါးတို့သည် အစီအရီဖြင့် ဘောဂဝတီ နဂါးပြည်သို့၊ လူတို့သည်လည်း လူ့ပြည်သို့ အသီးသီး အသကလာလမ်း ပြန်ကြသည်။

သာဂရဗြဟ္မဒတ်မင်းသည် ဖခမည်းရသေ့ထံတွင် တစ်ရက် နှစ်ရက်နေ၍ ဗာရာဏသီသို့ ပြန်သည်။

http://www.cherrythitsar.org



ရှင်ရသေ့ကြီး၏ ကျောင်းသင်္ခမ်းကား ပကတိမူလအတိုင်း တိတ်ဆိတ်နက်ရှိုင်းစွာ အထီးတည်း ကျန်ရစ်ခဲ့လေသည်။

*

ဘုရားလောင်း ဘူရိဒတ်သည် အသက်ထက်ဆုံး သီလကို စောင့် လျက် ဥပုသ်သုံးလျက် နေထိုင်ခဲ့ရင်း အသက်ကုန်သောအခါ နဂါးပရိသတ်နှင့် တကွ နတ်ပြည်သို့ လားလေသည်။

*

စာမရီသားကောင်သည် အသွားမတော်သော ခရီးတစ်ခုတွင် ချုံနွယ်၌ မိမိ၏ မြီးဆံတစ်မျှင် ငြိခဲ့သည်။ ဤတွင် စာမရီသည် ရုန်းကန်ခြင်းမပြု၊ ငြိသော ချုံနွယ်၌ တည့်ရပ်ငြိမ်သက်စွာသာ နေချေသည်။

ဤသို့ မရုန်းမကန် နေရာ၌ စာမရီသည် အားသွန်ရုန်းလျှင် မြီးဆံပြတ်မည်ကို နမြော စိုးနှောင့်ခြင်းကြောင့် မဟုတ်။

ငါပင်သေသော်လည်း မြင်ခဲလှစွာ မင်းမြောက်တန်ဆာရတနာ အဝင် အပါဖြစ်သော ငါ၏အမြီးကို မပျက်မစီးရကြစေဟု ထိုနေရာမှာပင် မြီးဆံကို အပျက်မခံဘဲ အသက်စွန့်၍ ဝပ်ဘိသကဲ့သို့ ဘူရိဒတ်သည် အသက်စွန့်ပြီးလျှင် သီလတည်းဟူသော မြီးဆံကို စောင့်ရှောက်ခဲ့ချေသည်။

"သချော်လေးထပ် တစ်သိန်းကပ်ကို ကူးခတ်ပေါက်မြောက် မရောက် မချင်း သီတင်းခြိုးခြံ၊ ကျင့်အားသန်လျက် အကြံဆွတ်ဆွတ်၊ မလောက်မှတ်၍ တပသီကြီး၊ မြောက်စွာပြီးသည်။ ပွားစီးလိမ္မာ သုမေဓာ ပမာသွေးသီ၊ 'စာမရီ' ဟု နောက်ချီပွပွ၊ မြီးဆံလှလျက်၊ တောမ,ထိပ်ခေါင်၊ သရေဆောင်သည်၊ ရွှေရောင် ပြိုးပြိုး၊ သားအမျိုးကား၊ ကျင့်ရိုးအစဉ်ချင်းတို့ညဉ်ဖြင့် ရောင်ကြဉ်လျက်ပင်၊ မြီးဆံပင်၏၊ အကြင်သရော်၊ မသွားတော်၍ ထော်လော်ကန့်လန့်၊ ချုံနွယ်ညွှံ၌ အတွန့်ရှောက်ရှောက်၊ ငြိလေမြောက်အံ့၊ မှုလောက်မွေးသက်၊ တစ်မျှင်ရွက်ကို၊ စုံမက်ချစ်စိုး၊ နမြောနိုး၍၊ သားမျိုးတိရစ္ဆာန်၊ အားကုန်သွန်လျက်၊ လည်လန်မူးမော်၊ ရုန်းချေသော်လည်း၊ ထိုရော်မြီးဖျား၊ ပြတ်ခန့်ညားရ၍၊ မသွားတဆွေ့၊ ထိုရွှေ့ ဝပ်တန့်၊ အသက်စွန့်လျက်၊ တွန့်သည်တစ်ပင်၊ မွေးတစ်မျှင်ကြောင့်၊ ကိုယ်စင် ဆုံးရှောင်း၊ မသေကောင်းဟူ၊ ကျိုးကြောင်းထိုးယံ၊ အကြံမဲ့မဲ့၊ ဖြစ်ခဲစွာလောက်၊ မင်းမြောက်တန်ဆာ၊ ရတနာအမြီး၊ ငါသေပြီးလည်း ပျက်စီးမဲ့ထွေ ရပစေဟု၊ ဘောက်သေပင်ကို၊ ဝပ်၍ဆိုသား၊ ထိုတိရစ္ဆာန်၊ တောသားမွန်၏၊ ကျင့်ဟန် ထူးပြား၊ ဤဖြစ်လားကိုး ....

ဘဘွားနှလုံး ရှိစေလေသတည်း။

**(ပါရမီတော်ခန်းပျို့ ပိုဒ်ရေ ၇၀)**

http://www.cherrythitsar.org



ဇာတ်တော်ပေါင်း (နောက်ဆက်တွဲ)

ထိုအခါ မယ်တော် ခမည်းတော်တို့သည် ယခုမြတ်သော မင်းမျိုး ...
ထိုအခါ မုဆိုးပုဏ္ဏားသည် ဒေဝဒတ်။
ထိုအခါ သားသောမဒတ်သည် ရှင်အာနန္ဒာ။
ထိုအခါ အဇမုခီသည် ဥပ္ပလဝဏ်။
ထိုအခါ သုဒဿနသည် ရှင်သာရိပုတ္တရာ။
ထိုအခါ သုဘောဂသည် ရှင်မောဂ္ဂလာန်။
ထိုအခါ ကာဏာရိဋ္ဌသည် သုနက္ခတ်
ဘူရိဒတ် နဂါးမင်းကား ဗုဒ္ဓမြတ်စွာ ဘုရားရှင် ဖြစ်လေသည်။

* * * *

ချစ်ဦးညို

http://www.cherrythitsar.org

